


နန္ဒကျော်သူ
သုခဘုံမြို့တော်
[illegible]
ဇာတ်သိမ်း

စာမူခွင့်ပြုချက်အမှတ် - ၉၃၃ / ၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၄၃ / ၂၀၀၂ (၁၁)

●

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ ဧပြီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

အဖုံးပုံနှိပ်သူ
ဦးထွန်းလင်း (မြ - ၆၃၆၂)၊ ဖိုးဝအောဖ့်ဆက်
အမှတ် (၁၄၇)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

# နန္ဒကျော်သူ

## သုခဘုံမြို့တော်

အခန်း (၁)

သုခဘု....

သုခဘုသည် နယ်စပ်တစ်နေရာ၌ တည်ရှိသော မြို့ကလေး တစ်မြို့ဖြစ်၏။

ထိုမြို့ကလေးသည် ခုနစ်မိုင်မျှ ရှည်လျားသော တောင်ကြားလမ်း တစ်ခုအတွင်း၌ တည်ရှိ၏။

ထိုတောင်ကြားသည် အရှေ့နှင့်အနောက်ကို ဖြတ်လမ်းသဖွယ် တည်ရှိနေသော တောင်ကြားဖြစ်၏။

ထို့ကြောင့် ကုန်သည်ပွဲစားများသည် ပြည်မကြီးမှ ထုတ်ကုန်များကိုလည်းကောင်း၊ နယ်စပ်မှ သွင်းကုန်များကိုလည်းကောင်း ကုန်စည်ကူးသန်းရောင်းဝယ်ရာ၌ ထိုလမ်းကို အသုံးပြုခဲ့ကြ၏။

သို့သော် ထိုလမ်းခရီး၌ ဘေးအန္တရာယ် ပေါများသော ကြောင့် ကုန်သည် ပွဲစားနှင့် ခရီးသွားများက ထိုလမ်းကို စွန့်ပစ်ခဲ့ကြ၏။

သို့ဖြစ်၍ ထိုနေရာသည် နှစ်ပေါင်းများစွာ ကြာမြင့်သည် တိုင်အောင် လူသူအင်းမဲ့သော ဒေသတစ်ခု ဖြစ်နေခဲ့၏။

သို့သော် လွန်ခဲ့သော ဆယ်နှစ်ခန့်မှစ၍ ဤနေရာ၌ မြို့ ကလေးတစ်မြို့ ပေါ်ပေါက်လာခဲ့၏။

ယခုအချိန်တွင်ကား သဲကန္တာရအတွင်းမှာပင် ထိုမြို့ကလေး သည် အလွန် စည်ကားသော မြို့ကလေး တစ်မြို့အဖြစ်သို့ ရောက်ရှိလာလေတော့၏။

ထိုမြို့ကလေးကို မြေပုံပေါ်၌ ရှာတွေ့လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်....

ထိုမြို့ကလေးကို မြေပုံပေါ်၌ ထည့်သွင်းဖော်ပြထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

ထိုမြို့ကလေးကို စတင် တည်ထောင်သူမှာ ထူးဌေးကြီး ချမ်း ဖြစ်ပါသည်။



ထူးဌေးကြီးချမ်းသည် ဤနေရာသို့ ရောက်ရှိလာပြီး သုခ ဘုံဟုခေါ်သော ရွာကလေးကို စတင်တည်ထောင်၏။

နှစ်အနည်းငယ်အတွင်းမှာပင် ရွာကလေးမှ မြို့ကလေး တစ်မြို့အဖြစ်သို့ ကူးပြောင်းသွား၏။

ထို့နောက် ထိုမြို့ကလေးသည် ထူးဌေးကြီးချမ်း၏ စီမံ အုပ်ချုပ်မှုအောက်၌ အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်လာ ခဲ့သည် မဟုတ်ပါလား။

နယ်စပ်မြို့ဖြစ်သည့်အလျောက် လူမျိုးက စုံလင်၏။

အထူးသဖြင့် ဒုစရိုက်သမားများသာ မြို့၌ များပြား၏။

ဥပဒေနှင့်အလှမ်းကွာဝေးသော အရပ်၌ ဥပဒေကို ဖောက် ဖျက်သော ဒုစရိုက်သမားများ စုရုံးမိသည်မှာ လောက၏ နိယာမတစ်ခုပင်ဖြစ်သည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်ပါစေ....

သုခဘုံမြို့ကလေးသည် အမည်နှင့် လိုက်ဖက်အောင်ပင် သုခချမ်းသာနှင့် ပြည့်စုံနေသည် မဟုတ်ပါချေ။

အဘယ်ကြောင့်ဆိုသော်....

ဤသုခဘုံမြို့ကလေးသည် လူတိုင်းအတွက် လိုလေသေးမရှိအောင် ပြည့်စုံ၍ လိုတရနေသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ဤမြို့ကလေးတွင် အရက်ကြိုက်သူများအတွက် အညံ့ဖျင်းဆုံးအရက်မှ အကောင်းဆုံး နှစ်ချို့ဝါးရှစ်စိမ်အရက်အထိ ရနိုင်၏။

အပျော်ကြူးလိုသူများအတွက် တစ်နေ့တစ်မျိုး မရိုးရလေအောင် စီမံခန်းများရှိ၏။

အစားအသောက်ကြူးသူအတွက် ဟင်းလျာများသာအမျိုးအမည်ပေါင်း ရာချီ၍ရနိုင်၏။

လောင်းကစားမက်သူများအတွက် လောင်းကစားနည်းမျိုးစုံရှိ၏။

ထို့ကြောင့်....

ဤမြို့ကလေး၌ သင်အလိုရှိရာကို ရရှိနိုင်၏။

သို့သော် သင့်၌ ငွေရှိရန်မှာ အရေးကြီးဆုံးအချက်ပင် ဖြစ်၏။

မည်သို့ပင်ဖြစ်ပါစေ....

ယခုရက်ပိုင်းအတွင်း၌ ဤမြို့ကလေးသို့ အနယ်နယ်အရပ်ရပ်မှ လူမျိုးပေါင်းစုံတို့သည် တစ်ယောက်ပြီး တစ်ယောက် တဖွဲဖွဲရောက်ရှိလာကြသည် မဟုတ်ပါလော။

ဤမြို့သို့ ရောက်ရှိလာသူများသည် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြခြင်း ဖြစ်၏။



ကုန်သည်ပွဲစားများ၊ ပါရီသကဲ့သို့ လူဆိုး၊ ဓားပြ၊ ဥပဒေပြင်ပမှလူများလည်း ပါရှိ၏။

သိုင်းလောကမှ အဖြူရောင် သိုင်းသမားများနှင့် အနက်ရောင် သိုင်းသမားများလည်း ပါရှိ၏။

သို့သော် ၎င်းတို့အားလုံးမှာ လာရောက်ရာအရပ်မတူညီကြသော်လည်း ၎င်းတို့နှင့်အတူ ပါရှိလာသော သတင်းများမှာ အတူတူပင် ဖြစ်၏။

ထိုသတင်းမှာ ဤမြို့သို့ 'အရိပ်မဲ့ဓားသမား' နှင့် 'နှင်းဆီနက်' ရောက်ရှိနေသည်ဟူသော သတင်းပင်ဖြစ်သည် မဟုတ်ပါလား။

ဤမြို့ကလေးသို့ အရိပ်မဲ့ ဓားသမားနှင့် နှင်းဆီနက် ရောက်ရှိနေသည် ဟူသော သတင်းသည် ရက်ပိုင်းအတွင်းမှာပင် ဤမြို့ကလေးကို ပျံ့နှံ့သွား၏။

တစ်ဆက်တည်းမှာပင် ဤမြို့ကလေးသည် လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

ဤမြို့ကလေးမှလူများသည် ထိုသတင်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်တည်း အလွန် ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်ခု ကူးစက်လာသကဲ့သို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြလေတော့၏။

အဘယ်ကြောင့်ဆိုသော်....

အရိပ်မဲ့ကလေးသား ရောက်သောအရပ်၌ လူသတ်မှုများ ဖြစ်ပေါ်တတ်သကဲ့သို့ နှင်းဆီနက်ရောက်ရာအရပ်၌လည်း လူသတ်မှုများ ဖြစ်ပေါ်လေ့ ရှိသောကြောင့်ပင် မဟုတ်ပါလော။

ဤသို့ဆိုလျှင် သုခတုံမြို့ကလေးသည် သုခတုံ ဟူသော အမည်နှင့် လိုက်ဖက်အောင် အေးချမ်း၍ စိတ်ချမ်းသာခြင်းများနှင့် ပြည့်စုံနိုင်ပါဦးမည်လော။

မည်သို့ပင်ဖြစ်ပါစေ....

ဤမြို့ကလေးသို့ အရိပ်မဲ့ကလေးသားနှင့် နှင်းဆီနက်တို့ ရောက်ရှိနေပြီဆိုခြင်းကို မည်သူမျှ အငြင်းမပွားခဲ့ကြပါ။

အကြောင်းမူကား ဤမြို့၏အနောက်ဘက်တောင်ကြားနံဘေးမှ သစ်ပင်ပေါ်တွင် ပြုံးရယ်နေသော ရွှေရောင် မျက်နှာဖုံး တစ်ခုချိတ်ဆွဲထားပြီး ဤမြို့၏အရှေ့ဘက်တောင်ကြားမှ သစ်ပင်တွင် အနက်ရောင် နှင်းဆီတစ်ပွင့် ရှိနေသော ကြောင့်ပင် ဖြစ်သည် မဟုတ်ပါလော။



ကျန်းဖုန်းသည် ခုတင်ပေါ်၌ ဖင်ဘူးတောင်းထောင်၍ အိပ်ပျော်နေဆဲဖြစ်၏။

ပြတင်းပေါက်မှ တိုးဝင်ရောက်လာသော နေရောင်ခြည်က ကျန်းဖုန်း၏အပေါ်သို့ ကျရောက်နေပြီဖြစ်၏။

ထိုစဉ် ရုတ်တရက်....

ဝုန်း.....

ကျယ်လောင်သောအသံနှင့်အတူ အခန်းတံခါးက [illegible] အခန်းတံခါးပွင့်သွား၏။

တံခါးရွက်က အချပ်လိုက် ကြမ်းပေါ်သို့ ကျသွား၏။

ထိုတံခါးပေါက်မှ လူထွားကြီးနှစ်ယောက်သည် ကြမ်းပေါ်မှ တံခါးရွက်ကို ခြေဖြင့် နင်းကျော်ကာ အခန်းထဲသို့ တရကြမ်း ဝင်ရောက်လာ၏။

ထို့နောက် လူထွားကြီး တစ်ယောက်က ကျန်းဖုန်းကို ခြေထောက်မှကိုင်၍ ခုတင်ပေါ်မှ ဆွဲချလိုက်၏။

ကျန်းဖုန်းသည် မှန်းတံခါး ဝုန်းခနဲ ပွင့်သွားချိန်၌ လန့်ဖျပ်၍ အိပ်ရာမှနိုးလေ၏။

တစ်ဆက်တည်းမှာပင်....

လူထွားကြီးက ခုတင်ပေါ်မှ ဆွဲချလိုက်သောကြောင့် ကြောက်လန့်တကြားအော်ဟစ်ရင်း ကြမ်းပေါ်သို့ ဘိုင်းခနဲ ပြုတ်ကျသွား၏။

ကျန်းဖုန်းသည် ကြမ်းပေါ်မှ လူးလိမ့်ထလာ၍ လူထွားကြီးကို မျက်လုံးပြူးကြည့်လိုက်ပြီး....

'ဒါ...ဒါ...ဘာလုပ်တာလဲ'

တု အောင်ငေါက်လိုက်၏။

လူသားကြီးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

လူထွားကြီးနှစ်ယောက်သည် အမွှာညီအစ်ကို ဖြစ်၏။

သူတို့နှစ်ယောက်၏ ဦးခေါင်းပေါ်၌ ဆံပင်မွေးဟူ၍ တစ်ပင်တလေမျှ မရှိပါ။

သူတို့၏မျက်နှာသည် ခက်ထန်ကြမ်းတမ်းပြီး လူနှင့်မတူ ဘဲ ဘီလူးသဘက်နှင့် တူနေ၏။

ထို့ကြောင့် သူတို့ကို ယက္ခညီနောင်ဟု ဤမြို့လူများ က အမည်ပေးထား၏။

သူတို့ နှစ်ယောက်သည် အကြင်နာ တည်းခိုရိပ်သာ၏ လူမိုက်နှစ်ယောက် ဖြစ်၏။

ယက္ခညီနောင်နှစ်ယောက်အတစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်လိုက်ပြီး ရုတ်တရက် ကျွန်းဖုန်းကို ဝဲယာ ညှပ်၍ ချီကာ အခန်းထဲမှ ခေါ်ထုတ်သွားလေတော့၏။

အရပ်က မြင့်မား၏။



သို့သော် ခန္ဓာကိုယ်က ပိန်လှီလွန်း၏။

ထို့ကြောင့် ခါးက ရှေ့သို့ကိုင်းနေ၏။

ထိုလူသည် မကြာခဏ လျှောကျနေသော သေးငယ်ဝိုင်း စက်သည့်မျက်မှန်ကို မကြာခဏ လက်ညှိုးဖြင့် တွန်း၍တင် ရင်း လက်ထဲမှစာရွက်ကို ကြည့်နေ၏။

သိမ်းငှက်တစ်ကောင်၏နှုတ်သီးနှင့်တူသောနှာခေါင်းက ထိုလူ၏ စူးချွန်းချွန်းမျက်နှာနှင့် လိုက်လျောညီထွေရှိ၏။

ထိုလူ၏ဦးခေါင်းပေါ်၌ သံပရာသီးကို ထက်ခြမ်းခွဲ၍ ကြွယ်သီးတပ်ထားသည်ဟု ထင်မှတ်ရသော ဦးထုပ်ဆောင်း ထား၏။

သူသည် အဖိုးထိုက်တန်သော အပြာရောင် ပိုးဖဲအင်္ကျီကို ဝတ်ဆင်ထား၏။

ထိုစဉ်—

'ဂုန်း—'

ဟူသောအသံနှင့်အတူ အခန်းတံခါးသည် ပတ္တာမှပြုတ် ထွက်၍ ကြမ်းပေါ်သို့ တံခါးရွက်အတိုင်း အချပ်လိုက်ကျ သွား၏။

တံခါးရွက်နှင့် ကြမ်းပြင်နှင့် ထိတွေ့သံကြောင့် အခန်း ထဲမှလူသည် လန့်ဖျပ်သွားပြီး အခန်းတံခါးဝ လှည့်ကြည့် လိုက်၏။

အခန်းတံခါးဝ၌ ယက္ခညီနောင်ရပ်နေ၏။

သူတို့နှစ်ယောက်၏ကြား၌ ကျွန်းဖုန်းရပ်နေ၏။

အခန်းထဲမှလူသည် လူတို့ကို ချောင်းမြောင်းကြည့်ရှုလျက် ရှိ
သည်….

'ငါ့ခေါင်းတုံးကြီး ပျက်စီးသွားပြီ'

ဟု ငြီးညူလိုက်၏။

ယက္ခညီနောင်က တစ်ယောက်ကိုတစ်ယောက် အပြန်
အလှန်ကြည့်လိုက်ပြီး….

'တုံးကြီး မခိုင်လို့ပါ'

ဟု ပြိုင်တူပြောလိုက်ကြ၏။

ယက္ခညီနောင်၏အသံကြားရသောကြောင့် အခန်းထဲမှ လူ
သည် ဒေါသထွက်ကာ အသံခပ်ကျယ်ကျယ်ဖြင့်….

'ဟဲ့….တုံးကြီးက တုံးကြီးလိုပဲ ခိုင်ခံ့ပါတယ်၊ နင်တို့က
အချိန်ဖွင့်တာကွ'

ဟု ပြောလိုက်၏။

ယက္ခညီနောင်သည် တစ်ယောက်ကို တစ်ယောက် အပြန်
အလှန်ကြည့်ကာ….

'ကျွန်တော်တို့က ဒေါသပုံသွင်းစရာမှ အသေအချာ
တွန်းရုံတွန်းလိုက်တာပါ'

ဟု ပြောကာ သစ်ကိုဆွဲလိုက်ပြီး လက်ဝါးဖြင့် တွန်း
ပြလိုက်၏။

သံပရာခွံဦးထုပ်ဆောင်းထားသော လူသည် စိတ်ပျက်စွာ
သက်ပြင်းတစ်ချက်ချလိုက်ပြီး ဦးခေါင်းကိုခါယမ်းကာ….

'နင်တို့ ခေတ်ခေတ်အသုံးမကျဘူး၊ နင်တို့ အားကြီးနဲ့
အချိန်လုပ်ရသလား'



ဟု ကြိမ်းမောင်းလိုက်၏။

ယက္ခညီနောင်တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်
ပြီး ပါးစပ်ပိတ်ထား၏။

သံပရာခွံဦးထုပ်ဆောင်းထားသူက သက်ပြင်းချကာ….

'ထားစမ်း….ငါ့ရှေ့မှာ ဒူးထောက်၊ နင်တို့ကို အပြစ်
ပေးရမယ်'

ဟု ပြောလိုက်၏။

ယက္ခညီနောင်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်
လိုက်ပြီး ကျုံးဖုန်းကိုလွှတ်ကာ သံပရာခွံ ဦးထုပ်နှင့်လူ၏
ရှေ့၌ ဒူးထောက်လိုက်၏။

သံပရာခွံဦးထုပ်နှင့် လူက ယက္ခညီနောင်ကို နောက်
ကျောခိုင်း၍ ရပ်လိုက်ပြီး လက်နှစ်ဖက်ကို ဟန်ပါပါဖြင့်
နောက်သို့ပစ်လိုက်၏။

ထို့နောက် ဦးခေါင်းကို မော့လိုက်ပြီး မျက်နှာကြက်
အမိုးသို့ ကြည့်လိုက်၏။

ပြီးမှ လူသည်ယက္ခညီနောင်ကို လှည့်၍မကြည့်ဘဲ….

'ဒီမှာ နင်တို့ အချိန်အလွန်လုပ်လို့ ပျက်စီးရတဲ့ပစ္စည်း
တွေ မနည်းတော့ဘူး၊ ဟိုအစ်က ကြေပန်းအိုးကို အခန်း
ထဲ ပို့ခိုင်းတယ်၊ အခန်းထဲကို ထိပ်နဲ့ဖင်နဲ့ နှစ်ယောက်မပြီး
အရှည်လိုက်သွင်းရင်ရလျက်သားနဲ့ နင်တို့က တန်းလန်းသွင်း
တယ်၊ အခန်းထဲသွင်းလို့မရတော့ ကြေပန်းအိုးကို အလယ်
က ထက်ပိုင်းချိုးပြီး သွင်းတယ်၊ အဲဒီကြေပန်းအိုးရဲ့တန်ဖိုး
ဟာ ဘယ်လောက်ပေးရတယ်မှတ်လို့လဲ'

ဟု ပြောလိုက်၏။

ယက္ခညီနောင်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်၏။

ထိုသော် သူတို့နှစ်ယောက်သည် ဘာမျှမပြောပါ။

သံဝရနှင့် ဦးထုပ်နှင့်လူက သက်ပြင်းချလိုက်ပြီး....

'ဟိုတစ်နေ့ကလဲ ငါ့ရဲ့စားပွဲပေါ်က ပန်းအိုးထဲမှာ ပန်းစိုက်ဖို့ ပန်းခူးခိုင်းလိုက်တယ်၊ နင်တို့က ပန်းတင်မကဘူး၊ အပင်ပါ ဆွဲနုတ်လာတယ်၊ အို...ပြောရရင် အများကြီးပဲ၊ အခုရော ငါခေါ်ခိုင်းတဲ့ ကျွန်းဖုန်းပါလာပြီလား'

ဟု မေးလိုက်၏။

ယက္ခညီနောင်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်၏။

'ဟုတ်ကဲ့'

ဟု ပြိုင်တူဖြေလိုက်၏။

သံဝရနှင့် ဦးထုပ်နှင့်လူက ဟန်ပါပါဖြင့် ဦးခေါင်းကို စောင်း၍ မျက်နှာကြီးဖွဲ့ကြည့်ရင်း....

'ကောင်းပြီ...သူ့ကို ငါ့ဆီ ခေါ်ခဲ့'

ဟု ပြောလိုက်၏။

ယက္ခညီနောင်က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ပြီး....

'ဟုတ်ကဲ့'

ဟု ပြောလိုက်၏။

ထို့နောက်....



လူတို့သည် ဒူးထောက်မြဲ ဒူးထောက်နေ၏။

သံဝရနှင့် ဦးထုပ်ဆောင်းထားသူက အတန်ကြာသည့်တိုင်အောင် လူ၏ရှေ့သို့ ကျွန်းဖုန်း ရောက်ရှိမလာသေးသဖြင့် မျက်မှောင်ကြုတ်ကာ နောက်သို့ လှည့်ကြည့်လိုက်၏။

ထိုသို့ လှည့်ကြည့်လိုက်သောအခါ ယက္ခညီနောင်သည် ကြမ်းပေါ်၌ ဒူးထောက်မြဲ ထောက်နေသည်ကို တွေ့လိုက်ရသဖြင့် မျက်လုံးပြူးသွားပြီး....

'နင်တို့ ဘာလုပ်နေတာလဲ'

ဟု မေးလိုက်၏။

ယက္ခညီနောင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး....

'ဒူးထောက်နေတာပါ'

ဟု ပြိုင်တူပြောလိုက်ကြ၏။

သံဝရနှင့် ဦးထုပ်ဆောင်းထားသူက စိတ်ပျက်စွာသက်ပြင်းချလိုက်ပြီး အခန်းတံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။

ထို့နောက် သူသည် မျက်မှောင်ကြုတ်ကာ....

'ကျွန်းဖုန်း ဘယ်မှာလဲ'

ဟု မေးလိုက်၏။

ယက္ခညီနောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး နောက်သို့လှည့်ကြည့်တဲ့ လက်မဖြင့် နောက်ကျောဘက်သို့ ညွှန်ပြကာ....

'တံခါးဝမှာ ရပ်နေပါတယ်'

ဟု ပြိုင်တူပြောလိုက်၏။

ထိုပရာခွ ဦးထုပ်ဆောင်းထားသောလူက သူ၏အရိုးပေါ် အရေတင်နေသောလက်ကို ဆန့်တန်း၍ တံခါးပေါက်ဝသို့ လှမ်းညွှန်းဆိုပြရင်း....

'နင်တို့အဖေက တံခါးဝမှာ စောင့်နေတာဟဲ့'

ဟု အော်ဟစ်လိုက်လေတော့သည် မတော့ပါလေ။

လမ်းမပေါ်၌ လူစည်ကားနေ၏။

လမ်းဘေးဈေးသည်များမှာ ဈေးဝယ်သူကို သူ့ထက်ငါ ဦးအောင် အလုအယက် ရောင်းချနေကြ၏။

အချို့ဈေးသည်များကလည်း အသံများ ဝင်သည်အထိ တကြော်ကြော် အော်ဟစ် ရောင်းချနေကြ၏။

ထိုလူစည်ကားသော လမ်းဘေး တစ်နေရာ၌ အဘိုးအို တစ်ယောက်သည် ထုတ်တုတ်ထိုင်နေ၏။

၎င်း၏ပခုံးပေါ်၌ ခမောက်တစ်လောင်းရှိ၏။

သူ၏ရှေ့၌အလှူခံအဖြစ်နှမ်းနေသော သံပရာခွ ဦးထုပ်ကို ပက်လက်လှန်ထား၏။

ထိုသံပရာခွ ဦးထုပ်ထဲ၌ ငွေများရှိနေ၏။



လမ်းသွား လမ်းလာများကလည်း ငွေအကြွေအချို့ကို ထိုသံပရာခွ ဦးထုပ်ထဲသို့ ပစ်ထည့်သွားကြ၏။

ကျန်းဖုန်းသည် ထိုနေရာသို့ ရောက်သောအခါ မိမိ၏ အင်္ကျီအိတ်ကို လက်နှိုက်လိုက်၏။

အင်္ကျီအိတ်ထဲမှ သူ၏လက်ပြန်ထွက်လာသောအခါ လက်ထဲ၌ ဘာမျှပါမလာချေ။

ကျန်းဖုန်းက နှုတ်ခမ်းကိုမဲ့၍ ပခုံးတစ်ချက် တွန့်လိုက်ပြီး ဘေးဘီဝဲယာသို့ တစ်ချက်ကြည့်လိုက်၏။

ထို့နောက် သူသည် အဘိုးအို၏နံဘေး၌ ဝင်ရောက် ထိုင်လိုက်၏။

ပြီးမှ သူသည် သူ၏အင်္ကျီရင်ဘတ်ကြားမှ လက်ကိုင်ပဝါကို ထုတ်ယူ၍ အဘိုးအို၏ သံပရာခွ ဦးထုပ်နံဘေး၌ ဖြန့်ခင်းလိုက်၏။

အဘိုးအိုက ကျန်းဖုန်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ကျန်းဖုန်းက အဘိုးအိုကို ပြုံးပြလိုက်ပြီး အဘိုးအို၏ ပခုံးပေါ်မှ ခမောက်ကို မေးငေါ့ပြကာ....

'သိမ်းငှက်ဆိုတာ ဒါလား'

ဟု မေးလိုက်၏။

ကျန်းဖုန်း၏ စကားကြောင့် အဘိုးအို၏ မျက်နှာပေါ်မှ အသားစများ အနည်းငယ် တုန်လှုပ်သွားသည်ကို ကျန်းဖုန်းက သတိပြုမိလိုက်၏။

အဘိုးအိုက ဘာမျှ ပြန်မပြောပါ။

သူသည် ကျန်းဖုန်းကိုလည်း မကြည့်တော့ပါ။

ကျန်းဖုန်းအား ပြုံး၍ကြည့်ပြီး....

'သိမ်းငှက်က အမျိုးပေါင်း ခုနစ်မျိုးလောက်ရှိတယ်လို့ ကြားဖူးတယ်'

ဟု ပြောလိုက်၏။

အဘိုးအိုက ကျန်းဖုန်း၏စကားကိုမကြားဟန်ဖြင့် ဘာမျှ ပြန်၍မပြောချေ။

ကျန်းဖုန်းက သဘောကျစွာ ထပ်၍ပြုံးလိုက်ပြီး သူ၏ ခန္ဓာကိုယ်ကို အဘိုးအိုဘက်သို့ ယိမ်း၍ အဘိုးအိုအား စကားတစ်ခုခုပြောရန် ပါးစပ်ဖွင့်လိုက်၏။

ထိုစဉ် သူ၏ မျက်လုံးများက လူအုပ်ကြားထဲမှ လူနှစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်ကို မြင်တွေ့လိုက်သည်နှင့် ကျန်းဖုန်း၏ မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ်သွားလေတော့သည် မဟုတ်ပါလား။

အဘယ်ကြောင့်ဆိုသော် ထိုလူနှစ်ယောက်သည်ဦးခေါင်း တစ်ခုလုံးကို ပြောင်စင်အောင်ရိတ်ထားသော ယက္ခညီနောင် ဖြစ်နေသောကြောင့် ပေတည်းပါလား။



ယက္ခညီနောင်တို့က လူအုပ်ကြားထဲမှနေ၍ ထောင်ကြည့် မြောက်ကြည့်နှင့် ကျန်းဖုန်းကို လိုက်ရှာနေ၏။

ကျန်းဖုန်းသည် ထိုင်ရာမှ ကမန်းကတန်း ထလိုက်ပြီး ကုန်းကုန်းကွကွဖြင့် အဘိုးအို၏ နောက်ကျောကို အကာအကွယ်ပြု၍ လမ်းကြားထဲသို့ ပြေးဝင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အဘိုးအိုက ချထားသော သံသရာခွံ ဦးထုပ်ကို ကောက်ယူလိုက်ပြီး ထိုင်ရာမှထကာ ထွက်သွားလေတော့၏။

ထို့ကြောင့် ယက္ခညီနောင်သည် ကုန်းကုန်းကွကွဖြစ်နေသော ကျန်းဖုန်းကို မြင်တွေ့သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ....

'ဟိုမှာ....'

ဟု ပြိုင်တူအော်ဟစ်လိုက်၏။

ထို့နောက်....

သူတို့နှစ်ယောက်သည် သူတို့၏ရှေ့မှလူများကို တွန်းတိုး ဖယ်ရှားကာ ကျန်းဖုန်းထံသို့ ပြေးသွားလေတော့သည် မဟုတ်ပါလား။

ကျန်းဖုန်းသည် ထိုဆိုင်၌ မနေတော့ပါ။
သူသည် လမ်းကြားထဲသို့ ပြေးဝင်လိုက်သောအခါ၌
အိမ်ကြားက နောက်ဖေးအိမ်ကြား ဖြစ်၏။

ထို့ကြောင့် ကျယ်ပန်းခြင်း မရှိပါ။

ကျွန်းဖုန်းသည် ကျဉ်းမြောင်းသော နေ့ကက်ဖေး မျိုး ကြီး အတိုင်း ရှေ့မှ ပြေးနေ၏။

ယက္ခညီနောင်တာ ကျွန်းဖုန်း၏နောက်မှ လိုက်လေ၏။

လမ်းက ကျဉ်းမြောင်းသောကြောင့် တွေးကျိုင်းသော ယက္ခညီနောင်သည် ထိုလမ်းကြားထဲ၌ နှစ်ယောက်ယှဉ်၍ မပြေးနိုင်ခဲ့၏။

ထို့ကြောင့် သူတို့သည် ရှေ့ဆင့် နောက်ဆင့် ပြေးရ၏။

ကျွန်းဖုန်းက ပြေးရင်းလှည့်ရ အိမ်တစ်အိမ်၏ အိမ်နောက်ဖေး မီးဖိုချောင်မှ ပြတင်းပေါက် တံခါးကို ခေါက်၍ ဆက်လက်ပြေးလွှားသွား၏။

တံခါးခေါက်သံကြောင့် အိမ်ရှင် နေ့စက်ဖေး ပြတင်း ပေါက်တံခါးကို ဖွင့်ကြည့်လိုက်၏။

ထိုသူ ပြတင်းပေါက်တံခါးကို ဖွင့် ပြည်နှင့် တံခါး ရွက်ဆ ကျွန်းဖုန်း၏နောက်မှ ပြေး၍လိုက်လာသော ယက္ခကြီး၏ မျက်နှာကို ရိုက်မိလေတော့၏။

ထို့ကြောင့်....

'ဝုန်း....'

ဟူသော အသံနှင့်အတူ ရှေ့မှပြေးနေသော ယက္ခကြီးသည် မျက်နှာကို ပြတင်းပေါက်တံခါးရွက်ဖြင့် ရိုက်မိသော နောက်ပြန် လဲကျသွားလေတော့၏။

နောက်မှပြေး၍လိုက်လာသော ယက္ခငယ်က အရှိန်သတ်၍ မရတော့ဘဲ ရှေ့မှလဲကျသော ယက္ခညီကြီးနှင့် တိုက်မိသော



နှစ်ယောက်သား လုံးထွေး၍ နေ့စက်ဖေး လမ်းကြားထဲ၌ လဲကျသွားလေတော့၏။

ထိုစဉ် နေ့စက်ဖေး ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သော အိမ်ရှင် မိန်းမကြီးက မျက်မှောင်ကြုတ်ရင်း....

'ဘယ်က မိုက်ဆိုးမဖေဆိုးမတွေလဲ မသိဘူး'

ဟု ငြည်းတွန်ကာ တီးမြီး ပြတင်းပေါက်တံခါးကို ပြန် ပိတ်သွားလေသည်ကား ဘာပါလိမ့်။

နောက်ဖေးလမ်းကြားထဲမှ ယက္ခညီနောင်တို့ ထွက်လိုက်သောအခါ လမ်းမပေါ်သို့ ရောက်သွား၏။

လမ်းမပေါ်၌ လူများစည်ကားနေ၏။

သို့သော် သူတို့သည် ကျွန်းဖုန်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

ယက္ခညီနောင်သည် မိမိတို့၏ပြေးခဲ့သောဦးခေါင်းကို အသာဖြင့်ပွတ်သပ်ရင်း တုပ်သပ်လိုက်၏။

ထို့နောက် သူတို့သည် တစ်ယောက်ကိုတစ်ယောက် အပြန် အလှန်ကြည့်လိုက်ပြီး လမ်းမပေါ်မှလူအုပ်အတွင်းသို့ တိုးဝင် သွားလေတော့၏။

ယက္ခညီနောင် ထွက်ခွာသွားပြီးနောက် တစ်အောင့်ခန့် အကြာ၌ လမ်းဖေါက်ဘေး၌ရှိသော အဝတ်ဟောင်းရောင်း ချသည့် ဈေးဆိုင်ခုံအောက်မှ ကျန်းဖုန်း ထွက်လာလေ တော့၏။

ထို့နောက်တွင်သည် ယက္ခညီနောင်တို့ သွားရာဘက်နှင့် ဆန့်ကျင်၍ ထွက်ခွာသွားလေတော့သည် မဟုတ်ပါလား။

❖

တယုတယ စားသောက်ဆိုင်...

ဆိုင်၏အမည်က ခပ်ဆန်းဆန်း ဖြစ်၏။

ထိုဆိုင်ရှေ့သို့ ကျန်းဖုန်း ရောက်ရှိလာသောအခါ ဆိုင်အတွင်းမှ လွင့်ပျံလာသော ဟင်းလျာရနံ့က ကျန်းဖုန်း၏ ဝမ်းဗိုက်ကို တကြုတ်ကြုတ်အော်မြည်စေကာ ကျန်းဖုန်း၏ ခြေလှမ်းများကို ရပ်တန့်သွားစေ၏။

ကျန်းဖုန်းက သက်ပြင်းချလိုက်ပြီး စားသောက်ဆိုင်ကို လှမ်းကြည့်လိုက်၏။

သူသည် အိပ်ရာမှ နိုးကတည်းက ဘာမှမစားရသေး ချေ။

ယက္ခညီနောင်၏ နှောင့်ယှက်မှုကြောင့် တစ်မနက်လုံး ပြေးလွှားခဲ့ရသဖြင့် ဝမ်းဗိုက်က ပို၍ ဆာလောင်လာပြီ ဖြစ်သည်။



ထို့ကြောင့် ကျန်းဖုန်းသည် တကြုတ်ကြုတ် အော်မြည် သော ဆန္ဒပြနေသော မလွန်ဆန်နိုင်သည့်အလား တယုတယ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေတော့သည် မဟုတ် ပါလား။

❖

တယုတယ စားသောက်ဆိုင်သည် အမည်နှင့် အလွန် လိုက်ဖက်လျော်ညီမှုရှိ၏။

အဘယ်ကြောင့်ဆိုသော် အလွန်နူးညံ့ ချိုချို ဖော်ရွေသော စားသောက်ဆိုင်၏ အလုပ်သမားများက စားသုံးသူများကို ခွံ့မကျွေးရုံတမယ် ဆက်ဆံရေး ကောင်းမွန်လှ၏။

သို့သော် သင့်၌ ငွေရှိရမည်ဖြစ်၏။

အကယ်၍သာ သင်သည် ဤစားသောက်ဆိုင်၌ ငွေကို ရေကဲ့သို့မသုံးနိုင်ပါက တယုတယစားသောက်ဆိုင်က သင့်ကို ယုယလိမ့်မည် မဟုတ်ပါ။

ကျန်းဖုန်းသည် စားသောက်ဆိုင်ထဲသို့ရင်ကိုကော့၍လက် နှစ်ဖက်ကို နောက်ပစ်ရင်း တစ်လောကလုံးကို မိမိက ကျွေး မွေးရသည့်ဟန်ရှိသော မျက်နှာပေးနှင့် ဝင်လာ၏။

ဆိုင်ပေါက်ဝ၌ ငြိုကြီး အလုပ်သမားသည် ကျွန်းဖုန်းကို ဦးညွှတ်၍ ကြိုဆိုလိုက်၏။

'မြို့မှ လူသည်ကျွန်းဖုန်းကို မျှော်ကြည့်ကာ....

'အော....သူဌေး ဒီစက်ခါလေးစေ့ ဒီမြို့ဆိုင်သွားပါ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းသည် မျက်ခုံးပင့်အောင်လိုက်ပြီး....

'ဟ....ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

ဆိုင်အလုပ်သမား သက်ပြင်းချကာ....

'သူဌေး ရဲ့ ကြွေးသော ကြွေးတွေများနေလို့ ဆိုင်ထိုင်တဲ့ သူဌေးလာတာတွေ့ရင် ကြွေးဆပ် ခေါ်လာဖို့ မှာထားတယ်'

ကျွန်းဖုန်းက ပြုံးကာ....

'သြော်....သူက ငါ့ကို ငွေထုတ်ချေးမလို့ထင်တယ်နဲ့ အင်း ဒီကောင်လေး ကြီးပွားဦးမယ်'

ဟု ပြောလိုက်၏။

ဆိုင်အလုပ်သမားက ဦးခေါင်းခါယမ်း၍ပြီး....

'မဟုတ်ဘူး၊ သူဌေးက အရင်အကြွေးကို မဆပ်နိုင်ရင် ဆိုင်ထဲကိုတောင် ခြေချခွင့်မပြုဘူးလို့ပြောတယ်'

ကျွန်းဖုန်းက ပြုံးကာ....

'မပူပါနဲ့၊ တစ်ရက်နှစ်ရက် ဆိုရင် ငါလာပြီး ရှင်းမှာပါ....'

ဟု ပြောကာ ဆိုင်ထဲသို့ ဝင်ရောက်သွားလေတော့၏။



ဆိုင်ထိုင်သည် စားပွဲ၌ ဘေးသီး အဘောဘိုးတစ်ဦးဖြင့် စာရင်း တွက်နေ၏။

ထိုသည် လူ၏ အမြဲပြုံးသော ခန္ဓာကိုယ်ကို အလွန်နှစ်သက်ဖွယ်သော သစ်တာတေကုလားထိုင်ကြွင်းသို့ ရအောင် ထိုင်နေ၏။

လူ၏ ဆံပင်များသည် ဖွေးနေမှာ ဖြစ်ပါ ခပ်ပါးပါး ရှိနေပြီး နဖူးထိပ်မှစ၍ နောက်စေ့သို့တိုင်အောင်ဆံပင်မွှေး ထင်ပေါ်မှုမရှိဘဲ ပြောင်သလင်းခါနေ၏။

လူ၏ ပုခုံးသား ယောင်း ခေါင်းနှာခေါင်းတဝက်သည် နီရဲနေ၏။

လူ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် ဆိုင်ထဲသို့ ကျွန်းဖုန်း ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်သည်နှင့် မျက်လုံးပိတ်လုနီးပါး မျှ မှောင်ကြုတ်သွား၏။

ထိုနေရာ၌ သူသည် လူ၏ အနေထိုင်ရသော ကုလားထိုင်မှ ရုန်းကန်၍ထလိုက်လေသော ဘာသည် မတုတ်ပါလား။

❁

ကျွန်းဖုန်းက စားပွဲထိုးကို ဖော်လျှော်များ မှာကြား နေ၏။

စားပွဲထိုးအား ဦးခေါင်း တညိတ်ညိတ်ဖြင့် ဂရုတစိုက် နားထောင်မှတ်သားနေ၏။

သို့သော် စားပွဲထိုးသည် ကျွန်းဖုန်းအား ဟင်းလျာများတို့ မှာကြားပြီးသည့်တိုင် ထိုနေရာမှ ထွက်ခွာမသွားသေးပါ။

ထို့ကြောင့် ကျွန်းဖုန်းက မျက်ခုံးပင့်၍ စားပွဲထိုးကို ကြည့်လိုက်ပြီး....

'ခင်းကား ဘာလို့မသွားသေးတာလဲ'

ဟု ပြောလိုက်၏။

စားပွဲထိုးက ပြုံးကာ....

'အရင်ကြေး ရှင်းပြီးမှ နောက်ထပ် မှာခဲ့လို့ရပါတယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက မျက်မှောင်ကြုတ်သွားပြီး....

'ဘာလဲ....ငါ့မှာ ပိုက်ဆံမရှိဘူးဆိုပြီး မရှင်းချင်ဘူးလား'

ဟု မေးလိုက်၏။

စားပွဲထိုးက ပြုံးလိုက်ပြီး....

'ဒီနေ့ရောင်းရငွေတွေ မနက်ဖြန်အတွက် အရင်းပြန်ပါတယ်၊ လူငွေးရဲ့ကြွေးတွေက များနေတော့ ဆိုင်ရဲ့အရင်းတော် လျော့ပါးလာတယ်၊ ဒါကြောင့် ဆိုင်ရဲ့အရင်းတွေ ပြန်ဖြည့်ဆည်းဖို့အတွက် လိုအပ်နေလို့ပါ'

ဟု ပြောလိုက်၏။



ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'အလွတ် ရအောင် ဘယ်နှစ်ခေါက် နှုတ်တိုက်ရွတ်ပေးခဲ့လို'

စားပွဲထိုးက ပြုံးလိုက်ပြီး....

'ကျွန်တော်က ဉာဏ်ကောင်းပါတယ်၊ နှစ်ခေါက်ဆိုတာနဲ့ အလွတ်ရပါတယ်'

ဟု ပြောလိုက်၏။

ပြီးမှ စားပွဲထိုးသည် မျက်လုံးမျက်ဆံပြူးဖြစ်ကာ....

'အယ်....ဟုတ်ပါဘူး၊ ယောင်လို့....ဟို...ဟို....'

သူသည် မည်သို့စကားဆက်၍ ပြောရမှန်းမသိသဖြင့် ဟို ဟို...ဟို...ဟိုနှင့် စကားထစ်နေ၏။

ကျွန်းဖုန်းက ရယ်မောလိုက်ပြီး....

'ကဲပါ....မင်းတို့ရဲ့ဆိုင်ထိုင်ကို သွားခေါ်စမ်းပါ'

ဟု ပြောကာ သူ၏လက်ကိုဆန့်တန်း၍ ဆိုင်ထိုင်ရှိရာဘက်သို့ လှည့်မကြည့်ဘဲ လက်ညှိုးဖြင့် ထိုးပြလိုက်၏။

ကျွန်းဖုန်း၏လက်ညှိုး၌ မျက်လုံးမရှိပါ၊

ထို့ကြောင့် ကျွန်းဖုန်း၏လက်ညှိုးသည် မျက်လုံးပါသော လူတစ်ယောက်၏မျက်လုံးကို ထိုးမိလေတော့သည် မဟုတ်ပါလော။

‘အား....’

ဟူသော အော်သံကြောင့် ကျန်းဖုန်းသည် လန့်ဖျပ်သွားပြီး ကပျာကယာ နေရာသို့လှည့်ကြည့်လိုက်မိ၏။

ထိုကြောင့် မျက်လုံးကို အုပ်၍ လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

‘ခင်ဗျား မမြင်ဘူးလား’

ဟု မေးလိုက်၏။

ကျန်းဖုန်းက မေးလိုက်သောကြောင့် ထိုလူသည် ခေါင်းထောင်လာပြီး ကျန်းဖုန်းကို ကြည့်ကာ....

‘ငါ့အသားသာ ... မင်းက ရှေ့ကြည့် နောက်မကြည့်ဘဲ ခုန်လို့ ဖြစ်တာ၊ ခင်းအ ငါ့ကို တောင်းပန်ရမှာ’

ဟု ပြောလိုက်၏။

ထို့နောက် ထိုလူသည် ငုတ်တုတ်ထိုင်ရာမှ ထလိုက်၏။

ကျန်းဖုန်းက ထိုလူကို ကြည့်လိုက်၏။

ထိုလူ၏အရပ်သည် ငါးပေသာသာခန့်သာ မြင့်၏။

ဦးခေါင်းက သူ၏ခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင် ကြီးသည်။

အသားမှာ ငါးဆယ်အရွယ်ခန့်ရှိသော လူကြီးတစ်ယောက် ဖြစ်၏။

အဖိုးတန် ဖဲအင်္ကျီ အဝတ်အစားများ ဝတ်ဆင်ထား၏။

ကျန်းဖုန်းက ထိုင်ရာမှ ထလိုက်၏။



ထို့နောက် ကျန်းဖုန်းသည် ထိုလူ၏ရှေ့၌ ကိုယ်ကို ခပ်မတ်မတ် ရပ်လိုက်၏။

ထို့ကြောင့် ထိုလူ၏အရပ်က သူ၏ရင်ခေါင်းခန့်သာ ရှိ၏။

ကျန်းဖုန်းက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး မိမိ၏လက်ညှိုးကို ထောင်ပြကာ....

‘ဒီမှာ လက်ညှိုးကို သေသေချာချာကြည့်...’

ဟု ပြောလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် ထိုလူသည် ကြောင်အမ်းအမ်း ဖြစ်ကာ ကျန်းဖုန်း၏ လက်ညှိုးကို ကြည့်လိုက်၏။

ကျန်းဖုန်းက မဲ့ပြုံးပြုံးနှင့်....

‘လက်ညှိုးမှာ မျက်စိမပါဘူး....တွေ့လား’

ဟု ပြောလိုက်၏။

ထိုလူက ဦးခေါင်းညိတ်ပြလိုက်၏။

ကျန်းဖုန်းက မဲ့ပြုံးပြုံးကာ....

‘လက်ညှိုးမှာ မျက်စိမပါတဲ့အတွက် ဘယ်ဟာ ဘာကိုမှ မြင်မှာမဟုတ်ဘူး၊ ဒါကြောင့် မျက်စိပါတဲ့ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ရဲ့လက်ညှိုးကို မရှောင်ရတာလဲ’

ဟု ပြောလိုက်၏။

ထိုလူက သက်ပြင်းချလိုက်ပြီး....

‘ငါ့ မင်းကိုပြန်ပြီး တောင်းပန်ရမှာ လား’

ဟု မေးလိုက်၏။

ကျန်းဖုန်းက မဲ့ပြုံးပြုံးလိုက်ကာ...

'ကျုပ်ဟာ မတရားစပြောပေါ့ဘူး၊ အမှန်စတာ ကျုပ်ရဲ့ အက်ညှိုးက ခင်ဗျားကို တိုက်မိအောင်မတွက်ဘူး၊ ခင်ဗျားသော ကျုပ်ရဲ့သက်ညှိုးကို လာတိုက်တာ၊ ဒီတော့ ဘယ်သူမှား တယ် ဘယ်သူမှန်တယ်ဆိုတာ ခင်ဗျားဘာသာ ဆုံးဖြတ်'

ဟု ပြောလိုက်၏။

ထိုစဉ် ရုတ်တရက်....

'ဒီကိစ္စကို ကျုပ်ဆုံးဖြတ်မယ်'

ဟူသော အသံသည် မိုးပေါ်မှ ပေါ်ထွက်လာသောကြောင့် သည်ကို မတွေ့ပါသေး။

တယုတယထားသောသမီးဆိုင်သည် နှစ်ထပ်အဆောက်အအုံ ဖြစ်၏။

သို့သော် စကားသံသည် အပေါ်ထပ်မှ ထွက်ပေါ်လာ ခြင်းမဟုတ်ပါ။

ထုပ်တန်းပေါ်မှ ပေါ်ထွက်လာခြင်းလည်း မဟုတ်ပါ။

စကားသံသည် အရပ်ရှစ်ပေခန့် မြင့်မား၍ ခန္ဓာကိုယ် ထွားကျိုင်းသော လူတစ်ယောက်၏ ပါးစပ်မှ ပေါ်ထွက်လာ ခြင်းသာ ဖြစ်ပါသည်။



ထိုလူသည် ကျန်းဖုန်း၏နောက်၌ ရပ်နေ၏။

ထို့ကြောင့် ကျန်းဖုန်းသည် နောက်သို့လှည့်၍ အပေါ် သို့ မော့ကြည့်လိုက်၏။

အရပ်ရှစ်ပေခန့် မြင့်မားသောလူက သူ၏ကြီးမားသော သွားများပေါ်အောင် ပြုံးပြလိုက်၏။

ထိုလူ၏ မျက်နှာက ဆောင်းတောင့်စပ်စပ်ဖြစ်ပြီး နှုတ်ခမ်း မွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများက ထိုသူ၏မျက်နှာ တစ်ခုလုံးကို ဖုံးလွှမ်းနေ၏။

ထိုလူက သူ၏ကြီးမားသော လက်ချောင်းများကို ကွေး ချည် ဆန့်ချည် ပြုလုပ်ရင်း....

'ငါ့ပြောတာ ဘယ်လိုသဘောရလဲ'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ထိုလူကို ပြုံးပြလိုက်ပြီး....

'ဒီကိစ္စဟာ ကျုပ်နဲ့ သူနဲ့ပဲ သက်ဆိုင်တယ်'

ဟု ပြောလိုက်၏။

အရပ်ရှစ်ပေခန့်မြင့်သောလူမှာ ပြုံးလာ၍....

'ဟုတ်တယ်၊ ဒါကြောင့် ငါကစပြီး အဆုံးအဖြတ်ပေး ရမှာ'

ကျန်းဖုန်းက မျက်နှာရှုံ့မဲ့လိုက်ပြီး....

'ဘာဆိုင်လို့လဲ'

အရပ်ရှစ်ပေခန့်မြင့်သောလူက....

'အောင်ပိုင်းဟာ ကျွန်းနဲ့ မြောက်ပိုင်းက နဂါးဆိုတာ ကြားဖူးလား'

ကျန်းဖုန်းအာ ဦးခေါင်းညိတ်ကာ....

'ကြွေးဖူးတယ်'

အရပ်ရှစ်ပေခန့်မြင့်သောလူက ပြုံးလိုက်ပြီး....

'ငါက ခေါင်းဆောင်ပိုင်းက ကျွေးပဲ'

ဟု ပြောလိုက်၏။

ထိုလူ၏ စကားကြောင့် ကျန်းဖုန်းသည် မျက်လုံးပြူး သွားပြီး အရပ်လေးပေသာသာခန့်ရှိသောလူကို ကြည့်လိုက် မိလေတော့၏။

ကျန်းဖုန်း၏ ခန္ဓာကိုယ်သည် လေထဲ၌ ဝဲပျံသွား၏။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် ထယုတ္တသာစားသော ဆိုင်၏ တံခါးပေါက် ဖြတ်သန်း၍ လမ်းမပေါ်သို့ ဗလိမ့် ခေါက်ကွေး ရောက်ရှိသွားလေတော့၏။

ကျန်းဖုန်းသည် လမ်းမပေါ်သို့ ဗလိမ့်ခေါက်ကွေး လွင့် စဉ်လွင့်ခဲ့သော်လည်း အလွန်ကံကောင်းသူ ဖြစ်၏။

အကယ်၍သာ သူ၏မျက်နှာသည် လမ်းမပေါ်မှ မြင်း ချေးပုံပေါ်သို့ မကျခဲ့လျှင် သူ၏မျက်နှာသည် စုတ်ပြဲကောင်း စုတ်ပြဲလိမ့်မည် ဖြစ်၏။

ယခုသော်....



သူသည် ကံကောင်းထောက်မစွာ မြင်းချေးပုံပေါ်သို့ မျက်နှာအပ်မိခဲ့သောကြောင့် သူ၏မျက်နှာသည် မြင်းချေး များ ပေကျံ ရုံမှလွဲ၍ ပွန်းပဲ့ခြင်း မရှိခဲ့ပေ။

ထို့ကြောင့် သူသည် လမ်းမပေါ်၌ စည်းမဲ့အမ်းမဲ့ ချေး ပါချခဲ့သောမြင်းကို အမြန်ကျေးဇူးတင်ရမည်ဖြစ်သည်မဟုတ် ပါလော။

ကျန်းဖုန်းသည် မျက်နှာပေါ်၌ ပေကျံနေသော မြင်း ချေးများကို လက်ဖြင့် သပ်ချလိုက်၏။

ထိုစဉ် သူ၏မျက်လုံးများက ထူးခြားမှုတစ်ခုကို မြင်တွေ့ လိုက်ရ၏။

ထို့ကြောင့် သူ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ် သွားပြီး....

'ထူးဆန်းတယ်'

ဟု ရေရွတ်လိုက်မိလေတော့သည်။

အဘယ်ကြောင့် ဆိုသော် သူသည် ချိုင်းထောက်နှင့် လူဖုန်းစားတစ်ယောက်ကို လူတော်ကြီးထဲ၌ မြင်တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ချိုင်းထောက်နှင့်လူသည် မည်သူနည်း။

ရယ်မောသံက ချိုလွင်၏။

အသက် တစ်ဆယ့်ခုနှစ်နှစ်၊ တစ်ဆယ့်ရှစ်နှစ် အရွယ်ခန့်ရှိသော မိန်းကလေးတစ်ယောက်၏ အလိုက် သည်းလိုက်ရယ်မောသံသည် ချိုလွင်နေတတ်သည် မဟုတ်ပါလား။

ယခု ချင်းချင်းသည် အလိုက်သည်းလိုက် ရယ်မောနေ၏။

သူမ၏ ရယ်မောသံက ချိုလွင်နေ၏။

ကျွန်းဖုန်းက သူမကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

ပြီးမှ....

'ဒါ ရယ်စရာလား'

ဟု ပြောလိုက်၏။



ချင်းချင်းက ကျွန်းဖုန်း၏ မြင်းခြေးမျှား ပေကျံနေသော မျက်နှာကို လက်ညှိုးဖြင့်ညွှန်ပြရင်း....

'ရယ်စရာ မကောင်းလို့လား'

ကျွန်းဖုန်းအာ မျက်နှာရှုံ့မဲ့ကာ....

'ရယ်စရာကောင်းရင်ရယ်၊ အားပါးပြီး သေအောင်ရယ်'

ဟု ပြောကာ မျက်နှာသစ်ရန် သစ်သား ရေစည်ပိုင်းရှိရာသို့ လျှောက်သွားလေတော့၏။

ပေါ်ကြီးဟူသည့် ပဲနီ့ရည်နှင့် တိုဟူးကို စားသုံးသူတစ်ယောက်၏ရှေ့သို့ ချဉ်းကပ်၍ ချင်းချင်းနှင့် ကျွန်းဖုန်းတို့ကို လှမ်း၍ မသိမသာကြည့်လိုက်မိ၏။

ထိုနေ့က သူသည် သတင်းစကားတစ်ချက်ကို မသိမသာ ချလိုက်၏။

သူမသည် ဤဒေါင်ကြွမ်းသို့ ရောက်ရှိခဲ့သည်မှာ သုံးနှစ်ရှိနှစ်ပျော်ခဲ့ပြီဖြစ်၏။

သူမသည် ဤဒေါင်ကြွမ်းသို့ ရောက်ရှိလာပြီးနောက် သုခဘုံမြို့ထဲ၌ နေထိုင်ခြင်း ပြုလာ၍ ဤမြို့စွန်မှာ မြောက်တွင် အနေရောက်အောခြံချနေထိုင်ခဲ့၏။

ပထမ၌ လူမသည် တောက်တိုမယ်ရ လုပ်ငန်းများကို လုပ်ကိုင်ခဲ့၏။

ထို့နောက် လူမသည် ဤပဲနို့ရည်နှင့် တို့ဟူးဆိုင်ကို ဖွင့်လှစ်ခဲ့၏။

လူမသည် ပဲနို့ရည်နှင့် တို့ဟူးကို ကောင်းစွာ ပြုလုပ်တတ်သူဖြစ်၏။

ထို့ကြောင့် တိုတောင်းသော အချိန်အနည်းငယ်အတွင်းမှာပင် လူမ၏ဆိုင်သည် လူသိများလာ၏။

လူမသည် သုခဘုံမြို့ထဲမှ ဆိုင်များကဲ့သို့ ဈေးနှုန်းကြီးမြင့်စွာ မယူဘဲ သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြင့်သာ ရောင်းချခဲ့၏။

ထို့ကြောင့် သုခဘုံမှ ငွေကြေးချို့တဲ့သော လူများအတွက် လူမ၏ဆိုင်သည် အံဝင်ခွင်ကျဖြစ်လာခဲ့သည်မဟုတ်ပါလော။

❖

ဒေါ်ကြီးဟွားသည် ကျန်းဖုန်းအတွက် ပဲနို့ရည်နှင့် တို့ဟူးကို ချပေးလိုက်၏။



ကျန်းဖုန်းက ဒေါ်ကြီးဟွားကို ပြုံးပြကာ....

'ဒေါ်ကြီးဟွား...စာရင်းမှတ်ထားနော်'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားက ပြုံးလိုက်ပြီး....

'ငါ့သာ စာရွက်နဲ့ စာရင်းမှတ်ရရင် စာရွက်လောက်မှာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဘာလဲ...ဒေါ်ကြီးဟွားရဲ့အကြွေးကို မပေးနိုင်ဘူးထင်လို့လား'

ဟု မေးလိုက်၏။

ဒေါ်ဟွားကြီးက ပြုံးကာ....

'မထင်ပါဘူး၊ သူဌေးက မရှိတော့ပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ရယ်မောလိုက်ပြီး....

'ဟုတ်တယ်၊ မရှိတော့ပဲ၊ တော်ကြာ ကျွန်တော့်ကိုပိုက်ဆံလာပေးလိမ့်မယ်'

ဟု ပြောလိုက်၏။

ချင်းချင်းက ရယ်မောကာ....

'ဘာလဲ....မိုးနတ်မင်းကြီးကလား'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ပြုံးကာ....

'မိုးနတ်မင်းကြီးက လူယောင်ဖန်ဆင်းပြီး လာပေးမှာ'

ဟု ပြောလိုက်၏။

ထို့နောက် ကျန်းဖုန်းသည် မိမိ၏စကားကို မိမိဘာသာ သဘောကျဟန်ဖြင့် ရယ်မောလိုက်မိသေးတော့သည် မဟုတ်ပါလား။

ကျန်းဖုန်းနှင့် ဒေါက်ကြီးဟွာတို့ သားအမိ ခင်မင်မိသည်မှာ တစ်လသာသာခန့်သာရှိသေး၏။

ဒေါက်ကြီးဟွာက လူတိုင်းကို ခင်မင်တတ်၏။

ကျန်းဖုန်းက စကားပြော အတွန့်တကောင်းပြီး ဖင်ပေါ့သည်။

သူသည် ဒေါက်ကြီးဟွာတို့ မနိုင်မနင်းဖြစ်နေလျှင် ဝင်ရောက် ကူညီလုပ်ကိုင်ပေးတတ်၏။

ထို့ကြောင့် သူတို့သည် အလွန်တိုတောင်းသော ကာလအတွင်းမှာပင် ခင်မင်သော မိတ်ဆွေများ ဖြစ်လာခဲ့သည် မဟုတ်ပါလား။

သို့သော် ဒေါက်ကြီးဟွာသည် မိမိ၏သမီးနှင့် ကျန်းဖုန်း နီးစပ်သွားမည်ကိုတော့ စိုးရိမ်နေပါ၏။



အဘယ့်ကြောင့်ဆိုသော်....

ကျန်းဖုန်း၏ အကြောင်းကို သူမ ကောင်းစွာမသိသေးသောကြောင့် ဖြစ်၏။

ကျန်းဖုန်းသည် မည်သူနည်း။

ကျန်းဖုန်း၏ ဇာတိသည် မည်သည့် အရပ်ဒေသနည်း။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဒေါက်ကြီးဟွာက ကျန်းဖုန်းကို လှည့်ပတ်၍ မေးမြန်းခဲ့သော်လည်း ကျန်းဖုန်းက ဟိုလိုလို သည်လိုလိုဖြင့်သာ အဆုံးသတ်ခဲ့ရ၏။

မည်သို့ပင် ဖြစ်ပါစေ၊ ဤအရပ်ဤဒေသသို့ ရောက်ရှိလာသော လူအားလုံး၏ကိုးဆယ်ရာခိုင်နှုန်းသည် လူကောင်းသူကောင်းများ မဟုတ်ကြောင်းကို ဒေါက်ကြီးဟွာက နားလည်ထား၏။

ထို့ကြောင့် ဒေါက်ကြီးဟွာသည် ကျန်းဖုန်းနှင့် ချင်းချင်းတို့ နီးစပ်သွားမည်ကို စိုးရိမ်နေသည် မဟုတ်ပါလား။

## အခန်း (၂)

ည....

ယနေ့ညသည် လကွယ်ည ဖြစ်၏။

ထို့ကြောင့် သန်းခေါင်အချိန်ရောက်နေသည့်တိုင်အောင် လဝန်းသာ ကောင်းကင်ပေါ်သို့ ရောက်ရှိမလာသေးပါ။

ရာသီဥတု သာယာသော ကောင်းကင်ပေါ်၌ ကြယ်ကလေးများကို တွေ့ရ၏။

ကြယ်ရောင်အောက်၌ သုခဘုံအရှေ့ဘက် တောင်ကြားလမ်းသည် မှုန်ရီပိုးတဝါး မြင်ရ၏။

ထိုတောင်ကြားလမ်း၏ ဝဲဘက်မှ တောင်ကုန်းပေါ်၌ ရှိသော သစ်ပင်တစ်ပင်ပေါ်၌ မျက်နှာဖုံး တစ်ခုရှိ၏။



ပြုံးရယ်နေသော မျက်နှာဖုံးတစ်ခုဖြစ်၏။

ထိုမျက်နှာဖုံးသည် အရိပ်မဲ့ဓားသမား၏ အမှတ်သင်္ကေတ ဖြစ်၏။

အရိပ်မဲ့ဓားသမားသည် သူရောက်ရှိနေသော နေရာ၌ ထိုကဲ့သို့ မျက်နှာဖုံးကို ချိတ်ဆွဲထားတတ်၏။

ထိုသို့ ချိတ်ဆွဲထားခြင်းဖြင့် ဤနေရာအနီးတစ်ဝိုက်၌ သူရှိနေပြီဟု သတိပေးခြင်းတစ်မျိုးဖြစ်၏။

သို့တည်းမဟုတ်....

ဤအနီးဝန်းကျင်၌ လူ၏လုပ်ကြံခြင်းကို ခံရမည့်သူ ရှိနေပြီဟု ဖော်ပြခြင်းလည်း ဖြစ်၏။

ထိုကဲ့သို့ အရိပ်မဲ့ဓားသမား၏ သင်္ကေတပေါ်ထွက်လာပြီးပါက အနေနှင့်အမြဲ ဆိုသကဲ့သို့ ထိုနေရာအနီးတစ်ဝိုက်၌ လူသတ်မှုတစ်ခု ဖြစ်ပေါ်လေ့ရှိသည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ဤသုခဘုံမြို့၌ လူသတ်မှုသည် မကြာမီ ဖြစ်ပွားလိမ့်မည်လော။

ဝမ်ကျော့ဖေးသည် သစ်ပင်၌ချိတ်ထားသော အရိပ်မဲ့ဓားသမား၏ မျက်နှာဖုံးကို တစ်ချက် လှမ်းကြည့်လိုက်၏။

မျက်နှာဖုံးက ပြုံးရယ်နေသော ပုံသဏ္ဌာန်ဖြစ်၏။

သို့သော် ဝမ်ကျောဇ်သည် မျက်နှာဖုံးကိုကြည့်ရင်း ကြက်သီးမွေးညင်းများ ထလာ၏။

သူသည် ဤကဲ့သို့သော အချိန်အခါမျိုး၌ ဤနေရာ၌ ရှိသင့်ဟု တွေးမိ၏။

သို့သော် သူ့အနေဖြင့် ငြင်းဆန်ပိုင်ခွင့် မရှိပါ။

သူ၏ အပေါ်က ဤအချိန်ဤနေရာသို့သွားဟု အမိန့်ပေးလျှင် သူသည်အမိန့်အတိုင်း ပြုလုပ်ဆောင်ရွက်ရမည် ဖြစ်သည် မဟုတ်ပါလား။

ဝမ်ကျောဇ်သည် ထိုစဉ်၌ ချိတ်ဆွဲထားသော မျက်နှာဖုံးကို ကြည့်နေရာမှ မျက်နှာကို လွှဲလိုက်ပြီး အရှေ့ဘက် တောင်ကြားသို့ မျှော်၍ကြည့်လိုက်၏။

ထို့နောက် သူသည် [illegible] မြင်းကို တစ်ချက်ချသာ....

'[illegible]သင့်ပြီ....'

ဟု စိမ်းယောက်တည်း တိုးတိုးရေရွတ်လိုက်မိသလေသည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ဝမ်ကျောဇ်သည် မည်သူ့ကို စောင့်မျှော်နေသနည်း။

မြင်းခွာသံသဲ့သဲ့ ပေါ်ထွက်လာ၏။

ဝမ်ကျောဇ်၏ ဦးခေါင်းသည် ထောင်၍ထလာ၏။



သူသည် လမ်းခွဲတားကျောက်တုံးပေါ်၌ ထိုင်နေရာမှ ထလိုက်ပြီး မြင်းခွာသံပေါ်ထွက်လာရာအရပ်ဆီကြည့်၍ နားစွင့်လိုက်၏။

မြင်းခွာသံသည် ဝေးရာမှနီးလာ၏။

မကြာမီ အရှေ့ဘက်တောင်ကြားမှ မြင်းနှစ်စီး ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရ၏။

ဝမ်ကျောဇ်၏ မျက်နှာပေါ်၌ အပြုံးတစ်ချက်ပေါ်လာပြီး သက်ပြင်းတစ်ချက်ကို ချလိုက်၏။

ထို့နောက် သူ၏ စိတ်ထဲမှာတည်း...

'အင်း....အချိန်မှန်သားပဲ'

ဟု ရေရွတ်လိုက်၏။

မြင်းနှစ်စီး....

မြင်းတစ်ကောင်က အမည်းရောင်ဖြစ်ပြီး ကျန်မြင်းတစ်ကောင်က အဖြူရောင်ဖြစ်၏။

အမည်းရောင်မြင်းပေါ်၌ အသားမည်းသော လူတစ်ယောက်သည် အဖြူရောင်ဝတ်စုံကို ဝတ်ထား၏။

အဖြူရောင်မြင်းပေါ်၌ အသားဖြူသော လူတစ်ယောက်သည် အမည်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

အသားမည်းသောလူသည် ပိန်ပိန်ပါးပါး ဖြစ်၏။

သူတို့နှစ်ယောက်သည် ရုပ်ချင်း မဆင်ပါ။
ခန္ဓာကိုယ် အချိုးအစားအလည်း မတူပါ။

ထို့ကြောင့် သူတို့ကို သိုင်းလောကသားများက ဘီလူးညီနောင်ဟု ခေါ်ကြ၏။

အသားမည်းသောလူကို ဘီလူးမည်းဟုခေါ်ပြီး အသားဖြူသောလူကို ဘီလူးဖြူဟု ခေါ်ကြ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက်က အစ်ကိုဟုခေါ်သဖြင့် မည်သူကအကြီး မည်သူကအငယ်မှန်း မသိကြပါ။

မည်သို့ပင်ဆိုပါစေ၊ သူတို့သည် သိုင်းလောကတွင် နာမည်ကျော်ကြားနေသော ပါစန်းတောင်မှ ဘီလူးညီနောင်ဖြစ်သည် မှတ်ပါလေ။

❖

ပါစန်းတောင်မှ ဘီလူးညီနောင်သည် ကြေးစားလူသတ်သမားများဖြစ်၏။

သူတို့၏စျေးနှုန်းသည် အလွန်ကြီးမြင့်၏။

သူတို့ကို ငှားရမ်းရန်အတွက် ငွေကြေးလုံလောက်သော လူမှသာလျှင် ငှားရမ်းနိုင်မည်ဖြစ်၏။



ဤသို့ဆိုလျှင် ဝမ်ကျော့ဇော်သည် သူတို့ကို ငှားရမ်းနိုင်လောက်အောင် ငွေကြေးပြည့်စုံသူလော။

ဝမ်ကျော့ဇော်သည် သူဌေးကြီး ချန်း၏ ပစ္စည်းထိန်းဖြစ်၏။

သူ့အနေဖြင့် ပါစန်းတောင်မှ ဘီလူးညီနောင်တို့ ငှားရမ်းနိုင်လောက်သည့်ငွေကြေးမရှိပါ။

ဤသို့ဆိုလျှင် ပါစန်းတောင်မှဘီလူးညီနောင်ကို သူဌေးကြီး ချန်းက ငှားရမ်းခိုင်းခြင်းလော။

သူဌေးကြီးချန်းက ငှားရမ်းခိုင်းခြင်းဖြစ်လျှင် သူဌေးကြီးချန်းသည် မည်သူ့ကို လုပ်ကြံရန်နည်း။

ဤသုခဘုံသည် သူဌေးကြီးချန်း၏ စီမံ အုပ်ချုပ်မှုအောက်၌ရှိ၏။

ဤသုခဘုံ၌ သူဌေးကြီး ချန်းသည် သြဇာအာဏာ အရှိဆုံးဖြစ်၏။

အကယ်၍သာ သူဌေးကြီးချန်းက လူတစ်ယောက်ကို လုပ်ကြံလိုလျှင် ပါစန်းတောင်မှ ဘီလူးညီနောင်ကို ငှားရန် မလိုပါ။

သူဌေးကြီးချန်းက လက်ဖျစ်တစ်ချက် တီးလိုက်ရုံနှင့်ပင် ထိုလူသည် ဤလောကပေါ်မှ ပျောက်ကွယ်သွားလိမ့်မည် ဖြစ်၏။

အကယ်၍သာ သူဌေးကြီး ချန်းက ပါစန်းတောင်မှ ဘီလူးညီနောင်ကို ငှားရမ်းခဲ့ရိုးမှန်လျှင် သူဌေးကြီးချန်းသည်

လုပ်ကြံသို့သောလူသည် ညဉ့်ကဲ့သို့သော လူစားမျိုး ဖြစ်ခဲ့သနည်း။

❖

ဝမ်ကျောက်ကား လမ်းအလယ်၌ ရပ်တန့်နေ၏။

မြင်းနှစ်စီးက ဝမ်ကျောက်နှင့် လက်တစ်ကမ်းအကွာ၌ ရပ်တန့်သွားကြ၏။

ဝမ်ကျောက်က မြင်းစီးလာသူ နှစ်ယောက်ကို ပြုံးပြလိုက်ပြီး....

'ပါဝင်းတောင်မှ ဧည့်သည်တော်တို့ကို ကြိုဆိုပါတယ်'

ဟု ပြောလိုက်၏။

ဘီလူးညီနောင်က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

ပြီးမှ ဘီလူးမည်းအား ဝမ်ကျောက်ကို ထူးဆန်းသော မျက်လုံးအစုံဖြင့် ကြည့်ကာ....

'ကျုပ်တို့ကို သိတာ ခင်ဗျားလား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ဦးခေါင်းညိတ်ပြလိုက်၏။

ဘီလူးမည်းအား မြင်းပေါ်မှ ဆင်းလိုက်၏။

ဘီလူးဖြူလည်း မြင်းပေါ်မှ ဆင်းလိုက်၏။

ဝမ်ကျောက်အား ဘီလူးညီနောင်ကို ပြုံးပြလိုက်ပြီး....



'ရှမ်းလို အညီးခိုရိပ်သာမှာ နေရာထိုင်ခင်း စီစဉ်ထားပါတယ်'

ဟု ပြောလိုက်၏။

ဘီလူးညီနောင်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်၏။

ပြီးမှ ဘီလူးဖြူက....

'ခင်ဗျား စီစဉ်ထား ညှိမှုရှည်လား'

ဟု ပြောလိုက်၏။

ဘီလူးဖြူ၏ စကားကြောင့် ဝမ်ကျောက်သည် မျက်ခုံးမွေးကို ပင့်တင်လိုက်ပြီး....

'ရှမ်းလို အညီးခိုရိပ်သာဟာ ဒီမြို့မှာ အကောင်းဆုံး အညီးခိုခန်းပါပဲ'

ဟု ပြောလိုက်၏။

ဘီလူးမည်းက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး....

'ကျုပ်တို့က ဇရပ်ထဲမှာလည်း အိပ်လို့ရတယ်'

ဟု ပြောလိုက်၏။

ဝမ်ကျောက်က ပြုံးကာ....

'နာမည်ကျော်တဲ့ ဧည့်သည်တို့ ဖိတ်ခေါ်ထားမှာဘဲ ဘာဖြစ်လို့ အကောင်းဆုံး တည်းခိုခန်းနဲ့ အကောင်းဆုံး အချက်ကို မတိုက်ရမလဲ'

ဟု ပြောလိုက်၏။

ဘီလူးဖြူအား သက်ပြင်းချကာ....

'ခင်ဗျားက ကျုပ်တို့ရဲ့ စည်းကမ်းကို နားမလည်သူး ထင်တယ်'

ဟု ပြောလိုက်၏။

ဝမ်ကျော်ကမျက်ခုံးဖင့်ဘင်ရင်း....

'ဘာဖြစ်လို့လဲ'

ဘီလူးမည်းက ပြုံးကာ....

'ကျုပ်တို့ကိုငှားရင် ကျုပ်တို့ကို ကြိုပြီး ငွေအပြည့် ချေပေးထားရတယ်'

ဟု ပြောလိုက်၏။

ဝမ်ကျော်က ပြုံးလိုက်ပြီး....

'ငွေအတွက် မပူပါနဲ့'

ဟု ပြောလိုက်၏။

ဘီလူးမည်းက မျက်နှာရှုံ့မဲ့ကာ....

'ကျုပ်တို့လူသတ်တာ ငွေအတွက်ပဲ၊ တာဖြစ်လို့ ကျုပ်တို့က ငွေကို ခုပူနေတာလဲ'

ဝမ်ကျော်က ပြုံးလိုက်ပြီး....

'ကျုပ်တို့က ငွေကို အရေးမထားပါဘူး၊ ဒါပေမယ့်.... အရည်အချင်းက ပေးရတဲ့ငွေနဲ့တန်ရဲ့လား၊ ဆိုတာ သော့ စဉ်းစားပါတယ်'

ဟု ပြောလိုက်၏။

ဝမ်ကျော်၏စကားကြောင့် ဘီလူးဖြူနှင့် ဘီလူးမည်းတို့သည် ရုတ်တရက် ဒေါပွသွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။



ပြီးမှ ဘီလူးဖြူက....

'ကျုပ်တို့ကို အခုဆိုဖိတ်ဖော ကျုပ်တို့ကို စော်ကားဖို့လား'

ဟု မေးလိုက်၏။

ဝမ်ကျော်က မျက်ခုံးပင့်၍ လက်ကာပြကာ....

'စော်ကားတာပါဘူး၊ ခင်ဗျားတို့လုပ်ကြံရမယ့်လူက သိုင်းပညာ အဆင့်မြင့်နေလို့ပါ'

ဘီလူးမည်းက မျက်နှာရှုံ့မဲ့လိုက်ရင်း....

'ကျုပ်တို့ရဲ့ အရည်အချင်းကို ယုံကြည်တဲ့ သဘောပဲ'

ဟု ပြောလိုက်၏။

ဝမ်ကျော်ကပြုံး၍ လက်ကာပြရင်း....

'အို... အဲဒီလိုသဘောမဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် သိုင်းလောကမှာ နာမည်ကျော်ကြားနေတဲ့ အလေးထားမှုတွေပါ ဘဲ....'

ဟု ပြောလိုက်၏။

ဘီလူးဖြူက လက်ဝါးဖြန့်လိုက်ပြီး....

'ကောင်းပြီ၊ ငှားရမ်းခ ပေးပါ'

ဟု ပြောလိုက်၏။

ဝမ်ကျော်က ပြုံးလိုက်ပြီး အင်္ကျီရင်ဘတ်ကြားထဲမှ ငွေလွှဲလက်မှတ်တစ်ထပ်ကို ထုတ်ယူ၍ပေးလိုက်၏။

ဘီလူးဖြူက ဝမ်ကျော်၏လက်ထဲမှ ငွေလွှဲလက်မှတ်ကို လှမ်းယူ၍ ရေတွက်ကြည့်လိုက်၏။

ပြီးမှ....

'လိုသေးတယ်'

ဟု ပြောလိုက်၏။

ဝမ်ကျော်က ပြုံးကာ…

'စရန်ငွေပါ'

ဟု ပြောလိုက်၏။

ဘီလူးညီးက မျက်မှောင်ကြုတ်၍ ဝမ်ကျော်အား စိုက်ကြည့်လိုက်ပြီး…

'ကျုပ်တို့မှာ ထုံးစံ ရှိဘူး'

ဟု ပြောလိုက်၏။

ဝမ်ကျော်က ပြုံး၍…

'အကယ်လို့ ခင်ဗျားတို့ ရင်ဆိုင်ရမယ့်လူဟာ အရိပ်မဲ့ ခါးသမား ဖြစ်နေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်၏။

ဝမ်ကျော်၏စကားကြောင့် ဘီလူးဖြူနှင့် ဘီလူးညီး တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြ၏။

ပြီးမှ ဘီလူးဖြူက ဝမ်ကျော်ကို စူးစိုက်ကြည့်လိုက်ရင်း…

'ကျုပ်တို့ရဲ့ ပစ်မှတ်က အရိပ်မဲ့ ခါးသမားလား'

ဟု မေးလိုက်၏။

ဝမ်ကျော်က ပြုံးကာ…

'မဟုတ်ပါဘူး'

ဘီလူးညီးက မျက်မှောင်ကြုတ်ရင်း…



'မဟုတ်ရင် ကျုပ်တို့က ဘာဖြစ်လို့ အရိပ်မဲ့ ခါးနဲ့ရင်ဆိုင် ရမှာလဲ'

ဝမ်ကျော်က ပြုံးလိုက်ရင်း…

'ဒီလိုပါ၊ အရိပ်မဲ့ ခါးရဲ့ ပစ်မှတ်က ခင်ဗျားတို့နဲ့ပစ်မှတ် ဖြစ်နေမယ်ဆိုရင်…'

ဘီလူးဖြူက ပြုံးလိုက်ပြီး…

'ကြားဖူးသလိုပဲ… ကြားရတာ အရိပ်ပဲဖြစ်ဖြစ်၊ အကောင်ပဲ ဖြစ်ဖြစ် ဘာအရေးကြီးလဲ'

ဝမ်ကျော်က ပြုံးကာ…

'ပစ်မှတ်က ခင်ဗျားတို့ကြောင့် မဟုတ်ခဲ့ရင် ကျုပ်ငွေ အလကားဖြစ်မှာပေါ့'

ဘီလူးညီးက မဲ့ပြုံးပြုံးကာ…

'ပစ်မှတ်တွေနေမှ ခင်ဗျားရဲ့ ပိုက်ဆံကုန်ပြီး ဘာဖြစ်လို့ ကျုပ်တို့ကို ဖိတ်ရတာလဲ'

ဝမ်ကျော်က ပြုံးလိုက်ပြီး…

'အရိပ်မဲ့ခါးရဲ့ပစ်မှတ်က ကျုပ်တို့ရဲ့ပစ်မှတ်ပါလို့ဘယ်သူက ကျိန်းသေ ပြောနိုင်မှာလဲ'

ဘီလူးဖြူက သက်ပြင်းချလိုက်၏။

ဝမ်ကျော်က ပြုံးကာ…

'ဒါကြောင့် ကျုပ်က စရန်ငွေ အရင်ချပေးတာပေါ့'

ဘီလူးဖြူက ဝမ်ကျော်ကို မျက်မှောင်ကြုတ်ကြည့်ရင်း…

'ပစ်မှတ်က ဘယ်သူလဲ၊ ဘယ်မှာလဲ'

ဟု မေးလိုက်၏။

ဝမ်ကျော်က ပြုံးကာ....

'ပစ်မှတ်ရယ်၊ နေရာရယ်၊ အချိန်ရယ်ကို ကျုပ်အကြံပြုမှ အကြောင်းကြားပါမယ်'

ဟု ပြောလိုက်၏။

ဘိလူးမည်းက မျက်မှောင်ကြုတ်ကာ....

'ဘာဖြစ်လို့ အခု မပြောနိုင်သလဲ'

ဝမ်ကျော်က ပြုံး၍ လက်ကာပြရင်း....

'အားကြီးလှပါ၊ ဒီဘေစု ရှမ်းလုံးတည်းခိုခန်းမှာသာ အေးအေးလူလူနေပြီး စောင့်နေပါ'

ဟု ပြောလိုက်၏။

ဘိလူးဖြူက ဘိလူးမည်းကို လှမ်းကြည့်လိုက်၏။

ဘိလူးမည်းက သက်ပြင်းချပြီး....

'အဲဒီမှာနေတဲ့ရက်ပိုင်းမှာ ကုန်ကျစရိတ်ကို ဘယ်လိုလုပ်မလဲ'

ဝမ်ကျော်က ပြုံးကာ....

'ကျုပ်တို့ ကျခံပါ့မယ်၊ ကုန်ကျသမျှကို စာရင်းမှတ်ထားခိုင်းလိုက်ပါ'

ဘိလူးဖြူက ပြုံးလိုက်ပြီး....

'သူခတ်မှာ လိုချင်တာရတယ်လို့ ကြားတယ်၊ ကျုပ်တို့ လိုချင်တာရှိရင် ဘယ်လိုလုပ်ရမလဲ'

ဝမ်ကျော်က ပြုံးကာ....

'ကျုပ်စီစဉ်ပေးပါ့မယ်'

ဟု ပြောလိုက်၏။



ဘိလူးဖြူက လက်ထဲ၌ ကိုင်ထားသော ငွေလွှဲအကြိမ်မှတ်ချက်ကို အင်္ကျီရင်ဘတ်ကြားထဲသို့ ထည့်လိုက်၏။

'ဒါနဲ့ နေပါဦး၊ ဒီမှာအရိပ်မဲ့ခေါ် ရောက်နေလို့လား'

ဟု မေးလိုက်၏။

ဝမ်ကျော်က လမ်းသွားတောင်ကုန်းပေါ်မှ သစ်ပင်ကို ညွှန်ပြရင်း....

'ကိုမှာ လူ့ရဲ့မျက်နှာဖုံး ချိတ်ထားတယ်'

ဟု ပြောလိုက်၏။

ဘိလူးဖြူနှင့်ဘိလူးမည်းက ဝမ်ကျော်ညွှန်ပြသော ဘက်သို့ လှမ်းကြည့်လိုက်၏။

ထိုနေရာ၌ မျက်နှာဖုံးတစ်ခုကို သစ်ပင်၌ ချိတ်ထားကြောင်း တွေ့ရ၏။

မျက်နှာဖုံးက ပြုံးရယ်နေသော မျက်နှာဖုံးဖြစ်၏။

ထိုစဉ် ဝမ်ကျော်က....

'ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ ဒီမှာနှင်းဆီနက်လည်း ရောက်နေတယ်'

ဟု ပြောလိုက်၏။

ဝမ်ကျော်၏စကားကြောင့် ဘိလူးဖြူနှင့်ဘိလူးမည်းတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ဘိလူးဖြူနှင့်ဘိလူးမည်းတို့သည် တိုင်ခင်ထားသည့် အဆောင်း မြင်းပေါ်သို့ ကိုယ်စီခုန်တက်လိုက်၏။

သူတို့သည် မြင်းပေါ်သို့ ရောက်သည်နှင့် မြင်း၏ ဇက်ကြိုးကို ဆွဲလှည့်ကာ လာရာ လမ်းအတိုင်း ပြန်သည်၍ မမောင်းနှင်သွားတော့၏။

ဘီလူးညီနောင်၏ အပြုအမူကြောင့် ဝမ်ကျော်သည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ပြီးမှ သူသည် ဘီလူးညီနောင်နေရာသို့ ပြေးလိုက်သွားရင်း....

'ဟေ့ လူတွေ ပြန်လာခဲ့ ဒါ...ဒါ...'

ဘီလူးဖြူက ရင်ဘတ်ကြားမှ ငွေလွှဲလက်မှတ်ကို လမ်းပေါ်သို့ ပစ်ချလိုက်ပြီး...

'ဝမ်းနည်းပါတယ်'

ဟု အော်ဟစ်ကာ အရှေ့ဘက်တောင်ကြားသို့ ဦးတည်မောင်းနှင်သွားသည် မတွေ့ပါလား။

❖

ငွေလွှဲလက်မှတ်များက လေထဲ၌ လွင့်ပျံသွား၏၊

ဝမ်ကျော်သည် သက်ပြင်းချလိုက်ပြီး မြေပေါ်သို့ ပြန့်ကျဲသွားသော ငွေလွှဲလက်မှတ်များကို တစ်ရွက်ချင်း လိုက်ကောက်နေ၏။



ငွေလွှဲလက်မှတ်များက တစ်ရာတန် ငွေလွှဲလက်မှတ်များ ဖြစ်၏။

ဝမ်ကျော်သည် ဘီလူးဖြူတို့ကို ငွေပေါင်းထောင် စနှင့် ပေးခြင်း ဖြစ်၏။

ထို့ကြောင့် တစ်ရာတန် ငွေလွှဲလက်မှတ် အရွက်ပေါင်းရာ ဖြစ်၏။

ယခု သူသည် အေးဆေးစွာ ရွက်တိတိပြန်၍ ရရှိထားပြီ ဖြစ်၏။

ဤသို့ဆိုလျှင် တစ်ရာတန်ငွေလွှဲလက်မှတ်တစ်ရွက် ကျန်သေး၏။

ဝမ်ကျော်သည် ထိုကျန်နေသေးသော တစ်ရာတန် ငွေလွှဲလက်မှတ် လိုက်လံရှာဖွေနေ၏။

ထိုစဉ် သူ၏ခေါင်းပေါ်သို့ လက်တစ်ဖက် ရောက်ရှိလာပြီ....

'ခင်ဗျား ရှာနေတာ ဒါလား'

ဟု ပြောကာ တစ်ရာတန် ငွေလွှဲလက်မှတ် တစ်ရွက်ကို ဝမ်ကျော်၏ ခေါင်းပေါ်မှကျော်၍ ပေးလိုက်၏။

ထို့ကြောင့် ဝမ်ကျော်က နောက်သို့လှည့်မကြည့်ဘဲ တစ်ရာတန် ငွေလွှဲလက်မှတ်ကို လှမ်းယူပြီး....

'တတ်တယ်၊ ကျေးဇူးပဲ'

ဟု ပြောလိုက်၏။

ထို့နောက် သူသည် မိမိ၏နောက်မှလူကို ကြည့်လိုက်သည်။

ထိုသို့ လှည့်ကြည့်လိုက်မိသည်နှင့် သူ၏မျက်လုံးသည် ပြူးကျယ်သွားပြီး သူ၏လက်ထဲမှ ငွေလွဲ အကြိမ်မှတ်များသည် မြေကြီးပေါ်သို့ လွတ်ကျသွားလေတော့၏။

အဘယ့်ကြောင့်ဆိုသော် သူသည် ပြုံးရယ်နေသော မျက်နှာဖုံးကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

လူတစ်ယောက် ရပ်နေ၏။

ထိုလူသည် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ထိုလူ၏မျက်နှာသည် ပြုံးနေ၏။

ထိုလူ၏မျက်နှာသည် မည်သည့်အချိန်ကြည့်ကြည့် ပြုံးနေလိမ့်မည်သာ ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် သူ၏ မျက်နှာပေါ်၌ ပြုံးရယ်နေသော မျက်နှာဖုံးကို အပ်ဆင်ထားသောကြောင့် ဖြစ်၏။

အကယ်၍သာ သူသည် ငိုမဲ့နေသော မျက်နှာဖုံးကို အပ်ဆင်ခဲ့လျှင် သူ၏မျက်နှာသည် ငိုမဲ့၍နေမည်ဖြစ်၏။

ဝမ်းကျောက်သည် ထိတ်သန့်တုန်လှုပ်သွားပြင့် နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်လိုက်၏။

ပြီးမှ သူသည် ထိုလူကို စိုက်ကြည့်၍ ထိုးချင်း....

'ခင်....ခင်ဗျား....အ...အရိပ်မဲ့ ဓား၊'

ဟု ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်၏။



ထိုလူက....

'ကျုပ်ကို အရိပ်မဲ့ဓားလို့ ဘယ်သူက ပြောလဲ'

ဟု မေးလိုက်၏။

ဝမ်းကျောက်က ထိုလူကို မျက်လုံးပြူး၍ ကြည့်ကာ....

'ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ဒီမျက်နှာဖုံး စွပ်ထားတာလဲ'

ဟု မေးလိုက်၏။

ထိုလူက ရယ်မောလိုက်၏။

သူ၏ ရယ်မောသံက အေးစက်စက် နိုင်လှ၏။

သူက ရယ်မောလိုက်ပြီးမှ....

'အမှန်ပြောရရင် ကျုပ်မှာ ဦးခေါင်းမရှိဘူး။ ကျုပ်ဟာ ကျုပ်ရဲ့ဦးခေါင်းကို ဟော့ဟိုက သစ်ပင်မှာ ချိတ်ထားခဲ့တယ်'

ဟု ပြောလိုက်၏။

ဝမ်းကျောက်က ထိုလူညွှန်ပြသော သစ်ပင်သို့ လှမ်းကြည့်လိုက်၏။

ထိုသစ်ပင်သည် ပြုံးရယ်နေသော မျက်နှာဖုံးကို ချိတ်ဆွဲထားခဲ့သည့် သစ်ပင် ဖြစ်၏။

ယခု သစ်ပင်ပေါ်၌ မျက်နှာဖုံး မရှိတော့ပါ။

ဝမ်းကျောက်က ထိုလူကို ပြန်ကြည့်ရင်း....

'ခင်ဗျား ဘယ်သူလဲ'

ဟု မေးလိုက်၏။

ထိုလူက ရယ်မောလိုက်၏။

ပြီးမှ....

'ကျုပ်ကိုတော့ လူတွေက အရိပ်မဲ့ ခေါ်လို့ ပြောကြတာပဲ'

ဟု ပြန်ပြောလိုက်၏။

ဝမ်ကျောက်က မျက်မှောင်ကြုတ်ကာ....

'ခင်ဗျားက အရိပ်မဲ့ ခေါ် မဟုတ်ဘူးဆို'

ထိုလူက....

'ကျုပ် ပြောခဲ့မိလို့လား'

ဝမ်ကျောက်က မျက်မှောင်ကြုတ်လျက်....

'ကျုပ် မေးတုန်းလေ'

ထိုလူက ရယ်မောကာ....

'ဩော်....ဒီလိုလား ပြောသလိုလို ကျုပ်ကို မေးခဲ့တာပဲ ကျုပ်က အရိပ်မဲ့ မဟုတ်ဘူးလို့ ပြောခဲ့လို့လား'

ဝမ်ကျောက်က ဘာမျှ ပြန်မပြောတော့ပေ။

သူသည် ထိုလူကို စူးစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားကို အလုပ်တစ်ခု အပ်မယ်'

ဟု ပြောလိုက်၏။

ထိုလူက ရယ်မောကာ....

'ဝမ်းသာစရာပဲ'

ဝမ်ကျောက်က မျက်နှာကို တည်လိုက်ပြီး....

'လူတစ်ယောက်ကို သတ်ပေးရမယ်'

ထိုလူက ရယ်မောကာ....



'ကျုပ်က လူတစ်ယောက်ကို နှင်းနှိပ်ပြီး စည်ကြော ဆွဲပေးတတ်တယ်လို့ ကြားဖူးနေလို့လား'

ဝမ်ကျောက်က သက်ပြင်းချကာ....

'ငါးထောင်ပေးမယ်'

ထိုလူက ရယ်မောကာ လှည့်ထွက်ရန် ခြေလှမ်း ပြင်လိုက်၏။

ဝမ်ကျောက်က မျက်ခုံးပင့်ကာ....

'ခြောက်ထောင်'

ထိုလူက သက်ပြင်းချကာ....

'ခင်ဗျား အရိပ်မဲ့ ဓားအကြောင်း ကြားဖူးလား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'ကြားဖူးတယ်'

ထိုလူက....

'ဒါကြောင့် ဘာဖြစ်လို့ ဈေးဖျက်နေရတာလဲ'

ဝမ်ကျောက်က ပြုံးကာ....

'အရိပ်မဲ့ ဓားသမားရဲ့ ဈေးနှုန်းက အမျိုးမျိုး ရှိတယ်လို့ ကြားဖူးလို့ပါ'

ထိုလူက သက်ပြင်းချကာ....

'မနောက်ကော ဘာသိသေးသလဲ'

ဝမ်ကျောက်က....

'လူကောင်းကို မသတ်ဘူး'

ထိုလူက....

'ခနေပါဦးတော့...'

ဝမ်ကျော်ကြီးက သက်ပြင်းချကာ....

'သတ်မယ့်လူဟာ ဘယ်သူဘယ်ဝါဆိုတာ အရင်ပြောပြရပါတယ်၊ တကယ်လို့ အဲဒီလူဟာ သတ်သင့်သတ်ထိုက်တဲ့လူမဟုတ်ရင် ငှားတဲ့လူဟာ အသက်ခံရတတ်ပါတယ်'

ဟိုလူက ရယ်မောလိုက်၏။

ပြီးမှ....

'ဒါဆို ခင်းကိုယ်ခင်း အသက်ခံရအောင်ခဏစောင့်ပြီးမှ ငှားပေါ့'

ဟု ပြောလိုက်၏။

ဝမ်ကျော်ကြီးက ပြုံးလိုက်ပြီး....

'စိတ်ချပါ'

ဟိုလူက....

'ကောင်းပြီ...ဘယ်သူလဲ'

ဝမ်ကျော်ကြီးက သက်ပြင်းချလိုက်ပြီး....

'အချိန်မကျသေးလို့ပါ'

ဟု ပြောလိုက်၏။

ဟိုလူက ရယ်မောကာ....

'ကောင်းပြီ...အချိန်ကျတော့မှ ပြောပေါ့'

ဟု ပြောကာ ထွက်ခွာသွားလေတော့၏။

ဝမ်ကျော်ကြီးကမျက်လုံးပြူးကာ လက်ကိုဆန့်တန်းရင်း...

'ဟေ့....ဟေ့ လူ...ကျုပ်....ကျုပ် ခင်ဗျားကို ဘယ်လို ဆက်ရှာရမလဲ'



ဟု လှမ်းမေးလိုက်၏။

ဟိုလူက ခြေလှမ်းကို ရပ်တန့်လိုက်ပြီး....

'မင်း ကျွန်ုပ်ကို သိသလား'

ဟု မေးလိုက်၏။

ဝမ်ကျော်ကြီးက....

'ဟို လပ်လျားလပ်လျားနဲ့ ဆူငြေးလိုလို ခွေးသိုလို ချေတိတ်လား'

ဟိုလူက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်'

ဝမ်ကျော်ကြီးက....

'လူဟာ ခင်ဗျားကိုသိလား'

ဟိုလူက ဦးခေါင်းခါယမ်းကာ....

'မသိဘူး'

ဝမ်ကျော်ကြီးက သက်ပြင်းချကာ....

'ခင်ဗျားနဲ့လူနဲ့မှမသိဘဲ ဘယ်လို ဆက်သွယ်လို့ ရမှာလဲ....'

ဟိုလူက ရယ်မောလိုက်၏။

ပြီးမှ....

'ဒီကောင်က လျှာသီစ်ရှည်တာ၊ ခင်းက သူ့ကို အရယ်မူးအောင်တိုက်ပြီး ငါနဲ့တွေ့ချင်တယ်လို့ ပြောလိုက်'

ဝမ်ကျော်ကြီးက ဦးခေါင်းခါယမ်းကာ....

'မဖြစ်နိုင်ဘူး'

ဟိုလူက ရယ်မောရင်း....

'ဘာပဲဖြစ်ဖြစ် ထွက်ခြေးမှပေါ့၊ ဒြေ...တစ်ခုအော ရှိတယ်၊ အခု ဗိုကောင် ငွေလိုနေတယ်၊ အနုကဘာညီ သူ့ကို မင်းက ငွေထုတ်ချေးထားရင် ပိုပြီး အဆင်ပြေမယ်'

ဟု ပြောလိုက်၏။

ထို့နောက် ထိုလူက ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်ရာ စက္ကန့်ပိုင်းအတွင်းမှာပင် ထိုလူသည် ဝမ်းကျောဇက်၏ မျက်စိ အောက်မှ ပျောက်ကွယ်သွားလေတော့၏။

ဝမ်းကျောဇက်သည် မည်သို့ပြန်လည်ပြောဆိုရမှန်း မသိ အောင် ပါးစပ်ဟောင်းလောင်းဖြင့်ကျန်ရစ်ခဲ့လေတော့သည် မဟုတ်ပါလော။

ကျန်းဖုန်းသည် ယမန်နေ့သော အခမဲ့ဘည်းခိုရိပ်သာ၌ အိပ်စက်ခဲ့၏။

ထူနင့်အတူ ခွေးတစ်ကောင်ကလည်း အိပ်စက်ခဲ့၏။

သူတို့သည် အိမ်တစ်အိမ်၏ ခွေးလောင်၌ အိပ်စက်ခဲ့ ခြင်းဖြစ်၏။

သို့သော် မိုးလင်းသည်နှင့် အိမ်ရှင်မိန်းမကြီးက သူတို့ကို တံမြက်စည်းဖြင့် ရိုက်ချခဲ့သောကြောင့် သူတို့သည် ယမ်းခေ ဝေါ်သို့ အပြေးအလွှား ရောက်ရှိလာခဲ့ရသည် မဟုတ်ပါ လော။



ကျန်းဖုန်းက အိမ်ရှင် မိန်းမကြီးကို လက်သီးဆုပ်၍ ထောင်ပြလိုက်၏။

ခွေးက အိမ်ရှင်မိန်းမကြီးကို တဝုတ်ဝုတ်ဖြင့် ဟောင် လိုက်၏။

ထို့နောက် ကျန်းဖုန်းသည် လမ်းဘေးတစ်နေရာ၌ ထိုင်ချ လိုက်၏။

ခွေးက သူ၏အနီး၌ ဝပ်လိုက်၏။

ကျန်းဖုန်းက ခွေးကို တစ်ချက်ငုံ့ကြည့်ပြီး...

'တော့ကောင်...ငါ လမ်းပေါ်ရောက်သွားရင် ငါ့လမ်းငါသွားမယ်'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေတော့သည် မဟုတ် ပါလော။

တစ်လှမ်း...နှစ်လှမ်း...သုံးလှမ်း...

မြေလှမ်းသုံးလှမ်း ပြည့်သောအခါ ကျန်းဖုန်း၏ ခြေ ထောက်များက ရပ်တန့်သွား၏။

ထို့နောက် သူသည် သူ၏နောက်သို့ လှည့်ကြည့်လိုက်၏။

ခွေးအဘိုးလေးက အမွှေးတဖွာဖွားနှင့် ချစ်စရာကောင်း၏။

ညိုနက်စွန် ကျင်ဘက်ပိုင်း၌ ဤကဲ့သို့ ခွေးမျိုးကို မတွေ့ ရပါ။

ခွေးက အပြုံးနှင့်အနုတ်ကျေးဇူး ဖြန့်၏။

ချွန်းဖုန်းသည် ကျေနပ်စွာ ပြုံးလိုက်ပြီး ခွေးအလေး အနီးသို့ ပြန်လျှောက်လာ၏။

ပြီးမှ သူသည် ခွေးတစ်ကောင်အနီး၌ မုဆိုးဖူးသေနတ်ထိုင်ကာ ခွေးအလေးကို လက်ဖြင့် တယုတယ ပွတ်သပ်ပေး လိုက်၏။

သူသည် ခွေးအလေးကို ထိုသို့ ပွတ်သပ်ပေးရင်း....

'ငါက စိတ်ကောင်းရှိတဲ့သူမင်း ငါနဲ့တွေ့ရတာ အခွင့်ကောင်း တယ်'

ဟု ပြောလိုက်၏။

ခွေးက အု...အု...အု...အု ဟု အသံပြုလိုက်၏။

ချွန်းဖုန်းက ပြုံးကာ....

'မင်းက ချစ်ရာကောင်းတယ်၊ လမ်းမပေါ်မှာ လျှောက် သွားနေရင် မင်းဒုက္ခရောက်လိမ့်မယ်'

ဟု ပြောလိုက်၏။

ခွေးအလေးက တအုအုဖြင့် အသံပေးလိုက်၏။

ချွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒီတော့ မင်းကို ငါက ကောင်းရာမွန်ရာရောက်အောင် ပို့ပေးမယ်'

ဟု ပြောကာ ခွေးအလေးကို ပွေ့ချီလိုက်လေတော့သည် မဟုတ်ပါလား။



အိမ်ရှင်မိန်းမကြီးသည် သူ၏ ဝလွန်းသော ခန္ဓာကိုယ်ကို စဉ့်အိုးကြီးတစ်လုံး လှိမ့်သကဲ့သို့ လျှောက်လာပြီး လက် ထဲမှ အဝတ်တောင်းကြီးကို နောက်ဖေး ရေတံပြင်ပေါ်သို့ ချလိုက်၏။

ထို့နောက် သင်သား ရေစည်ထဲသို့ ရေခပ်ထည့် လိုက်၏။

သူမသည် အဝတ်လျှော်ရန် ပြင်ဆင်နေခြင်းဖြစ်၏။

ချွန်းဖုန်းသည် သစ်ပင်တစ်ချက်ချလိုက်ပြီး အိမ်ဘေးမှ ပတ်ကာ အိမ်ရှေ့တံခါးသို့ လျှောက်သွား၏။

ထို့နောက် သူသည် အိမ်ရှေ့တံခါးကို တဒုန်းဒုန်းဖြင့် ထုကာ....

'အိမ်ရှင်တို့...အိမ်ရှင်တို့'

ဟု အော်ဟစ်လိုက်၏။

ချွန်းဖုန်း၏ အော်ခေါ်သံကြောင့် အိမ်ရှင် မိန်းမကြီး သည် အဝတ်လျှော်ရန် ဆောင့်ကြောင့်ထိုင်နေရာမှ အလွန် ခက်ခဲစွာထလိုက်ပြီး အိမ်ထဲသို့ ဝင်ရောက်သွား၏။

ထို့နောက် သူမသည် အိမ်ရှေ့တံခါးကို ဖွင့်ရင်း....

'ဟဲ့....ဘယ်သူလဲ'

ဟု မေးလိုက်၏။

သို့သော် သူမ၏အမေးကို ဖြေမည့်လူ မရှိပါ၊

အဘယ်ကြောင့်ဆိုသော် အိမ်ရှေ့တံခါး၌ မည်သူမျှ မရှိသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် အိမ်ရှင်မိန်းမကြီးသည် မျက်မှောင်ကြုတ်ကာ ဝါးစပ်ကို ပွစိပွစိလုပ်ရင်း အိမ်ရှေ့တံခါးကို ပြန်ပိတ်လိုက်၏။

ထို့နောက် သူမသည် နေ့ဖက်မဖော်သို့ပြန်လှည့်လာခဲ့၏။

နောက်တစ်ဖန်သို့ ရောက်သောအခါ သူမ၏ မျက်လုံးများသည် ပြူးကျယ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ရေထည့်ထားသော သစ်သားစည်ပိုင်းကို မတွေ့ရသောကြောင့်ပင်ဖြစ်သည်မဟုတ်ပါလော။

ခွေးကလေးသည် သစ်သားစည်ပိုင်းထဲ၌ ရှိနေ၏။

ကျန်ဖုန်းသည် ခွေးကလေးကို သပ်ပြီးတိုက်ပေးနေ၏၊

သူသည် ခွေးကလေးကို စိမ်ပြေနပြေ ရေချိုးပေးနေ၏။

ထို့နောက် သူသည် မျက်နှာသုတ်ပဝါဖြင့် ခွေးကလေးကို ရေခြောက်အောင် သုတ်ပေးနေ၏။

ခွေးကလေးသည် ရေမိုးချိုးသန့်စင်လိုက်သော် ခွေးမွေး ခွေးရောင်ပြောင်လက်လာ၏။



ကျန်ဖုန်းသည် ခွေးကလေးအား တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြစ်နေလေတော့သည် မဟုတ်ပါလော။

လမ်းမကြီးသည် လူစည်ကားနေ၏။

လမ်းဘေးတစ်ဖက်တစ်ချက်မှ ဈေးသည်များ၏ အော်ဟစ်သံတညံညံ ဆူညံနေ၏။

လမ်းဘေးတစ်နေရာ၌ ချိုင်းထောက်နှင့် လူဖုန်းစား တစ်ယောက် ထိုင်၍တောင်းရမ်းနေ၏။

ထိုသူဖုန်းစားနှင့် မျက်နှာချင်းဆိုင် တစ်ဖက်လမ်းဘေး၌ အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ထိုအဘိုးအို၏ပခုံးပေါ်၌ ဈေးခြင်းတစ်တောင်းရှိ၏။

ထိုအဘိုးအို၏ ဝဲဘက်နံဘေး၌ ကျန်ဖုန်းထိုင်နေ၏။

ကျန်ဖုန်း၏ရှေ့၌ ခွေးကလေးက ဆောင့်ကြောင့်ထိုင်နေ၏။

ထိုခွေးကလေး၏ ရှေ့၌ ဝါးခြမ်းထားသော စာရွက်ကို ခဲလုံးဖြင့် ဖိထား၏။

ထိုခဲလုံးလေးလုံးဖြင့် စာရွက်၏ အထောင့်လေးထောင့်ကို ဖိထားခြင်း ဖြစ်၏။

ထိုစာရွက်ပေါ်၌ စာများရေးထား၏။

ထိုစာများမှာ....

'ခွေးဟောင်းရန်ရှိသည်၊ ငွေဝါးဆယ်'

ဟူ၍ ဖြစ်သည်မဟုတ်ပါလော။

မေဖုန်းသည် အသက် ဆစ်ဆယ့်ခြောက်နှစ်၊ ဆစ်ဆယ့် ခုနစ်နှစ်အရွယ်ခန့်ရှိ မိန်းကလေး ဖြစ်၏။

သူမသည် အကြင်နာ တည်းခိုရိပ်သာပိုင်ရှင်၏ တစ်ဦး တည်းသော သမီး ဖြစ်၏။

လူမ၏မိခင်သည် လူမ အသက်ငါးနှစ်အရွယ်၌ ဆုံးပါး သွားခဲ့၏။

ထို့ကြောင့် လူမသည် ဖခင်ဖြစ်သူနှင့်သာ အတူ နေခဲ့ ရ၏။

ဖခင်ကလည်း သူ့ကို မိဘဆိုးကလေး ဖြစ်နေသော ကြောင့် အလိုလိုက်ထား၏။

ယခု မေဖုန်းသည် ဂုန္တမဂြိမ် ဖြစ်နေ၏။

လူမသည် အိမ်ထောင်အိမ်လုံးအနှံ့ ခေါင်းတော်အောင် ငိုလ်လံရှာဖွေခဲ့ပြီး ဖြစ်၏။

ခြံဝင်းတစ်ခုလုံးလည်း မြေမလွှတ်ရှာသော ကျွန်တော့၏ လူမ၏ပါးစပ်မှလည်း....

'ရွှေစင်ချွန်း....ရွှေစင်ချွန်း'

ဟု အမြုပ်တစီစီထွက်အောင် အော်ဟစ်ခဲ့ပြီးဖြစ်၏။

သို့သော် ရွှေစင်ချွန်းသည် ပျောက်ချင်းမလှ ပျောက်နေ ပြီဖြစ်သည် မဟုတ်ပါလော။



အကြင်နာတည်းခိုခန်းပိုင်ရှင်သည် လွန်ခဲ့သောနှစ်ရက်က သူ၏ဆက်စပ်ခဲ့သော ယက္ခညီနောင်ကို မေဖုန်း၏ ခွေးကို ရှာဖွေရန် တာဝန်ပေးခဲ့၏။

ထို့ကြောင့် ယခု သူသည် စားပွဲပေါ်သို့ တက်၍ နေမှ လေတော့၏။

အဘယ်ကြောင့် ဆိုသော် သူ၏ ထန့်ရှင်းသပ်ရပ်သော အခန်းအတွင်း၌ ထမ်းမပေါ်မှ ခွေးတွေ ခွေးလှင့်များ ဖြင့် ပြည့်ကာ ခွေးများ၏ ခနှိပ်သံ၊ အော်ဟစ်သံ စသည်တို့ဖြင့် ဆူညံနေခလေတော့သည် မဟုတ်ပါလော။

'ခွေးရှောင်ရန်ရှိသည့်၊ ငွေလေးဆယ်'

စာရွက်ပေါ်၌ ငါးဆယ်ကို ကြက်ခြေ ခတ်လို့ပြီး လေးဆယ်ဟု ပြင်ရေးထား၏။

သို့သော် ခွေးဝယ်မည့်သူ မပေါ်သေးပါ။

ထို့ကြောင့် ကျွန်ုပ်ဖုန်းသည် ငါးဆယ်ဟုရေးထားသော နေရာကို ကြက်ခြေခတ်လိုက်ပြီး၊ ဘေး၌ သုံးဆယ်ဟု ပြင် ရေးလိုက်၏။

ထိုစဉ်....

'တယ်....ခွေးကလေးက ချစ်စရာလေး'

ဟုအသံတသံကို ကြားလိုက်ရ၏။

ထို့ကြောင့်ကျွန်းဖုန်းက အသံကြားရာသို့အမှန်းတခန့် လှမ်းကြည့်လိုက်၏။

အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ် မိန်းကလေး တစ်ယောက်နှင့်မိုးပြာရောင်အင်္ကျီဝတ်ဆင်ထားသောလူကြီး တစ်ယောက်ကို တွေ့ရ၏။

ကျွန်းဖုန်းက ပြုံးပြလိုက်ပြီး....

'လာနေပြီ... တစ်ကောင်ပဲကျန်တော့တယ်'

ဟု ချိုသာသည့်လေသံဖြင့်ပြောလိုက်၏။

မိုးပြာရောင် ဝတ်ဆင်ထားသော လူကြီးက တစ်ချက် ငဲ့စောင်းကြည့်ပြီး သွက်သွက်ခန့် ခြေလှမ်းပြင်လိုက်၏။

မိန်းကလေးက တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေ၏။

ကျွန်းဖုန်းက...

'လာနေပြီ.... နောက်ဆုံး သက်ကျန်ကို ဈေးလျှော့ပေး မယ်'

ဟု ထပ်၍ပြောလိုက်၏။

မိန်းကလေးက မိုးပြာရောင်အင်္ကျီနှင့် လူကြီး၏လက်ကို ဆွဲ၍ လှုပ်ယမ်းလိုက်ပြီး....

'ခွေးကလေးက ချစ်စရာလေး'

ဟု ပြောလိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူကြီးက....



'ဈေးကြီးတယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ပြုံးကာ....

'လျှော့ပေးမယ်၊ ဆင်ကြည့်ပါလား'

ဟု ပြောလိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူကြီးက....

'မင်းက ဘယ်လောက်လျှော့ပေးမလဲ'

ဟု မေးလိုက်၏။

ကျွန်းဖုန်းက စဉ်းစားကာ....

'ဒီနေ့မနက် ခွေးဆယ်ကောင်ပါလာတယ်၊ ငါးဆယ်နဲ့ ရောင်းတာ အခု တစ်ကောင်ပဲကျန်တော့တယ်'

ဟု ပြောလိုက်၏။

မိုးပြာရောင်အင်္ကျီနှင့် လူကြီးက မျက်နှာရှုံ့မဲ့သွားပြီး....

'ငါက လူတကောင်ရဲ့ ခွေးကျန်ကို ဝယ်ရမှာလား'

ဟု ပြန်ပြောလိုက်၏။

ကျွန်းဖုန်းက ပြုံးကာ....

'ဒီခွေးက ခွေးကျန်မဟုတ်ပါဘူး၊ အမှန်ပြောရရင် ဒီခွေး ကောင်ကို ကျွန်တော် မွေးမလို့ သပ်သပ်ဖယ်ထားတာ'

မိုးပြာရောင်အင်္ကျီနှင့်လူကြီးက ပြုံးကာ....

'ဒါဆိုလဲ ရောင်းပါတော့'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက မျက်လုံးပြူးသွားပြီး....

'ဟို…ဟို…ဒါတော့မယ် ကျွန်တော့် အနေနဲ့ ဘယ်မှန်းနိုင်ပါ့မလဲ၊ ဒါကြောင့် အခုလိုထုတ်ပြီး ရောင်းရတာပေါ့'

ဟု ခပ်ချွဲချွဲအသံဖြင့် ပြောလိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူက နှုတ်ခမ်းကို တစ်ချက်ဆွဲမဲ့ကာ…

'တစ်ဆယ်နဲ့ ရောင်းမလား'

ကျန်းဖုန်းက ပြောလိုက်ပြီး….

'အစိတ်တော့ ပေးပါ'

မိုးပြာရောင်အင်္ကျီနှင့် လူကြီးက ဦးခေါင်းခါယမ်းလိုက်ပြီး…

'မင်းမှာ ငါးဆယ်နဲ့ ကိုးဆောင် ရောင်းပြီးပြီပဲ၊ ဒီတစ်ဆောင်ကို နှစ်ဆယ်နဲ့ရောင်းလို့ ဘာဖြစ်သွားမှာလဲ၊ ငါ့မှာ ယာ ဒီခွေးကို ဝယ်ပြီးရင် ဒီခွေးအတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာကျွေးဖို့ ရှာရဦးမယ်၊ ပြီးတော့ ဒီခွေး ဖျားရင် နာရင် ငါက ဆေးကုပေးရဦးမယ်၊ ဒီစရိတ်တွေ ဘယ်လောက်ရှိတယ်ဆိုတာ မင်းတွက်မိရဲ့လား၊ ဒီခွေးကို တစ်ရက် ဝယ်မယ့်လူမရှိရင် မင်းက တစ်ရက်ကျွေးထားရမယ်၊ ဒီစရိတ်ကို မင်းက ဘာဖြစ်လို့ ထည့်မတွက်တာလဲ'

ကျန်းဖုန်းသည် ရှူ့ ပါးစပ်ကို ပိတ်ထားလိုက်ဖို့တော့ သည်သို့ မဟုတ်ပါလား။



မိုးပြာရောင်အင်္ကျီနှင့်လူကြီးသည် ကျေနပ်နေ၏။

ထိုစဉ် သူတို့အနီးသို့ ယက္ခညီနောင် ရောက်လာ၏။

ယက္ခညီနောင်နှင့်အတူ မေဖုန်း ပါလာ၏။

မေဖုန်းသည် အသက်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ်ခန့်ရှိသော မိန်းကလေး၏လက်ထဲ၌ ပွေ့ချီထားသော ခွေးကို စူးစိုက်ကြည့်လိုက်ပြီး ဗိုးခနဲ ဆတ်ခနဲ လှုပ်ယှက်လိုက်၏။

ထို့ကြောင့် မိုးပြာရောင်အင်္ကျီနှင့်လူကြီးသည် မျက်လုံးပြူးသွားပြီး….

'ဟော….ဟော….ဒါဘာလုပ်တာလဲ'

ဟု လှမ်းအော်လိုက်၏။

ယက္ခညီနောင်က မိုးပြာရောင်အင်္ကျီနှင့်လူ၏ရှေ့၌ ရပ်လိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူက ယက္ခညီနောင်ကို မျက်မှောင်ကြုတ်ကာ….

'ဒါက ဘာသဘောလဲ'

ဟု မေးလိုက်၏။

ယက္ခညီနောင်က တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်လိုက်ပြီး….

'ခွေးသူခိုးကို ဆိုးမလို့'

ဟု ပြိုင်တူပြောလိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူက မျက်မှောင်ကြုတ်ကာ….

'ဘယ်က ခွေးသူခိုးလဲ'

ယက္ခညီနောင်က တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်လိုက်ပြီး....

'ခင်ဗျား....'

ဟု ပြိုင်တူးပြောလိုက်၏။

မိုးပြာရောင် အင်္ကျီနှင့်လူက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ထား....

'ကျုပ်...ဟုတ်သလား'

ယက္ခညီနောင်က တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်၏။

ပြီးမှ...

'ဟုတ်တယ်၊ ဒီခွေးဟာ ငါတို့သခင်လေးရဲ့ခွေး၊ ခင်ဗျားဟာ ငါတို့သခင်ရဲ့ ခွေးကိုခိုးတဲ့ ခွေးသူခိုး'

ဟု ပြိုင်တူးပြောလိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူ၏ မျက်နှာသည် နီရဲလာ၏။

သူသည် ယက္ခညီနောင်ကို မျက်လုံးပြူး၍ကြည့်ပြီး....

'ကျုပ် ဒီခွေးကို ဟောဟိုက လူငယ်ဆီက ဝယ်....ဝယ်....ဝယ်....'

သူသည် သူ၏စကားကို ဆုံးအောင် မပြောနိုင်တော့ပေ။

သူ၏မျက်လုံးများသည် ပြူးကျယ်၍သွားပြီး သူ၏ပါးစပ်သည် စကားမပြောနိုင်လောက်အောင်ပင် ဖြစ်သွားလေတော့၏။



အဘယ်ကြောင့်ဆိုသော် ခွေးကိုရောင်းလိုက်သော ကျွန်းဖုန်းသည် ထိုနေရာမှ ပျောက်ကွယ်သွားသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလော။

ကျွန်းဖုန်းသည် ပထမ၌ ဈေးကိုင်ရန် ခိုးသားနေ၏။

သို့သော် သူ၏မျက်လုံးများသည် လူအုပ်ကြားထဲမှ ခေါင်းတုံးနှစ်လုံးကို မြင်တွေ့လိုက်ရသောကြောင့် ခွေးကို မိုးပြာရောင်အင်္ကျီနှင့်လူကြီးပြောသည့်အတိုင်း ငါးဆယ်နှင့် ရောင်းချလိုက်၏။

ထို့နောက် သူသည် ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့လေတော့သည် မဟုတ်ပါလား။

ကျွန်းဖုန်းက မြို့ရင်း....

'မင်းလေ ငါ့ကို အကျိုးပြုလို့ ငါကလဲ မင်းကို ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်ရအောင် လုပ်ပေးလိုက်တော့မှာပဲ'

ဟု တစ်ယောက်တည်း ပြောလိုက်၏။

ထို့နောက် သူသည် လမ်းထောင့်မှ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ရောက်လိုက်လေတော့၏။

ခွေးကလေးသည် သူ့ကို နံနက်စာ ကျွေးခဲ့သည် မဟုတ်ပါလော။

ကျန်းဖုန်းက လက်ဖက်ရည်နှင့် မုန့်ကို မှာလိုက်၏။

ထိုစဉ် ဟူ ထိုင်နေသော စားပွဲရှေ့သို့ လူတစ်ယောက် ရောက်လာ၏။

ထိုလူက ကျန်းဖုန်းကို ပြုံးပြလိုက်ပြီး....

'ဒီမှာ ထိုင်ပါရစေ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက လွတ်နေသော စားပွဲဝိုင်းများကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'တခြားစားပွဲတွေလဲ လွတ်နေသားပဲ'

ဟု ပြောလိုက်၏

ထိုလူက, ပြုံးလျက်...

'ကျုပ်က ဒီစားပွဲမှာ ထိုင်ချင်လို့ပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ဘာမျှ မပြောတော့ပါ။

သူသည် ထိုင်ရာမှထလိုက်ပြီး တခြားစားပွဲသို့ကူးပြောင်း၍ထိုင်လိုက်၏။

ထိုလူက ကျန်းဖုန်း၏နောက်သို့ ထက်ကြပ်မကွာ လိုက်လာ၏။

ကျန်းဖုန်းက ထိုလူကို မော့ကြည့်ပြီး....

'ခင်ဗျားက ဒီမှာထိုင်ချင်ပြန်ပြီလား'

ဟု မေးလိုက်၏။

ထိုလူက ဦးခေါင်းညိတ်ပြလိုက်၏။

ကျန်းဖုန်းက ဘာမျှ ထပ်၍မပြောတော့ပါ။



သူသည် ထိုင်ရာမှထ၍ တခြားစားပွဲသို့ ကူးပြောင်းသွားပြန်၏။

ထိုလူကလည်း ကျန်းဖုန်း၏နောက်သို့ တကောက်ကောက် လိုက်လာ၏။

စားပွဲဝိုင်း၊ သုံးဝိုင်း လေးဝိုင်းခန့် ရွှေ့ပြောင်းပြီးသော အခါ စားပွဲထိုးလူငယ်သည် စိတ်မရှည်သော လေသံဖြင့်....

'ကဲ... ဆရာတို့ ဘယ်စားပွဲမှာ ထိုင်မှာလဲ၊ ကျွန်တော်က လက်ဖက်ရည် ပန်းကန်ကို ချပေးဖို့ ဆရာတို့ နောက်ကို တကောက်ကောက် မလိုက်နိုင်တော့ဘူး'

ဟု ပြောလိုက်သေးတော့သည် မဟုတ်ပါလား။

ကျန်းဖုန်းက စားပွဲ၌ ထိုင်နေ၏။

ထိုလူက ကျန်းဖုန်းနှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေ၏။

ကျန်းဖုန်းက လက်ဖက်ရည်ကို ငုံသောက်နေ၏။

ထိုလူက ကျန်းဖုန်းကို ပြုံး၍ကြည့်နေ၏။

ထို့ကြောင့် ကျန်းဖုန်းက မလုံမလဲဖြင့် လက်ဖက်ရည်ကို သောက်နေရာမှ ထိုလူကို မော့ကြည့်လိုက်၏။

ထိုလူက ကျန်းဖုန်းကို ပြုံး၍ ကြည့်နေ၏။

ကျန်းဖုန်းက သက်ပြင်းချလျက်....

'ကိုယ့်လူ လက်ဖက်ရည်သောက်ဖို့ ပိုက်ဆံရှိလို့လား'

ဟု မေးလိုက်၏။

ထိုသူက အင်္ကျီရင်ဘတ်ကြားထဲမှ ငွေလွှဲလက်မှတ် စာထပ်ကို ထုတ်ယူလိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်၏။

ကျွန်းဖုန်းက မျက်ခုံးကို စစ်ချက်ပင့်တင်လိုက်ပြီး....

ထိုလူကို တစ်လှည့် ငွေလွှဲလက်မှတ်များကိုတစ်လှည့် ကြည့်လိုက်၏။

ပြီးမှ....ကျွန်းဖုန်းက သက်ပြင်းချကာ....

'ကိစ္စရှိလား'

ဟု မေးလိုက်၏။

ထိုလူက ပြုံးလိုက်ပြီး....

'ရှိတယ်'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'ဘာကိစ္စလဲ'

ထိုလူက ပြုံးရင်း....

'ငွေချေးချင်လို့'

ထိုလူ၏ စကားကြောင့် ကျွန်းဖုန်းသည် မျက်လုံးပြူးသွားပြီး....

'ကျုပ်ဆီကလား'

ဟု မေးလိုက်၏။

ထိုလူက ပြုံးနေ၏....

'မဟုတ်ဘူး'

ကျွန်းဖုန်းက မျက်ခုံးပင့်တင်လိုက်ပြီး....

'ဒါဖြင့် ဘယ်သူ့ဆီကလဲ'

ထိုလူက ပြုံးလိုက်ပြီး....



'ကျုပ်ဆီက'

ထိုလူ၏စကားကြောင့် ကျွန်းဖုန်းက အူအည့်အည့်ဖြစ်ရ....

ထိုလူကို မျက်လုံးပြူးကြည့်လိုက်၏။

ပြီးမှ ဦးခေါင်းတွေ ခါယမ်းလိုက်ပြီး....

'ခင်ဗျားက အတိုးချချင်သော [illegible] လို့လို၊ ချေးထဲ သွားပြီ ချေးသည်တွေကို အတိုးချပေါလား'

ဟု ပြောလိုက်၏။

ထိုလူက ဦးခေါင်း ခါယမ်းလိုက်ပြီး....

'ကျုပ်က အတိုးလုပ်မယူဘူး ပြီးတော့ လူတစ်ယောက်ကိုပဲချေးမှာ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက မျက်ခုံးနှစ်ခုကိုပင့်တင်ရင်း....

'ခင်ဗျားက ဘယ်သူ့ကို ချေးမှာလဲ'

ထိုလူက ပြုံးကာ....

'ခင်ဗျားကို'

ထိုလူ၏စကားကြောင့် ကျွန်းဖုန်းသည် ကြောင်အမ်းအမ်း ဖြစ်သွားပြီး....

'ကျုပ်ကို ဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူက ဦးခေါင်းညိတ်ပြကာ....

'ဟုတ်တယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက အံ့သြဟန်ဖြင့် ထိုလူကို စိုက်ကြည့်လိုက်၏။ ပြီးမှ သူသည် သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက် ထိုလူကို ကြည့်ကာ...

'ခင်ဗျားက မိုးနတ်မင်းကြီးလား...'

ဟု မေးလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် ထိုလူက ကြောင်အမ်းအမ်း ဖြစ်ကာ ကျန်းဖုန်းကို မျက်လုံးပြူးကြည့်ရင်း...

'ဘာ ဖြစ်သလဲ'

ကျန်းဖုန်း...

'ပြော... မိုးနတ်မင်းကြီးက လူ့ယောင်ဖန်ဆင်းပြီး ကျုပ်ကို ငွေလာပေးသလားလို့ပါ'

ဟု ပြောလိုက်၏။

ထိုလူက ပြုံးလိုက်ပြီး...

'တကယ်လို့ ခင်ဗျားက ကျော်ဂူး မ ချင်တယ်ဆိုရင် အရှိုင်မဲ့... ကို ကျော်ဂူးကောင်...'

ဟု ပြောလိုက်၏။

ထိုလူ၏ စကားကြောင့် ကျန်းဖုန်းက မျက်လုံးပြူးသွား...

'အရိုင်မဲ့ခဲ... ဟုတ်လား'

ဟု ပြန်မေးလိုက်၏။

ထိုလူက ခေါင်းညိတ်ပြကာ...

'ဟုတ်တယ်'

ကျန်းဖုန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

'ကျုပ်နဲ့လူနဲ့ သိတာမှ မဟုတ်တဲ့'



ဟု ပြောလိုက်၏။

ထိုလူက ပြုံးကာ...

'သူက ခင်ဗျားကို သိတယ်'

ထိုလူ၏ စကားကြောင့် ကျန်းဖုန်းက မျက်လုံးပြူးသွားပြီး...

'ဗျာ... သူက ကျုပ်ကို သိတယ် ဟုတ်လား'

ဟု ပြန်မေးလိုက်၏။

ထိုလူက ပြုံးလိုက်ပြီး...

'ဟုတ်တယ်၊ သူက ခင်ဗျားမှာ ငွေလိုနေတယ် ဆိုတာကို သိတယ်'

ကျန်းဖုန်းက အထိတ်တလန့် ဖြစ်ကာ...

'ဘုရားရေ... ဘာတွေဖြစ်ကုန်တာလဲ'

ဟု ရေရွတ်လိုက်၏။

ထိုလူက ပြုံးလိုက်ပြီး...

'ဘာမှ မဖြစ်ပါဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက သက်ပြင်းချကာ...

'ကျုပ်ကယူပါရစေနဲ့'

ဟု ပြောလိုက်၏။

ထိုလူက မျက်ခုံးပင့်လိုက်ပြီး...

'ဘာဖြစ်လို့လဲ'

ကျန်းဖုန်းက သက်ပြင်းချကာ...

'ကျုပ်က ပြန်မပေးနိုင်ရင် ဘယ်လိုလုပ်မလဲ'

ထိုလူက ပြုံးလိုက်ပြီး....

'ကျုပ်တာဝန်က ခင်ဗျားကို ငွေချေးဖို့ပဲ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းသာ စားပွဲပေါ်မှ ငွေလွှဲစာရွက်များကို မျက်လုံးဖြင့် အံ့ချုပ်နေ ကြည့်ရင်း....

'အားလုံးလား'

ဟု မေးလိုက်၏။

ထိုလူက ဦးခေါင်းညိတ်ပြလိုက်၏။

ကျွန်းဖုန်းက ဦးခေါင်းခါယမ်းကာ....

'မယူလို့ ရေဘူးလား'

ဟု မေးလိုက်၏။

ထိုလူက....

'ကျုပ်က ပေးခဲ့ဖို့ပဲ'

ကျွန်းဖုန်းက....

'ကျုပ်က သူ့ကိုသိတာလို့ မဟုတ်ဘူး'

ထိုလူက ပြုံးလိုက်ပြီး....

'မှာက ခင်ဗျားကို ပေးခဲ့ဖို့ပဲ မှာတယ်'

ကျွန်းဖုန်းက သဘောမပြေချက်ကာ....

'ခင်ဗျား လစ်ရုခဲ့တာ့ စဉ်းစားသင့်တယ်'

ဟု ပြောလိုက်၏။

ထိုလူက မျက်ခုံးပင့်ကာ....

'ဘာများလဲ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....



'ကျုပ်က ဒီငွေတွေယူပြီး ဒီကထွက်သွားရင် ဘယ်လိုလုပ်မလဲ'

ထိုလူက ပြုံးလိုက်ပြီး....

'ဒါကတော့ ခင်ဗျားသဘောပဲ၊ ဒါပေမယ့်...'

ဟု ပြောကာ စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။

ကျွန်းဖုန်းက မျက်ခုံးပင့်ရင်း....

'ဒါပေမယ့် ဘာဖြစ်လဲ'

ထိုလူက ပြုံးလိုက်ပြီး....

'ဒါပေမယ့် ကျုပ်နဲ့နောက်တစ်ကြိမ် တွေ့တဲ့အထိ ဒီမှာနေပါ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ပြုံးကာ....

'ဘာလို့...ခင်ဗျားငွေကို ပြန်ဆပ်ဖို့လား'

ဟု မေးလိုက်၏။

ထိုလူက ဦးခေါင်းခါယမ်းကာ....

'မဟုတ်ပါဘူး'

ထိုလူ၏စကားကြောင့် ကျွန်းဖုန်းသည် နားမလည်ဟန်ဖြင့် ထိုလူကိုကြည့်ကာ....

'ဒါဖြင့် ဘာလုပ်ဖို့လဲ'

ဟု မေးလိုက်၏။

ထိုလူက ပြုံးလိုက်ပြီး....

"ကျုပ်က ခင်ဗျားကို အကောင်းဆုံး စားသောက်ဆိုင်
မှာ အကောင်းဆုံးအရက်နဲ့ ဧည့်ခံချင်လို့ပါ"
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

စားပွဲ၌ ကျန်းဖုန်းတစ်ယောက်တည်း ထိုင်နေ၏။
စားပွဲပေါ်၌ ငွေလွှဲလက်မှတ်တစ်ထပ်ရှိနေ၏။

ကျန်းဖုန်းသည် ယုံကြည်နိုင်လောက်အောင် အံ့ဩသော မျက်လုံးများဖြင့် ငွေလွှဲလက်မှတ်ကို ကြည့်နေမိ၏။

အတန်ကြာမှ လူသည် စားပွဲပေါ်မှ ငွေလွှဲလက်မှတ်များကို ကောက်ယူ၍ အင်္ကျီရင်ဘတ်ကြားထဲသို့ ထည့်လိုက်၏။

ထို့နောက် လူသည် လက်ဖက်ရည်ဖိုး ရှင်းပြီးနောက် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည် မဟုတ်ပါလား။

ရွှေမြင်းမိုရ် အလှပြင် စာပေ

## အခန်း (၃)

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

ပေသီးခေါက်သံ တဂျောက်ဂျောက်ပေါ်ထွက်နေသည်မှလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျန်းဖုန်းသည် ကုလားထိုင်၌ ခြေထောက်ကို ချိတ်၍ တန်းပါပါထိုင်နေ၏။

ဦးခေါင်းတုံးပြောင်အောင်ရိတ်ထားသော သားကြောကျည်းနေသော လူယောက်သည် ကျန်းဖုန်း၏နောက်ဘက်၌ ခြေကိုကား၍ ခါးထောက်ကာ ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရပ်နေ၏။

အကြွင်းနောက်တည်းခိုရိပ်သာပိုင်ရှင်သည် မကြာခဏ လှမ်းကြည့်ကာ မျက်မှန်ကိုလက်ညှိုးဖြင့် မကြာခဏ တွန်းတင်ရင်း ပေသီးကို တဖျောက်ဖျောက်ခေါက်နေ၏။

အတန်ကြာမှ သူသည် အလွန်ပြုံးရွှင်သော မျက်နှာဖြင့် ကျသင့်ငွေစုစုပေါင်းကို အလွန်ချိုသာသောအသံဖြင့် ပြောလိုက်၏။

ကျွန်းဖုန်းက ထိုငွေပေါင်းကို တုန်လှုပ်မှု ကင်းသော အမူအရာဖြင့် ငွေလွှဲလက်မှတ်နှစ်ရွက်ကို ထုတ်ပေးလိုက်၏။

အကြွင်းမဲ့တည်းခိုရိပ်သာပိုင်ရှင်က ပြုံးလိုက်ပြီး....

'သူဌေးက ဒီငွေပမာဏလောက်ကို မမှုဘူးဆိုတာ ကျုပ်တို့ သိပါတယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ယက္ခညီနောင်ကို တစ်ချက် လှည့်ကြည့်လိုက်၏။

ပြီးမှ သူသည် ရှေ့သို့ ကိုယ်ကိုကိုင်းညွတ်လိုက်ရင်း....

'ဒီလူနှစ်ယောက်က ခင်ဗျားရဲ့ စကားကို နားမထောင်ဘူး....'

ဟု တိုးတိုးလေသံဖြင့် ပြောလိုက်၏။

အကြွင်းမဲ့တည်းခိုရိပ်သာပိုင်ရှင်က ပြုံးကာ....

'မဖြစ်နိုင်ပါဘူး'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒါဆို ခင်ဗျားနဲ့ကျုပ် လောင်းကြေးမလား'

ဟု ပြောလိုက်၏။

အကြွင်းမဲ့တည်းခိုရိပ်သာပိုင်ရှင်က ပြုံးကာ....

'ကျုပ်က ဘာလုပ်နိုင်မှာလဲ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....



'သူတို့ကို တစ်ယောက်ပါး တစ်ယောက်အယ်ချက်စီရိုက်ခိုင်းလိုက်၊ သူတို့က မလုပ်ဘူးဆိုရင် ခင်ဗျားက ကျုပ်ကို ငွေပါးသောင်းပေး၊ သူတို့က တစ်ယောက်ပါးကိုတစ်ယောက် က ရိုက်ရင် ကျုပ်က တစ်ရာပေးမယ်'

ဟု ပြောလိုက်၏။

အကြွင်းမဲ့တည်းခိုရိပ်သာပိုင်ရှင်က ပြုံးလိုက်ပြီး....

'စိန်လိုက်လေ'

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ယက္ခညီနောင်ကိုလှမ်းကြည့်ပြီး....

'မင်းတို့နှစ်ယောက် တစ်ယောက်ပါးကို တစ်ယောက် အယ်ချက် စီရိုက်စမ်း'

ဟု ပြောလိုက်၏။

ပိုင်ရှင်၏စကားကြောင့် ယက္ခညီနောင်နှစ်ယောက်သည် အံ့သြတကြီးဖြင့် တစ်ယောက်ကိုတစ်ယောက် ပြန်အလှန် လှမ်းကြည့်လိုက်၏။

ထို့နောက် သူတို့သည် တစ်ချက်မျှပြန်မပြောဘဲ တစ်ယောက်ပါးကို တစ်ယောက် တစ်လှည့်စီရိုက်လေတော့သည် မဟုတ်ပါလား။

ကျွန်းဖုန်းက ပြုံး၍ ခုံးတန်းထိုင်ကာပြီး ငွေတစ်ရာကို စားပွဲပေါ်သို့ တင်ကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

အခန်းထဲ၌ ပါးရိုက်သံ ဖြန်းဖြန်း ပေါ်ထွက်နေသော အသံသည် မတိတ်ပါလား။

လမ်းတော့ လူစည်ကားနေ၏။

ကျန်းဖုန်းသည် လူစည်ကားနေသော လမ်းမအတိုင်း လျှောက်ရင်း မျက်စိအစ်ကောင်နှင့် အဘိုးအိုကို ရှာဖွေကြည့်လိုက်၏။

သို့သော် မတွေ့ရပါ။

သူသည် ချိုင်းထောက်နှင့် သူပုန်းစားကိုလည်း ရှာဖွေကြည့်မိ၏။

သို့သော် သူပုန်းစားညီလည်း မတွေ့ရပါ။

ထို့ကြောင့် ကျန်းဖုန်းသည် မျက်စိမှောင်အစ်ချ၍ ကုတ်လိုက်ပြီး....

'ဘယ်ရောက်သွားပါလိမ့်'

ဟု တွေးလိုက်၏။

ထိုစဉ် သူ၏ ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာ၏။

တစ်ဆက်တည်းမှာပင်....

'ခွေးသူခိုး....လူလိမ်'

ဟု ပြောဆိုသံ ကြားလိုက်ရ၏။

ထို့ကြောင့် ကျန်းဖုန်းသည် မျက်လုံးပြူးကာ နောက်သို့ တပျာတယာ လှည့်ကြည့်လိုက်၏။

သူ၏နောက်၌ မိုးပြာရောင်အင်္ကျီနှင့်လူ ရပ်နေ၏။

ထိုလူ၏မျက်လုံးတစ်ဖက်မှာ အညိုအမည်းစွဲနေ၏။

ထိုလူ၏နှုတ်ခမ်း ယောင်ကိုင်းနေ၏။

ကျန်းဖုန်းက ထိုလူကိုကြည့်လိုက်ပြီး ခပ်အေးအေး အသံဖြင့်—

'ကျုပ်ကိုပြောတာလား'



ဟု မေးလိုက်၏။

ထိုလူက....

'မင်းကိုပြောတာပေါ့ကွ ငါက ဘယ်သူ့ကို ပြောရမှာလဲ'

ဟု ပြန်ပြောလိုက်၏။

ကျန်းဖုန်းက မျက်ခုံးပင့်လိုက်ပြီး....

'ခင်ဗျားက ဘာဖြစ်လို့ လူတစ်ယောက်ကို စော်ကားရဲရတာလဲ'

ဟု မေးလိုက်၏။

ထိုလူက မျက်နှာရှုံ့မဲ့လိုက်ပြီး....

'ငါက ဘယ်သူ့ကို စော်ကားလို့လဲ'

ကျန်းဖုန်းက မဲ့ပြုံးပြုံးကာ....

'ကျုပ်လိုသူဌေးလေးကို စော်ကားတာ'

ဟု ပြောလိုက်၏။

ထိုလူက ထွီခနဲ တံတွေးတစ်ချက်ထွေးလိုက်ပြီး....

'ဘာသူဌေးလဲ၊ လူလိမ်....ခွေးသူခိုး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်နှာကို အရုပ်ဆိုးအောင် ရှုံ့မဲ့လိုက်ပြီး....

'ဒီနေ့ ကျုပ်စိတ်ကောင်းဝင်နေလို့ ခင်ဗျား သက်သာတယ်လို့ မှတ်လိုက်ပါ'

ဟု ခြိမ်းခြောက်လိုက်၏။

ထိုလူက....

'ဒီမှာ...မင်းက ငါ့ကို ခိုးဆေးတဲ့ ခွေး ရောင်းလိုက်တာ မဟုတ်လား'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်ခုံးပင့်ကာ...

'ခွေး...ဘာခွေးလဲ'

ဟု ပြန်၍ပြောလိုက်၏။

ထိုလူက...

'အဖြူနဲ့ အနက်ကွက်ကျားခွေးလေ၊ မင်းက ငါ့ကို တစ်ဆယ်နဲ့ ရောင်းသွားတာ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ...

'အဓိပ္ပာယ်မရှိဘဲ လာမပြောနဲ့'

ဟု ပြောလိုက်၏။

ထိုလူက မိမိ၏မျက်နှာကို လက်ညှိုးဖြင့်ထိုး၍ပြရင်း...

'ဒီမှာ တွေ့လား... ပိုင်ရှင်က ငါ့ကို သူခိုးလို့ စွပ်စွဲပြီး ထိုးလိုက်တာ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မဲ့ပြုံးပြုံးကာ သူ၏လက်သီးကိုထိုလူအား ထောင်ပြရင်း...

'အခုလဲ ခင်ဗျားက ကျုပ်ကို မတော်မဟုတ် စွပ်စွဲတဲ့အတွက် ဆုံးမရလိမ့်မယ်'

ဟု ထပ်မံ၍ ခြိမ်းခြောက်လိုက်၏။

ထိုလူက မျက်မှောင်ကြုတ်ပြီး....



'ကောင်းပြီ...ကျုပ်ကလဲ မင်းတို့ ဆုံးမဖို့ လိုက်ရှာနေတာ'

ဟု ပြောလိုက်၏။

ထို့နောက် ထိုလူက နောက်သို့ ခြေလှမ်း နှစ်လှမ်းခန့် ဆုတ်သွားပြီး သူ၏ လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

ထိုသို့ လက်ကို ဝှေ့ယမ်းလိုက်သည်နှင့် သန်မာထွားကျိုင်းသော လူထွားကြီး လေးယောက်သည် ကျန်းဖုန်း၏ရှေ့သို့ ရောက်ရှိလာကြလေတော့သည် မဟုတ်ပါလား။

မြူးသွားသည်။

ကျန်းဖုန်း၏ မျက်လုံးများ မြူး၍သွား၏။

လူထွားကြီး လေးယောက်က သူတို့၏ အရုပ်ဆိုးသော မျက်နှာကို ပို၍အရုပ်ဆိုးအောင် ရှုံ့မဲ့၍ပြလိုက်ပြီး သူတို့၏ လက်ချောင်းများကို ကွေးချည်ဆန့်ချည် လုပ်လိုက်၏။

ထို့ကြောင့် လည်ဆစ်များ လှုပ်ရှားသံက တဖြောက် ဖြောက် မြည်နေ၏။

ကျန်းဖုန်းက လူထွားကြီး လေးယောက်ကို ပြုံးပြလိုက်ပြီး....

'လူက မင်းတို့ကို ဘယ်လောက်နဲ့ ငှားသလဲ'

ဟု မေးလိုက်၏။

လူထွားကြီးတစ်ယောက်က နှုတ်ခမ်းကိုမဲ့ကာ....

'တစ်ယောက်ကို ငါးဆယ်စီ ပေးတယ်'

ကျန်းဖုန်းက ပြုံးကာ....'

'ကောင်းပြီ...ငါက တစ်ယောက်ကို တစ်ရာစီပေးမယ်၊ သူ့ကို ငါ့မျက်စိရှေ့မှာ မတွေ့ချင်ဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်း၏ စကားကြောင့် လူထွားကြီးလေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။

ထို့နောက် ထိုလူလေးယောက်သည် ကျန်းဖုန်းကို ကျော်ခိုင်းလိုက်ပြီး မိုးပြာရောင်အင်္ကျီနှင့်လူကို ရင်ဆိုင်လိုက်၏။

ထိုလူတို့သည် သူတို့၏ သွားများကို ပေါ်အောင် ပြုံးရင်း မိုးပြာရောင် အင်္ကျီနှင့်လူထံသို့ တစ်လှမ်းချင်း တိုးသွား၏။

မိုးပြာရောင်အင်္ကျီနှင့်လူက မျက်လုံးပြူးကာ နောက်သို့ ဆုတ်ရင်း....

'ငါက တစ်ရာ့ငါးဆယ် ပေးမယ်'

ဟု အော်ဟစ်လိုက်၏။

လူထွားကြီးလေးယောက်၏ခြေလှမ်းက ရပ်တန့်သွား၏။

ထို့နောက် သူတို့သည် ကျန်းဖုန်းဘက်သို့ ပြန်လှည့်လာ၏။



ကျန်းဖုန်းက မျက်လုံးပြူးကာ....

'နှစ်ရာ....'

ဟု အော်ဟစ်လိုက်၏။

လူထွားကြီးလေးယောက်က မိုးပြာရောင်အင်္ကျီနှင့်လူဘက်သို့ လှည့်သွား၏။

မိုးပြာရောင်အင်္ကျီနှင့်လူကြီးက အပျာတယာ....

'နှစ်ရာ့ငါးဆယ်....'

ဟု အော်ဟစ်လိုက်၏။

လူထွားကြီးလေးယောက်က ကျန်းဖုန်းဘက်သို့ လှည့်လာ၏။

ကျန်းဖုန်းက လက်ကာပြလိုက်ပြီး....

'သုံးရာ....'

ဟု ပြောလိုက်၏။

ထို့ကြောင့် လူထွားကြီးလေးယောက်က မိုးပြာရောင်အင်္ကျီနှင့်လူကြီးဘက်သို့ ပြန်လှည့်သွား၏။

မိုးပြာရောင်အင်္ကျီနှင့်လူကြီးက မျက်လုံးပြူး မျက်ဆံပြူးဖြင့်....

'သုံးရာ့ငါးဆယ်....'

ဟု အော်ဟစ်လိုက်၏။

ကျန်းဖုန်းက အေးချင်းပင်....

'လေးရာ....'

ဟု အော်ဟစ်လိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူကြီးက....

'လေးရာ့ငါးဆယ်....'

ဟု အော်ဟစ်လိုက်၏။

ထိုသို့ ကျွန်းဖုန်းနှင့်မိုးပြာရောင်အင်္ကျီနှင့်လူကြီးအား လေလံ ပွဲ၌ လေလံဆွဲနေသကဲ့သို့ အပြိုင်အဆိုင် ဈေးပေးနေရာ လူ ထုကြီးလေးယောက်သည် ကျွန်းဖုန်းနှင့် မိုးပြာရောင်အင်္ကျီ နှင့်လူကြီးအကြား ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက် ဖြစ်နေ၏။

ထိုစဉ် ကျွန်းဖုန်းက....

'ငါးထောင်....'

ဟု အော်ဟစ်လိုက်ရာ လူထုကြီးလေးယောက်၏မျက်လုံး များသည် ဝင်းလက်တောက်ပသွားပြီး မိုးပြာရောင်အင်္ကျီနှင့် လူကြီးဘက်သို့ ခြေဦးလှည့်လိုက်၏။

မိုးပြာရောင်အင်္ကျီနှင့်လူကြီးသည် မျက်လုံးပြူးမျက်ဆံပြူး ဖြစ်ကာ နောက်သို့လှည့်၍ ပြေးလေတော့၏။

လူထုကြီးလေးယောက်က မိုးပြာရောင်အင်္ကျီနှင့်လူကြီး ၏နောက်သို့ ပြေး၍လိုက်သွား၏။

ကျွန်းဖုန်းသည် သဘောကျစွာ ရယ်မောရင်း လူအုပ် ကြီးထဲသို့ တိုး၍ ဝင်ရောက်သွားလေတော့သည်မဟုတ် ပါလား။



တယူတယ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဆိုင်ထိုင်သည် သူ၏ အလွန်ဝသော ခန္ဓာကိုယ်ကို ရာဝင် စဉ့်အိုးထစ်လို၊ လိမ့်လာသကဲ့သို့ လျှောက်လာသည်ကို ကျွန်း ဖုန်းက တွေ့လိုက်ရ၏။

သူ၏မျက်နှာကလည်း အလွန်ပြုံးချိုနေ၏။

သူသည် ဦးခေါင်းကညိတ်ညိတ်ဖြင့်....

'ကြိုဆိုပါတယ်....ကြိုဆိုပါတယ်'

ဟု အလွန်ချိုသာသော အသံဖြင့် ပြောနေ၏။

ထို့ကြောင့် ကျွန်းဖုန်းသည် အံ့အားသင့်ကာ ဆိုင်ထိုင် လူကြီးကို မျက်ခုံးပင့်ကြည့်လိုက်၏။

သို့သော် ဆိုင်ထိုင်က သူ့ကို ဖြတ်ကျော်သွား၏။

ထို့ကြောင့် ကျွန်းဖုန်းသည် ပို၍အံ့သြကာ ဆိုင်တံခါးဝ သို့ လှည့်ကြည့်လိုက်မိ၏။

ထိုသို့ လှည့်ကြည့်လိုက်မိသည်နှင့် သူ၏မျက်ခုံးမွှေးသည် နဖူးပေါ်သို့ မြင့်တက်သွားလေတော့၏။

အဘယ့်ကြောင့်ဆိုသော် ဆိုင်တံခါးဝ၌ လူတစ်ယောက် ရပ်နေသောကြောင့်ပင် ဖြစ်၏။

ထိုလူသည် အဖိုးထိုက်တန်သော အစိမ်းရောင်ပိုးဖဲအင်္ကျီကို ဝတ်ဆင်ထားပြီး သူ၏လက်ထဲ၌ ယမ်ကာစ်ချောင်း ကိုင် ထား၏။

သူ၏ လက်ချောင်းလေးချောင်း၌ အဖိုးတန် ကျောက် မျက် လက်စွပ်များ ဝတ်ဆင်ထား၏။

ဆိုင်ထိုင်က ဦးခေါင်းသာမက ခါးကိုပါ ကိုင်းညွှတ်ပြီး ကြိုဆိုနေ၏။

ဆိုင်တံခါးမှလူသည် လက်နှစ်ဖက်ကို နောက်ပစ်၍ ဆိုင်ထဲသို့ တစ်လှမ်းချင်း ဝင်လာ၏။

ကျန်းဖုန်းသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး လွတ်နေသော စားပွဲ၌ ဝင်ထိုင်လိုက်၏။

ကျန်းဖုန်းကို သိနေသော စားပွဲထိုးက ကျန်းဖုန်း၏ အနီးသို့ ကပ်လာပြီး....

'သူဌေး... ဟိုခြားဆိုင်မှာ ပြောင်းပြီး စားပါလား'

ဟု တိုးတိုး ပြောလိုက်၏။

ကျန်းဖုန်းက အင်္ကျီရင်ဘတ်ကြားမှ ငွေလွှဲလက်မှတ် တစ်ထပ်ကို ထုတ်ပြရင်း....

'ဟိုခြားဆိုင်ပြောင်းပြီး စားဖို့ မလိုတော့ဘူး ထင်တယ်'

ဟု ပြောလိုက်၏။

စားပွဲထိုးက ဘာမျှမပြောတော့ပေ။

ကျန်းဖုန်းက စားပွဲထိုး၏လက်မောင်းကို ကိုင်ရင်း၊ ဆိုင်ထဲသို့ ဝင်ရောက်လာသူကို မေးငေါ့ပြကာ....

'သူဘယ်သူလဲ'

စားပွဲထိုးက ထိုလူကို တစ်ချက်လှမ်းကြည့်ပြီး....

'ရထားနဲ့ ကုန်သည်ကြီး၊ လောချန်း ဖြစ်မယ်ထင်တယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ....



'သူက ဒီမှာ ဆိုင်ဖွင့်ထားလို့လား'

ဟု မေးလိုက်၏။

စားပွဲထိုးက ဦးခေါင်းခါယမ်းကာ....

'ဒါတော့မသိဘူး၊ ဒါပေမယ့် ဒီနေ့ညကို ရထားနဲ့ကုန်သည်ကြီး ရောက်လာမယ်လို့တော့ ဆိုင်ထိုင်ပြောတာ ကြားမိတယ်'

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'ဟုတ်လား၊ သူကအခုမှ ရောက်လာတာ ထင်တယ်'

စားပွဲထိုးက ဦးခေါင်းညိတ်ကာ....

'ဖြစ်နိုင်ပါတယ်၊ ဒီနေ့တစ်မနက်လုံး ဆိုင်ထိုင်က ဂနာမငြိမ်ဖြစ်နေတယ်၊ ဒီပုဂ္ဂိုလ်ကို စောင့်နေတာ ထင်တာပဲ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒီလူက လက်ဖွာတတ်ရင်တော့ မင်းတို့ငွေရှာဦးမှာပဲ'

ဟု ပြောလိုက်၏။

စားပွဲထိုးက ပြုံးကာ....

'ဘယ်သူမှ သူဌေးလောက် လက်ဖွာမယ်မထင်ဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်ခုံးပင့်ကာ....

'ငါက လက်ဖွာလို့လား'

စားပွဲထိုးက ပြုံးလိုက်ပြီး....

'သူဌေးသာ လက်မဖွာရင် အခုလောက် အကြွေးတင်နေမှာ မဟုတ်ဘူး'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ငါ့က မင်းကို ငွေရှင်အောင်လို့ပါ၊ မင်းတို့သာ ခနလို ကုန်းရုန်းလုပ်ရပြီး မင်းတို့ရတဲ့ငွေက နှစ်ပြားအစ်ပဲရယ် မဟုတ်လား။ ဒါကြောင့် ငါကငါ့ဆီမှာ ငွေရှိခန ရှိ မင်းတို့ အပိုသုံးရအောင် ပေးတာပါ'

ဟု ပြောလိုက်၏။

ထိုစဉ် ရာဇနကုန်သည်ကြီး သည် ကျွန်းဖုန်းတို့ စားပွဲ အနီးမှ ပြတ်၍သွား၏။

သူသည် ကျွန်းဖုန်းကို တစ်ချက်မျှ စူးစိုက်ကြည့်သွား၏။

ကျွန်းဖုန်းက သက်ပြင်းတစ်ချက်ချသည်....

'ထူးဆန်းတယ်'

ဟု တီးတိုးရေရွတ်လိုက်မိလေသလော သည် မဟုတ်ပါလား။

ရာဇနကုန်သည်သည် ကျွန်းဖုန်း၏ စားပွဲခရှေ့မှ ပြတ်လျှောက်သွားပြီး အပေါ်ထပ်သို့ လှေကားမှ တက်သွား သည်။

ဆိုင်ထိုင်သည့် ရာဇနကုန်သည်၏နောက်မှ လိုက်ပါ သွား၏။



ထူးသည် ကျွန်းဖုန်း၏ စားပွဲခရှေ့မှ ပြတ်လျှောက်စဉ် ကျွန်းဖုန်းကို မျက်မှောင်ကြုတ်၍ ကြည့်သွား၏။

ကျွန်းဖုန်းသော ခေါင်းကို အသာဘွန်ပြလိုက်ပြီး စားပွဲထိုးကို စားသောက်ဖွယ် ဟင်းလျာများနှင့် အရက်အိုးကို မှာကြား လိုက်၏။

ထိုစဉ် သူ၏မျက်လုံးများက ဆိုင်၏ထောင့်စားပွဲမှ လူနှစ်ယောက် ထံသို့ ရောက်ရှိသွား၏။

ထိုလူနှစ်ယောက်သည် အသွင်တူသော လူနှစ်ယောက် ဖြစ်ပါသည်။

တစ်ယောက်က အရပ်လေးပေခန့်သာရှိသော လူကြီးနှင့် တစ်ယောက်က ရှစ်ပေခန့်မြင့်သော လူဝှားကြီးဖြစ်၏။

သူတို့နှစ်ယောက်သည် အပေါ်ထပ်သို့ တက်သွားသော ရာဇနကုန်သည်ကြီးကို မမှိတ်မသုန်လိုက်၍ ကြည့်နေသည် မဟုတ်ပါလား။

အရပ် လေးပေခန့်ရှိသော သူက သက်ပြင်းချကာ....

'သူမှသူပဲ'

ဟု ပြောလိုက်၏။

အရပ် ရှစ်ပေခန့် မြင့်သောလူက....

'မလွဲပါဘူး'

ဟု ပြောလိုက်၏။

အရပ် လေးပေခန့် ရှိသောလူက နှုတ်ခမ်းကို တစ်ချက် ကိုက်ကာ...

'သူ တစ်ယောက်တည်း ဟုတ်မှာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

အရပ်ရှစ်ပေခန့်ရှိသောလူက...

'လူဒီကို ရောက်ရင် ကျန်တဲ့လူတွေလဲ ဒီကိုရောက်လာမှာ သေချာတယ်'

ဟု ပြောလိုက်၏။

အရပ်ရှစ်ပေခန့်မြင့်သောလူက လက်သီးကို ဆုပ်ကာ...

'ဒါဆို ကျုပ်တို့က ဘာဖြစ်လို့ အချိန် ဆွဲနေဦးမှာလဲ'

ဟု ပြောလိုက်၏။

အရပ်လေးပေခန့်ရှိသောလူက လက်ကာပြလိုက်ရင်း....

'အခြေအနေ စောင့်ကြည့်တာကို အချိန် ဆွဲတယ်လို့ မခေါ်ဘူး'

ဟု ပြောလိုက်၏။

အရပ်ရှစ်ပေခန့် မြင့်သောလူက လေပူတစ်ချက် မှုတ်ထုတ်ကာ....

'ကျုပ်ကတော့ တုံးဆိုတိုက် ကျားဆိုကိုက်ပဲ'

ဟု ပြောလိုက်၏။



အရပ်လေးပေခန့်ရှိသောလူက ပြုံးလိုက်ပြီး....

'ဒါကြောင့် မင်းကိုလူတွေက ငတုံး ကျောက်ဖြုန်းလို့ ခေါ်ကြတာပေါ့'

ဟု ပြောလိုက်၏။

အရပ်လေးပေခန့်ရှိသောလူက ပြုံးလိုက်ပြီး....

'မင်းက သိမ်းငှက်အကြောင်းကို ဘယ်လောက် နားလည်ထားလို့လဲ'

ဟု မေးလိုက်၏။

အရပ်ရှစ်ပေခန့်မြင့်သောလူက....

'ကျုပ် သူတို့ကို လိုက်ရှာခဲ့တာ ဆယ်နှစ်ရှိသွားပြီ သူတို့ အရှောင်အပုန်းကောင်းတယ်'

ဟု ပြောလိုက်၏။

အရပ်လေးပေခန့်ရှိသောလူက ပြုံးကာ....

'မင်းနဲ့ငါနဲ့ အတူတူ လိုက်ရှာခဲ့ကြတာပဲ၊ ဒီမှာ ငါတို့ ဆယ်နှစ်စောင့်ခဲ့ပြီးပြီ၊ နောက်ထပ် ဆယ်နှစ် ပိုလို့ ဘာမှ မဖြစ်ဘူး'

ဟု ပြောလိုက်၏။

ထို့နောက် အရပ်လေးပေခန့် ရှိသောလူသည် ငွေလွှဲ အက်မှတ်တစ်ရွက်ကို စားပွဲပေါ်၌ ချထားလိုက်ပြီး ထိုင်ရာမှ ထ၍ ထွက်သွားလေတော့၏။

အရပ်ရှစ်ပေခန့်မြင့်သောလူက ခွက်ထဲမှကျန်နေသောအရက်ကို မော့သောက်လိုက်ပြီး အရပ်လေးပေခန့် ရှိသောလူ၏ နောက်သို့ လိုက်ပါသွားလေတော့သည် မဟုတ်ပါလေ။

အရှေ့ဘက်တောင်ကြားမှ လူတစ်ယောက် ဝင်လာ၏။

ထိုလူသည် ပိန်ပိန်ပါးပါးဖြစ်၏။

လူသည် ဖျင်ကြမ်းအင်္ကျီအပြာရောင်ကို ဝတ်ဆင်ထား၏။

လူ၏ ဝဲဘက်ပခုံး၌ အပြာရောင် ပဝါထုပ်ကို ချိတ်ဆွဲထား၏။

လက်၏ ယာဘက်လက်၌ကား သူ၏ အရပ်နီးပါးခန့် ရှည်လျားသော ဝါးလုံးတစ်လုံးကို ကိုင်ထား၏။

ထိုဝါးလုံး၏ ထိပ်ပိုင်း ခရောက်ဆစ်ယောက်တွင် တစ်တောင်သာသာ ဝါးလုံးပိုင်းဖြင့် ထန့်လန့်ဖြတ် ချည်ထားသည်။

ထိုတစ်တောင်သာသော ဝါးလုံးပိုင်း၌ အနံတစ်ထောင်သာသာရှိပြီး အလျားလေးပေခန့်ရှိသော ပိတ်စ တစ်ခုကို ချိတ်ဆွဲထား၏။

ထိုပိတ်စပေါ်၌ စာများရေးထား၏။

ထိုစာမှာ....

'ဗေဒင်ဟောသည်'

ဟူသောစာပင်ဖြစ်သည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ထိုလူသည် ဗေဒင်ဆရာလော။

❖



ကျွန်ုပ်သည် ပြုံးရယ်နေသော မျက်နှာဖုံးကိုတစ်ချက် ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်၏။

ပြီးမှ လူသည် ပြုံးရယ်နေသော မျက်နှာဖုံးကို ဦးခေါင်း ညွှတ်၍ ဂါရဝပြုလိုက်ပြီး....

'ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်၏။

ထို့နောက် လူသည် သဘောကျစွာ ရယ်မောလိုက်ပြီး ပြုံးရယ်နေသော မျက်နှာဖုံးကို ဖြုတ်ယူလိုက်၏။

ပြီးမှ လူသည် ထိုမျက်နှာဖုံးကို မျက်နှာပေါ်၌ စွပ်ကာ သဘောကျစွာ ရယ်မောလိုက်၏။

ထိုစဉ် ရုတ်တရက်....

'အင်း....ဝမ်းသာတယ်....ဝမ်းသာတယ်၊ အခုမှ မြင်ဖူးတော့တယ်'

ဟူသော စကားသံတို့ကြားလိုက်ရလေသောသည် မဟုတ်ပါလား။

ထို့ကြောင့် ကျွန်ုပ်သည် ထိတ်လန့်သွားပြီး ရုတ်တရက် နောက်သို့လှည့်ကြည့်လိုက်၏။

လူ၏နောက်၌ လူတစ်ယောက်ရပ်နေ၏။

ထိုလူ၏လက်ထဲ၌ ဝါးလုံးတစ်ချောင်းကိုင်ထား၏။

ဝါးလုံးပေါ်၌ ပိတ်စချိတ်ထားပြီး ပိတ်စပေါ်၌....

'ဗေဒင်ဟောသည်'

ဟု ရေးသားထား၏။

ကျန်းဖုန်းသည် မျက်နှာပေါ်မှ မျက်နှာဖုံးကို ချွတ်လိုက်ပြီး....

'ဘယ်သူက အရိပ်မဲ့ဓားလဲ'

ဟု မေးလိုက်၏။

ထိုလူက ပြုံးကာ....

'မင်းလေ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပိတ်ပေါ်မှ ဓားအိမ်းကိုဖြုတ်ပြီး....

'ခင်ဗျားက ပေဒင်ဟောတတ်သလား'

ဟု မေးလိုက်၏။

ထိုလူက ဦးခေါင်းညိတ်ပြလိုက်၏။

ကျန်းဖုန်းက ထိုလူကို စူးစိုက်၍တစ်ချက် ကြည့်ကာ....

'ဒါဆို ခင်ဗျားက ပေဒင်ဆရာပေါ့ဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူက မျက်ခုံးကို ပင့်လိုက်ပြီး....

'ပေဒင်ဟောတတ်တယ် ဆိုမှတော့ ကျုပ်က ပေဒင်ဆရာ မဟုတ်လို့ ဘာလဲ....'

ဟု ပြန်မေးလိုက်၏။

ကျန်းဖုန်းသည် ပြုံးလိုက်ပြီး....

'ခင်ဗျားအား ပေဒင်ဆရာနဲ့တွေ့လို့'

ဟု ပြောလိုက်၏။

ထိုလူက မျက်ခုံးပင့်တင်လိုက်ပြီး....



'ဒါဖြင့် ကျုပ်က ဘာနဲ့တူနေလို့လဲ'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'သိမ်းငှက်တစ်ကောင်နဲ့ တူသလားလို့ပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်း၏ စကားကြောင့် ပေဒင်ဆရာ၏ မျက်နှာပေါ်မှ အသားများ မသိမသာ လှုပ်ရှားသွား၏။

သို့သော် ပေဒင်ဆရာက ရယ်မော၍ ဖုံးကွယ်လိုက်ပြီး....

'မင်းက ရယ်စရာပြောတတ်သားပဲ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးကာ ပြုံးရယ်နေသော မျက်နှာဖုံးကို သစ်ပင်၌ ပြန်ချိတ်လိုက်၏။

ပြီးမှ ပေဒင်ဆရာကို ပြုံးပြကာ....

'ကျုပ်က အရိပ်မဲ့ဓားသမား မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ပေဒင်ဆရာက မျက်ခုံးပင့်ကာ....

'ဒါဖြင့် မင်းက ဘာဖြစ်လို့မျက်နှာဖုံးတပ်ထားရတာလဲ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်က မျက်နှာဖုံးတပ်ထားလို့လား'

ပေဒင်ဆရာက ပြုံးကာ....

'ကျုပ်တွေ့တုန်းက မင်းရဲ့မျက်နှာပေါ်မှာ မျက်နှာဖုံးနဲ့'

ကျန်းဖုန်းက ပခုံးတွန့်လိုက်ပြီး....

'ထပ်ကြည့်တာ'

ပေဒင်ဆရာက မျက်ခုံးပင့်ကာ...
'ဘာဖြစ်လို့ တပ်ကြည့်ရတာလဲ'
ကျွန်းဖုန်းက ပြုံးလိုက်ပြီး....
'သစ်ပင်ခေါင်မှာ ချိတ်ထားတာ တွေ့လို့....'
ဟု ပြောလိုက်၏။
ပေဒင်ဆရာက သစ်ပင်ခေါင်မှ မျက်နှာဖုံးကို တစ်ချက် လှမ်းကြည့်ပြီး....
'ကြားဖူးလား'
ဟု မေးလိုက်၏။
ကျွန်းဖုန်းက နားမလည်တာနဲ့ဖြင့်....
'ဘာကို ကြားတာလဲ'
ဟု ပြန်မေးလိုက်၏။
ပေဒင်ဆရာက သစ်ပင်ခေါင်မှ မျက်နှာဖုံးကိုညွှန်ပြကာ....
'ချိတ်ထားတာ ကြာပြီလားလို့ မေးတာပါ'
ကျွန်းဖုန်းက ခေါင်းခါလိုက်ပြီး....
'ဒါတော့ ကျုပ်လည်းမသိဘူး၊ ကျုပ်က အခုမှ တွေ့တာ'
ပေဒင်ဆရာက မျက်မှောင် မသိမသာကြုတ်ရင်း....
'လူသတ်မှုတွေ ဘာကြောင့် ဖြစ်တယ်လို့ ရော ကြားမိလား'
ကျွန်းဖုန်းက မျက်ခုံးပင့်ကာ....
'ခင်ဗျားက ပေဒင်ဆရာလား။ လူဆိုးထိန်းလား'
ဟု မေးလိုက်၏။
ပေဒင်ဆရာက ပြုံးကာ....
'ပေဒင်ဆရာပါ'



ကျွန်းဖုန်းက ပြုံးလိုက်ပြီး....
'ဒါဖြင့် ဒီမှာလူသတ်မှုဖြစ်မယ်လို့ ခင်ဗျားက ပေဒင် တွက်ကြည့်ထားလို့လား'
ဟု မေးလိုက်၏။
ပေဒင်ဆရာက မျက်မှောင်ကြုတ်ကာ သစ်ပင်ခေါင်မှ မျက်နှာဖုံးကို ညွှန်ပြရင်း....
'ဒီမျက်နှာဖုံးကို တွေ့ရင် လူသတ်မှုဖြစ်တယ်လို့ ကြားဖူးလို့ပါ'
ဟု ပြောလိုက်၏။
ကျွန်းဖုန်းက ပြုံးလိုက်ပြီး....
'ဒါဆို ခင်ဗျားက ပေဒင် မဟောနဲ့တော့၊ အခေါင်း ရောင်းတဲ့ဆိုင် ဖွင့်လိုက်'
ဟု ပြောလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားလေတော့သည် မဟုတ်ပါလား။

ကျွန်းဖုန်းက ရှေ့မှသွားနေ၏။
ပေဒင်ဆရာက ကျွန်းဖုန်း၏နောက်မှ လိုက်လာ၏။

ကျန်းဖုန်းက ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်၏၊ ဗေဒင်ဆရာအသည်း ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်၏။

ကျန်းဖုန်းက ခပ်နှေးနှေး လျှောက်လိုက်၏၊ ဗေဒင်ဆရာအသည်း ခြေလှမ်းကို ခပ်နှေးနှေး လျှောက်လိုက်၏၊

ကျန်းဖုန်းက သက်ပြင်းချကာ ခြေလှမ်းကို ရပ်လိုက်၏၊ ပြီးမှ သူသည် ဗေဒင်ဆရာကို လှည့်ကြည့်ကာ....

'ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နောက်က လိုက်ရတာလဲ'

ဟု မေးလိုက်၏၊

ဗေဒင်ဆရာက ပြုံးကာ....

'မင်းကို ငါက ဗေဒင်ဟောချင်လို့'

ကျန်းဖုန်းက လက်ကာပြလိုက်ပြီး....

'မဟောပါနဲ့၊ ကျုပ် နားမထောင်ချင်ဘူး'

ဗေဒင်ဆရာက ပြုံးကာ....

'မင်းက ကျုပ်ကို ငွေတစ်ကျပ်ပဲပေး'

ဟု ပြောလိုက်၏၊

ကျန်းဖုန်းက လက်ကာပြကာ....

'ငွေတစ်ကျပ်ပြောနဲ့ ကျုပ်မှာ တစ်ပြားမှမရှိဘူး'

ဟု ပြောလိုက်၏၊

ဗေဒင်ဆရာက ပြုံးကာ....

'ဒါဖြင့် ဟွားကျင့်ကျင့်ရဲ့ တိုဟူးဆိုင် ဘယ်မှာဆိုတာလဲ ပြောပြမလား'



ဟု မေးလိုက်၏၊

ကျန်းဖုန်းက စိတ်ပျက်စွာဖြင့်....

'ဟော....ဒီလမ်းအတိုင်းသွား၊ လက်ဝဲဘက်ကိုချိုး၊ ရှေ့ဆက်လျှောက် ညာဘက်မှ လမ်းကိုချိုးတွေ့မယ်၊ အဲဒီလမ်းအတိုင်းလျှောက်သွား၊ ဘယ်သူ့ကိုမေးမေး ညွှန်ပြလိမ့်မယ်'

ဟု ပြောလိုက်၏၊

ဗေဒင်ဆရာက ပြုံးကာ....

'ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်၏၊

ကျန်းဖုန်းက....

'ကိုင်း....သွားတော့'

ဟု ပြောလိုက်၏၊

ဗေဒင်ဆရာက မသွားသေးပါ။

ကျန်းဖုန်းက ခေါင်းတွန့်လိုက်ပြီး....

'ကောင်းပြီ၊ ခင်ဗျားမသွားချင်နေ၊ ကျုပ်သွားမယ်'

ဟု ပြောကာထွက်လာ၏၊

သို့သော် သူသည် ခြေလှမ်းဆယ်လှမ်းခန့် လှမ်းပြီးသော အခါ သူ၏နောက်မှ ဗေဒင်ဆရာလိုက်ပါလာကြောင်း တွေ့ရ၏၊

ထို့ကြောင့် ကျန်းဖုန်းက မျက်လုံးကိုအပေါ်သို့တစ်ချက် လှန်လိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်ကာ....

'ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နောက်ကို လိုက်နေရတာလဲ'

ပေဒင်ဆရာက ပြုံးကာ....

'ကျေးဇူးဆပ်ချင်လို့ပါ'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'ဘာဖြစ်လို့ ကျေးဇူးဆပ်ချင်ရတာလဲ'

ပေဒင်ဆရာက....

'တိုဟူးဆိုင်ကို ပြေးပြလို့ပါ'

ကျွန်းဖုန်းက လက်ကာပြရင်း....

'မလိုပါဘူး၊ ဒေါ်ကြီးဟွားရဲ့ တိုဟူးဆိုင်ကို ဘယ်သူမဆိုသိကြတာပဲ'

ပေဒင်ဆရာက ပြုံးကာ....

'ကျုပ်ကမှ မသိတာ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'အခု သိပြီပဲ'

ပေဒင်ဆရာက ဦးခေါင်းညိတ်ကာ....

'ခင်ဗျားကြောင့် သိရတာပါ၊ ဒါကြောင့် ကျေးဇူးဆပ်ပါရစေ'

ကျွန်းဖုန်းက လက်ကာပြရင်း....

'မလိုပါဘူး'

ပေဒင်ဆရာက ပြုံးကာ....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျုပ် ပေဒင်တစ်ခု တွက်ပေးမယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက စိတ်ပျက်ဟန်ဖြင့်....



'ကဲ....ပြော၊ တစ်ခုပဲပြော....'

ဟု ပြောလိုက်၏။

ပေဒင်ဆရာက ပြုံးကာ....

'သူများကိစ္စကို ဝင်ရှုပ်ပါနဲ့ သေတတ်တယ်'

ဟု ပြောလိုက်၏။

ထို့နောက် ပေဒင်ဆရာသည် သဘောကျစွာ ရယ်မောလိုက်ပြီး ကျွန်းဖုန်း၏နံဘေးမှ ဖြတ်ကျော်၍ ထွက်ခွာသွားလေတော့၏။

ကျွန်းဖုန်းသည် အံ့သြသော မျက်လုံးများဖြင့် ပေဒင်ဆရာ၏ နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သေးသည် မဟုတ်ပါလား။

ဒေါ်ကြီးဟွား၏ပဲနို့ရည်နှင့်တိုဟူးဆိုင်သည် ဤသုခဘုံမြို့၌ ဈေးနှုန်း အသက်သာဆုံး ဆိုင်ဖြစ်၏။

ထို့ကြောင့် ငွေကြေးချို့တဲ့ သူများကပင် ဒေါ်ကြီးဟွား၏ ဆိုင်၌အစားသောက်ကြ၏။

ယခုအချိန်သည် ဒေါ်ကြီးဟွား၏ဆိုင်၌ လူကျချိန် ဖြစ်သည်။

ထို့ကြောင့်....

ဒေါ်ကြီးဟွားသည် လက်မလည်အောင်ပင် အလုပ်ရှုပ်နေ၏။

ထိုစဉ် ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာ၏။

ထိုလူသည် ကျန်းဖုန်းနှင့် လမ်း၌ဆုံခဲ့သော ဗေဒင်ဆရာပင် ဖြစ်၏။

ဒေါ်ကြီးဟွားသည် ဆိုင်ထဲသို့ ဝင်ရောက်လာသော ဗေဒင်ဆရာကို မြင်တွေ့လိုက်သည်နှင့် သူမ၏မျက်လုံးများ ဝင်းလက်၍ သွား၏။

သို့သော် သူမ၏မျက်နှာပေါ်၌ မည်သည့်အမူအရာမျှ မတွေ့ရပေ။

ဗေဒင်ဆရာသည် စားပွဲလွတ်တစ်လုံး၌ ဝင်ရောက်ထိုင်လိုက်၏။

ထို့နောက် သူက ဒေါ်ကြီးဟွားကို လှမ်းကြည့်လိုက်၏။

ဒေါ်ကြီးဟွားက ဦးခေါင်းကို မသိမသာ တစ်ချက် ညိတ်ပြလိုက်၏။

ပြီးမှ ဒေါ်ကြီးဟွားသည် ချင်းချင်းကို ဆိုင်ထိုင်ခိုင်းလိုက်ပြီး သူမက ဆိုင်၏အတွင်းသို့ ဝင်ရောက်သွားလေတော့၏။

မကြာမီ....



ထိုဆိုင်အတွင်းသို့ ကျန်းဖုန်း ရောက်ရှိလာလေတော့သည် မဟုတ်ပါလား။

❖

ဤအခန်းသည် ဒေါ်ကြီးဟွား၏ အခန်းဖြစ်၏။

ဒေါ်ကြီးဟွားသည် အခန်းထဲသို့ ဗေဒင်ဆရာဝင်ရောက်ပြီးသည်နှင့် အခန်းတံခါးကို ပိတ်လိုက်၏။

ဗေဒင်ဆရာမှာ အခန်းထဲ၌ရှိသော စားပွဲ၌ ဝင်ထိုင်လိုက်ရင်း....

'စာရ ရချင်း ငါလိုက်လာတာပဲ'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားက သက်ပြင်းချကာ....

'အမှန်တော့ ရှင်လာတာ နောက်ကျတယ်'

ဟု ပြောလိုက်၏။

ဗေဒင်ဆရာက သက်ပြင်းချကာ....

'ငါ ခရီးလွန်နေလို့'

ဒေါ်ကြီးဟွားက....

'ဘာပဲဖြစ်ဖြစ် ရှင်ရောက်လာပြီပဲ'

ဗေဒင်ဆရာက...

'လူဆိုတာ သေချာပေါက်နော်'

ဒေါ်ကြီးဟွားက...

'သေချာပါတယ်'

ဗေဒင်ဆရာက ပြုံးလိုက်ပြီး...

'ကျွန်တော့်လူတွေ ဘယ်သူရောက်ပြီလဲ'

ဒေါ်ကြီးဟွားက...

'နှစ်နှစ်သုံးနှစ်တော့ ရောက်ပြီ၊ ဟိုနေ့ကပဲ သူတို့ လာသွားသေးတယ်'

ဗေဒင်ဆရာက ပြုံးလိုက်ပြီး...

'ငါနဲ့ ခုနှစ်နဲ့ မတွေ့ရသေးဘူးလား'

ဒေါ်ကြီးဟွားက ဦးခေါင်းခါယမ်းပြလိုက်ပြီး...

'မတွေ့ရသေးဘူး'

ဗေဒင်ဆရာက မျက်မှောင်ကြုတ်ကာ...

'သူတို့ဆီက စာပို့လိုက်တယ် မဟုတ်လား'

ဒေါ်ကြီးဟွားက ဦးခေါင်းညိတ်ကာ...

'ပို့ထားတယ်'

ဗေဒင်ဆရာက တစ်ချက်စဉ်းစားလိုက်ပြီး...

'မင်းကိုလာပြီး မဆက်သွယ်သေးတာ ဖြစ်နိုင်ဖြစ်မယ်'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားက ဦးခေါင်းညိတ်ကာ...

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် နှစ်နဲ့ သုံးအောင်ထဲ သူတို့ကို မြို့ထဲမှာ မတွေ့သေးဘူးလို့ပြောတယ်'



ဗေဒင်ဆရာက ဦးခေါင်းညိတ်ကာ...

'အေးလေ... ငါတို့ ဆယ်နှစ်ကျော် ရှာခဲ့ပြီးပြီပဲ၊ နောက်ထပ် ဆယ်ရက်လောက်ကြာလို့ ဘာမှ မဖြစ်လောက်ပါဘူး'

ဟု ပြောလိုက်၏။

ပြီးမှ လူသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့်...

'ငါ ဒီကိုလာတော့ ဆိုင်ပွဲခေါ်ရဲ့ မျက်နှာဖုံးတွေ တွေ့ခဲ့တယ်'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားက ဦးခေါင်းညိတ်ကာ...

'ဟုတ်တယ်၊ ဒီပတ်ဝန်းကျင်မှာ တစ်လလောက် ရှိနေပြီ'

ဗေဒင်ဆရာက မျက်မှောင်ကြုတ်ကာ...

'လူသတ်မှုလဲ မဖြစ်သေးဘူးလို့ ငါကြားတယ်'

ဒေါ်ကြီးဟွားက...

'ဟုတ်တယ်'

ဗေဒင်ဆရာက မျက်မှောင်ကြုတ်ကာ...

'ထူးဆန်းတယ်၊ သူက မင်းကို ရိပ်မိသွားပြီလား'

ဒေါ်ကြီးဟွားက ဦးခေါင်းခါယမ်းလိုက်ပြီး...

'မဖြစ်နိုင်ဘူး၊ ကျွန်မတို့ နေတာ ထိုင်ဝန်းသိုသိုသိပ်သိပ်နေတာပဲ'

ဗေဒင်ဆရာက ပြုံးလိုက်ပြီး...

'ရန်သူကို အဆင်သင့်ရင် ကိုယ့်အတွက် ရှုံးဖို့သာရှိတယ်၊ ဒါကြောင့် သူ့ကို လျှော့တွက်လို့တော့ မရဘူး'

ဗေဒင်ဆရာ၏စကားကြောင့် ဒေါ်ကြီးဟွားသာ ဗေဒ
ဆရာကို စူးစိုက်ကြည့်ပြီး....

'ရှင်က ထူးခြားမှုတွေလိုလား'

ဗေဒင်ဆရာက ပြုံးလိုက်ပြီး....

'လမ်းမှာ လူငယ်တစ်ယောက်ကို တွေ့ခဲ့တယ်၊ သူ
အရိပ်မဲ့ခေါင်းမျက်နှာဖုံးကို စွပ်ထားတယ်၊ ဒါပေမယ့် သူ
အရိပ်မဲ့ခေါင်းမဟုတ်ဘူးလို့ ပြောတယ်'

ဒေါ်ကြီးဟွားက ပြုံးလိုက်ပြီး

'လူက မျက်နှာဖုံးချွတ်လို...'

ဗေဒင်ဆရာအား ဦးခေါင်းညိတ်...

'ချွတ်လိုက်တယ်၊ ဒါကြောင့် သူဟာ အရိပ်မဲ့ခေါင်း
မဖြစ်နိုင်ဘူး၊ ဒါပေမယ့်...'

ဗေဒင်ဆရာက စကားကို ဆုံးအောင် မပြောဘဲရပ်
လိုက်ပြီး....

တစ်စုံတစ်ခုကို မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏၊

ဒေါ်ကြီးဟွားက စိတ်ဝင်စားဟန်ဖြင့်....

'ဒါပေမယ့် ဘာဖြစ်လဲ'

ဟု မေးလိုက်၏၊

ဗေဒင်ဆရာက ပြုံးလိုက်ပြီး....

'သူက ကျုပ်ကို ဗေဒင်ဆရာနဲ့မတူဘူးလို့ ပြောတ

ဒေါ်ကြီးဟွားက ဗေဒင်ဆရာကို ကြည့်ပြီး ပြုံး

'ဒါဖြင့် ရှင့်ကို ဘာနဲ့တူတယ်လို့ ပြောသလဲ'

ဗေဒင်ဆရာက သက်ပြင်းချလိုက်ပြီး....



'ကျုပ်ကို သိမ်းငှက်တစ်ကောင်နဲ့တူတယ်လို့ ပြောတယ်'
ဟု ပြောလိုက်၏၊

ဗေဒင်ဆရာ၏စကားကြောင့် ဒေါ်ကြီးဟွား၏ မျက်နှာ
ပေါ်မှ အပြုံးသည် ပျောက်ကွယ်၍သွား၏၊

သူမ၏မျက်နှာပေါ်၌ အပြုံးအစား ထိတ်လန့်ခြင်းတ
အားထိုး ဝင်ရောက်လာ၏၊

သူမသည် အတန်ကြာသည်အထိစကားမပြောနိုင်အောင်
ဖြစ်နေ၏၊

အတန်ကြာမှ သူမသည် သက်ပြင်းချကာ....

'ထူးဆန်းတယ်၊ တကယ်ပဲ ထူးဆန်းတယ်'

ဟု ပြောလိုက်၏၊

ဒေါ်ကြီးဟွား၏စကားကြောင့် ဗေဒင်ဆရာသည် ဒေါ်
ကြီးဟွားကို နားမလည်နိုင်သော မျက်လုံးများဖြင့် ကြည့်
လိုက်၏၊

ပြီးမှ....

'ဘာထူးဆန်းတာလဲ'

ဟု မေးလိုက်၏၊

ဒေါ်ကြီးဟွားက သက်ပြင်းချလိုက်ပြီး....

'အမှတ်နှစ်ကလဲ ပြောတယ်၊ လူငယ်တစ်ယောက်က သူ့ရဲ့
မျက်နှာကိုကြည့်ပြီး ဒါ သိမ်းငှက်လားလို့မေးတယ်တဲ့'
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား၊

ချင်းချင်းက ပဲနို့ရည်နှင့် တို့ဟူးကို ကျွန်းဖုန်း၏ရှေ့သို့ ချပေးသည်။

ကျွန်းဖုန်းက ဆိုင်တစ်ခုလုံးကို လှည့်ပတ်ကြည့်နေ၏။

သို့သော် သူသည် ဗေဒင်ဆရာကို မတွေ့ရပါ။

ဗေဒင်ဆရာသည် ဒေါ်ကြီးဟူး၏ တို့ဟူးဆိုင်ကို မေး နေခဲ့၏။

ယခု တို့ဟူးဆိုင်ထဲ၌ ဗေဒင်ဆရာကို မတွေ့ရပါ။

ဗေဒင်ဆရာသည် ဤလမ်းထဲသို့ ချိုးကွေ့ဝင်ရောက်သွား သည်ကို လူက မြင်တွေ့ခဲ့ရ၏။

ထို့ကြောင့် ဗေဒင်ဆရာသည် ဤတို့ဟူးဆိုင်ကို တွေ့ မည် ဖြစ်၏။

ဤလမ်းထဲသို့ ချိုးကွေ့ဝင်ရောက်သူတိုင်း ဤတို့ဟူးဆိုင် ကို လေ့တော့တိုက်မိသူ မရှိပါ။

ဤသို့ဆိုလျှင် ဗေဒင်ဆရာသည် မည်သည့်နေရာသို့ ရောက်၍ နေသနည်း။

ဗေဒင်ဆရာသည် မြေလျှိုးမိုးပျံနိုင်ပါမည်လော။

ကျွန်းဖုန်းက ထိုသို့တွေးရင်း ဗေဒင်ဆရာကို ဆိုင်ထဲ လှည့်ပတ်ရှာဖွေနေသောကြောင့် ချင်းချင်းသည် ကျွန်းဖုန်း ကို နှုတ်ခမ်းစူ၍...

'အစ်ကို ဘာရှာနေတာလဲ'

ဟု မေးလိုက်၏။

ချင်းချင်း၏ အမေးစကားကြောင့် ကျွန်းဖုန်းသည် မိမိ အဖြစ်ကို သတိရလာ၍ ချင်းချင်းကို သွားဖြဲဖြဲရင်း...



'ဟို...ဟို...ညီမရဲ့ အမေကို မတွေ့လို့ပါ'

ဟု ပြောလိုက်၏။

ချင်းချင်းက မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး...

'အစ်ကိုက အခုမှ တွေ့ချင်ဟာလား၊ ခေါ်ပေးမယ်'

ဟု ပြောကာ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထို့ကြောင့် ကျွန်းဖုန်းက ချင်းချင်း၏ လက်ကို အပျာ တယာ ဖမ်းဆွဲလိုက်ပြီး...

'အာ...အစ်ကိုက ဘာဖြစ်လို့ ညီမအမေနဲ့ တွေ့ချင်ရ မှာလဲ'

ဟု ပြောလိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ...

'ဒါဖြင့် အမေ့ကို ဘာလို့လိုက်ရှာတာလဲ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး...

'ဪ...ညီမ တစ်ယောက်တည်းလားဆိုတာ သေချာ အောင်လို့ပါ'

ချင်းချင်းက မျက်စောင်းထိုးလိုက်ပြီး...

'ညီမတစ်ယောက်တည်းဆိုတာ သေချာရင် ဘာလုပ်မလို့ လဲ...'

ချင်းချင်း၏စကားကြောင့် ကျွန်းဖုန်း၏မျက်ခုံးမွေးသည် နဖူးပေါ်သို့ မြင့်တက်သွားပြီး...

'သာ...ဘာမှ မလုပ်ပါဘူး၊ ဟို...ဟို...စကားပြောချင် လို့ပါ'

ချင်းချင်းက သက်ပြင်းချလိုက်ပြီး...

'စကားပြောတော့များ အဓမ္မခံရှိမှ ပြောလို့ရသလား'
တူ မေးလိုက်၏။
ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'ဒီလိုပါ....အစ်ကိုက ညီမတို့အကြောင်းကို မေးချင်လို့'
ကျန်းဖုန်း၏စကားကြောင့် ချင်းချင်းမျက်လုံးပြူးကာ....
'ညီမတို့အကြောင်း ဟုတ်လား'
တူ ပြန်မေးလိုက်၏။
ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'ညီမတို့ရဲ့ဇာတိက စင်တုံနယ်က မဟုတ်လား'
တူ မေးလိုက်၏။
ကျန်းဖုန်း၏ အမေးကြောင့် ချင်းချင်းသည် ကျန်းဖုန်း
ကို တအံ့တသြဖြင့် ကြည့်ကာ....
'အစ်ကိုက ဘယ်လိုလုပ်သိလဲ'
တူ မေးလိုက်၏။
ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'ညီမတို့ စကားပြောတဲ့အခါ စင်တုံနယ်က လေသံပါနေ
တယ်'
တူ ပြောလိုက်၏။
ချင်းချင်းက ပြုံးလိုက်ပြီး....
'ဟုတ်ပါတယ်၊ အစ်ကိုက စင်တုံကို ရောက်ဖူးသလား'
ကျန်းဖုန်းက ပြုံးကာ....
'အစ်ကိုက နေရာအနှံ့ လျှောက်သွားနေတာ၊ ရောက်ဖူး
တာပေါ့'



ချင်းချင်းက သက်ပြင်းချလိုက်ပြီး....
'ညီမတို့လဲ စင်တုံနယ်ကထွက်လာပြီး နေရာအနှံ့ လျှောက်
သွားနေတာပဲ'
ကျန်းဖုန်းက ပြုံးကာ....
'ဒီကိုရောက်တာ ကြာပြီလား'
တူ မေးလိုက်၏။
ချင်းချင်းက လက်သုံးချောင်း ထောင်ပြကာ....
'သုံးနှစ်ရှိပြီ'
ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'ဒီနေရာက တုန်ကျူးမြို့တို့ လုံယောမြို့တို့လို မြို့ကြီးပြကြီးမှ
မဟုတ်တဲ့'
တူ ပြောလိုက်၏။
ချင်းချင်းက ပြုံးကာ....
'အမှန်အတိုင်းပြောရရင် ဒီမှာ ဆွေမျိုးတစ်ယောက်ရှိတယ်
ဆိုလို့ လာရှာတာ၊ လမ်းစရိတ်ပြတ်သွားလို့ ဒီမှာ သောင်
တင်နေတာ'
တူ ပြောလိုက်၏။
ကျန်းဖုန်းက ပြုံးကာ....
'ဘာပဲဖြစ်ဖြစ် ဒီမှာ အဆင်ပြေတယ်မဟုတ်လား'
ချင်းချင်းက ခေါင်းညိတ်ကာ....
'အဆင်ပြေပါတယ်'
ကျန်းဖုန်းက....
'ဆွေမျိုးရော တွေ့ပြီလား'

ချင်းချင်းက ဦးခေါင်းခါယမ်းပြရင်း....

'မတွေ့ဖူးလို့ မေမေ့ကာ ပြောတာပဲ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒါဆို အခြေအနေကောင်းရင် ခရီးဆက်ပြီး ဆွေမျိုးတို့ ရှာဦးမှာပေါ့'

ချင်းချင်းက....

'မေမေ သေသွားပေမဲ့ ဒါပေမယ့် မေမေ့ကို ကြည့်ရှုထား ဒီနေရာကို သဘောကျနေသလိုပဲ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'အေးလေ၊ ဒီနေရာဟာ နေရထိုင်ရ အဆင်ပြေရင်တော့ သင့်နေပေါ့'

ဟု ပြောလိုက်၏။

ချင်းချင်းက ကျန်းဖုန်း၏အကြောင်းကို မေးရန် ဟန်ပြင်လိုက်စဉ်....

ဆိုင်ထဲသို့ စားသုံးသူတစ်ယောက် ဝင်ရောက်လာသောကြောင့် ချင်းချင်းသည် ကျန်းဖုန်း၏အနီးမှ ထွက်လာခဲ့၏။

သူမသည် ဆိုင်ထဲသို့ ဝင်ရောက်လာသူအား မုန့်ကြော်၊ ဆော ပဲနို့ရည်နှင့် တို့ဟူးတို့ကို ယူဆောင်ပေးပြီးသောအခါ ဆိုင်ထဲ၌ ကျန်းဖုန်း မရှိတော့ချေ။

ထို့ကြောင့် ချင်းချင်းသည် နှုတ်ခမ်းတစ်ချက် စူလိုက်ပြီး....



'ဟွန်း... မုန်းဖို့ကောင်းတယ်'

ဟု တစ်ယောက်တည်း တီးတိုး ရေရွတ်လိုက်လေတော့သည် မဟုတ်ပါလား။

သုခဘုံမြို့မှ လူများသည် အရှေ့ဘက် ဘုံကျောင်းနှင့် မြို့အလယ်မှ ဘုံကျောင်းကိုသာ သွားလေ့သွားထရှိ၏။

ထို့အပြင် သုခဘုံမြို့၏ အနောက်ဘက်မှ ဘုံကျောင်းသည် မြို့၏အစွန်အဖျား၌ရှိပြီး ချောင်ကျသောကြောင့် လူသူအရောက်အပေါက်နည်းခြင်း ဖြစ်၏။

ယခု ထိုဘုံကျောင်းရှေ့သို့ အနီရောင်လူရိပ်သည် လေထဲ၌ လွင့်မျော၍ ရောက်ရှိလာပြီ ဖြစ်၏။

အနီရောင် လူရိပ်သည် ဘုံကျောင်းရှေ့သို့ ရောက်သည်နှင့် ဘုံကျောင်းကို တစ်ချက်မျှ အကဲခတ် ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံးသည် အလင်းရောင်မရှိ။

မှောင်မိုက်နေ၏။

သို့သော် ဘုံကျောင်းထဲ၌ အလွန်ဘရာအားနည်းသော အလင်းရောင်တစ်ခု ရှိနေ၏။

ထို့ကြောင့် အနီရောင်လူရိပ်ထံမှ သက်ပြင်းချသံ ခပ်သဲ့သဲ့ ပေါ်ထွက်လာ၏။

ထို့နောက် အနီရောင် လူရိပ်၏ခန္ဓာကိုယ်သည် မြေပေါ်မှ ကြွတက်သွားပြီး ဘုံကျောင်း၏ အုတ်ဝင်းထရံကို ခုန်ကျော်၍ ဘုံကျောင်းဝင်းထဲသို့ ရောက်ရှိသွားလေတော့သည် မဟုတ်ပါလား။



ဘုံကျောင်း၏ အဝင်တံခါးက ပွင့်နေ၏။

အနီရောင်လူရိပ်က မျက်မှောင်ကြုတ်လိုက်၏။

စိတ်ထဲမှလည်း....

'ထောင်ချောက်'

တစ်ခုဟု တွေးလိုက်မိ၏။

သို့သော် နောက်ဆုတ်ရန် စိတ်မကူးပါ။

ထို့ကြောင့် ဘုံကျောင်းထဲသို့ လှမ်းဝင်လိုက်၏။

ထိုစဉ် ရုတ်တရက် ဝဲယာဘက်ဆီတစ်ချက်မှ အေးစိမ့်သော အငွေ့အသက် ရှူလိုက်၏။

တစ်ချိန်တည်းမှာပင် ဓားရောင်ဝင်းလက်သွားပြီး ဓားနှစ်လက်က ဝဲယာ ညှပ်၍ တိုက်ခိုက်လာ၏။

'ဝှစ်...ဝှစ်'

ဓားသွားက လေထဲ၌ အရှိန်အဟုန်ဖြင့် ဖြတ်သန်းလာသော အသံ ပေါ်ထွက်လာ၏။

အနီရောင်လူရိပ်က ခန္ဓာကိုယ်ကို တွန့်လိမ်၍ ရှောင်တိမ်းလိုက်ပြီး ဝဲဘက်မှ တိုက်ခိုက်လာသော ဓားဖြင့် ညာဘက်မှ တိုက်ခိုက်လာသောဓားကို ခုခံပေးလိုက်၏။

တစ်ဆက်တည်းမှာပင် ဝဲဘက်မှတိုက်ခိုက်လာသူ၏ ရင်ဝကို ခြေဖြင့်တွန်းထုတ်လိုက်ရာ....

'ဝုန်း....'

ဟူသောအသံနှင့်အတူ ဝဲဘက်မှ တိုက်ခိုက်လာသူသည် နောက်သို့လွင့်စဉ်သွားပြီး ဝဲဘက်မှ တိုက်ခိုက်လာသူ၏ ဓား

သည့်အနီရောင်လူရိပ်ထဲသို့မျက်လှည့်ပြလိုက်သည့်သဖွယ် ရောက်ရှိသွား၏။

ထိုစဉ် ညအချိန်မှ တိုက်ခိုက်လာသူက ဓားဖြင့် ဆက်၍ ခုတ်ခိုက်လိုက်၏။

အနီရောင်လူရိပ်က လှည်းထဲသို့ရောက်ရှိလာသောဓားဖြင့် ဝှေ့ယမ်းလိုက်ရာ....

'ထန်....'

ဟူသောအသံနှင့်အတူ ညအချိန်မှ တိုက်ခိုက်လာသူ၏ ဓားသည် မြေပေါ်သို့ လွတ်ကျသွားလေတော့၏။

အနီရောင်လူရိပ်က အသံတစ်ချက်ရှူလိုက်ပြီး....

'ရှင်တို့က မိန်းမတွေလား၊ အရှက်မရှိဘူး'

ဟု ပြောလိုက်၏။

သူမ၏ စကားအဆုံး၌ လူတစ်ယောက်သည် မှောင်ရိပ်ထဲမှ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလား။

ထိုလူ၏လှုပ်ရှားမှုသည် မြင်သာ၏။

ထိုလူ၏ခြေသံကို ကြားရပါ၏။

ထိုလူက အနီရောင် ဝတ်ဆင်ထားသောမိန်းမလေးကို ပြုံးပြလိုက်ပြီး....

'ကြိုဆိုပါတယ်... ကြိုဆိုပါတယ်'

ဟု ပြောလိုက်၏။



အနီရောင် ဝတ်ဆင်ထားသောမိန်းမလေးက ခပ်ခဲခဲထဲမှ စကားကိုလွှတ်ချလိုက်ရင်း....

'ကျွန်မကို ချိန်းထားတဲ့ ရှင်ကိုယ်တိုင်လား'

ဟု မေးလိုက်၏။

မှောင်ရိပ်ထဲမှထွက်လာသူက ပြုံးကာ....

'ကျုပ်မဟုတ်ပါဘူး၊ ဒါပေမယ့်'

ထိုလူက စကားကို ဆုံးအောင် မပြောဘဲ ရပ်တန့်လိုက်၏။

အနီရောင်ဝတ်ဆင်ထားသောမိန်းမလေးက မျက်ခုံးကြုတ်ရင်း....

'ဒါပေမယ့် ဘာဖြစ်လဲ'

ထိုလူက ပြုံးလိုက်ပြီး....

'ကျွန်ုပ်တို့နဲ့ တွေ့ပါလျှင်လည်း စိတ်ပူစရာမရှိပါဘူး'

အနီရောင်ဝတ်ဆင်ထားသောမိန်းမကလေးက....

'ဒါဆို အခြားတစ်ယောက်ရှိပေါ့'

ဟု ပြောလိုက်၏။

ထိုလူက ပြုံးကာ....

'အင်မတန် စိတ်ဝင်စားဖို့ကောင်းတဲ့ အခွင့်အရေးတစ်ခုကို မိန်းကလေးက လက်လွှတ်သွားမှာပေါ့'

ဟု ပြောလိုက်၏။

ထိုလူ၏စကားကြောင့် အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးက မျက်မှောင်ကြုတ်ကာ....

'လူငယ်တစ်ယောက် စိတ်ဝင်စားဖို့ကောင်းလို့လား'

ထိုလူက ပြုံးလိုက်ပြီး....
'လူသတ်တာ လွယ်ပါတယ်၊ ဒါပေမယ့် သိမ်းငှက်ငယ်လေး
ကောင်ကို သတ်ဖို့က ခဲယဉ်းပါလိမ့်မယ်'
ထိုလူ၏စကားကြောင့် အနီရောင် ဝတ်ဆင်ထားသော
မိန်းကလေးက မျက်မှောင်ကြုတ်ကာ....
'သိမ်းငှက်ငါးကောင် ဟုတ်လား'
ဟု မေးလိုက်၏။
ထိုလူက ဦးခေါင်းညိတ်ကာ....
'ဟုတ်ပါတယ်'
အနီရောင်မိန်းကလေးက မျက်မှောင်ကြုတ်ရင်း....
'နှစ်ကောင်က ဘယ်ရောက်သွားလဲ'
ဟု မေးလိုက်၏။
ထိုလူက ပြုံးကာ....
'မိန်းကလေးက သိမ်းငှက်တွေကိုသိလို့လား'
အနီရောင်မိန်းကလေးက....
'သိမ်းငှက်ခုနစ်ကောင်ပဲ ကြားဖူးတယ်'
ထိုလူက ဦးခေါင်းညိတ်ကာ....
'မမှားပါဘူး'
အနီရောင်မိန်းကလေးက....
'အခုချိန်မှာ သိမ်းငှက်ကိုးကောင်လား'
ထိုလူက ဦးခေါင်းညိတ်ကာ....
'ဟုတ်ပါတယ်'
အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက....



'ဒါဆို ချောမြင့်ရမယ်'
ထိုလူက ပြုံးကာ....
'လျှော့ပေးမှာလား'
အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက....
'ဟင့်အင်း....တိုးတောင်းမှာ'
ထိုလူက ပြုံးကာ....
'ဒါဆို....မိန်းကလေးအတွက် ခေါင်းတလား ဝယ်ဖို့
လား'
အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက....
'ရှင့်ပါးစပ်က ရှင့်ကို သတ်နိုင်နေတယ်'
ထိုလူက ရယ်မောလိုက်ပြီး....
'မိန်းကလေးက အရည်အချင်းပြည့်တယ် ဆိုရင်တော့
ခေါင်းတလား ဝယ်ဖို့ မလိုပါဘူး'
အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက....
'တစ်ခါမှတော့ ဆက်ခံထားတဲ့အလုပ်ကို မအောင်မြင်လို့
ပြန်အမ်းရတယ် ဆိုတာ မရှိခဲ့ဘူး'
ထိုလူက ရယ်မောလိုက်ပြီး....
'အခုလိုပွဲမျိုးနဲ့ မကြုံခဲ့ဖူးလို့ ဖြစ်မှာပေါ့'
ဟု ပြောလိုက်၏။
အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက စိတ်ပျက်
စွာဖြင့် ဦးခေါင်းခါယမ်းလိုက်ပြီး၊ ဘာမျှ မပြောတော့ပါ။
သူမသည် ရုတ်တရက် နောက်သို့လှည့်ကာ ဘုံကျောင်း
ထဲမှ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ် ဘာမှောင်ရိပ်အကျော်းမှ ထွက်လာသူက လက်[illegible] တီးလိုက်ရာ ဘုံကျောင်းတံခါးသည် ရုတ်တရက် ပိတ်သွား လေတော့၏။

သနီးရောင်မီးတလေးက မှုတ်ရောင်ကြွတ်လိုက်ပြီး [illegible] လူတို့ လှည့်ကြည့်ကြ....

"ဒါက ဘာသလဲ"

ဟု မေးလိုက်၏။

ထိုလူက ဘာမျှပြန်မပြောဘဲ လက်တစ်ချက် ဝှေ့ယမ်း လိုက်ရာ....

လူဆယ်ယောက်ခန့်သည် ပုန်းကွယ်နေရာမှ ထွက်ပေါ် လာပြီး သနီးရောင်ဝတ်ဆင်ထားသော မိန်းကလေးကို ဝိုင်း လိုက်လေတော့သည် မဟုတ်ပါလား။

ဘုံကျောင်း၏တံခါးမကြီး ပိတ်သွားချိန်၌ မျက်နှာချင်း ဆိုင် လမ်းနောက်ဖက်ရှိ သစ်ပင်၏နောက်ကွယ်မှ လူတစ် ယောက် ထွက်လာ၏။



ထိုသူသည် ချိုင်းထောက်ကို မောင်းပြ၍ ထွက်လာခြင်း ဖြစ်၏။

သူသည် ဤဘုံကျောင်းအနီးသို့ ရောက်လာသောအခါ လူ တစ်စုသည် လမ်းနံဘေးကို ယိမ်းယိုင်ရွှဲပြီး ဘုံကျောင်းထဲသို့ ဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရ၏။

ထို့ကြောင့် သူသည် လမ်းဘေးမှ သစ်ပင်၏ နောက်သို့ ကွယ်၍ ပုန်းအောင်းလိုက်ပြီး ဘုံကျောင်းကို စောင့်ကြည့် နေ၏။

သူသည် အသီးနက်ကိုင်လူစုကို ဦးဆောင်လာသောလူကို သိနေ၏။

ထိုလူသည် ဤမြို့၌ သူဌေးကြီးများ၏ ညာသယ်ရုံးဖြစ်၏။ ထို့ကြောင့် သူသည် စိတ်ဝင်စားစွာ ယခုကဲ့သို့ ပုန်း အောင်း၍ ကြည့်နေခြင်းပင်ဖြစ်သည် မဟုတ်ပါလား။

ထိုစဉ် ဘုံကျောင်းရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်လာ [illegible]

မြင်းလှည်းက ဘုံကျောင်း၏ တံခါးဝတည့်တည့်၌ ရပ် တန့်လိုက်၏။

ထို့နောက် မြင်းလှည်းထဲမှ လူတစ်ယောက်ဆင်းလာပြီး ကျောင်းထဲသို့ ဝင်ရောက်သွား၏။

ချိုင်းထောက်နှင့်လူသည် မြင်းလှည်းပေါ်မှ ဆင်းလာသူ [illegible] မတွေ့လိုက်ရပါ။

အဘယ်ကြောင့်ဆိုသော်....

မြင်းလှည်းက ခံနေသဖြင့် ထိုလူ၏ ခြေထောက်ကို မြင်းလှည်း၏ ဝင်းပိုင်းအောက်မှ မြင်တွေ့လိုက်ရ၏။

ဘုန်းကျောင်းခရီးမှ မြင်းလှည်း ထွက်ခွာသွားသော ဘုန်းတော်ကြီး၏ တံခါးမကြီးသည် ပြန်လည်၍ ပိတ်သွား မဟုတ်ပါလား။

ထိုနေ့၏ မကြာမီမှစ၍ ဘုန်းကျောင်းရှေ့သို့ အနီ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရောက်ရှိ သည်ကို တွေ့လိုက်ရ၏။

ချိုင်းထောက်နှင့်လူသည် ထိုမိန်းကလေးကို မြင်တွေ့ သည်နှင့် တအံ့တသြဖြစ်ကာ....

'နှင်းဆီနက်....'

ဟု တီးတိုးရေရွတ်လိုက်မိသလောဘဲ့သည်မဟုတ်ပါလ

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေး သ တစ်ချက်ချလိုက်ချိန်တွင် လူမကို ဝိုင်းရံထားသော လူ ယောက်အနက် ငါးယောက်သည် မြေပေါ်၌ တုံးလုံး လျက်ဖြစ်နေပြီ ဖြစ်၏။



မြေပေါ်၌ တုံးလုံးပက်လက်မဖြစ်ဘဲ ကျန်နေသော လူ ငါးယောက်က အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးကို မယုံကြည်နိုင်လောက်အောင် အံ့သြသော မျက်လုံးများဖြင့် ကြည့်နေ၏။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဦးခေါင်း ခါယမ်းကာ အမှောင်ထဲမှ ထွက်လာသောလူကို လှမ်းကြည့် ပြီး လက်ညှိုးထိုးကာ....

'ရှင်အာ ဘာဖြစ်လို့ သူများကို သေခိုင်းရတာလဲ'

ဟု ပြောလိုက်၏။

ထိုလူက ရယ်မောလိုက်ပြီး....

'သူတို့က အသေခံဖို့ အခကြေးငွေ ယူထားလို့ပါ'

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဦးခေါင်း ခါယမ်းကာ....

'ရှင်ကရော ဘယ်လောက်ရရင် အသေခံမလဲ'

ဟု မေးလိုက်၏။

ထိုလူက ခနဲ့တစ်ချက် ပြုံးလိုက်ပြီး....

'ကျုပ်အလှည့် မရောက်နိုင်သေးပါဘူး'

ဟု ပြောလိုက်ပြီး လက်ခုပ်တစ်ချက် ထပ်မံတီးလိုက်ရာ လုံ့ရှည်များ ကိုင်စွဲထားသော လူဆယ်ယောက်သည် ထိုလူ၏ နောက်မှ လေထဲ၌ကျွမ်းပစ်ကာ မိန်းကလေး၏ရှေ့သို့ ရောက်ရှိ လာကြတော့သည် မဟုတ်ပါလား။

ချိုင်းထောက်နှင့်လူသည် ဘုန်းကြီးကျောင်း၏ အုတ်ဝင်းထရံ နံဘေးသို့ ရောက်ရှိလာ၏။

သူသည် အုတ်ဝင်းထရံကိုပတ်၍ နေဝင်းကျောအဆီသို့ လျှောက်လာခဲ့၏။

ထိုနေရာ၌ သူသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

ပြီးမှ သူသည် ဝါးတစ်ရိုးသာသာခန့်မြင့်သော အုတ်ဝင်း ထရံကို မော့ကြည့်လိုက်၏။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် မြေကြီးပေါ်မှ ကြွ တက်လာပြီး ဘုန်းကြီးကျောင်း၏ အုတ်ဝင်းထရံကို ကျော်လွှား သွားလေတော့သည် မဟုတ်ပါလား။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သက်ပြင်း တစ်ချက် ချလိုက်၏။

ပြီးမှ....

'အင်း....ရှင်တို့အကျွန်ုပ်ကို အခမဲ့လူသတ် ခိုင်းနေတာပဲ'

ဟု ပြောလိုက်၏။



ထိုစဉ်...အမှောင်ရိပ်ထဲမှထွက်လာသော လူအလစ်တို့ ၏ ယမ်းပြုတ....

'ထူ့ကို အရှင်သိချင်တူး'

ဟု ပြောလိုက်၏။

ထိုသူ၏ စကားဆုံးသည်နှင့် လိုချည်ဝိုင်ထားသော လူ စုက....

'ယား....'

ဟု ပြုသံပေးကာ အနီရောင်ဝတ်ဆင်ထားသော မိန်း ကလေးကို ဝင်တိုက်ခိုက်လာတော့၏။

ခေါင်းစည်းထားသော လူ၏ ယောက်ဖ ကလည်း မိန်း ကလေးကို ဝင်ရောက်၍ တိုက်ခိုက်၏။

မိန်းကလေးသည် တစ်ချက်ပြုံးလိုက်ပြီး လူကြားထဲသို့ ပြေးဝင် သွားလေတော့၏။

ထိုနောက် မကြာမီမှာပင်....

'ခွမ်း....ခွမ်း....ခွမ်း....'

ဟူသောအသံများနှင့်အတူ ခေါင်းကိုင်ထားသော လူ၏ ယောက်ဖ၏ ခေါင်းများသည် မြေပေါ်သို့ ကျသွားလေတော့ သည်။

ထိုစဉ် မိန်းကလေးသည် လေထဲ၌ ဝဲပျံသွားပြီး လုံကိုင် ထားသော လူစု၏ ဦးခေါင်းပေါ်မှ ကျော်လွှားကာ အမှောင်ရိပ်ထဲမှ ထွက်လာသူ၏ နေရာသို့ ရောက်ရှိသွားလေ တော့၏။

မိန်းကလေး၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်၏။

ထို့ကြောင့် ထိုလူသည် ရုတ်တရက် အံ့အားသင့်သွားပြီး မိန်းကလေးကို တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

သို့သော် သူ၏လှုပ်ရှားမှုသည် မိန်းကလေး၏ လှုပ်ရှားမှုထက် စက္ကန့်ဝက်မျှ နောက်ကျသွား၏။

ထို့ကြောင့် မိန်းကလေး၏ ဓားမြှောင်က ထိုလူ၏ လည်ပင်းသို့ ထောက်ထားပြီး ဖြစ်နေလေတော့သည် မဟုတ်ပါလော။

မိန်းကလေးက အနည်းငယ် အားစိုက်လိုက်၏။

သို့ဖြစ်၍ ဓားမြှောင်က ထိုသူ၏ လည်ပင်းထဲသို့ စပါးတစ်ထောင့်ခန့် စိုက်ဝင်သွားလေတော့သည် မဟုတ်ပါလော။

ထိုစဉ် လက်ခုပ်တီးသံ ထွက်ပေါ်လာ၏။

လက်ခုပ်တီးသံနှင့်အတူ လူတစ်ယောက်သည် အခန်းထဲသို့ ဝင်ရောက်လာသည် မဟုတ်ပါလော။

လူတစ်ယောက်သည် လက်ခုပ်သြဘာပေးရင်း အခန်း ထဲသို့ ဝင်ရောက်လာ၏။



အလှ အာ၊ ပျော့ခနေသော အလင်းရောင် ဓာတ်မီးရှိန်ဖြင့် ထိုလူ၏ ပခိရုပ်သည် ခန့်ညားကြောင်း သိနိုင်၏။

ထိုလူသည် အဖိုးထိုက်တန်သော ပိုးဖဲအင်္ကျီကို ဝင်ဆင်ထား၏။

ထိုလူက မိန်းကလေးကို ပြုံးပြကာ....

'ကောင်းတယ်၊ ကောင်းတယ်'

ဟု ပြောလိုက်၏။

မိန်းကလေးက ထိုလူကို မျက်မှောင်ကြုတ် ကြည့်ရင်း....

'သူဌေးကြီး ချမ်းပါလား'

ဟု ပြောလိုက်၏။

ထိုလူက ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်၊ ဒါနဲ့ မိန်းကလေးက ဘယ်သူလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက လက်တစ်ဖက်ကို လှုပ်ရှားလိုက်ရာ....

'ဝှီ'

ဟူသောအသံနှင့်အတူ အရာဝတ္ထုတစ်ခုသည် လေထဲ၌ ဖြတ်သန်း၍သွားပြီး သူဌေးကြီးချမ်း၏ ဝဲဘက်မှ နံရံပေါ်၌ စိုက်ဝင်သွား၏။

သူဌေးကြီးချမ်းသည် နံရံပေါ်မှ အရာဝတ္ထုကို မျက်ခုံးပင့်၍ ကြည့်လိုက်ပြီး ပြုံးလိုက်၏။

နံရံပေါ်၌ စိုက်ဝင်နေသော အရာဝတ္ထုသည် စက္ကူဖြင့် ပြုလုပ်ထားသော အနက်ရောင် နှင်းဆီတစ်ပွင့်ပင် ဖြစ်သည် မဟုတ်ပါလော။

လူဌေးကြီးချွန်းက နံရံပေါ်၌ စိုက်ဝင်နေသော နှင်းဆီ
ပန်းကို နှုတ်ယူလိုက်ရင်း....

'နှင်းဆီလိုကောင်းတဲ့ နာမည်ကို ခေါ်တာပေါ့'
ဟု ပြောလိုက်၏။
မိန်းကလေးက ပြုံးကာ...
'ခေါ်ချင်ပါဦး နှင်းဆီနက်လို့ပဲ မှတ်ထားပေါ့'
လူဌေးကြီးချွန်းက ပြုံးလိုက်ပြီး....
'ကျုပ်က လူ ချွန်တဲ့လူကို ခေါ်ချင်ခေါ်တတ်လို့ပါ'
မိန်းကလေးက ပြုံးလိုက်ပြီး....
'အခုလို လူဟုလူမနေနဲ့ ပြောတတ်ခဲ့တာမျိုး လား'
ဟု မေးလိုက်၏။
လူဌေးကြီးချွန်းက လက်ကာပြလိုက်ပြီး....
'မိန်းကလေး အထင်မလွဲပါနဲ့ အခုကိစ္စက သိပ်ပြီး
အရေးကြီးနေလို့ပါ'
ဟု ပြောလိုက်၏။
မိန်းကလေးက ပြုံးကာ...
'သိမ်းငှက်တွေ ကိစ္စ မဟုတ်လား'
လူဌေးကြီးက ရယ်မောလိုက်ပြီး....
'မိန်းကလေးက အမြင်ကျယ်သားပဲ'
ဟု ပြောလိုက်၏။

ထို့နောက် လူဌေးကြီးချွန်းက လက်ခုပ်တစ်ချက် တီး
လိုက်ရာ အခန်းထဲ၌ မီးအိမ်များ ကင်ခဲ့ပြီး တစ်ခု ထွန်းထင်



လာပြီး အခန်းတစ်ခုလုံးသည် လင်းထိန်၍ သွားလေတော့
သည်။
ထို့ကြောင့် မိန်းကလေးသည် အခန်းထဲ၌ စားပွဲတစ်လုံး
ခင်းကျင်းထားပြီး ထိုစားပွဲပေါ်၌ စားသောက်ဖွယ်ရာများ
တို့ အဆင်သင့်ပြင်ဆင်ထားကြောင်း တွေ့ရ၏။
စားသောက်ဖွယ်ရာများသည် ဟင်းလျာအမယ်စုံ၏။
ထို့အပြင် လူဆယ်ယောက်စာခန့် စားသောက် နိုင်
လောက်အောင် များပြား၏။
သို့သော် စားပွဲ၌ နေရာချထားမှုမြင်ရသော ကုလားထိုင်
နှစ်လုံးသာရှိ၏။
ထိုကုလားထိုင်နှစ်လုံးသည် စားပွဲ၏ ထိပ်နှစ်ဖက်၌ မျက်
နှာချင်းဆိုင် ချထားခြင်းဖြစ်၏။
လူဌေးကြီးချွန်းက မိန်းကလေးကို ပြုံးပြလိုက်ပြီး....
'မိန်းကလေးကို ကျုပ်က ဂုဏ်ပြုပါရစေ'
ဟု ပြောလိုက်ခြင်းတော့သည် မဟုတ်ပါလား။

ဆင်းဆွဲဘက်ကောင် မဟုတ်ပေ။

လူအစ်ယော၏ဖြစ်ပါသည်။

ထိုလူသည် ချိုင်းထောက်နှင့် သူဖုန်းစားပင်ဖြစ်ပါသည်။

ထိုလူသည် သစ်ပင်အစ်ပင်၏ သစ်ကိုင်းပေါ်၌ လင်းဆွဲအစ်တောင်ကဲ့သို့ သစ်ကိုင်းကို ခြေထောက်ဖြင့် ချိတ်ထားသော ဇောက်ထိုးမိုးမျှော်ဖြစ်နေ၏။

လူ၏မျက်လုံးများက ဘောလုံးပတူးရှုနေပြီး ရှေ့တူရူသို့ ကြည့်နေ[illegible]

လူ၏[illegible]၌ ပြတင်းပေါက်အစ်ခုရှိ၏။

ထိုပြတင်းပေါက်မှ မီးရောင်ဖြာကျနေ၏။

သူသည် ထိုပြတင်းပေါက်မှတစ်ဆင့် အခန်းထဲ၌ ရှိနေသော သူဌေးကြီးချန်နှင့် အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေးကို ကြည့်နေ၏။

သူဌေးကြီးက မိန်းကလေးကို စကားပြောနေ၏။

မိန်းကလေးက သူဌေးကြီးချန်ပြောသမျှကိုနားထောင်နေ၏။

သစ်ပင်ပေါ်၌ လင်းဆွဲကဲ့သို့ တွဲလောင်း ဖြစ်နေသော လူသည် သူဌေးကြီးချန်း၏စကားသံကို မကြားရပါ။

သို့သော် သူဌေးကြီးချန်း၏ ပါးစပ်လှုပ်ရှားမှုကို တွေ့ရ၏။

သူဌေးကြီးချန်း၏ စကားသံကို မကြားရသော်လည်း သူဌေးကြီးချန်း၏ ပါးစပ်လှုပ်ရှားပုံကို မြင်တွေ့ရသည်နှင့် သူဌေးကြီးချန်းက မည်သည့်စကား၊ ပြောဆိုနေကြောင်း



ဖြစ်သည်ကို သစ်ပင်ပေါ်မှလူက ကောင်းစွာ နားလည်လိုက်၏။

အဘယ်ကြောင့်ဆိုသော် သစ်ပင်ပေါ်မှ လူသည် ထိုပညာရပ်ကို ကောင်းစွာတတ်မြောက်ထားသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလော။

ချိုင်းထောက်နှင့်လူ၏ မျက်နှာပေါ်၌ အရိပ်အယောင် အမျိုးမျိုး ဖြစ်ပေါ်သွား၏။

နာကြည်းခြင်း၊ ခံပြင်းခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ ရောယှက်နေသော မျက်နှာပေါ်မှ အသားများမှာ တဆတ်ဆတ်တုန်လာ၏။

ထို့နောက် သူသည် လူ၏ခန္ဓာကိုယ်ကို ချားရဟတ်ကဲ့သို့ တစ်ပတ်လှည့်လိုက်ပြီး သစ်ကိုင်းပေါ်၌ ငုတ်တုတ် ထိုင်လိုက်၏။

သူသည် စမ်းကြောချ၊ ဆောင်လာသည့်အထိ အံကို ကြိတ်နေမိ၏။

ထိုနေ့က သူသည် တစ်စုံတစ်ခုကို ပြတ်သားစွာပြုလုပ်ရန် ဆုံးဖြတ်လိုက်သောသူသည် မဟုတ်ပါလေး။

အနီးရှိ [illegible] ဆင်ထားသော မိန်းကလေးသည် ဘုန်းကျောင်းမှ ထွက်ခွာသွားပြီဖြစ်၏။

အချိန်အတန်ကြာသောအခါ ဘုန်းကျောင်းထဲမှ မီးရောင်များသည် [illegible] အလင်းအားလျော့ကာ မှိန်လာ၏။

ထိုအချိန်၌ ဘုန်းကျောင်းရှေ့သို့ မြင်းလှည်းတစ်စီး ရပ်ဆိုက်လာ၏။

မကြာမီ လူဌေးကြီးချုန်းသည် ဘုန်းကျောင်းထဲမှ ထွက်လာပြီး မြင်းလှည်းထဲသို့ ဝင်ရောက်သွား၏။

မြင်းလှည်းထဲသို့ လူဌေးကြီးချုန်း ဝင်ရောက်ပြီးသည်နှင့် မြင်းလှည်းသည် ဘုန်းကျောင်းရှေ့မှ ထွက်ခွာ သွားလေတော့၏။

အကယ်၍သာ ထိုမြင်းလှည်း၏ ဝမ်းဗိုက် အောက်၌ ချင်းထောင်နှင့် ဘုဖုန်းစေ၊ ပေါ်ရှိသည့်ကြောင်းကို မြင်းလှည်းထဲမှ လူဌေးကြီးချုန်းသာ သိခဲ့မည်ဆိုလျှင်…။



မြင်းလှည်းက လမ်းတဆုံး၊ အပြေးလွှားနေ၏။

ချင်းထောင်နှင့်လူသည် မြင်းလှည်း၏ ဝင်ရိုးပေါ်သို့ ခြေထောက် တင်ကာပြီး လက်နှစ်ဖက်က မြင်းလှည်း၏ အောက်ခံသစ်သားပေါင်ကို မြဲမြဲစွာ ဆုပ်ကိုင်ထား၏။

မြင်းလှည်းသည် လမ်းမအတော်ကြာအောင် မောင်းနှင်ရာမှ ဝဲဘက်သို့ ချိုးကွေ့၍ လမ်းချိုးတစ်ခုအတွင်းသို့ မောင်းဝင်လိုက်၏။

ထိုစဉ် မြင်းလှည်း၏ဝမ်းဗိုက်အောက်မှလူက လမ်းပေါ်သို့ ဝပ်ချလိုက်၏။

ထို့ကြောင့် လူသည် လမ်းပေါ်၌ ကျန်ရစ်ခဲ့၏။

သို့သော် ယူသည် လူ၏ ခန္ဓာကိုယ်ပေါ်မှ မြင်းလှည်း ကျော်ဖြတ်သွားသည်နှင့် လူ၏လက်နှစ်ဖက်က မြင်းလှည်း၏ နောက်ပိုင်းကို ဖမ်းဆွဲလိုက်၏။

ထို့ကြောင့် လူသည် မြင်းလှည်း၏နောက်သို့ [illegible] ပါသွားရာမှ မြင်းလှည်း၏နောက်မြီးပိုင်းကို [illegible] ဖြည်းနှင့် တွယ်တက်လိုက်၏။

နောက်ဆုံး၌ လူသည် မြင်းလှည်း၏နောက် [illegible] အမိုးပေါ်သို့ ရောက်ရှိသွားလေတော့၏။

ကြာမီ မြင်းလှည်းမောင်းသမားသည် မြင်း[illegible]ပေါ်မှ လှင့်စဉ်ကျသွား[illegible]သည် မဟုတ်ပါ

မြင်းလှည်းသည် ပြေးလွှားနေဆဲဖြစ်၏။
သို့သော် မြင်းလှည်းမောင်းသမားအသံ၊ ဘုံကျော်ခင်းမှ
ထွက်လာစဉ်က မြင်းလှည်းမောင်းသမား မဟုတ်တော့ပါ။
ယခု မြင်းလှည်းကို ချိုင်းတောင်နှင့် သူဖုန်းစားတ
မောင်းနှင်နေသည် မဟုတ်ပါလော။
ချိုင်းအတောင်နှင့် သူဖုန်းစားသည် သုခဘုံမြို့ကို နှံ့စပ်
အောင် ရောက်ဖူးသူဖြစ်၏။
ထို့ကြောင့် သူသည် မည်သည့်နေရာ၌ လှုပ်၍ မည်သည့်
နေရာ၌ လှုပ်သည်ကို ကောင်းစွာသိ၏။
သို့ဖြစ်၍ သူသည် မြင်းလှည်းကို လှုပ်ခဲ့သောနေရာသို့
ဦးတည်၍ မောင်းနှင်သွားခဲ့တော့သည် မဟုတ်ပါလား။

❖

လမ်းက ကြမ်း၏။
ထို့ကြောင့် မြင်းလှည်းက လှုပ်ယမ်းသွား၏။
မြင်းလှည်းထဲ၌ သူဌေးကြီးချန်းက တစ်ချက်မျှ ကျိန်ဆဲ
လိုက်ပြီး မြင်းလှည်း၏အမိုးကို ခေါက်၍...
'ဖြည်းဖြည်းမောင်း'



ဟု ပြောလိုက်၏။
မြင်းလှည်းက အရှိန်း မောင်းနှင်ခဲ့ဆဲဖြစ်၏။
ထို့ကြောင့် သူဌေးကြီးက မြင်းလှည်း၏ပြတင်းပေါက်မှ
ဦးခေါင်းပြူ၍ အော်ဟစ်ရန် ပြတင်းပေါက်မှ ခေါင်းဖြင့်ပြူလှုပ်
ထားသော ကန့်လန့်ကာကို လက်ဖြင့် မ လိုက်၏။
ထိုသို့ ကန့်လန့်ကာကို လက်ဖြင့်မ၍ အပြင်သို့ ကြည့်
လိုက်မိသည်နှင့် သူ၏ မျက်လုံးများသည် ပြူးကျယ်၍သွား
လေတော့၏။
အဘယ်ကြောင့်ဆိုသော် မြင်းလှည်းသည်တောအုပ်ဆစ်ခွ
အတွင်းသို့ ရောက်ရှိနေသည်ကို မြင်တွေ့လိုက်ရသောကြောင့်
ပင်ဖြစ်သည် မဟုတ်ပါလား။
ထိုစဉ် မြင်းလှည်းက ရုတ်တရက် ရပ်တန့်သွားပြီး မြင်း
လှည်း၏တံခါးပွင့်ကာ တံခါးဝ၌ လူတစ်ယောက် ရပ်နေ
သည်ကို မြင်တွေ့လိုက်ရလေတော့သည် မဟုတ်ပါလား။

❖

ချိုင်းအတောင်နှင့်လူသည် တော့ဆော၍သွား၏။
သိုင်းကွက်ဆယ်ကွက်မပြည့်မီ သူဌေးကြီးချန်းသည် သူ၏
ဓားချက်ဖြင့် သေဆုံးသွားပြီဖြစ်၏။

ထို့ကြောင့် ချိုင်းထောက်နှင့်လူသည် တွေဝေ၍ သူ့စာပြို
ဦးခေါင်းခါယမ်းကာ....

'မဖြစ်နိုင်ဘူး....မဖြစ်နိုင်ဘူး'

ဟု ရေရွတ်လိုက်၏။

ထို့နောက် သူသည် သေဆုံးနေသော သူဌေးကြီးချွန်း၏ မျက်နှာကို သေချာစွာ စိုက်ကြည့်လိုက်၏။

ထို့ကြောင့် သူဌေးကြီးချွန်း၏ မျက်နှာပေါ်၌ အသား ရောင် မျက်နှာ ဖုံးတစ်ခု တပ်ဆင်ထားကြောင်း တွေ့လိုက်ရ၏

ချိုင်းထောက်နှင့်လူသည် သူဌေးကြီးချွန်း၏ မျက်နှာ ပေါ်မှ အရေပြားကို ဆွဲ၍ခွာလိုက်သောအခါ ထင်ကြေ ထဲမှ မတွေ့ဖူးသော လူတစ်ယောက်၏ မျက်နှာ ပေါ် ထွက်လာ၏။

ထို့ကြောင့် ချိုင်းထောက်နှင့် လူဖုန်းစားသည် တော တစ်ချက်ကို ခပ်မြင်းမြင်းခေါက်လိုက်မိလေသည်မှာ ပါသေး။

အဆယ်၍သော လူသည် သူ လိုက်ပါလာခဲ့သော မြို လှည်းထွက်ခွာပြီးနောက် ကာအောင်အကြာ၌ နေ့ထ မြင်းလှည်းတစ်စီး ဘူကျောင်းရှေ့၌ရပ်ကာ ထိုမြင်းလှည် ပေါ်သို့ သူဌေးကြီးချွန်း ဝင်ရောက်သွားကြောင်း သိခဲ့ ဆိုလျှင်....



နှင်းဆီနက်သည် စားပွဲပေါ်မှ မှန်အိမ်ကို မီးစာမြှင့်ထား လိုက်၏။

ထို့ကြောင့် အလင်းရောင်ထ ပို၍လင်းလာ၏။

လူခသည် စာရွက်လိပ်ကို စားပွဲပေါ်၌ ဖြန့်လိုက်ပြီး စုတ်တံကို မင်တို့၍ သိမ်းငှက် ခုနစ်ကောင်ကို အစီအစဉ် အတိုင်း ရေးချလိုက်၏။

လူမသည် သိမ်းငှက်ခုနစ်ကောင်၏ အကြောင်းကိုကောင်း စွာ ကြားဖူးထား၏။

ထိုသိမ်းငှက်ခုနစ်ကောင်အနက် ရင်ဘတ်၌ ကျပ်ပြားဝိုင်း နှင့် အစည်းရောင်အမှတ်ရှိသော သိမ်းငှက်သည် သူမ၏ဘဝ နှင့် ပတ်သက်နေ၏။

ထို့ကြောင့် လူမသည် ဆယ်နှစ်လုံးလုံး ကြေးစားခေါ် သမားဘဝဖြင့် ထိုသိမ်းငှက်ကို ရှာဖွေနေခဲ့၏။

သို့သော် ထိုသိမ်းငှက်များသည် ဆယ်နှစ်လုံးလုံး မြေ ပေါ်မှ ရုတ်တရက်ပျောက်ကွယ်သွားသကဲ့သို့ သိုင်းလောကမှ ချုတ်ခြည်း ပျောက်ကွယ်သွားခဲ့၏။

လွန်ခဲ့သော သုံးလခန့်က သိုင်းလောက၌ သိမ်းငှက် ခုနစ်ကောင်၏သတင်းကို တစ်စွန်းတစ်စ ကြားခဲ့ရ၏။

ထိုသတင်းမှာ သိမ်းငှက်များသည် သုခတုံမြို့ဆီသို့ ဦးတည်၍ လျှောက်နေသည်ဆိုသော သတင်းပင်ဖြစ်၏။

ထို့ကြောင့် သုခတုံမြို့မှ လူတစ်ယောက်က လူမကို ငှားရမ်း လိုကြောင်း သူ၏ လျှို့ဝှက်အဆက်အသွယ်ထံမှ ကမ်းလှမ်း လာ၏။

ဤသို့ဖြင့် သူမသည် သုခဘုံမြို့သို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်သည် မဟုတ်ပါလား။

❀

သိမ်းငှက်များသည် မြေပေါ်မှ ရုတ်တရက် ပျောက်ကွယ်သွားသကဲ့သို့ မြေပေါ်သို့ ရုတ်တရက် ပြန်ပေါ်လာတတ်သော ငှက်ဖြစ်၏။

ထို့ကြောင့် သူမ၏ရည်မှန်းချက်သည် ပြီးပြည့်စုံတော့မည် ဖြစ်၏။

ယခုအချိန်မှစပင် သုခဘုံမြို့မှ သူဌေးကြီးချန်းသာ သိမ်းငှက်များကို သုတ်သင်ပေးရန် ငှားရမ်းခဲ့၏။

ဤသို့ဆိုလျှင် သူဌေးကြီးချန်းနှင့် သိမ်းငှက်တို့သည် မည်ကဲ့သို့ ဆက်စပ်နေသနည်း။

သူမက မစဉ်းစားပါ။

သူဌေးကြီးချန်းနှင့်သိမ်းငှက်တို့၏ဆက်နွယ်မှုကို စဉ်းစားရန်မှာ သူမ၏အလုပ်မဟုတ်ပါ။

သူမ၏အလုပ်က သိမ်းငှက်များကို သုတ်သင်ရန်ပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ သူဌေးကြီးချန်းသည် သူမ၏ ရည်မှန်းချက်ကို တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အပံ့ပေးခဲ့သည် မဟုတ်ပါလား။

❀



သိမ်းငှက် ခုနစ်ကောင် ရှိ၏။

ထိုသိမ်းငှက် ခုနစ်ကောင်သည် အချိန်တာ သိုင်းလောကတွင် လူသတ်ရန် ကြမ်းကြုတ်သည့် နာမည်ကျော်ကြီးခဲ့သော ခေါင်းပြတ်ခုနစ်ယောက် ဖြစ်၏။

ယခု သူမသည် ထိုခုနစ်ယောက်အနက် ငါးယောက်ကို သုတ်သင်ရမည် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သူဌေးကြီးချန်းက သိမ်းငှက် ငါးကောင်ကို သုတ်သင်ပေးရန် အလုပ်အပ်နှံခဲ့သည် မဟုတ်ပါလား။

သူဌေးကြီးချန်း၏ ကောင်းဆောင် သိမ်းငှက်တစ်ကောင်သည် သေဆုံးသွားပြီ ဖြစ်၏။

ဤသို့ဆိုလျှင် သိမ်းငှက် ခြောက်ကောင် ကျန်ရမည် ဖြစ်၏။

သို့သော် သူဌေးကြီးက သိမ်းငှက် ငါးကောင်ကိုသာ သုတ်သင်ရန် အလုပ်အပ်ခဲ့၏။

သူဌေးကြီးက အဘယ်ကြောင့် သိမ်းငှက်ခြောက်ကောင်စီ ကိုသာ သုတ်သင်ရန် အလုပ်အပ်ခဲ့သနည်း။

နှင်းဆီးဂုဏ်သည် တစ်ယောက်တည်း ပြုံးလိုက်၏။

သူဌေးကြီးက သိမ်းငှက် ခြောက်ကောင်ကို သုတ်သင်ရန် အလုပ်အပ်နှံခြင်း မရှိသော်ငြား၊ သူမအနေဖြင့် သိမ်းငှက် ခြောက်ကောင်ကို သုတ်သင်ရန် ဆုံးဖြတ်ထားပြီးပြီ မဟုတ်ပါလား။

ထို့ကြောင့် သူဌေးကြီးက သိမ်းငှက်ခုနစ်ကောင်ကို သုတ်သင်ပါဟု အလုပ်ခြင်း မအပ်ခြင်းသည် သူမ အတွက် ပြဿနာမဟုတ်တော့ပါ။

သူမက ကျေနပ်စွာပြုံးလိုက်ပြီး စာရွက်ကိုကြည့်လိုက်၏၊

စာရွက်ပေါ်၌ သိမ်းငှက်ခုနစ်ကောင်ကို အမှတ်စဉ်ဖြင့် ရေးထား၏၊

ထိုအမှတ်စဉ်အတိုင်း အောက်မှ လက်ရှိအနေအထားကိုရေး ထား၏၊

စာရွက်ပေါ်မှရေးသားထားချက်မှာ အောက်ပါအတိုင်း ဖြစ်သည် မဟုတ်ပါလား။

သိမ်းငှက်အမှတ်တစ် သေဆုံး။

သိမ်းငှက်အမှတ်နှစ် အဘိုးအိုပုံသဏ္ဌာန် ရုပ်ဖျက်ထား၍ မျှော်တိုင်တစ်ခုအကောင်နှင့် ရောက်လာ၏၊

သိမ်းငှက်အမှတ်စဉ်သုံး ချိုင်းထောက်နှင့် သူဖုန်းစား ပုံသဏ္ဌာန် ရုပ်ဖျက်ထား။

သိမ်းငှက်အမှတ်လေး မသိရသေး။

သိမ်းငှက်အမှတ်ငါး ရာဇဝတ်ကောင်အဖြစ် ရောက်လာ၍ အယုအယ စားသောက်ဆိုင်၌ တည်းခိုနေသည်။

သိမ်းငှက်အမှတ်ခြောက် သတင်းမကြားရ။

သိမ်းငှက်အမှတ်ခုနစ် သုခဘုံ သို့ လာနေကြောင်းသိရ၍ ရုပ်ဖျက်ပုံသဏ္ဌာန် မသိရသေး။

နှင်းဆီနက်မှာ စာရွက်ကို ထပ်ခါတလဲလဲ ဖတ်နေ၏၊



အတန်ကြာမှ သူမသည် ကျေနပ်စွာ ခေါင်းညိတ်ပြုံး လိုက်ပြီး.....

သိမ်းငှက်ခုနစ်ကောင်အနက်အရေးကြီးဆုံးနှင့်အန္တရာယ်အကြီး ဆုံး သိမ်းငှက်မှာ သိမ်းငှက်အမှတ်တစ်၊ အမှတ်လေးနှင့် သိမ်းငှက်အမှတ်ခြောက်တို့ ဖြစ်လိမ့်မည်ဟု သူမ ထင်လိုက်၏။

ထိုသို့ဆိုလျှင် သူဌေးကြီးချန်းသည် မည်သည့်အမှတ်စဉ်၌ ပါဝင်နေမည်နည်း။

သို့မဟုတ် သူသည် မည်သည့်အမှတ်စဉ်နှင့် ဆက်စပ်နေ မည်နည်း။

မည်သို့ပင်ဖြစ်ပါစေ မိမိအနေဖြင့် သူဌေးကြီးချန်းကို လည်း သတိထားရမည်ဖြစ်သည် မဟုတ်ပါလား။

❁

နှင်းဆီနက်သည် စာရွက်ကို မီးရှို့လိုက်၏။

ထို့နောက် အခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာ သည်။

သူမက နှင်းဆီနက်ကို ဦးညွတ်လိုက်ပြီး....

'သခင်မ....'

သူ၏ စကားဆုံးမှ နှင်းဆီနုတ်က မျက်လုံးပြူးပြူး
လိုက်သဖြင့်....

မိန်းကလေးသည် စကားကို ထပ်ပိုင်းတစ်ခုနှင့် ချိပ်ဆွဲ
လိုက်၏။

ပြီးမှ မိန်းကလေးက မြူးတာ....

'မမလေး အိပ်ဖို့သင့်ပြီ'

ဟု ပြောလိုက်၏။

နှင်းဆီနုတ်က ပြုံးတာ....

'ညည်းရဲ့ ဝါးစပ်ကို ကြည့်ပြီး ထိန်းထားသော အမှားတွေ ခံနိုင်ဘူး။
ဆင်ချေများ ဟာနဲ့ ဒုက္ခရောက်လိမ့်မယ်'

ဟု ပြောလိုက်၏

မိန်းကလေးက ဦးခေါင်းညိတ်လိုက်ပြီး....

'စိတ်ချပါ မမလေး၊ ဒါနဲ့ စကားမစပ်ဒီနေ့မြို့ထဲကို လူစိမ်း
တစ်ယောက် ဝင်လာတယ်'

ဟု ပြောလိုက်၏။

မိန်းကလေး၏ စကားကြောင့် နှင်းဆီနုတ်သည် စိတ်ဝင်
စားသွားပြီး....

'ဘယ်လိုပုံသဏ္ဌာန် ရှိသလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက မြူးတာ....

'ပိန်ပိန်ပါးပါးနဲ့ စာပေသမားတစ်ယောက်ပဲ'

နှင်းဆီနုတ်က မျက်မှောင်ကြုတ်တာ....

'ဒီလိုနေရာမျိုးနဲ့ စာပေသမားနဲ့ ဘာဆိုင်လဲ'



ဟု ပြောလိုက်၏။

မိန်းကလေးက မြူးတာ....

'သူက ဒေသန္တရ ဗဟုသုတ လိုက်ရှာနေတာလို့ ကြားခဲ့
ရတယ်'

နှင်းဆီနုတ်က မျက်မှောင်ကြုတ်ရင်း....

'သူက ဘယ်မှာတည်းလဲ'

မိန်းကလေးက တစ်ချက် စဉ်းစားလိုက်ပြီး....

'ရှမ်းလုံ့ဘညီး ခိုနန်းမှာပဲ'

ဟု ပြောလိုက်လေသတည်း ပေါ့တော်ပါသော။

နေ့တစ်နေ့၏ နေရောင်ခြည်နှင့်အတူ ထိတ်လန့်တုန်လှုပ်ဖွယ်
ကောင်းသော သတင်းတစ်ခုက သုဒဿနမြို့လေး၏ ထက်နံ
တစ်လျှား ပျံ့နှံ့သွားလေတော့၏။

ထိုသတင်းမှာ သူဌေးကြီးချုန်း၏ အိမ်ဂေဟာမှ လူ
တစ်ယောက် အသတ်ခံရသည့် သတင်းပင် ဖြစ်၏။

ထိုသတင်း ပေါ်ထွက်လာပြီးနောက်၊ နန်းရိပ်ဝိုင်းအတွင်း
မှာပင် အရှုပ်လေးပေမန်သားရှိသော လူတစ်ယောက်အသတ်
ခံရသဖြင့် သတင်းက ထင်မိပေါ်ထွက်လာပြန်၏။

ထိုသတင်း ပေါ်ထွက်လာပြီး နေ့ရက်ထပ် တစ်နေ့ရှိ၍ အကြားတွင် အရပ်ရှင်မပေးနိုင်သော လူတစ်ယောက်အသတ် ခံရသော သတင်းက ထပ်မံ၍ ပေါ်ထွက်လာ၏။

ထိုသတင်းများကြောင့် သုခတုံ၏ သာယာသော ဒေသမြေနှင့် ခင်းလေးသည် ပျက်စီးသွားရသော အခြေအနေ၏။

တစ်မနက်တည်း၌ လူသုံးယောက်အသတ်ခံရသော သတင်း သည် သုခတုံမြို့ကလေးကို ထိတ်လန့်ချောက်ချားစေတော့ သည် မဟုတ်ပါလော။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ တချို့က ထိုလူသတ် မှု၏လက်သည်မှာ နှင်းဆီနက်ဟု ဆိုကြ၏။

တချို့က အရိပ်မဲ့ခေါင်းသမားဟုဆိုကြ၏။

ဤသို့ဖြင့် ထိုလူသုံးယောက် အသတ်ခံရမှုအပေါ် အငြင်း ပွားခြင်းသည် သုခတုံ တစ်မြို့လုံး၏ စိတ်ဝင်စားဖွယ် အကောင်းဆုံး အငြင်းပွားမှုဖြစ်နေ၏။

လက်ဖက်ရည်ဆိုင်၌လည်း ထိုသတင်းသာ ပြောဆိုနေ ကြ၏။

စားသောက်ဆိုင်၌လည်း ထိုသတင်းသာ ပြောဆိုနေ ကြ၏။

အရက်ဆိုင်၌လည်း ထိုသတင်းသာ ပြောဆိုနေကြ၏။

ယုတ်စွအဆုံး ဇိမ်ခန်းများ၌ပင် ထိုအကြောင်းအရာကို ပြောဆိုနေကြသည် မဟုတ်ပါလား။



သို့သော် ထူးဆန်းသည်မှာ ထိုလူသေအလောင်းများ ပေါ်၌ စက္ကူဖြင့်ပြုလုပ်ထားသော နှင်းဆီနက်ကို မတွေ့ရ ခြင်းပင် ဖြစ်၏။

ဤသို့ဆိုလျှင် ထိုလူသုံးယောက်သည် နှင်းဆီနက်၏လက် ချက်ဖြင့် သေဆုံးခြင်းမဖြစ်နိုင်။

အဘယ်ကြောင့်ဆိုသော်....

နှင်းဆီနက်သည် လူသတ်ပြီးတိုင်း သေသူ၏ခန္ဓာကိုယ် ပေါ်၌ စက္ကူဖြင့်ပြုလုပ်ထားသော နှင်းဆီနက်ကို ချထား လေ့ရှိသောကြောင့်ဖြစ်၏။

ဤသို့ဆိုလျှင် ထိုလူသုံးယောက်သည် အရိပ်မဲ့ခေါင်းသမား ၏ လက်ချက်ဖြင့် သေဆုံးရခြင်းလော။

မဖြစ်နိုင်ပါ။

အဘယ်ကြောင့်ဆိုသော် သေဆုံးသူ၏ မျက်နှာပေါ်၌ မျက်နှာဖုံးထပ်ထားခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ထိုလူသုံးယောက်ကို မည်သူက သတ်ခဲ့ သနည်း။

သုခတုံ၌ တတိယမြောက် ကြောက်စရာခေါင်းသမား ရှိနေ ပြီလော။

ဤသို့ဆိုလျှင် သုခတုံ၌ ထိတ်လန့်ဖွယ်ကြောက်မက်ဖွယ် လူသတ်မှုများ ထပ်မံပေါ်ထွက်လာဦးမည်လော။

မည်သို့ပင်ဖြစ်ပါစေ တစ်နေ့တည်း၌ လူသတ်မှု သုံးမှု ဖြစ်ပေါ်ခြင်းသည် သုခဘုံမြို့ကသားတို့ ထိတ်လန့်ချောက်ချားစေသည် မဟုတ်ပါလား။

ပထမပိုင်း ပြီး၏။

(ဒုတိယပိုင်း ခေတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# နန္ဒကျော်သူ

## သုခဘုံမြို့တော်

(ဒုတိယပိုင်း၊ ခေတ်သိမ်း)

ရွှေမြင့်မိုရ်
အလှပြင် စာပေ

## အခန်း (၁)

ဒေါ်ကြီးဟွား၏ တိုဟူးဆိုင်သည် ယနေ့ ထူးခြားနေ၏။

ယခင်နေ့များက ယခုကဲ့သို့ နံနက်စောစောအချိန်၌ ဒေါ်ကြီးဟွား၏ တိုဟူးဆိုင်သည် ယခုကဲ့သို့ လူစည်ကားခြင်း မရှိပါ။

သို့သော် ယနေ့နံနက် ဆိုင်ဖွင့်ကတည်းက ဒေါ်ကြီးဟွားသည် လက်မလည်အောင် ရောင်းနေရ၏။

ပို၍ထူးခြားသည်မှာ ကျောင်းဖုန်းဖြစ်၏။

ကျောင်းဖုန်းသည် မည်သည့်အခါမျှ အိပ်ရာမှ စောစီးစွာ နိုးခြင်းမရှိပါ။

ထို့အပြင် ဒေါ်ကြီးဟွား၏ တို့ဟူးဆိုင်သို့လည်း ယနေ့ကဲ့သို့ နံနက်ပိုင်း၌ ရောက်လာခဲ့ခြင်းမရှိပါ။

ယခု ကျန်းဖုန်းသည် နေ့သစ်နေ့၏ ပထမဆုံး ရောင်နီဦးနှင့်အတူ အိပ်ယာမှနိုးနေ၏။

ထိုနေ့၌ သူသည် ဒေါ်ကြီးဟွား၏ တို့ဟူးဆိုင်သို့ စောစီးစွာ ရောက်ရှိလာ၏။

သို့သော် ဒေါ်ကြီးဟွား၏ တို့ဟူးဆိုင်သို့ ကျန်းဖုန်း ရောက်ရှိခဲ့သောအခါ ဒေါ်ကြီးဟွား၏ တို့ဟူးဆိုင်ထဲ၌ နေရာလွတ် မရှိအောင်ပင် လူပြည့်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် သူ၏ မျက်ခုံးမွှေးသည် နဖူးပေါ်သို့ မြင့်တက်သွားပြီး....

'ထူးဆန်းတယ်'

ဟု ရေရွတ်လိုက်မိလေသည် ဖြစ်ပါသော်။

❖

ဆိုင်ထဲမှ လူနှစ်ယောက်ထွက်ခွာသွားသောအခါ ဆိုင်ဝ၌ စောင့်နေသော ကျန်းဖုန်းသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး လွတ်သွားသောစားပွဲ၌ ဝင်ထိုင်လိုက်၏။



ထိုစဉ် သူ၏စားပွဲရှေ့သို့ လူတစ်ယောက် ရပ်လာ၏။

ထိုလူက ကျန်းဖုန်းကို ယဉ်ကျေးစွာ ပြုံးပြလိုက်ရင်း....

'မိတ်ဆွေရဲ့ခုံမှာပဲ ကျုပ်ကို ထိုင်ခွင့်ပြုပါ'

ဟု ပြောလာ၍ ကျန်းဖုန်း၏အဖြေကိုမစောင့်ဘဲ စားပွဲ၌ ဝင်ထိုင်လိုက်၏။

ကျန်းဖုန်းက ဘာမျှပြန်မပြောပါ။

သူသည် ထိုလူကို မျက်လုံးလှန်၍ တစ်ချက်ကြည့်လိုက်သည်။

ထိုလူ၏ ခေါင်းပုံစားပုံကိုကြည့်ရုံမျှနှင့် ထိုလူသည်စာပေပညာရှင် တစ်ယောက်ဖြစ်ကြောင်း သိနိုင်၏။

ထိုလူက မိမိသည် စာပေပညာရှင် တစ်ယောက် ဖြစ်ကြောင်းပြ၍ သိသာစေရန် လက်ထဲ၌ ယပ်တောင်တစ်ချောင်း ကိုင်ထား၏။

တခြားလက် တစ်ဖက်က စာအုပ်တစ်အုပ်ကို ကိုင်ထားသည်။

ထိုအချိန်တွင် ချင်းချင်းက သူတို့စားပွဲသို့ ရောက်ရှိလာပြီ....

ကျန်းဖုန်းကို ပြုံးပြကာ....

'ပဲနို့ရည်ပဲ လား'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ဦးခေါင်းညိတ်ပြလိုက်၏။

စာပေသမားက ချင်းချင်းကို ပြုံးပြကာ....

'ကျုပ်အတွက်လည်း ပဲနို့ရည်ပဲ ယူခဲ့ပေးပါ'

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်၍ ထွက်သွား၏။

စာပေသမားက ကျွန်ုပ်ကို ပြုံးပြုံး ပြကာ....

'ကောင်း... ဒီနေရာလေးဟာ သုခဘုံ ဆိုတဲ့အတိုင်း စိတ်ချမ်းမြေ့ရာပဲ'

ဟု ပြောလိုက်၏။

ကျွန်ုပ်က ပြုံးကာ....

'မှန်ပါတယ်၊ လောကကြီးပေါ်မှာ ဓားပြတွေ သေ ကင်းရင် ဘယ်နေရာဆို စိတ်ချမ်းမြေ့ရ ... မှာပါ'

ဟု ပြောလိုက်၏။

ကျွန်ုပ်၏စကားကြောင့် စာပေသမားက မျက်ခုံးပင့်ကာ....

'ဒီနေရာမှာ ဓားပြတွေ ရှိလို့လား'

ဟု မေးလိုက်၏။

ကျွန်ုပ်က ပြုံးလိုက်ပြီး....

'တကယ်လို့ ဓားပြတွေက ကျုပ်တို့ဓားပြပါလို့ သူတို့ရဲ့ နဖူးမှာ စာရေးထားရင်တော့ ဒီနေရာမှာ ဓားပြတွေ ရှိတယ်ဆိုတာ လူတိုင်းသိမှာပဲ'

ဟု ပြောလိုက်၏။

စာပေသမားက ရယ်မောလိုက်ပြီး....

'ဓားပြတွေက ရုပ်ဖျက်ထားလို့လား'

ကျွန်ုပ်က ပြုံး၍....



'ဓားပြတွေသာမကပါဘူး၊ လူသတ်သမားတွေအထိ ရုပ်ဖျက်ထားကြတယ်'

ဟု ပြောလိုက်၏။

စာပေသမားက ရယ်မောလိုက်ပြီး....

'မိတ်ဆွေက အတော် ရယ်စရာပြောတတ်တာပဲ'

ဟု ပြောလိုက်၏။

ကျွန်ုပ်က ပြုံးကာ....

'တစ်နေ့ကညက လူသုံးယောက် အသတ်ခံလိုက်ရတာ ရယ်စရာတော့ မကောင်းလိမ့်မယ် မထင်ဘူး'

ဟု ပြောလိုက်၏။

စာပေသမားက မျက်လုံးပြူးသွားပြီး....

'ဗျာ.... ဟုတ်လား၊ ဘယ်တုန်းကလဲ'

ကျွန်ုပ်က ပခုံးတွန့်ကာ....

'ညတုန်းက....'

စာပေသမားက ကျွန်ုပ်ကို မျက်လုံးပြူးကြည့်ရင်း....

'ဘယ်သူက သတ်သွားတာလဲ'

ကျွန်ုပ်က ဦးခေါင်းခါယမ်းကာ....

'အခုထိတော့ ဒီလူတွေကို ကျုပ်သတ်တာပါဆိုပြီး အိမ်ခေါင်မိုးပေါ်တက်ပြီး အော်တဲ့လူ မရှိသေးဘူး၊ ခင်ဗျား အိမ်ခေါင်မိုးပေါ်တက်ပြီး အော်မလား၊ ကျုပ် လှေကား ရှာပေးမယ်'

ဟု ပြောလိုက်၏။

စာပေသမားက ရယ်မောရင်း လက်ကာပြကာ....

'မလုပ်ပါနဲ့၊ ကျုပ်က ဓားဆိုရင် ကြောက်လွန်းလို့ပါ ...
ထောင် မဖြစ်အောင် ကိုင်တတ်တာမဟုတ်ဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဟုတ်ကဲ့ သုံးယောက်ဟာ ဓားခုတ်ခံရပြီး သေဆုံး...
ကျုပ်က ပြောမိလို့လား'

ဟု ပြန်မေးလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် စားပွဲထိုးသည် ကြ...
အံ့အားသင့်ဖြစ်သွားပြီး ကျန်းဖုန်းကိုမျက်လုံးပြူးကြည့်က...

'ဗျာ... လူသတ်တာ ဓားနဲ့ ခုတ်လို့ ဘာနဲ့ခုတ်တာ...

ဟု ပြန်မေးလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဓားနဲ့ မခုတ်တဲ့ လူသတ်လို့တော့နည်းတော့ အများကြီး
ရှိတယ်၊ ဥပမာဗျာ ....လက်ဝါးချောင်းနဲ့ ကုတ်ဆွဲမျိုး...

ဟု ပြောလိုက်၏။

ထိုအခါမှ ကျန်းဖုန်းသည် စားပွဲသမား၏ မျက်နှာ...
ဂရုစိုက်ကြည့်လိုက်၏။

သို့သော် စားပွဲသမား၏ မျက်နှာပေါ်၌ အံ့ဩ...
အသွင်မှလွဲ၍ မည်သည့်အမူအရာမျှ မတွေ့ရပါ။

စားပွဲသမားက ကျန်းဖုန်းထံမှ ထူးဆန်းသော...
ကြားရတာနဲ့ဖြင့် ကျန်းဖုန်းကို အံ့အားသင့်ကြည့်ကာ....

'ဗျာ... အဲဒီလိုမျိုးရှိလို့လား'

ဟု ပြန်မေးလိုက်၏။



ကျန်းဖုန်းက မျက်စောင်းထိုးစားပွဲ၌ ထိုင်၍ ပဲနို့ရည်
သောက်နေသော အဘိုးအိုကို တစ်ချက် လှမ်းကြည့်လိုက်၏။

အဘိုးအို၏ ပခုံးပေါ်၌ မျောက်သားမကောင်ရှိပြီး မျောက်
က ငှက်ပျောသီးကို အခွံနွှာစားနေ၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ထူးဆန်းတာတွေကတော့ အများကြီးပဲ၊ ဥပမာ မျောက်
ကုတ်ရင်လဲ လူသေနိုင်တာပဲ'

ဟု ထိုစားပွဲမှ အဘိုးအိုကြားအောင် ပြောလိုက်၏။

သို့သော် အဘိုးအိုက ကျန်းဖုန်းကို လှည့်၍ပင် မကြည့်
ချေ။

စားပွဲသမားက မျက်လုံးပြူးကာ....

'မျောက်ကုတ်ရင်ရော လူသေတယ် ဟုတ်လား'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ပြုံး၍ ခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ ပြီးတော့ တစ်ခါတစ်ရံမှာ မသန်စွမ်းတဲ့
ဒုက္ခိတလေးတောင် လူကိုသတ်နိုင်တာပဲ'

ဟု ပြောရင်း မျက်စောင်းထိုးစားပွဲမှ ချိုင်းထောက်နှင့်
ဒုက္ခိတကို လှမ်းကြည့်၍ ပြောလိုက်၏။

ချိုင်းထောက်နှင့်လူက ကျန်းဖုန်းကို လှည့်၍မကြည့်ပါ။
သူသည် သူ၏ ပဲနို့ရည်ကိုသာ သောက်နေ၏။

ထိုစဉ် ချင်းချင်းက ကျန်းဖုန်းနှင့် စားပွဲသမားအတွက်
ပဲနို့ရည်ကို လာရောက်ချပေးလိုက်၏။

ကျန်းဖုန်းက ဆိုင်ထဲ မျက်လုံးဝေ့ကာ ဝေ့ကြည့်ကာ...

'ဒေါ်ကြီးဟွားရော...'

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး...

'မေမေ အခန်းထဲဝင်သွားတယ်၊ ဘာလုပ်မလို့လဲ'

ဟု မေးလိုက်၏။

ကျွန်းဖုန်းကပြုံး၍ ဦးခေါင်းခါယမ်းပြကာ...

'ဘာမှမလုပ်ပါဘူး၊ ဒီနေ့ ဒေါ်ကြီးဟွားရဲ့ ပဲနို့ရည်သာ ပိုကောင်းနေသလားလို့ပါ'

ဟု ပြောလိုက်လေသော်လည်း မဟုတ်ပါသေး။

❖

နံရံပေါ်၌ လက်ညှိုးလုံးခန့် အပေါက်တစ်ပေါက်ရှိ၏။

ထိုအပေါက်မှ ချောင်းကြည့်လျှင် ဆိုင်တစ်ဆိုင်လုံးကို မြင်ရ၏။

ထိုအပေါက်သို့ ဒေါ်ကြီးဟွားက စာခင်ကာတည်း ဖေဖော်ထားပြီး ထိုအပေါက်ပေါ်၌ ရွက်စုတ် ပြက္ခဒိန်ကို ချိတ်၍ ပိတ်ထား၏။



ယခု ဒေါ်ကြီးဟွားသည် ထိုအပေါက်မှ ချောင်းကြည့်နေ၏။

သူမသည် သူ့ဆိုင်ထဲမှ စားသောက်နေသူများကို ကြည့်လျှင် သူမကို မည်သူမှ အပြစ်တင်မည်မဟုတ်ပါ။

သို့သော် ယခု သူမသည် အခန်းထဲမှနေ၍ ချောင်းကြည့်ပေါက်မှ ချောင်းကြည့်နေ၏။

အတန်ကြာမှ သူမသည် ချောင်းကြည့်ပေါက်မှ မျက်နှာခွာလိုက်ပြီး ရွက်စုတ်ပြက္ခဒိန်ကို နေသားတကျ ပြန်ထားလိုက်၏။

ပြီးမှ သူမသည် ပေဒင်ဆရာဘက်သို့ လှည့်ကြည့်ကာ...

'ရှင်နဲ့ လမ်းမှာတွေ့တယ်ဆိုတာ အဲဒီချာတိတ်လား'

ဟု မေးလိုက်၏။

ပေဒင်ဆရာက စားပွဲ၌ထိုင်၍ ပဲနို့ရည် သောက်ရင်း ဦးခေါင်းညိတ်ပြလိုက်၏။

ဒေါ်ကြီးဟွားက ပြုံးကာ....

'သူ့နာမည်က ကျွန်းဖုန်းတဲ့၊ နေရာတကာမှာ ဟိုစပ်စပ် ဒီစပ်စပ် ဝင်ဝင်ပါတတ်တယ်'

ဟု ပြောလိုက်၏။

ပေဒင်ဆရာက သက်ပြင်းချလိုက်ပြီး ဒေါ်ကြီးဟွားကို လှည့်ကြည့်ကာ....

'သူက ဒီဇာတိသား'

ဒေါ်ကြီးဟွားက ဦးခေါင်းခါယမ်းပြကာ...

'မဟုတ်ဘူး၊ သူ ဒီကိုရောက်လာတာ လပိုင်းပဲ ရှိဦးမယ်၊ ဘယ်နှစ်ရက်လဲတော့ မမှတ်မိဘူး'

ပေဒင်ဆရာက မျက်မှောင်ကြုတ်ရင်း....

'သူက ကျုပ်ကို ပေဒင်ဆရာနဲ့မတွေ့ဘူး၊ သိမ်းငှက်တောင်နဲ့တွေ့တယ်လို့ ပြောခဲ့တယ်'

ဒေါ်ကြီးဟွားက ပြုံးလိုက်ပြီး....

'သူက ဒီလို နေ့တစ်နေ့ကျော်ပြောင်းပြောင်းနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စားထဲကပဲ'

ပေဒင်ဆရာက မျက်မှောင်ကြုတ် လိုက်ပြီး....

'မဟုတ်ဘူး၊ သူ့ရဲ့မျက်လုံးတွေက ထူးခြားနေတယ်၊ သူ့ရဲ့ မျက်လုံးတွေက လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ထဲကို ထိုးဖောက်ပြီး မြင်နိုင်စွမ်း ရှိနေသလိုပဲ'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားက ပြုံးလျက်....

'ရှင်က သိပ်ပြီး စိုးရိမ်နေလို့ပါ'

ဟု ပြောလိုက်၏။

ပြီးမှ....

'ကဲ...ကျွန်မ အပြင်ထွက်လိုက်ဦးမယ်'

ဟု ပြောလိုက်၏။

ပေဒင်ဆရာက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး....

'ဘာပဲပြုပြု အမှတ်နှစ်နဲ့သုံးကို ပြောလိုက်၊ အဲဒီ ဗျာတိတ်ကို ဂရုစိုက်ပါလို့'

ဟု ပြောလိုက်ချင်လေတော့သည် မဟုတ်ပါလား။



အခန်းထဲမှ ဒေါ်ကြီးဟွား ပြန်ထွက်လာချိန်၌ တို့ဟူး ဆိုင်ထဲသို့ မိန်းကလေးနှစ်ယောက် ဝင်လာ၏။

ထိုမိန်းကလေးနှစ်ယောက်သည် သာမန်အရပ်သူ အရပ်သားကဲ့သို့ ဝတ်ဆင်ထား၏။

သို့သော် ထိုမိန်းကလေးနှစ်ယောက်အနက် တစ်ယောက်သည် ထူးခြား၍ နေ၏။

ထိုမိန်းကလေးသည် နှင်းဆီပန်းပွင့်ဖြစ်သည် မဟုတ်ပါလား။

သူမသည် ကျွန်းဖုန်းနှင့် စားပွဲသားတို့ နှစ်ယောက် ထိုင်နေသော စားပွဲနှင့် လွှမ်းမကမ်း၌ ဝင်ရောက် ထိုင်လိုက်၏။

ထိုနောက် သူတို့သည် တို့ဟူးနှင့်ပဲနို့ရည်ကို မှာကြား လိုက်၏။

ဒေါ်ကြီးဟွားက ထိုမိန်းကလေး နှစ်ယောက်ထံသို့ မှာ ကြားထားသော ပဲနို့ရည်နှင့်တို့ဟူးတို့ကို ချပေးပြီး ပြန်အထွက်၌ အဘိုးအို၏ စားပွဲအနီးမှ ဖြတ်သွား၏။

ထိုစဉ် သူ၏ လက်ထဲမှ စာရွက်အပိုင်းအစလေး တစ် ခုသည် အဘိုးအို၏ စားပွဲပေါ်သို့ ကျသွား၏။

အဘိုးအိုက ထိုစာရွက်ကို မသိသလို ယူထားလိုက်၏။

ထိုအချိန်တွင် ချင်းလေးမှ ဒုက္ခိတက ဒေါ်ကြီး ဟွားကို လှမ်းခေါ်လိုက်ပြီး....

'ဆိုင်ရှင်ကျုပ်မှာ ပိုက်ဆံတစ်ပြားမှမပါဘူး၊ စားပြီးသောအခါလို့ ပြီးသွားပြီ ကျုပ်ကို ခိုင်းချင်ခိုင်းပါ'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားက သက်ပြင်းချလိုက်၏။

ထို့နောက် စာပေသမားကပြုံး၍ နေရာမှထကာ ဒေါ်ကြီးဟွားထံသို့ လျှောက်သွားပြီး ဒေါ်ကြီးဟွား၏ ဦးညွှတ်၍ ဂါရဝပြုလိုက်၏။

ပြီးမှ...

'ဆိုင်ရှင် ကျုပ်ကုသိုလ် သူပါရစေ၊ သူ့အဘွားကြီးကုန်ကျစရိတ်ကို ကျုပ်ပေးပါမယ်'

ဟု ပြောလိုက်ပြီး၊ ဒေါ်ကြီးဟွားကို ငွေလွှဲလက်မှတ် တစ်ရွက် လှမ်းပေးလိုက်၏။

ဒေါ်ကြီးဟွားက ငွေလွှဲလက်မှတ်ကို လှမ်းယူလိုက်ချိန်၌ ငွေလွှဲလက်မှတ်နှင့်အတူ စာရွက်တစ်ရွက် ပါသွား၏။

ဒေါ်ကြီးဟွားက စာပေသမားကို ပြုံးပြလိုက်ပြီး...

'ကောင်းပါတယ်၊ ကျွန်မကသူ့ကို မခိုင်းရတော့ဘူးပေါ့'

ဟု ပြောကာ ထွက်သွားလေတော့၏။

ချိုင်းထောက်နှင့် ဒုက္ခိတက ဦးခေါင်းညွှတ်၍ ဂါရဝ ပြုကာ...

'ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

ဟု ပြောကာ ဆိုင်ထဲမှ ထွက်သွားလေတော့၏။

ထို့နောက် ဒေါ်ကြီးဟွားက စားပွဲပေါ်၌ ကျန်ရစ်ခဲ့သော သံပရာခွ ဦးထုပ်ကို ကောက်ယူလိုက်ပြီး...

'ဒီမှာ ရှင့်ဦးထုပ် ယူသွားဦး'

ဟု လှမ်းပေးလိုက်၏။



ချိုင်းထောက်နှင့် ဒုက္ခိတက ပြုံး၍ ဦးခေါင်းညိတ်ကာ...

'တယ်မေ့တာပဲ'

ဟု တစ်ယောက်တည်းပြောရင်း ဒေါ်ကြီးဟွား၏ လက်ထဲမှ ဦးထုပ်ကို လှမ်းယူလိုက်၏။

ဦးထုပ်၏အောက်မှ စာရွက်ပိုင်းတစ်ခု ပါသွားသည်ကို မည်သူမျှ မတွေ့လိုက်ပေ။

ဒေါ်ကြီးဟွားက ဦးခေါင်း ခါယမ်းလိုက်ပြီး...

'လူက ဒီလိုပဲ ဒီမှာလာတာ၊ ပြီး ဘယ်တော့မှ ပိုက်ဆံပေးပါဘူး'

ဟု ပြောကာ ရယ်သွားလေတော့၏။

ကျန်းဖုန်းသည် နားညည်းစ ပြုလာပြီဖြစ်၏။

စာပေသမားသည် ကျန်းဖုန်းထံ ပို၍စကားပြောနိုင်သူ ဖြစ်၏။

သူသည် အားပေါင်အားရင်း၊ ဆန်နီသန်ဖြင့် စာအကြောင်း ပေအကြောင်း၊ ပြောနေ၏။

အတန်ကြာမှ သူက ကျန်းဖုန်းကို ပြုံးပြလိုက်ပြီး....

'ဈေးပြောလို့လဲကောင်းသားပဲ၊ ဈေးလျှော့လဲ အဆင်ပြေတယ်ကဲ...ကျွန်တော် ယူသွားမယ်'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်၏။

ထိုစဉ် ဒေါ်ကြီးဟွားက လက်ဖြန့်ပြကာ....

'ဆရာကြီး ပိုက်ဆံ ငွေ ယူသွားဦးလေ'

ဟု ပြောကာ ငွေအကြွေချို့ကို စာပေသမား၏ လက်ထဲသို့ ထည့်ပေးလိုက်၏။

ထိုငွေအကြွေချို့နှင့်အတူ စာရွက် ပိုင်းအခလေးတစ်ခုသည် စာပေသမား၏ လက်ထဲသို့ ရောက်ရှိသွားလေတော့သည် မဟုတ်ပါလား။

၄။

ကျန်းဖုန်းသည် ဆိုင်ထဲမှထွက်ခွာသွားသော စာပေသမားကို ကြည့်နေ၏။

အတန်ကြာမှ သူသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

'ထူးဆန်းတယ်'

ဟု ရေရွတ်လိုက်၏။



ထိုစဉ် လူ၏အနီးသို့ ချင်းချင်း ရောက်လာပြီး ကျန်းဖုန်း၏ ရှေ့မှ ပန်းအိုးကို ကြည့်ကာ....

'ဟင်....အစ်ကို ဘာလို့မသောက်ရသေးတာလဲ၊ အေးကုန်ပြီ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကြည့်...ဘာမှမဟုတ်ပါဘူး၊ ပဲနို့ရည် အေးတဲ့အခါ ဘယ်ပိုအရသာရှိမလဲဆိုပြီး မသောက်သေးတာပေါ့'

ဟု ပြောလိုက်၏။

ပြီးမှ ကျန်းဖုန်းက ချင်းချင်းကိုကြည့်ကာ....

'ညီမ သူ့ကိုသိလား'

ဟု မေးလိုက်၏။

ကျန်းဖုန်း၏ စကားကို ချင်းချင်းက နားမလည်ဟန်ဖြင့်....

'ဘယ်သူ့ကိုလဲ'

ဟု မေးလိုက်၏။

ကျန်းဖုန်းက....

'ချိုင်းထောက်နဲ့ ဒုက္ခိတလေ'

ဟု ပြောလိုက်၏။

ချင်းချင်းက မျက်ခုံးတွန့်ကာ....

'ဘာဖြစ်လို့လဲ'

ဟု ပြန်မေးလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'သူက မကြာခင်က ဒီဆိုင်ကို လာပြီ၊ ပိုက်ဆံ မပါလို့ အလကားသောက်တယ်လို့ ပြောသံကြားလို့ပါ'

ဟု ပြောလိုက်၏။

ချင်းချင်းက ရယ်မောလိုက်ပြီး....

'အစ်ကိုက သူ့အတွက်စိုက်ပြီး ရှင်းပေးမလို့လား'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ပြုံးကာ....

'မရှိတဲ့လူကို ကျွေးရတာ ကုသိုလ်ရပါတယ်'

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးကာ....

'ဒီလူက ဒီကိုနှစ်ခါပဲ လာဖူးတယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်ခုံးပင့်တင်လိုက်ပြီး....

'နှစ်ခါပဲ လာဖူးတယ် ဟုတ်လား'

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

'ပထမအခေါက်က ဆိုင်ပိတ်ခါနေပြီ၊ အခုတစ်ခေါက်က ဆိုင်တောင် မဖွင့်သေးဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ထူးဆန်းတယ်'

ဟု ပြောလိုက်၏။



ချင်းချင်းက ကျန်းဖုန်း၏ စကားကို နားမလည်ဟန်ဖြင့်....

'ဘာထူးဆန်းတာလဲ'

ဟု မေးလိုက်၏။

ကျန်းဖုန်းက ပြုံးကာ....

'ဘာမှ မဟုတ်ပါဘူး။ ဒါနဲ့ ဟိုမျောက်အဘိုးကြီးရော'

ဟု မေးလိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

'ဘယ်မျောက်အဘိုးကြီးလဲ'

ကျန်းဖုန်းက....

'ဟိုလေ... ပခုံးပေါ်မှာ မျောက်တစ်ကောင် အမြဲတမ်း တင်ထားတဲ့ အဘိုးကြီးလေ'

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

'ဪ....ဘကြီးဝေကို ပြောတာထင်တယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'ဘကြီးဝေ ဟုတ်လား'

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

'စင်တို့နယ်က မေမေ့ရဲ့အသိလို့ ပြောတယ်'

ကျန်းဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ဪ....ဒေါ်ကြီးဟွားဘော မျှော်ပြီး ဆန်းခဲ့တာပေါ့
တဲ့ လူနဲ့လိုသိတာကိုး'

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

'မဟုတ်ဘူး၊ မေမေ့အမေပြောတယ် အရင်အခါ ဘကြီးခေါ
တာ လူချမ်းသာတဲ့၊ အခုမှ ဘယ်လိုဖြစ်ပြီး လမ်းဘေးမှာ
မျှော်တဲ့တစ်ယောက်နဲ့ ဆောင်းနေရသလဲ မသိဘူးတဲ့'

ကျွန်ုပ်ဖုန်းက ပြုံးလိုက်ပြီး....

'အင်း...ဖြစ်နိုင်ပါတယ်၊ သုခဘုံ ရောက်တဲ့အချိန်မှာ စပြီး
တော့ ဒီလိုဘဝမျိုးရောက်သွား ဖြစ်မှာပေါ့'

ဟု ပြောလိုက်၏။

ချင်းချင်းက ရယ်မောလိုက်ပြီး....

'အစ်ကိုက ရယ်စရာသိပ်ပြောတာပဲ'

ဟု ပြောလိုက်၏။

ကျွန်ုပ်ဖုန်းက ချင်းချင်းနှင့်အတူလိုက်၍ ရယ်မောလိုက်
ရင်း....

'တချို့ကျတော့ ဒီရောက်မှ ပေါင်သရာ ဖြစ်သွားတာ
ရှိသေးတယ်၊ ဒါပေမယ့် ခက်တာက ပေါင်သရာဘာ
ဒီနားမှာတင် ပျော်သွားတယ်'

ဟု ပြောလိုက်၏။

ကျွန်ုပ်ဖုန်း၏ စကားကြောင့် မလှမ်းမကမ်း၌ ထိုင်ခဲ့
သော မိန်းမလေး နှစ်ယောက်အနက် မိန်းမလေး တစ်
ယောက်၏ မျက်လုံးများသည် ဝင်းလက်၍သွား၏။



ချင်းချင်းက ပြုံးလိုက်ပြီး....

'ဘာလဲ...အစ်ကိုက ပေါင်တွေချင်လို့လား'

ကျွန်ုပ်ဖုန်းက ပြုံးလိုက်ပြီး....

'မဟုတ်ပါဘူး၊ အစ်ကိုက ပေါင်သရာတို့ပြန်ပြီး ပေါင်
တွေပေးချင်လို့ပါ'

ချင်းချင်းက ကျွန်ုပ်ဖုန်း၏လက်ခေါင်းကိုလှမ်း၍ဆုပ်လိုက်
ပြီး....

'မဟုတ်တာ ဟုတ်တာ ပြောတော့မယ်'

ဟု ပြောလိုက်၏။

ထိုစဉ် ဒေါ်ကြီးဟွားဘော သူတို့၏အနီးသို့ ရောက်လာ
ပြီး....

'ချင်းချင်း...ပန်းကန်တွေ သွားဆေးဦး၊ တော်တော်
ကြာ လူလာရင် သည့်စရာပန်းကန်မရှိဘဲ ဖြစ်နေလိမ့်မယ်'
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ဒေါ်ကြီးဟွား၏ဆိုင်ကလေးသည် တဖြည်းဖြည်းနှင့် လူ
ရှင်းသွား၏။

ရေးသောက်သို့ နှစ်ဦးသုံးဦးခန့်သာ ရှိတော့၏။

သားမန် အရပ်သူ အချပ်သားကဲ့သို့ ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်သည် စားပွဲတသို့လာပြီး ကျွန်ုပ်၏ အနီးမှဖြတ်ကာ ဆိုင်ထဲမှ ထွက်သွားလေတော့၏။

ကျွန်ုပ်သည် ထိုမိန်းကလေးနှစ်ယောက်ကို ငေးကြည့်နေ၏။

ပြီးမှ သူသည် သူ၏ပဲနို့ရည်ကို သောက်ရန် ပန်းကန်ကိုင်လိုက်၏။

ထိုသို့ ပန်းကန်ကိုကိုင်လိုက်သည်နှင့် သူ၏ မျက်လုံးများသည် ပြူးကျယ်၍သွားလေတော့၏။

အဘယ်ကြောင့် ဆိုသော် သူ၏ ပဲနို့ရည်ပန်းကန်ထဲ၌ စက္ကူလိပ်တင်လိပ် ကျနေသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

ကျွန်ုပ်သည် မျက်လုံးပြူးသော ဆိုင်ထဲ၌ လှည့်ပတ်ကြည့်လိုက်၏။

ဆိုင်ထဲ၌ လူရှင်းနေ၏။



ချင်းချင်းက ဝန်းကာနီးသားနေ၏။

ဝေါကြီးဟွားက စားပွဲများကို လိုက်၍သုတ်နေ၏။

ကျွန်ုပ်သည် သတိပြုချလိုက်ပြီး စက္ကူလိပ်ကို ဖြန့်၍ ဖတ်လိုက်၏။

'ဓားသွားမျှားနဲ့ စကားများရင် သေတတ်တယ်'

ဟု ရေးထား၏။

ကျွန်ုပ်က သဘောကျစွာ ပြုံးလိုက်ပြီး...

'ကျုပ်က မသေချင်သေးဘူး'

ဟု တစ်ယောက်တည်း ပြောလိုက်သေးတော့သည်မဟုတ်ပါလား။

သုခတုံမြို့၏လမ်းသည် ယနေ့ လူအနည်းငယ်ရှင်းနေ၏။

ယနေ့နေ့လယ်ပိုင်းကပေါ်ထွက်လာသော လူသတ်မှုသတင်းကြောင့် လမ်းပေါ်၌ လူသွားလူလာ ကျဲနေခြင်း ဖြစ်၏။

ကျွန်ုပ်သည် လမ်းမအတိုင်း လျှောက်လာရင်း ချိုင်းထောက်နှင့် ဒုက္ခိတကို ရှာဖွေကြည့်နေမိ၏။

သို့သော် ချိုင်းထောက်နှင့် ဒုက္ခိတကို မတွေ့ရပါ။

ထို့ကြောင့် သူသည် မျောက်တစ်ကောင်နှင့် အတိုးအိုကို ရှာဖွေကြည့်နေ၏။

မျောက်တစ်ကောင်နှင့် အတိုးအိုကိုလည်း မတွေ့ရပါ။

ထို့ပြင် သူသည် စာပေသမားကို ရှာဖွေကြည့်ပြန်၏။

စာပေသမားကလည်း ဒေါ်ကြီးဟူး၏ တိုဟူးဆိုင်မှ ထွက်သွားပြီးနောက် ပျောက်ခြင်းမလှ ပျောက်နေပြန်၏။

ထို့ကြောင့် ကျန်းဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး တယောက်တည်း သောက်ဆိုင်သို့ ထွက်လာခဲ့သလေ ဆိုတာ သူ မတွက်ပါလေ။

ဆိုင်ထိုင်လူကြီး၏မျက်မှောင်ကြုတ်ထားသော သေးတိုနှင့် မျက်ခုံးမွေးသည် ကျန်းဖုန်း၏ လက်ထဲမှ ငွေလွှဲအက်မှ များကို မြင်တွေ့သောအခါ ပြေလျော့သွား၏။

တင်းနေသော မျက်နှာထားကလည်း အကြောများ လျော့ကာ ပြုံးချိုလာ၏။

'သူဌေးက မရှိခဏဆိုတာ ကျုပ်က သိပါတယ်ဗျ'

ဟု ပြောလိုက်၏။



ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်က ဟိုနေ့ကတည်းက ပေးလိုက်ပါ၊ ဒါပေမယ့် ခင်ဗျားက အလုပ်ရှုပ်နေလို့ မပေးဖြစ်ဘူးပေါ့'

ဟု ပြောလိုက်၏။

ဆိုင်ထိုင်က လက်ကာပြလိုက်ပြီး...

'သူဌေးကို ယုံပါတယ်၊ ဘယ်နှစ်ရက်ပဲ နေနေ မတွေ့ပါဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ခင်ဗျားရဲ့ဆိုင်မှာ အခန်းကောင်းကောင်း ရှိတယ်လို့ ပြောသံကြားတယ်'

ဟု ပြောလိုက်၏။

ဆိုင်ထိုင်က ဦးခေါင်းညိတ်ကာ....

'ရှိပါတယ်'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'အပေါ်ထပ်ခေါင်းရင်းဘက်က နေထောင့်ခန်းလေးက အကောင်းဆုံးဆို ဟုတ်လား'

ဟု ဆင်၍မေးလိုက်၏။

ဆိုင်ထိုင်က ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်၊ ဒီနေရာမှာ အဲဒီအခန်းထက် ကောင်းတဲ့ အခန်းမျိုး ဘယ်နေရာမှာမှ မရှိပါဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်လိုချင်တယ်'

ဟု ပြောလိုက်၏။

ကျန်ဖုန်း၏ စကားကြောင့် ဆိုင်ထိုင်သာ မျက်လုံးပြူး သွားပြီး…

'သူဌေးက ရယ်စရာပြောတတ်သားပဲ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး….

'ကျုပ် တကယ်ပြောတာပေါ့'

ဆိုင်ထိုင်က ပြုံးကာ….

'ဒီအခန်းက ဘယ်သူ့ကိုမှ မငှားပါဘူး၊ အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေလာတဲ့အခါမှာ အသုံးပြုဖို့ ထားတာပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး….

'ဪ…ဟိုရဘာနန်ကုန်သည်ဘ အရေးကြီးတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူးလား'

ဟု မေးလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် ဆိုင်ထိုင်သည် မျက်စိမျက်နှာ တစ်ချက်ပျက်သွားပြီး….

'ဟို….ဟို….အဲဒီလို မဟုတ်ပါဘူး'

ကျန်းဖုန်းသာ ပြုံးကာ….

'ဒါဖြင့် ဘာဖြစ်လို့ သူ့ကို ငှားရတာလဲ'

ဆိုင်ထိုင်က နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို လက်ဖြင့် သုတ်ရင်း….



'ဒီလိုပါ၊ သူက အခန်းငှားခကို ပိုပေးပြီး အခန်းကို သူ မရောက်သေးခင်ကတည်းက ကိုယ်စားလှယ်နဲ့ ငှားထား တာပါ'

ကျန်းဖုန်းက ပြုံးကာ….

'သူ့ထက် နှစ်ဆပိုရရင် ငှားမလား'

ဆိုင်ထိုင်က ပြုံး၍ ခေါင်းခါပြသလိုက်ပြီး….

'မဖြစ်နိုင်ပါဘူး'

ကျန်းဖုန်းက ပြုံး၍….

'ဘာဖြစ်လို့လဲ'

ဆိုင်ထိုင်က ညည်းသို့ အကြောင်းမမှန်း မသိသဖြင့် သက်ပြင်း ချလိုက်ပြီး….

'ဟို….ဟို….'

ကျန်းဖုန်းက လက်ကာပြလိုက်ပြီး….

'ကဲပါ….သူ့ကို မေးကြည့်လိုက်၊ သူ့အခန်းကို ကျုပ် နေမယ်'

ဟု ပြောလိုက်၏။

ထိုနောက် ကျန်းဖုန်းသည် ဆိုင်ထိုင်၏အခန်းထဲမှ ထွက်သွားလေတော့၏။

ဆိုင်ထိုင်မှာ မျက်လုံးပြူးသွားပြီး ကျန်းဖုန်း၏နောက်မှ တပျော်ကာသာ ပြေး၍လိုက်သွားလေတော့၏။

ကျန်းဖုန်းက အပေါ်ထပ်သို့ လှေကားအတိုင်း တက်လာ၏။

ထို့နောက် စကြံလမ်း အတိုင်း ခေါင်းရင်း ဘက်သို့ လျှောက်လာ၏။

ဆိုင်ထိုင်က ကျန်းဖုန်း၏နောက်မှ ကပျာကယာ လိုက်လာ၏။

ကျန်းဖုန်းက အခန်းတံခါးကို လက်ဖြင့် ခေါက်လိုက်သည်။

'ခေါက်...ခေါက်...ခေါက်'

တံခါးခေါက်သံ ပေါ်ထွက်လာ၏။

သို့သော် အခန်းထဲမှ တုံ့ပြန်သံ မကြားရပါ။

ထိုစဉ် ဆိုင်ထိုင်က ကျန်းဖုန်း၏နောက်သို့ ရောက်လာသည်။

သူသည် လူ၏ဝလွန်းသော ခန္ဓာကိုယ်ဖြင့် ကျန်းဖုန်းကို အမီလိုက်လာခဲ့ရသောကြောင့် မောဟဲဟိုက်ထ မောနေ၏။

ကျန်းဖုန်းက တံခါးကို ထပ်မံခေါက်လိုက်ပြန်၏။

'ခေါက်...ခေါက်...ခေါက်'

တံခါးခေါက်သံ ပေါ်ထွက်လာသော်လည်း အခန်းထဲမှ တုံ့ပြန်သံ မကြားရပါ။

ကျန်းဖုန်းသည် မျက်မှောင်ကြုတ်လိုက်ပြီး အခန်းတံခါးကို တွန်းလိုက်ရာ အခန်းတံခါးသည် အလွယ်တကူ ပွင့်သွားသော ဆော့သည် မဟုတ်ပါလေ။



အခန်းတံခါး ပွင့်သွား၏။

ကျန်းဖုန်းသည် ဆိုင်ထိုင်လူဝကြီး၊ လှမ်း၍ စကားလိုက်ခင်မှာပင် အခန်းထဲသို့ လှမ်းဝင်သွား၏။

သို့သော် အခန်းထဲသို့ရောက်သည်နှင့် သူ၏ခြေလှမ်းများ ရပ်တန့်သွားခဲ့ရတော့၏။

အကြောင်းဆိုသော် အခန်းထဲ၌ လူတစ်ယောက်မျှ ရှိမနေသောကြောင့်ပင်ဖြစ်သည် မဟုတ်ပါလား။

ထို့အပြင် အခန်းထဲ၌ ခင်းကျင်းထားရှိသော စားပွဲ ကုလားထိုင်များနှင့်အိမ်ထောင်ပရိဘောဂများသည် လဲပြို၍ ခြေရာလက်ရာ ပျက်နေ၏။

ထို့ကြောင့် ကျန်းဖုန်းသည် မျက်မှောင်ကြုတ်လိုက်ပြီး ဆိုင်ထိုင်ကို လှည့်ကြည့်လိုက်၏။

ပြီးမှ ဦးခေါင်းခါယမ်းလိုက်ရင်း....

'ခင်ဗျားရဲ့ဧည့်သည်က အခုတော့အခန်းအတိုင်း ပတ်ခတ်တာပဲ၊ ကုလားထိုင်တွေ စားပွဲတွေ လဲပြိုနေအောင်ဆောင် နေသေး တကျပြန်ထားမသွားပါလား'

ဟု ပြောလိုက်၏။

ဆိုင်ထိုင်လူဝကြီးက ပြုံးလိုက်ပြီး ကြမ်းပေါ်၌ လဲကျနေသော ကုလားထိုင်ကို ကောက်ထောင်လိုက်ရင်း....

'အရက်မူးသာ လွန်သွားလို့ဖြစ်ပါလိမ့်မယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ဘာမျှ ပြန်မပြောဘဲ အခန်းထဲသို့ လှည့်ပတ်ကြည့်လိုက်ပြီးမှ ဦးခေါင်းခါယမ်းကာ....

'ခင်ဗျားအခန်းက အခြား အခန်းတွေထက် ဘာမှပိုပြီး မထူးပါဘူး၊ အင်း...ဒီလိုအခန်းမျိုးကို အကောင်းဆုံးအခန်း လို့ပြောပြောင် လူရယ်စရာ ဖြစ်နေလိမ့်မယ်၊ မြို့စေတော့ ဒီလို အခန်းမျိုးကို ချေပိုင်ပြီး ငှားချင် လူတွေက အရှုံးကို ခံပြီးကြလိမ့်မယ်'

ဟု ပြောလိုက်၏။

ဆိုင်ထိုင်လူကြီးက သက်ပြင်းချကာ...

'အမှန်တော့ ဒီအခန်းက...'

လူကြီး၏ စကားမဆုံးမီ ကျွန်းဖုန်းက ထောက်ကာပြီး လိုက်ပြီး...

'တော်ပြီ...မပြောနဲ့တော့၊ ဒီအခန်းမျိုးကို အသေအားပေးတောင် ကျုပ်မနေဘူး'

ဟု ပြောကာ အခန်းထဲမှ ထွက်သွားလေတော့၏။

ဆိုင်ထိုင်လူကြီးသည် ကျွန်းဖုန်းကို မတားမိပါ။

ယူသည် အလွန်အံ့ဩသော မျက်နှာဖြင့် ကျွန်းဖုန်း၏ နောက်ကျောကို မျက်လုံးပြူး၍ကြည့်ရင်း အခန်းထဲ၌ ကျန်ရစ်ခဲ့လေတော့သည် မဟုတ်ပါလား။



သုခဘုံမြို့၏ စီးပွားရေးလုပ်ငန်းများ၏ ကိုးဆယ်ရာခိုင်နှုန်းကို လူငှေးကြီးမျိုးနွယ်က ပိုင်ဆိုင်၏။

ကျန်ဆယ်ရာခိုင်နှုန်းမျှကိုသာ အခြားစီးပွားရေးလုပ်ငန်းရှင်များက ပိုင်ဆိုင်ကြ၏။

ထိုကဲ့သို့ နည်းပါးလှသော စီးပွားရေးလုပ်ငန်းရှင်များထဲ၌ မေမေယုံ ပါဝင်၏။

မေမေယုံသည် အလွန်ရှားကျသော ခေတ်အဆက်ဆက် တိမ်ကောခြင်းမရှိခဲ့သော လုပ်ငန်းတို့ ဆည်းထောင်လုပ်ကိုင် ခဲ့၏။

ထိုလုပ်ငန်းမှာ ဇိမ်ခန်းဖွင့်လှစ်ခြင်းပင်ဖြစ်သည် မဟုတ်ပါလား။

သုခဘုံမြို့တော်၌ ဇိမ်ခန်းပေါင်းများစွာရှိ၏။

ထိုများစွာသော ဇိမ်ခန်းများထဲ၌ သုခမြို့သည် မေမေယုံ၏ ဇိမ်ခန်းပင်ဖြစ်၏။

မေမေယုံသည် သုခဘုံမြို့တော်၌ ဇိမ်ခန်းလုပ်ငန်းကို အစောဆုံးလုပ်ကိုင်သူဖြစ်၏။

သို့သော် အကြံတူလျှင် နောက်ဆုံးလူကောင်းပဲ ဟူသော ရှေးရိုးစကားအတိုင်း နောက်ဆုံးပေါ်ဘီများက မေမေယုံကို ကျော်ဖြတ်သွားကြ၏။

ထို့ကြောင့် မေမေယုံသည် လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ မိမိ၏သုခမြို့ကို အရောင်အသွေး မြှင့်တင်ခဲ့၏။

သို့ဖြစ်၍ ယခုနှစ်ပိုင်း၌မေမေယုံ၏သုခမြို့သည် အပျော်ကြူးသော လူများကြားထဲ၌ ပြန်လည်၍ နေရာရရှိလာပြီ ဖြစ်၏။

ယခု မေမေယုံသည် ပို၍ပျော်နေ၏။

သူ့ထံ၌ အလွန်ချောမောလှပသော နတ်သမီးလေး တစ်ယောက်သည် ခေတ္တသာရောက် တည်းခိုနေသောကြောင့် ဖြစ်၏။

ထိုနတ်သမီးလေးသည် လှရုံမျှသာမက အလွန်ချိုသာသော အသံရှိ၏။

အလွန်နှစ်သက်ဖွယ် ကောင်းသော ကိုယ်လုံးကိုယ်ပေါက် ရှိ၏။

အလွန်စွဲဆောင်ဖွယ် ကောင်းသော အမူအရာ ရှိ၏။

သို့သော် သူ့ကို မေမေယုံအား စည်းရုံးသိမ်းသွင်း၍ မရသေးချေ။

မေမေယုံသည် စည်းရုံးသိမ်းသွင်းရာ၌နည်းလမ်းမျိုးစုံကို အသုံးပြုအံ့၏။

ဤသည်မှာ သူမ၏ လုပ်ငန်း ကျွမ်းကျင်မှုပင် ဖြစ်၏။



သို့သော် ယခု မိန်းကလေးကို သူမက မည်သည့်နည်းလမ်းနှင့်မျှ စည်းရုံးသိမ်းသွင်း၍ မရချေ။

မည်သို့ပင် ဖြစ်ပါစေ....

ထိုမိန်းကလေး၏ဂျပ်စောင်းတီး၍ သီချင်းသီဆိုမှုကြောင့် သူမ၏ သုခမြို့သည် ပြန်လည်၍ တစ်ခေတ်ဆန်းလာခဲ့သည် မဟုတ်ပါလား။

မေမေယုံသည် တံခါးဝ၌ ကျန်းဖုန်းကို မြင်တွေ့လိုက်သောအခါ မျက်နှာရှုံ့မဲ့သွား၏။

ကျန်းဖုန်းသည် သူ့ကိုယ်သူ လူငွေလေးတွေ ပြော၏။

သို့သော် လူသည်မည်သည့်အခါမျှ ပိုက်ဆံပါမလာချေ။

မည်သို့ပင်ဖြစ်ပါစေ ကျန်းဖုန်း၏ ရုပ်ရည်ချောမောခန့်ညားမှု၊ ကျန်းဖုန်း၏ အပြောအဆိုကောင်းမှုတို့ကြောင့် သုခမြို့မှ မိန်းကလေးများသည် ကျန်းဖုန်းအပေါ် စိတ်ဝင်စားကာ ဝိုင်းဝိုင်းလည်နေတတ်၏။

ယခု ဤနေရာသို့ ကျန်းဖုန်း ရောက်ရှိလာသည်မှာ အတန်ကြာနေပြီ ဖြစ်၏။

ထို့ကြောင့် မေမေယုံသည် စိတ်ချမ်းသာနေရာမှ ကျန်းဖုန်းကို မြင်တွေ့လိုက်သောအခါ စိတ်အနှောင့်အယှက်ဖြစ်ကာ မျက်နှာရှုံ့မဲ့သွားခြင်းပင် ဖြစ်သည် မဟုတ်ပါလား။

ကျန်းဖုန်းက သင်္ချိုင်းဝါကို မနက်ဖြန်သို့ပစ်၍ လူငွေ
ဆက်ဝယ်သော တန်ခိုးအမှုအရာများဖြင့် သူခိုးမြို့ထဲသို့ လှမ်း
ဝင်လိုက်၏။

သို့သော် ညှော်ခြေသံများက တံခါးဝ၌ပင် ရပ်တန့်
သွား၏။

အကယ်ကြောင့်ဆိုသော် လူထွားကြီး နှစ်ယောက်က
ကျန်းဖုန်း၏ရှေ့၌ လမ်းပိတ်၍ ရပ်နေသောကြောင့် ဖြစ်
လေသည်။

ကျန်းဖုန်းက မျက်ခုံးမွေးကို နဖူးပေါ်သို့ ပင့်တင်လိုက်
ပြီး....

'ညီ့သည်လေးတွေကို ဒီလိုပဲကြိုဆိုရမယ်လို့ မင်းတို့ရဲ့
မမကြီးက မှာထားလိုက်သလား'

ဟု မေးလိုက်၏။

လူထွားကြီးတစ်ယောက်က မျက်နှာကို အလွန်အရုပ်
ဆိုးစွာ ရှုံ့မဲ့လိုက်ပြီး ပါးစပ်ထဲမှ ပါးထားသော ဆေးရွက်
ကြီးဖတ်ကို ဟန်မပါဖြင့် တစ်ဖက်သို့လှည့်၍ ထွီခနဲ အသံ
မြည်အောင် ထွေးထုတ်လိုက်၏။

ထိုသို့ ဟန်မပါ ထွေးထုတ်လိုက်သည်နှင့်....

'ဟဲ့....ဟဲ့....ပလုတ်တုတ်....'

ဟူသောအသံ ပေါ်ထွက်လာလေတော့၏။

ထို့ကြောင့် လူထွားကြီးသည် မျက်လုံးပြူးသွားပြီး
ကမန်းကတန်း လှည့်ကြည့်လိုက်၏။



ထိုသို့ လှည့်ကြည့်လိုက်သည်နှင့် လူထွားကြီးသည် မျက်စိ
မျက်နှာ ပျက်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ထွေးထုတ်လိုက်သော တံတွေး
များနှင့် ဆေးရွက်ကြီးဖတ်သည် လူထွားကြီး၏ နောက်မှ
ဖြတ်၍ လျှောက်သွားသော အဖိုးတန် အဝတ်အစားများ
ဝတ်ဆင်ထားသူ၏ ခန္ဓာကိုယ်ပေါ်သို့ တန်းတန်းမတ်မတ်
ကျရောက်သွားသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။
ထို့အပြင် ထိုလူကြီးသည် သူခိုးမြို့၏ အမြဲတမ်းဖေဖော်
သည် တစ်ဦးဖြစ်သော ... ယုံနိုင်သည်။ အလွန်ရှင်းနိုးသူ
ဖြစ်၏။

ထိုလူကြီးက လူထွားကြီးနှစ်ယောက်ကို မီးဘဝင်းဝင်း
တောက်နေသော မျက်လုံးတစ်စုံဖြင့် ကြည့်လိုက်၏။

လူထွားကြီးနှစ်ယောက်သည် ခြေကုန်လက်ကုန်မိ
ဖြစ်ကာ ထိုလူကြီး၏ ခန္ဓာကိုယ်ပေါ်၌ ပေကျံနေသော
ဆေးရွက်ကြီးဖတ်များနှင့် တံတွေးများကို လက်ဖြင့် သုတ်
ပေးလိုက်၏။

ကျန်းဖုန်းက ဦးခေါင်းကိုခါယမ်းလိုက်ပြီး လူထွားကြီး
တို့ အဝတ်စကိုဆွဲ၍ လှမ်းပေးရင်း....

'ရော့....ရော့ ဒါနဲ့ သုတ်ပေးကြလေ'

ဟု ပြောလိုက်၏။

ထို့ကြောင့် လူထွားကြီးက ကျန်းဖုန်းထံမှ အဝတ်စကို
လှမ်းယူရင်း....

'ကျေးဇူးပဲ'

ဟု ပြောလိုက်၏။

ထို နေ့က သူသည် ထိုအဝတ်စဖြင့် ထိုလူကြီး၏အင်္ကျီကို သုတ်ပေးလိုက်၏။

ထိုသို့ သုတ်ပေးလိုက်သောအခါ ပို၍ ဆိုးရွားသွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ကျွန်းဖုန်းအ လှမ်း၍ပေးလိုက်သော အဝတ်စသည် ဖုန်သုတ်ထားခဲ့သော အဝတ်စဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ထိုစဉ် သူတို့အနီးသို့ မေမေယုံ ရောက်ရှိလာလေတော့သည်။

မေမေယုံသည် အလွန်ပြုံးချိုသော မျက်နှာဖြင့် ဖောက်သည် လူကြီးကို တောင်းပန်လိုက်ပြီ အလွန်ဒေါသဖြစ်သော မျက်နှာဖြင့် လူထွားကြီး နှစ်ယောက်ကိုလှည့်၍ ဆူပူကြိမ်းမောင်းလိုက်၏။ တစ်ဖန် ဖောက်သည်ကြီးကို တောင်းပန်လိုက်ဖြင့် နာရီဝက်ကျော်ကျော် မရပ်မနား တောင်းပန်လိုက်၊ ကြိမ်းမောင်းလိုက်ဖြင့် ပြုလုပ်နေ၏။



ဖောက်သည်လူကြီးသည် စိတ်ရှုပ် လာသည့်အားလျော်စွာ မပြောတော့ဘဲ သုခမြို့ထဲမှ ထွက်သွားလေတော့သည်။

မေမေယုံသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး....

'ဟင်း....မောလိုက်တာ၊ မနည်းကို တောင်းပန်ယူရတယ်'

ဟု ပြောလိုက်၏။

ပြီးမှ လူထွားကြီး နှစ်ယောက်ကိုကြည့်ကာ....

'နင်တို့ တော်တော် အသုံးမကျဘူး၊ ကိုယ့်ဆိုင်ကိုလာနေကျ ဖောက်သည်တောင် မမှတ်မိဘူးလား'

ဟု ပြောလိုက်၏။

လူထွားကြီးနှစ်ယောက်က ဦးခေါင်းငုံ့ထားရာမှ တံခါးဝဆီ လှည့်ကြည့်ဘဲ လက်ညှိုးထိုးပြကာ....

'ဟို....ဟို....ကျွန်း....ကျွန်းဖုန်း မဝင်နိုင်အောင်....'

လူထွားကြီး၏စကား မဆုံးပါ။

မေမေယုံသည် တံခါးဝသို့ လှမ်းကြည့်ပြီး....

'ဘယ်မှာလဲ ကျွန်းဖုန်း'

ဟု မေးလိုက်လေတော့၏။

ထိုကြောင့် လူထွားကြီး နှစ်ယောက်သည် မျက်လုံးပြူး တံခါးဝသို့ ပြိုင်တူလှည့်ကြည့်လိုက်မိလေတော့၏။

တံခါးဝ၌ ကျွန်းဖုန်း မရှိတော့ပါ။

ဤသို့ဆိုလျှင် ကျွန်းဖုန်းသည် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

ကျွန်းဖုန်းသည် မည်သည့်နေရာမျှ ရောက်ရှိမသွားပါ။ သူသည် သုခမြို့၏ ညှိခန်းထဲမှ စားပွဲတန်းဝိုင်းသို့ ရောက်ရှိသွားခြင်းသာ ဖြစ်ပါသည်။

သူသည် စားပွဲ၌ အကျအနထိုင်နေ၏။

သူ၏ ပတ်ပတ်လည်၌ မိန်းကလေး လေးယောက် ဝါ ယောက်ခန့်က ဝိုင်းဝိုင်းလည်နေ၏။

မိန်းကလေးတစ်ယောက်က ကျွန်းဖုန်းကို အရက်ငှဲ့ပေး၏။

မိန်းကလေးတစ်ယောက်က ကျွန်းဖုန်းကို အမြည်းခွံ့ကျွေး နေ၏။

မမယုံသည် ထိုမြင်ကွင်းကို ကြည့်ပြီး ဒေါသထွက်နေ၏။

ထိုနေ့၏ သူမသည် ခြောက်ဆောင့်နှင်းကာ ကျွန်းဖုန်း ရှိနေသောစားပွဲသို့ ရောက်ရှိလာလေတော့သည် မဟုတ်ပါ လော။

❋

မမယုံက ကျွန်းဖုန်း၏အနီး၌ရပ်နေသော မိန်းကလေး တို့ တွန်းဖယ်လိုက်ပြီး....



'ကျွန်းဖုန်း....မင်းက ဘယ်လိုလုပ်ပြီး ဒီအထဲရောက်လာ တာလဲ'

ဟု မေးလိုက်၏။

ကျွန်းဖုန်းက အံ့သြဟန်ဖြင့် မျက်ခုံးမွှေးကို ပင့်တင် လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

မမယုံက မျက်မှောင်ကြုတ်ကာ....

'ငါမေးတာသာ ဖြေစမ်းပါ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက မခိုးတွန့်ဘဲ....

'ဟောဒီ ခြေထောက်နှစ်ချောင်းနဲ့ လမ်းလျှောက်ပြီး ဝင် လာတာ'

ဟု ပြောလိုက်၏။

မမယုံက မျက်မှောင်ကြုတ်ကာ....

'မင်းဝင်လာတာကို ဟိုနှစ်ယောက်က မမြင်ဘူးလား'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'မြင်သားပဲ'

မမယုံက မျက်မှောင်ကို ပို၍ကြုတ်ကာ....

'သူတို့က မင်းကို မတားဘူးလား'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'သူတို့နှစ်ယောက်က ဟိုလူကြီးကိုကြည့်မရဘူးတဲ့၊ ခုနက ဒီကိုမလာရဲအောင် လုပ်မယ်ဆိုပြီး တစ်ယောက်က တံခွန်နဲ့

လှမ်းခေါ်နေတယ်၊ ထစ်ထောင်းက ဖုန်းသုတ်ဟဲအဝတ်နဲ့ သုတ်
ပေးနေတယ်'

ဟု ပြောလိုက်၏၊

မေမေယုံက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'အသုံးကိုမကျဘူး'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်၊အမှန်ဆောစ္စ တကယ့်ကိုအသုံးမကျပါဘူး'

ဟု ဝင်ရောက်၍ ထောက်ခံပြောဆိုလိုက်၏၊

မေမေယုံက ကျွန်းဖုန်းကို စူးစိုက်ကြည့်လိုက်ပြီး....

'အခု မင်းက ဒီကို ဘာလာလုပ်တာလဲ'

ဟု မေးလိုက်၏၊

ကျွန်းဖုန်းက ရယ်မောကာ မိမိ၏ ပတ်ပတ်လည်မှ မိန်း
ကလေးများကို လက်ဖြင့် ဝှေ့ယမ်းပြလိုက်ရင်း....

'သူတို့လေးတွေကို လွမ်းလို့'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်း၏စကားကြောင့် မိန်းကလေးများက တခဲ
ဖြင့် ရယ်မောလိုက်ကြ၏၊

မေမေယုံက လက်ပြင်းချကာ....

'ဒီမှာ ကျွန်းဖုန်း.... မင်းအနေနဲ့ တခြားနေရာက
မိန်းကလေးတွေကို သွားကြည့်သင့်တယ်'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....



'သူတို့လေးတွေကို လွမ်းလို့ လာတာပါလို့ ပြောနေမှပဲ၊
တာဖြစ်လို့ တခြားနေရာကို သွားရမှာလဲ'

ဟု ပြောလိုက်၏၊

မေမေယုံက လက်ပြင်းချကာ....

'ဒီမှာ ကျွန်းဖုန်း....ငါ စကားကို ခပ်ပြတ်ပြတ်ပဲ ပြော
မယ်....'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက ရယ်မောလိုက်ပြီး....

'ခပ်ပြတ်ပြတ်ပဲ ပြောပြော လျှော့ရှိလျှော့ရဲ့ပဲ ပြောပြော
ခင်ဗျားပါးစပ်နဲ့ ခင်ဗျားပြောတာပဲ၊ ကျုပ်ကို ချုပ်ချယ်ဖို့
မလိုပါဘူး'

ဟု ပြောလိုက်၏၊

မေမေယုံက နှုတ်ခမ်းထက်ချက်ကိုက်ကာ....

'ငါက မင်းဆီက ချင့်တောင်းနေတာမဟုတ်ဘူး၊ ခင်းကို
သတိပေးနေတာ'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက ပြုံး၍ မျက်ခုံးပင့်ကာ....

'သတိပေးနေတာ ဟုတ်လား၊ ဘာကိုလဲ'

ဟု မေးလိုက်၏၊

မေမေယုံက ဆက်ကိုထောင်၍ လက်မနှင့် လက်ညှိုးကို ထို
ကာ ဝိုင်းပြလိုက်ရင်း....

'ပိုက်ဆံမပါရင် ငါက စရင်းမမှတ်နိုင်ဘူး'

ဟု ပြောလိုက်၏၊

ကျန်းဖုန်းက ရယ်မောလိုက်ပြီး မေမေယုံမြင်သာအောင် အင်္ကျီရင်ဘတ်ကြားထဲမှ ငွေလွှဲလက်မှတ်တစ်ထပ်ကို ထုတ်ပြကာ....

'ဒါဆို ဘယ်လိုပြောမလဲ'

ဟု မေးလိုက်၏။

မေမေယုံသည် တစ်ကြိမ် တစ်ခါမျှ ဇာတ်မင်းသမီး မလုပ်ဖူးပေ။

သို့သော် သူသည် အလွန်အမူအရာကောင်း၏။

သူမ၏ မျက်လုံးများက အံ့ချက်မျှ ဝင်းလက်သွားပြီး သူမ၏ တင်းမာနေသောမျက်နှာမှာ ချက်ချင်း ပျော့ပျောင်းသွား၏။

သူမ၏ ရန်လိုနေသောအကြည့်က ချက်ချင်း ပြောင်းလဲကာ ဖော်ရွေသောအကြည့် ဖြစ်လာ၏။

သူမသည် ရယ်မောလိုက်ပြီး....

'အင်း....ဒါ လူကဲခတ် မှားတော့မလို့၊ သူဌေးအေး ငွေမရှိလို့ နေတာပါ၊ ဟုတ်တယ် မဟုတ်လား'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်ပြောတယ် မဟုတ်လား၊ ကျုပ်ကို ငွေအာပိုဝါ လိမ့်မယ်လို့၊ ခင်ဗျားက ယုံမှ မယုံပဲကိုး'

ဟု ပြောလိုက်၏။

မေမေယုံက ပြုံးလိုက်ပြီး မိန်းကလေးများကို တစ်ချက် ဝေ့ကြည့်ကာ....



'ညည်းတို့ သူဌေးအေးကျန်းဖုန်းကို ကောင်းကောင်း ပြုစုကြပေးကြ။ ဆင်ခြေကန့်လန့်လုပ်တဲ့လူ ငါနဲ့တွေ့မယ်'

ဟု ပြောလိုက်၏။

ထိုနောက် သူသည် ထိုနေရာမှ လှည့်ထွက်သွားလေတော့၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဂျီ....မေမေယုံ၊ ကျုပ်ငွေလွှဲလက်မှတ်က အတုဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

ဟု ပြောလိုက်၏။

မေမေယုံက ပြုံးကာ....

'စိတ်ချ....လိုတဲ့ငွေကို ငါက ထုတ်ပေးမှာပေါ့'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

❖

မေမေယုံသည် သူမ၏အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

လူထွားကြီးနှင့်ယောကျ်ားသည်မေမေယုံ၏ရှေ့၌ဦးခေါင်းငိုက်စိုက်ကာ ကျောက်ရုပ်များသဖွယ် ရပ်နေ၏။

မေမေယုံသည် အခန်းထဲ၌ ကိုးဆယ့်ကိုးခေါက်တိုင်အောင် လမ်းလျှောက်နေပြီးမှ လူထွားကြီး၊ နှစ်ယောက်ကို လှမ်းကြည့်လိုက်မိ၏။

လူထွားကြီးနှစ်ယောက်က ဦးခေါင်းငုံ့နေဆဲဖြစ်၏။

မေမေယုံက....

'သူ့ဆီမှာ ငွေအတော်များများ ပါလာတာ နင်တို့သိသလား'

ဟု မေးလိုက်၏။

လူထွားကြီး၊ တစ်ယောက်က ဦးခေါင်း၊ ခါယမ်းလိုက်ပြီး....

'သူက သူ့ဆီမှာ ငွေဘယ်လောက်ပါတယ်ဆိုတာ ထုတ်မပြလို့ မသိရပါဘူး'

ဟု ပြောလိုက်၏။

မေမေယုံသာ မျက်နှာရှုံ့မဲ့သွားပြီး....

'ဟဲ့....တုံးရဲ့၊ သူက သူ့မှာ ငွေဘယ်လောက်ပါတယ် ဆိုတာ နင်တို့ကို ထုတ်ပြပါ့မလား'

ဟု ပြောလိုက်၏။

လူထွားကြီးက ဘာမျှပြန်မပြောပေ။

မေမေယုံက တစ်ချက်စဉ်းစားလိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ဒီငွေတွေကို ရအောင်ယူရမယ်'

ဟု ပြောလိုက်၏။



လူထွားကြီးနှစ်ယောက်က ပြိုင်တူဦးခေါင်းညိတ်ကာ....

'စိတ်ချ....သူ့အပြန်မှာ လမ်းက ဖြတ်ပြီး လုလိုက်မယ်'

ဟု ပြိုင်တူပြောလိုက်၏။

မေမေယုံက မျက်နှာရှုံ့မဲ့လိုက်ပြီး....

'တော်ပြီ....နင်တို့ပါးစပ် ပိတ်ထား'

ဟု ပြောလိုက်၏။

ထိုစဉ် သူမ၏ဦးခေါင်းထဲ၌ အလင်းတစ်ချက် ဝင်းခနဲ လင်းသွားလေ၏။

ထို့နောက် သူမ၏မျက်နှာသည် ပြုံးရွှင်သွား၏။

သူမ၏မျက်လုံးထဲ၌ ငွေလှည့်သင်္ကေတများကို မြင်ယောင်လာလေသလားဟု မထင်ရပါလား။

မေမေယုံသည် ကျွန်းဖုန်း အနီးသို့ ပျာယီးပျာယာဖြင့် ရောက်ရှိလာပြီး....

'ဟလို၊ ခေးကျွန်....'

ဟု ခေါ်လိုက်၏။

မေမေယုံ၏ ပြောင်းလဲသွားသော အခေါ်အဝေါ် ကြောင့် ကျွန်းဖုန်း၏ မျက်ခုံးမွေးတစ်စုံသည် အဖူးပေါ်သို့ မြင့်တက်သွားပြီး မေမေယုံကို လှမ်းကြည့်လိုက်မိ၏။

မေမေယုံက ကျွန်းဖုန်းကို ပြုံးပြလေ၏....

'သူငယ်လေးကျန်း...ငါ့မှာ သူငယ်လေးကျန်း စိတ်ဝင်စားမယ့် ပစ္စည်းရှိတယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက မျက်ခုံးပင့်ရင်း....

'ဘာပစ္စည်းလဲ'

မေမေယုံက ပြုံးလိုက်ပြီး သူမ၏ အသံကို ကျွန်းဖုန်း စိတ်ဝင်စားလာအောင် တမင်နှိမ့်ကာ....

'မိန်းကလေးတစ်ယောက်ရှိတယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ပြုံးလိုက်ပြီး မိန်းကလေးမျိုးကို ခေါင်းယမ်းပြကာ....

'ဒါအဆန်းလား၊ ဒီမှာ အများကြီးရှိနေတာပဲ'

မေမေယုံက ခေါင်းခါယမ်းပြကာ....

'မဟုတ်ဘူး'

ကျွန်းဖုန်းက မျက်ခုံးပင့်ရင်း....

'ဗျာ...သူတို့က မိန်းကလေး မဟုတ်ဘူးလား'

ဟု မေးလိုက်၏။

မေမေယုံက အားကြီးသာပြုံးရင်း....



'ဟို...ဟို...ငါ ပြောချင်တာက သူတို့နဲ့ ဘာမှ မဆိုင်ဘူး....'

ကျွန်းဖုန်းက ပြုံးကာ....

'ဟုတ်ပါတယ်၊ သူတို့လဲ တစ်ယောက်နဲ့ တစ်ယောက် ဘာမှ မတော်သက်ကြပါဘူး'

ဟု ပြောလိုက်၏။

မေမေယုံက လေပူတစ်ချက်မှုတ်ထုတ်ကာ....

'ငါပြောတာ အဲဒါမျိုးမဟုတ်ဘူး၊ ဟိုမိန်းကလေး လူတွေက သူတို့နဲ့ခြားစီပဲလို့ ပြောတာ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဪ...ဒီလိုလား'

မေမေယုံက ပြုံး၍ ခေါင်းညိတ်ကာ....

'သူက အသစ်၊ ရောက်လာတာ မကြာသေးဘူး'

ကျွန်းဖုန်းက နှုတ်ခမ်းကိုတွန့်၍ပြုံးလိုက်ပြီး....

'အခြားက ပြောင်းလာတာ မကြာသေးဘူးလို့ ပြောချင်တာလား'

ဟု မေးလိုက်၏။

မေမေယုံက လက်ခါယမ်းပြရင်း....

'မဟုတ်ဘူး....မဟုတ်ဘူး၊ သူက ဘယ်သူ့ဆီကမှ ပြောင်းလာတာ မဟုတ်ဘူး၊ အခုမှ ငါ့ဆီကို ရောက်လာတာ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက စိတ်ဝင်စားဟန်ဖြင့် မျက်ခုံးပင့်ကာ....

'အင်း....စိတ်ဝင်စားဖို့ကောင်းတယ်'

ဟု ပြောလိုက်၏။
မေမေယုံက ပြုံးလိုက်ပြီး....
'ထူးငွေ့ကျန်းက သူ့ကိုတွေ့ရင် ဆရာဘာကျေးမှုပေါ'
ဟု ပြောလိုက်၏။
ကျွန်းဖုန်းက ပြုံးလျက်....
'ဒါဆို ကျုပ်က ဘာဖြစ်လို့ မတွေ့ရသေးသလဲ'
ဟု မေးလိုက်၏။
မေမေယုံက သက်ပြင်းချလျက်....
'တွေ့ရမှာပါ၊ ဒါပေမယ့်...'
သူမှာ စကားကို ဆုံးအောင် မပြောဘဲ ရပ်ထားလိုက်
သည်။
ကျွန်းဖုန်းက နှုတ်ခမ်းကိုတွန့်၍ ပြုံးလိုက်ပြီး....
'ဒါပေမယ့် ဘာဖြစ်လဲ'
ဟု မေးလိုက်၏။
မေမေယုံက ပြုံးလိုက်ပြီး....
'ဈေးနှုန်းက နည်းနည်းမြင့်တယ်'
ကျွန်းဖုန်းက ပြုံးလျက်....
'ကဲပါ...ကျုပ်ကိုပွင့်ပွင့်လင်းလင်းပြော'
မေမေယုံက ပြုံးလိုက်ပြီး....
'ထူးငွေ့မေးကျန်းက အမြင်ကျယ်တယ်'
ဟု ပြောလိုက်၏။
ပြီးမှ သူမက လက်ငါးချောင်းကို ထောင်ပြလျက်....
'သူ့ကို တွေ့ခွင့်ရဖို့အတွက် ငါးရာကုန်မယ်'



ဟု ပြောလိုက်၏။
မေမေယုံ၏ စကားကြောင့် ကျွန်းဖုန်း၏ မျက်ခုံးမွေး
များသည် နဖူးပေါ်သို့ ခုန်တက်သွားပြီး....
'တွေ့ခွင့်ရဖို့အတွက် ငါးရာပေးရမယ် ဟုတ်လား'
ဟု ပြန်မေးလိုက်၏။
မေမေယုံက ပြုံးလျက်....
'ဟုတ်တယ်၊ သူက လက်ခံပြီး မတွေ့ချင်ဘူး ဆိုရင်
ငွေတစ်သောင်းပေးလို့ တွေ့ခွင့်မရဘူး'
ကျွန်းဖုန်းက ဦးခေါင်းတစ်ချက် ကုတ်လိုက်ပြီး ....
'ဘယ်လို ကျုပ်နားမလည်ဘူး'
ဟု ပြောလိုက်၏။
မေမေယုံက ပြုံးလျက်....
'ဒီလိုပါ၊ သူက လူကိုရွေးပြီးလက်ခံပါတယ်၊ လူတိုင်းက
သူ့ကို တွေ့ချင်ကြတယ်၊ လူတိုင်းက သူ့ရဲ့သီချင်းသံကို
ကြားချင်ကြတယ်၊ ငွေဘယ်လောက်ပဲကုန်ကုန် အကုန်ခံနိုင်
တယ်လို့ ပြောပေမယ့် သူက သူသဘောကျတဲ့သူကိုရွေးပြီး
တွေ့ခံပါတယ်'
ဟု ပြောလိုက်၏။
မေမေယုံ၏ စကားကြောင့် ကျွန်းဖုန်းက စိတ်ဝင်စား
သွားပြီး....
'ကောင်းပြီ၊ ကျုပ်သူနဲ့တွေ့မယ်'
ဟု ပြောလိုက်၏။
မေမေယုံက ဦးခေါင်းညိတ်ကာ လက်ဖြန့်ပြလိုက်၏။

ကျန်းဖုန်းက ငွေဝါးရောင်ကို မေမေယုံ၏ သေတ္တာထဲသို့ ထည့်ပေးလိုက်၏။

မေမေယုံက ပြုံး၍…

'သူက သီချင်းဆိုပြီး နားထောင်ရအုံ နောက်ဆပ် ငွေဝါးရာပေးနေမယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံး၍…

'ကျုပ်က သူဌေးလေးကျွန်းပေါ်၊ မရှိလို့ နေတာပေါ့'

ဟု ပြောလိုက်သောအခါသည် မဟုတ်ပါလား။

❖

ထမင်းအစ်ပေါ်လို့ မေမေယုံက မိန်းကလေး၏ လှကြောင်း၊ ချောကြောင်း၊ အသံ ကောင်းကြောင်းတို့ကို နားညည်းလောက်အောင် အမွှန်းတင်သွား၏။

ကျန်းဖုန်းက ဦးခေါင်းတညိတ်ညိတ်ဖြင့် လိုက်သွား၏၊ မကြာမီ သူတို့သည် အခန်းသစ်ခန်း၏ရှေ့သို့ ရောက်ရှိလာ၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး…

'ထင်း…သူက ကျုပ်ကို တွေ့ချင်လိမ့်မယ် မထင်ဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် မေမေယုံသည် မိမိ၏ လက်ထဲသို့ ရောက်ရှိပြီးဖြစ်နေသော ငွေဝါးရာကို ကျန်းဖုန်းအား ပြန်လည်၍ မပေးချင်သောကြောင့်…



'အို…သူဌေးလေး ကျွန်းထဲက သူဌေးလေးကျန်းလို လူမျိုးကိုမှ သူက မတွေ့ချင်ဘူးဆိုရင် သူက ဘယ်သူမျိုးကို တွေ့ချင်မှာလဲ'

ဟု မြှောက်ပင့်၍ ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး…

'ဩော်…ဒါနဲ့ စကားမစပ် ဒီကိုသူရောက်လာတာ ကြာ သေးဘူးနော်'

ဟု မေးလိုက်၏။

မေမေယုံက ဦးခေါင်းညိတ်ရာ…

'ဟုတ်ပါတယ် ဘာဖြစ်လို့လဲ'

ကျန်းဖုန်းက ပြုံး၍…

'ဘာမှ မဖြစ်ပါဘူး၊ ဒါနဲ့ သူက ဒီမှာလူခုနစ်ယောက် ထက်ပဲ လက်ခံတွေ့မယ်လို့များ ပြောခဲ့ဖူးလား'

ဟု မေးလိုက်၏။

ကျန်းဖုန်း၏ စကားကြောင့် မေမေယုံက မျက်လုံး ပြူးသွား…

'ခုနစ်ယောက်တောင် မဟုတ်ဘူး၊ ဒါပေမယ့် သူနှစ်သက်တဲ့လူ ငါးယောက်ကို လက်ခံပြီး တွေ့မယ်လို့ ပြောဖူးတယ်'

ကျန်းဖုန်းက သက်ပြင်းချတော့…

'သူက ဒီအလုပ် လုပ်မနေရတာ မကြာသေးဘူးလို့ရော ပြော သေးသလား'

ကျွန်းဖုန်း၏စကားကြောင့် မေမေယုံက ကျွန်းဖုန်းကို
အံ့ဩသလိုဖြင့် ကြည့်ကာ....

'သူဌေးသားကျွန်းက ဘယ်လိုလုပ် သိသလဲ'

ဟု မေးလိုက်၏။

ကျွန်းဖုန်းက တစုံမျှ ပြန်မပြောပေ။

မေမေယုံက သက်ပြင်းချရင်း....

'အမှန်ပြောရရင် သူတို့က ခရီးသည်တွေပါ၊ ခရီးသွား
ရင်း စရိတ်ပြတ်သွားလို့ ငါ့ဆီရောက်လာကြတာ သူက ဗျပ်
ခေါင်း တီးတတ်တယ်၊ သီချင်းတွေ အဆိုကောင်းတယ်၊
ပြီးတော့ ရုပ်ရည်လည်း ကိုယ်လုံးကိုယ်ပေါက်လည်း ပြောစရာ
မရှိဘူး၊ ဒါနဲ့ ငါက လက်ခံလိုက်တာ၊ ဒါပေမယ့် သူက
သူနှင့်သက်တူလူ ငါးယောက်ပဲ အတူခေါ်တယ်၊ ပြီးတော့ သူက
ခရီးဆက်မယ်လို့ ပြောတယ်'

ကျွန်းဖုန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

'အင်း...ဒါဆို သူ့အကျောင်ကို တွေ့ချင်မှ တွေ့တော့မှာဘူး'

ဟု ပြောလိုက်၏။

မေမေယုံက ပြုံးကာ....

'သူဌေးသားကျွန်းကလဲ စိတ်လျှော့ မြန်လိုက်တာ တွေ့
ဖြင့် မတွေ့ရသေးဘူး'

ဟု ပြောကာ အခန်းတံခါးကို ခေါက် [illegible]
သည့် မဟုတ်ပါလော။



မေမေယုံက တံခါးခေါက်လိုက်ပြီးနောက် မကြာမီအတွင်း
ပင် အခန်းတံခါးက ပွင့်လာ၏။

ထို့နောက် အခန်းတံခါးဝ၌ မိန်းကလေးတစ်ယောက်
ပေါ်လာ၏။

ထိုမိန်းကလေးသည် အချောအလှကြီး မဟုတ်ပါ၊
သို့သော် သူမ၏ ခန္ဓာကိုယ် အချိုးအစားနှင့် သူမ၏
မျက်နှာ လိုက်ဖက်ပြီး ကြည့်ပျော် ရှုပျော်ဖြစ်၏။

ကျွန်းဖုန်းသည် တံခါးပေါက်ဝမှ မိန်းကလေးကို မြင်
လိုက်သည်နှင့် နောက်ထပ်မိန်းကလေးတစ်ယောက်ကိုပါ
တွေ့ရှိလာ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်းဖုန်းသည် တံခါးပေါက်
ဝမှ မိန်းကလေးနှင့်အတူ နောက်ထပ်မိန်းကလေး တစ်
ယောက်ကိုပါ ဒေါ်ကြီးဟွာ၏ မုန့်ရည်ဆိုင်၌ မြင်ဖူးခဲ့
သောကြောင့်ပင် မဟုတ်ပါလော။

တံခါးပေါက်ဝမှမိန်းကလေးက မေမေယုံကိုမျက်မှောင်
ကြုတ်ကြည့်ရင်း....

'ကိစ္စရှိလို့လား'

ဟု မေးလိုက်၏။

မေမေယုံက တံခါးပေါက်ဝမှ မိန်းကလေးကို ပြုံးပြ
ရင်း....

'ညည်းရဲ့မမလေးအတွက် အတူနေဖော်ညီကို ခေါ်လာ
ပြီ'

ဟု ပြောလိုက်၏။

တံခါးပေါက်ဝမှ မိန်းကလေးက ကျွန်ုပ်တို့ကို

အဆုံး ခေါင်းအဆုံး တစ်ချက် ကြည့်ပြီး....

'မမလေးက တွေ့ခံမှာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

မိန်းကလေး၏ စကားကြောင့် မေမေယုံသည် မျက်နှာ

မျက်နှာ တစ်ချက်ပျက်သွားပြီး....

'ညည်းတို့က ဘာသဘောလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်ကာ....

'ဘာကို ဘာသဘောလဲ'

ဟု ပြန်မေးလိုက်၏။

မေမေယုံက မျက်မှောင်ကြုတ်ရင်း....

'ညည်းရဲ့မမလေးက လူငါးယောက်ကို လက်ခံမယ်လို့လား၊ အခုအထိ တစ်ယောက်မှ လက်မခံသေးတာ ဘာသဘောလဲ....'

ဟု မေးလိုက်၏။

မိန်းကလေးက မပြုံးမရယ်ဘဲ အေးစက်စက် လေသံဖြင့်....

'ရှင်းပါတယ်၊ မမလေးက သူသဘောတွေ့တဲ့ လူငါးယောက်ကို လက်ခံမယ် ပြောခဲ့တာပဲ၊ အခု တစ်ယောက်မှ သဘောမတွေ့လို့ပေါ့'

မေမေယုံက မျက်နှာတစ်ချက်ရှုံ့မဲ့လိုက်ပြီး....

'ငါခေါ်လာတဲ့ လူတွေက လူကြီးလူကောင်းတွေ



ပါ၊ ဒါကြောင့် ညည်းမမလေးက သဘောမတွေ့ဘူးဆိုရင် ဘယ်သူ့ကိုယူမလဲ'

မိန်းကလေးက အလွန်အေးစက်သောလေသံဖြင့်....

'လူယုံပါတယ်၊ ရှင်က ခေါ်မလာခဲ့ပေါ့'

မိန်းကလေး၏ အေးတိ အေးစက် အမူအရာကြောင့် မေမေယုံက ဒေါသဖြစ်ကာ....

'ဒီမှာ....ဒီနေရာက ဘယ်လို နေရာလဲဆိုတာ ညည်းတို့ နားလည်ရဲ့လား'

ဟု မေးလိုက်၏။

မိန်းကလေးက အေးတိအေးစက်လေသံဖြင့်....

'မမလေးက သဘောတွေ့တဲ့လူငါးယောက်ကိုလက်ခံလိုက်တာနဲ့ ရှင်ရမယ့် ဝင်ငွေက ဒီမှာ ရှိတဲ့ မိန်းကလေးတွေ အားလုံးပေါင်းရဲ့ ဆယ်ပုံတစ်ပုံ မကဘူးဆိုတာ ရှင် မေ့နေ

မေမေယုံက ဒေါပွပွနဲ့ မျက်မှောင်ကုတ်ပြီး....

'ဒါပေမယ့် ညည်းရဲ့မမလေးက တစ်ယောက်မှ သဘောမတွေ့တာ ဘာသဘောလဲ'

မိန်းကလေးက နှုတ်ခမ်းကိုတွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး....

'ရှင်ခေါ်လာတာတွေက တစ်ယောက်မှ သဘောကျစရာ မရှိလို့ဖြစ်မှာပေါ့'

ဟု ပြောလိုက်၏။

မေမေယုံက သက်ပြင်းချကာ ကျွန်ုပ်ကို တစ်ချက် လှည့်ကြည့်ပြီး....

'ဒီတောင်ခေါင်ဘူ ညည်းရဲ့မမလေးက သသောကျပါလို့
မယ်'

ဟု ပြောလိုက်၏။

မိန်းကလေးက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်မှပင်...

'ရှောင်အိ...ဘာဖြစ်နေတာလဲ'

ဟူသောအသံသည် အခန်းတွင်းမှ ပေါ်ထွက်လာသော်လည်း
တော့သည် မတွေ့တော့ပါသေး။

ရွှေမြင်းမိုရ်
အလှူပြင် စာပေ

## အခန်း (၂)

သံစဉ်အနိမ့်အမြင့်က နားဝင်ပီယံဖြစ်စေ၏။

အသံကို ကြားရုံမျှဖြင့် ပုရိသယောကျ်ားများ၏ နှလုံးသည် အရည်ပျော်သွားနိုင်၏။

တျန်းဖုန်၏ရင်ထဲ၌လည်း တစ်ချက်လှုပ်ခတ်သွား၏။

သို့သော် အခြား ပုရိသယောကျ်ားများကဲ့သို့ လှုပ်ခတ်သွားခြင်းမဟုတ်ပါ။

တျန်းဖုန်သည် ထိုအသံ၏နောက်ကွယ်၌ လိုက်ပါလာသော အေးစိမ့်မှု၊ လျှို့ဝှက်မှုတို့ကို ခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။

မေမေယုံသည် အခန်းထဲမှ ပေါ်ထွက်လာသောအသံကို ကြားလိုက်ရသည်နှင့် ပြုံးရွှင်သွားပြီး....

'ခင်းဘမီးနေအား....ငါပါ'

ဟု ပြောရင်း အခန်းတံခါးဝမှ မိန်းကလေးကို တွန်းဖယ်၍ အခန်းထဲသို့ ဝင်ရောက်သွားလေတော့၏။

ကျွန်းဖုန်းက မျက်ခုံးပင့်လိုက်ပြီး အခန်းတံခါးဝမှ မိန်းကလေးကို ပြုံးပြလိုက်၏။

ပြီးမှ သူသည် တံခါးကိုနောက်ပြန်ပိတ်၍ အခန်းထဲသို့ ဝင်ရောက်သွားလေတော့၏။

ညှိခန်းထဲ၌ စားပွဲတစ်လုံးရှိ၏။

မဟော်ဂနီရောင် တောက်ပြောင်နေသော စားပွဲ၌ ကျွန်းဖုန်းက ဝင်ရောက်ထိုင်လိုက်၏။

အခန်းတံခါးဝမှ မိန်းကလေးက မျက်စိမှေးကာ ကြိတ်ရင်း အခန်းတံခါးကို ပိတ်လိုက်၏။

ကျွန်းဖုန်းသည် စားပွဲ၌ထိုင်ရင်း အတွင်းခန်းထဲမှ အသံများကို နားစွင့်နေ၏။

အတွင်းခန်းထဲ၌ မေမေယုံသည် အသပ်သပ် အခါခါ ထောင်းပန်းနေသော အသံ ထွက်ပေါ်နေ၏။

အတန်ကြာမှ အခန်းထဲမှ မေမေယုံ ထွက်လာ၏။

မေမေယုံနှင့်အတူ မိန်းကလေးတစ်ယောက် လိုက်ပါလာ၏။

မိန်းကလေးသည် ဆံပင်များကို ဖားလျားချထား၏။

သူမသည် သူမကိုယ် သူမ ပြုပြင်လိမ်းခြယ်ခြင်း မပြုရသေးပါ။



သို့သော် သူမ၏အလှသည် ဖုံးကွယ်ထား၍ မရအောင် ပေါ်လွင်နေ၏။

သူမ၏ မျက်လုံးများက တောက်ပြောင်ရှင်ပြီး တစ်ဖက်လူကို ဆွဲဆောင်နိုင်စွမ်းရှိ၏။

သူမ၏ ဖြူဖွေးသော အသားအရေကလည်း ဆွဲဆောင်မှုရှိနေ၏။

သူမ၏ နီမြန်းသော နှုတ်ခမ်းတစ်စုံက မြင်သူတိုင်းကို စေ့စေ့ကြည့်နိုင်၏။

ကျွန်းဖုန်းက သူမကို တစ်ချက်မျှလှမ်းကြည့်ပြီး သဘောပြင်း ချီးကျူးမိ၏။

မေမေယုံက သူမကို ကျွန်းဖုန်းနှင့် မိတ်ဆက်ပေးလိုက်၏။

'ဟောဒါ ငါ့တူသူခေါ်က အရက်ရောဆိုး သူဌေးသော ကျွန်းဖုန်းပဲ'

ကျွန်းဖုန်းက ထိုင်ရာမှမထဘဲ မိန်းကလေးကို ခေါင်းဆုံး ခြေဆုံး ကြည့်လိုက်၏။

ပြီးမှ ဦးခေါင်းညိတ်ကာ....

'အင်း... သုခမြို့မှာတော့ မင်းက အချောဆုံးပဲ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်း၏ စကားကြောင့် မေမေယုံက မျက်လုံးပြူးကာ....

'ဘယ်လောက်... မင်းသမီးလေ သုခမြို့တင်မကဘူး၊ ဟောဒီလောကကြီးမှာ အချောဆုံးပဲ'

ဟု ဝင်၍ စကားကို ဖြတ်ပြီး ပြောလိုက်၏။

ကျန်းဖုန်းက ခေါင်းတွန့်ပြလိုက်ပြီး....

'အင်း... ဖြစ်နိုင်ပါတယ်၊ ကျုပ်က အဒေသတလုံးက မိန်းကလေးတွေကို မတွေ့ဖူးတော့ မင်းက အလှဆုံးလို့ထင် ဖြစ်နိုင်ပါတယ်'

ဟု ပြောလိုက်၏။

မိန်းကလေးက ဘာမှပြန်မပြောပါ။

မေမေယုံက မိန်းကလေးဘက်သို့ လှည့်ကြည့်ပြီး....

'သူ့ငွေလေးကျန်းရဲ့ မျက်လုံးက ချောချော လှလှတွေ ကောင်းကောင်းရွေးတတ်တယ်'

ဟု ဝင်၍ပြောလိုက်၏။

'မိန်းကလေးက သိပ်ပြင်းချတာ....

'ကျွန်မက တလောကလုံးမှာ အလှဆုံးမိန်းကလေးဖြစ်ချင်မှ ဖြစ်မှာပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ကျုပ်တွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ မင်းကိုမီတာ တစ်ယောက်မှ မရှိဘူး'

ဟု ပြောလိုက်၏။

မိန်းကလေးက ခပ်ယဲ့ယဲ့ပြုံးရင်း....

'သူ့ငွေလေးကျန်း ချီးမွမ်းတာကို မခံယူဝံ့ပါဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ဦးခေါင်းညိတ်လိုက်ပြီး မေမေယုံဘက်သို့ လှည့်ကာ....



'အင်း... မြင်ရရုံနဲ့ ငါးရာတန်ပါတယ်'

ဟု ပြောလိုက်၏။

ပြီးမှ ကျန်းဖုန်းက မိန်းကလေးကို ကြည့်ကာ....

'မင်းက အဆိုတော်စင်းအယ်လို့ မေမေယုံက ညွှန်းခဲ့တယ်'

ဟု ပြောလိုက်၏။

မိန်းကလေးက ဦးခေါင်းငုံ့လိုက်ပြီး....

'ဒီလောက် မဟုတ်ပါဘူး'

ကျန်းဖုန်းက ပြုံးကာ....

'မင်းက နယ်လှည့်ပြီး သီချင်းဆိုခဲ့ဖူးလား'

ဟု မေးလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် မိန်းကလေးက ကျန်းဖုန်းကို မျက်ခုံးတစ်ချက်လှည့်ကြည့်ပြီး ဦးခေါင်းခါယမ်းကာ....

'မဆိုဖူးပါဘူး၊ ဘာဖြစ်လို့လဲ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကြည့်....ဘာမှမဟုတ်ပါဘူး၊ မနှစ်က လုံးတော့မြို့မှာ နယ်လှည့် သီချင်းဖျော်ဖြေတဲ့အဖွဲ့ထဲက မိန်းကလေးတစ်ယောက် သီချင်းဆိုတာတဲ့ နာမည်ကျော်ရင်း နဂါးနတ်ဂိုဏ်းချုပ်ကြီး သေသွားတယ်လို့ ကြားဖူးလို့ပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်း၏စကားကြောင့် မိန်းကလေးက ကျန်းဖုန်းကို အံ့သြ ကြည့်လိုက်၏။

ကျွန်းဖုန်းကသည်း မိန်းကလေးကို မသိသော အကဲခတ်ကြည့်လိုက်၏။

ထိုအခါ ကျွန်းဖုန်းသည် မိန်းကလေး၏ မျက်နှာပေါ်၌ ဖွံ့ဖြိုးသော အမူအရာ လွဲ၍ မသက်သာစရာကောင်းသော အမူအရာကို မတွေ့ရပါ။

မိန်းကလေးသည် ဖွံ့ဖြိုးသော မသိပြုံး....

'ဒီလိုတိန်ချမျိုး ဖြစ်ဖူးလား'

ဟု မေးလိုက်၏။

ကျွန်းဖုန်းက ဦးခေါင်းညိတ်ပြလိုက်ပြီး....

'ဒုက္ခနေ့ကိုကတ်ကျ ချောင်းကြီးကနေသာ ဝင့်တဲ့လူ တစ်ယောက်ပဲ၊ အာ...မြေ ချေးမပြပါဘူး၊ ဒါပေမယ့် ကျုပ်ကလေး သိချင်၊ လို့ နားထောင်ချင်နေ့ မသေချင်ဘူး'

ဟု ပြောလိုက်၏။

ကျွန်းဖုန်း၏ စကားကြောင့် မမယ်ယုံသာ ရယ်မောလိုက်ပြီး....

'သူဌေးလေးကျွန်းဖုန်း ရယ်စရာ ပြောနေပြန်ပါပြီ'

ဟု ပြောလိုက်၏။

ပြီးမှ သူမက မိန်းကလေးဘက်သို့ လှည့်ကာ....

'သူဌေးလေးကျွန်းဖုန်း ယမင်းသမီးရဲ့သီချင်းသံကို နားထောင်ချင်နေတာ'

ဟု ဝင်၍ ရှေ့ကြိုလုပ်လိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....



'အားတော့နားပါရှဲ၊ ကျွန်မ ဒီနေ့ သိပ်နေမကောင်းလို့ ညည်းမခံနိုင်တာကို ခွင့်လွှတ်ပါ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ပြုံးကာ....

'အင်း....ကျုပ်ရဲ့မျက်လုံးက မိန်းကလေးတွေ ချောလှတာတွေကို သိတယ်၊ နေထိုင်ကောင်းမကောင်းကိုလည်း သိတယ်၊ ဒီမှာ ကျုပ် တယ်လေ့လာပေးရမယ်၊ ကုန်ချင်သလောက် ကုန်ပါစေ ကျုပ်မမှုဘူး'

ဟု ပြောလိုက်၏။

ကျွန်းဖုန်း၏စကားကြောင့် မမယ်ယုံ၏ မျက်နှာသည် ဝင်းလက်သွားပြီး မိန်းကလေးဘက်သို့ လှည့်ကာ....

'မိန်းကလေး၊ သူဌေးလေးကျွန်းဖုန်းက သိပ်သဘောကောင်းတယ်၊ ဒီလိုလူမျိုးမှ သဘောကျစရာ မကောင်းရင် သဘောကျစရာကောင်းတဲ့ လူမျိုးရှိမှာ မဟုတ်တော့ဘူး'

ဟု ဝင်ရောက်၍ ကျွန်းဖုန်းဘက်မှ ပြောပေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

'စမ်းနည်းပါတယ်၊ ကျွန်မတော့ယ်လိုမှ ညည်းမခံနိုင်တာကို သည်းခံပါ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက သက်ပြင်းချလိုက်ပြီး....

'အင်း....ကျုပ်ကလည်း အခန်းထဲကို ရောက်ပြီးမှတော့ ပြန်မထွက်ချင်တော့ဘူး'

ဟု ပြောလိုက်၏။

ကျွန်းဖုန်း၏စကားကြောင့် မိန်းကလေးသည် မျက်စိ
မျက်နှာ ပျက်သွားပြီး....

'ကျွန်မ တောင်းပန်ပါတယ်၊ နေ့ခင်းကတစ်ခါ လူငွေးလေး
သာရင် ကျွန်မ ညည့်ခံပါမယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'အနည်းဆုံး သားစု ကျော်က သီချင်းလေး နားထောင်
ချင်တယ်'

ဟု ပြောလိုက်၏။

မိန်းကလေးက သက်ပြင်းချရင်း....

'နေ့လည်စာစဉ်ခါမှ လူငွေးလေးသို့ သီးသန့်ဧည့်ခံပါမယ်၊
အခုတော့ ကျွန်မကို ခွင့်လွှတ်ပါ'

ဟု ပြောလိုက်၏။

မေမေယုံက မိန်းကလေးကိုတစ်လှည့် ကျွန်းဖုန်းကို တစ်
လှည့် ကြည့်လိုက်၏။

ပြီးမှ သူမက ရယ်မောကာ....

'သူငွေးလေးကျွန်း၊ အေးအေးဆေးဆေး ဆွေးနွေးပါ
ငါ ရှောင်ပေးမယ်'

ဟု ပြောလိုက်ပြီး အခန်းထဲမှ ထွက်သွားလေတော့၏။

ကျွန်းဖုန်းက မေမေယုံ ထွက်သွားသည်အထိ စောင့်နေ
ပြီးမှ ရုတ်တရက် မိန်းကလေးကို လှည့်ကြည့်ကာ....

'မင်းလက်ခံမယ့်လူ ငါးယောက်ထဲက သိမ်ငှက်တွေလား'

ဟု မေးလိုက်၏။



ကျွန်းဖုန်း၏စကားကြောင့် မိန်းကလေးက ကျွန်းဖုန်းကို
စူးစိုက်ကြည့်လိုက်ပြီး....

'ရှင်ဘာတွေ လာပြောနေတာလဲ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက တစ်ချက် ပြုံးလိုက်ပြီး....

'ဒီမြို့မှာ သိမ်ငှက်တွေ ရောက်နေတယ်၊ ပြီးတော့
နှင်းဆီနက်ဆိုတဲ့ ကြေးစားလူသတ်သမားလဲ ရောက်နေတယ်'

ဟု ပြောလိုက်၏။

မိန်းကလေးက ကျွန်းဖုန်း၏စကားကိုနားထောင်သည့်ဟန်ဖြင့်
ဦးခေါင်းခါယမ်းကာ....

'သိမ်ငှက်၊ နှင်းဆီနက်တွေက ဘာတွေလဲ....'

ဟု ပြန်မေးလိုက်၏။

ထိုစဉ် ရှောင်အီဆိုသော မိန်းကလေးက သက်ပြင်းချ
ကာ....

'ဒီမှာ လူငွေးလေးကျွန်း၊ မမသေးက ဒီနေ့သိပ်ပြီး
နေမကောင်းဘူး၊ ဒါကြောင့် ရှင်ပြန်ပါ၊ ရှင်က မေမေ
ယုံကို ငွေငါးရာပေးခဲ့ရတယ်ဆိုရင် ကျွန်မတို့က ရှင့်ကို မနစ်
နာရအောင် ငွေတစ်ထောင် ပြန်ပေးပါမယ်'

ဟု ပြောကာ ငါးရာတန် ငွေလွှဲလက်မှတ်နှစ်ချက်ကို
ထုတ်ယူ၍ ကျွန်းဖုန်း၏ရှေ့သို့ ချပေးလိုက်လေတော့သည်
မဟုတ်ပါလား'

ထိုစဉ် ရုတ်တရက် အခန်းတံခါးပွင့်လာပြီး မေမေ
ယုံသည် အမောတကောဖြင့် ပြေးဝင်လာရင်း....

'မင်းသမီး...မင်းသမီး သတင်းကောင်းပါတယ်'
ဟု ပြောလိုက်လေတော့၏။
မိန်းကလေးသည် မေမေယိုကို မျက်မှောင်ကြုတ်၍ကြည့်လိုက်၏။
မေမေယိုက ပြုံးကာ...
'သူဌေးတစ်ယောက် ရောက်နေတယ်'
ဟု ပြောလိုက်၏။
မိန်းကလေးက မျက်မှောင်ကြုတ်ရင်း...
'အဲဒါ ဘာဖြစ်လဲ'
ဟု ပြောလိုက်၏။
မေမေယိုက ပြုံးကာ...
'ဘာဖြစ်ရမှာလဲ၊ အဲဒါ သတင်းကောင်းပဲပေါ့'
မိန်းကလေးက သက်ပြင်းချရင်း...
'ကျွန်မနဲ့မှ မဆိုင်တဲ'
မေမေယိုက ပြုံးကာ...
'ဆိုင်တယ်၊ ငါက မင်းသမီးဟာ ဘယ်လိုလှကြောင်း ဘယ်လိုအဆိုတော်ကြောင်း ပြောလိုက်တော့ သူက သီချင်းတစ်ပုဒ်ကို ငွေတစ်ထောင်ပေးမယ်လို့ ပြောတယ်'
ဟု ပြောလိုက်၏။
လျှန်းဖုန်းက မျက်မှောင်ကြုတ်လေ...
'ဒါဆို...သူ့ကို စောင့်ခိုင်းထားလိုက်၊ ကျုပ်အခုနေ ထောင်ဦးမယ်'
ဟု စင်ပြောလိုက်၏။



မေမေယိုက ပြုံးကာ...
'သူဌေးလေးကျွန်းက နေ့စဉ်မှန်မှန်ထောင်၊ ပိုက်ဆံလဲ ယပ်မပေးနဲ့ ဒီမှာပဲစောင့်နေ၊ အချက်အိုးနဲ့ မြည်းစရာလဲ ပို့လိုက်မယ်၊ ငါကစေတနာနဲ့ အအေးအားကျွေးမယ်'
ဟု ပြောလိုက်၏။
မိန်းကလေးက မျက်မှောင်ကြုတ်ရင်း...
'ဘယ်သူက သီချင်းဆိုပြမယ်လို့ ပြောနေလို့လဲ'
ဟု ပြောလိုက်၏။
မေမေယိုက သက်ပြင်းချကာ...
'မင်းသမီး၊ ငါ့ကို ငါ့ရှေ့မှာကတိသည်တွေက စိတ်ပျက်သွားအောင် မလုပ်ပါနဲ့ ငါတောင်းပန်ပါတယ်'
ဟု ပြောလိုက်၏။
မိန်းကလေးက သက်ပြင်းချကာ...
'ဒီနေ့ ကျွန်မ နေမကောင်းဘူး'
မေမေယိုက ပြုံးလိုက်ပြီး...
'မင်းသမီး...သူက မင်းသမီးကို တွေ့ခွင့်ရဖို့ ငွေတစ်ထောင် ပေးတယ်၊ ပြီးတော့ သီချင်းတစ်ပုဒ်ကိုဆိုပြရင် ငွေတစ်ထောင်ပေးမယ်၊ နောက်ပြီး သူကသဘောကျရင် နောက်ထပ် ငွေတစ်ထောင် ဆုချဦးမယ်'
ဟု ပြောလိုက်၏။
မိန်းကလေးက မျက်မှောင်ကြုတ်ကာ...
'သူက ဘယ်လူမို့လို့ ဒီလောက်တောင် ငွေဖြုန်းနိုင်ရတာလဲ'

ဟု ...လိုက်၏။

"...ယုံ ပြုံး...

"...ဒီမြို့ ...မတွေ့ဘူး၊ ...စင်တို့နယ်က လူငှားပဲ၊ ...အသည်း..."

ဟု ပြောလိုက်၏။

...ယုံ၏ ...ကြောင့် မိန်းကလေး...လိုက်...

...သွား၏။

"...ယုံ ... [illegible] ... သိမ်းမြင့်...

...သမီး...ဒါ ...ညီ..."

ဟု ပြောလိုက်၏။

"မိန်းကလေး... ... ပြ...

...မြို့ ...ကျွန်...ကို ...ခံ ...မယ်"

ဟု ... ...တဲ့သို့ ...ရောက်သွားလေတော့၏။

ကျွန်းဖုန်း... ...ကြ... ...

...ဟော့...ကျွန်ုပ်...

ကျွန်းဖုန်း၏ ... ...ဆုံး... ...ယုံ...

"...ကျွန်း... ...ပွဲ...ရှ ... မင်းသမီးပြန်လာ တော့ သိချင်းဆိုပြလိမ့်မယ်"

ဟု ပြောလိုက်...သော ...သည် မတွေ့ပါလေ။

❀

ကျွန်းဖုန်းသည် စားပွဲ၌ ထိုင်နေ၏။

စားပွဲပေါ်၌ အရက်အိုးနှင့် မြည်းစရာများ၊ ရှေ့၌ လာ၏။



...ရောက်နှ ငွေလွဲ...နှစ်ခု...သည်၊ စားပွဲပေါ်၌ ...၏။

ကျွန်းဖုန်းသည် ... ...ချလိုက်၏။ ...သည် ဤ... ...မိန်းကလေး... စိတ်ဝင်စား...၏။ မိန်းကလေးသည် ...ငွေ ... ငွေလွဲ... ...ပြန်ပေးခဲ့၏။

ငွေလွဲ... ...သည် ...ခိုင်ခံ့...သော ...ငွေတိုက်၏ ...လွှဲ...များ ဖြစ်၏။

ဤသို့ဆိုလျှင် ထိုမိန်းကလေးသည် ...မြို့...၌ ...ရှင် ...ခြ...မှာ ...။

...သည် ...စုံ... ...အကြောင်း...ကြောင့်သော ...ရှင် ...ခြ... ဖြစ်ခဲ့...။

ဤသို့ဆိုလျှင် ...မိန်း... ...၌ ...သော ... ...ချက် ... ...နည်း။

ကျွန်းဖုန်းသည် ... ...ဦး... ...ခြ... ...၏။ ...ကြောင့် သူသည် စားပွဲပေါ်မှ ...အိုးကို ...။ ...လေ...သည် ...ဟုတ်...သား။ ထိုစဉ် အခန်းအပြင်ဘက်မှ ဆူညံစွာ ပြောလှသံကို ...လိုက်ရသော ...သည် မဟုတ်ပါသော။

❀

ကျွန်းဖုန်းသည် အခန်းတံခါးကို ဖွင့်၍ အပြင်သို့ ထွက်၏။

ကြိုလမ်းပေါ်၌ သုခမြို့မှမိန်းကလေးတချို့ ထိတ်လန့်တကြား ပြေးလွှားနေ၏။

ကျွန်ုပ်က အနီးမှ ဖြတ်သွားသော မိန်းကလေးတစ်ယောက်၏ လက်မောင်းကို ဖမ်းဆွဲလိုက်ရင်း....

'ဘာဖြစ်တာလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက ကျွန်ုပ်ကို ပြူးတူးမြဲတဲဖြင့်မော့ကြည့် တာ....

'မသိဘူး၊ သူတို့ ထွက်ပြေးလို့ ကျွန်မလဲ ထွက်ပြေး တာ'

ဟု ပြောလိုက်၏။

ကျွန်ုပ်က....

'ကောင်းကွာ'

ဟု ပြောလိုက်ပြီး မိန်းကလေး၏ လက်ကို လွှတ်ပေး လိုက်၏။

ကျွန်ုပ်သည် ကြိုလမ်းအတိုင်း လျှောက်လာ၏။ ကြိုလမ်းတလျှောက် လူတွေ ရှုတ်ရှတ်သဲသဲ ဖြစ် သည်။

ကျွန်ုပ်က တုန်တုန်ယင်ယင်ဖြစ်နေသော မိန်းက တစ်ယောက်၏လက်မောင်းကို ဖမ်းကိုင်လိုက်ပြီး....

'ဘာတွေဖြစ်နေတာလဲ'

ဟု မေးလိုက်၏။

ထိုမိန်းကလေးက တုန်ယင်စွာဖြင့်....





'လူ...လူသတ်မှုဖြစ်...ဖြစ်တာ'

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် ကျွန်ုပ်၏ ချက်ခုံးမွေးညင်း နှဖူးပေါ်သို့ ဘာသိသွားပြီး....

'ဘယ်မှာလဲ'

ဟု မေးလိုက်၏။

မိန်းကလေးက....

'အရှေ့ဘက်အဆောင်မှာ'

ဟု ပြန်ပြောလိုက်၏။

ကျွန်ုပ်သည် ဘာမျှမစဉ်းစားတော့ပါ၊

လူသည် သုခမြို့၏အရှေ့ဘက်အဆောင်သို့ ပြေးလွှား သွားလေတော့သည် မဟုတ်ပါလား။

ကြားနေရသည့် အရှေ့ဘက်အဆောင်ဖြစ်၏။

အရှေ့ဘက်အဆောင်၌ သီးသန့်ခန်းမတစ်ခုရှိ၏။

ယခု ထိုခန်းမရှေ့၌ လူတချို့ ရှုတ်ရှတ်ရှတ် ဖြစ်နေ၏။

ကျွန်ုပ်သည် အခန်းတံခါးဝ၌ ရုတ်ရုတ်ရုတ် ဖြစ်နေ သော လူအုပ်ကိုတွန်းဖယ်၍အခန်းထဲသို့လှမ်းဝင်လိုက်သည်။

အခန်းထဲ၌ လူသေလေးယောက်ရှိ၏။

သုံးယောက်က မိန်းမ ဖြစ်ပြီး ကျန် တစ်ယောက်မှာ ယောကျ်ား ဖြစ်၏။

ယောကျ်ားက သန်မာထွားကျိုင်းသော ခန္ဓာကိုယ်ရှိပြီး အဖိုးတန်သော အဝတ်အစားများကို ဝတ်ဆင်ထား သည်။

လူသည် စားပွဲ၌ ထိုင်နေ၏၊

မိန်းမသုံးယောက်က ထိုလူ၏အနီး၌ရပ်နေ၏၊

မိန်းမသုံးယောက်မှာ ခေါင်းပေါ်၊ ရှေ့အဝတ်နှင့် ဖြစ်
တလေးတို့ပင်ဖြစ်၏၊

ထိုသုံးယောက်သည် စားပွဲ၌ထိုင်နေသော ယောက်ျား
ကြီး၏ ကြည့်ရာမှ ကျွန်းဖုန်းထံသို့ လှည့်ကြည့်၏၊

ကျွန်းဖုန်းက သူတို့အနီးသို့ ခြေလှမ်းကျဲကျဲဖြင့်လျှောက်
လာပြီး....

'ဘယ်လိုဖြစ်တာလဲ'

ဟု မေးလိုက်၏၊

မမေယိုက အော်ပြီးပြော....

'အော်ဖြစ်မှန်း မသိဘူး၊ ဒါပေမယ့် လူကသေ
ပြီ....'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက မိန်းမလေးကို လှမ်း၍ ကြည့်လိုက်၏၊

ပြီးမှ လူသည် သေဆုံးနေသော ယောက်ျား၏အလော
ကို သေချာစွာ စစ်ဆေးကြည့်လိုက်၏၊

ထိုလူ၏ လည်ပင်း၌ အနက်ရောင်ခပ်တစ်ချောင်းစိုက်
နေသည်ကို တွေ့ရ၏၊

ထို့ကြောင့် ကျွန်းဖုန်းက ဆံပြင်ချလိုက်ပြီး
ဘာလေးကို လှမ်းကြည့်လိုက်၏၊

ပြီးမှ....

'ဘယ်သူ့ဆံတစ်လဲ'



ဟု မေးလိုက်၏၊

ကျွန်းဖုန်း၏စကားကြောင့် မမေယိုက မျက်လုံးပြူး
ကာ....

'လူသတ်သမားက ထွက်သွားပါပြီ'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက မျက်မှောင်ကြုတ်လျက်....

'လူသတ်သမားက ဘယ်သူလဲ'

ဟု မေးလိုက်၏၊

မမေယိုက မျက်မှောင်ကြုတ်၍....

'ဘယ်သိမလဲ'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ရင်း....

'ဒီမှာ လူသေရဲ့အနားမှာ ခင်ဗျားတို့ သုံးယောက် ရှိ
တယ်၊ ဒီတော့ ခင်ဗျားတို့ သုံးယောက်ထဲက ဘယ်သူက
သတ်တာလဲ'

ဟု မေးလိုက်၏၊

ကျွန်းဖုန်း၏ စကားကြောင့် မမေယိုသည် မျက်လုံး
ပြူးကာ....

'ဘုရားရေ....ငါတို့က လူသတ်သမား၊ တွေလား'

ဟု ပြောလိုက်၏၊

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ရင်း....

'ခင်ဗျားတို့က လူ့ရဲ့ငွေလိုချင်သေးတယ်၊ လူ့ကိုလည်းသတ်
တယ်၊ ဒါပေမယ့် မကောင်းဘူး'

ဟု ပြောလိုက်၏၊

မေမေယုံက ကျန်းဖုန်းကို မျက်လုံးပြူးကြည့်လိုက်ပြီး....

'မင်းက လူတွေကို ရှမ်းပြီး မစွပ်စွဲနဲ့'

ဟု ပြန်ပြောလိုက်၏။

ကျန်းဖုန်းက မဲ့ပြုံးပြုံးကာ....

'ခင်ဗျားတို့သုံးယောက်ထဲက မဟုတ်ရင် သူက ဘယ်လို လုပ်ပြီး သေသွားရတာလဲ'

မေမေယုံက ဦးခေါင်းခါယမ်းပြရာ....

'ဒါတော့ ငါတို့လည်း မသိဘူး။ သူက ဗျပ်စောင်းတီးပြီး သီချင်းဆိုတယ်။ ငါနဲ့ ရှောင်အိနဲ့က ဒီနားမှာ ရပ်နေတယ်၊ သူက သူ့ဘာသာသူ သေသွားတာ၊ သူ ဘယ်လိုသေသွားမှန်း တောင် ငါတို့ မသိလိုက်ဘူး။ သူ့ကို ဘယ်သူက သတ်သွား တယ်ဆိုတာလဲ ငါတို့ မသိနိုင်ဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဟုတ်ပါပြီ၊ ဒါနဲ့ သူက သေခါနီးမှာ ဘာပြောသွား သေးလဲ....'

မေမေယုံက မျက်မှောင်ကြုတ်ကာ....

'ကျုပ်တော့ သေပြီလို့ ပြောသံ မကြားလိုက်ဘူး။ ရယ် စမောနေရင်းက အခုလို ဖြစ်သွားတာပဲ၊ မသေခင် သူ နောက်ဆုံး ပြောသွားတဲ့စကားကို ကြားချင်ရင်တော့ ငါ ပြောပြမယ်'

ကျန်းဖုန်းက ဦးခေါင်းညိတ်ကာ....

'ပြော....'



မေမေယုံက....

'ဟား....ဟား....ဟား'

ဟု ရယ်မောလိုက်၏။

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'ခင်ဗျားက ဘာရယ်တာလဲ'

မေမေယုံက....

'ငါက ဘာမှ မရယ်ဘူး'

ကျန်းဖုန်းက မျက်မှောင်ကြုတ်ရင်း....

'ဒါဖြင့် ဘာဖြစ်လို့ ဟား....ဟား....ဟား....လို့ ရယ်ရ တာလဲ'

မေမေယုံက မျက်ခုံးပင့်ကာ....

'မင်းက ဒီလူ သေခါနီး ဘာပြောသွားသလဲဆို'

ကျန်းဖုန်းက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်လေ'

မေမေယုံက မျက်နှာရှုံ့မဲ့လိုက်ပြီး....

'အဲဒါ သူသေခါနီး ပြောသွားတာပဲ၊ ဟား....ဟား.... ဟား....အဲဒါပဲ'

ကျန်းဖုန်းက ဘာမျှမပြောတော့ပေ။

သူသည် စိတ်ပျက်စွာဖြင့် ဦးခေါင်းအစ်ချက် ကုတ် လိုက်၏။

မေမေယုံက ကျန်းဖုန်းကို ကြည့်ပြီး....

'နေစမ်းပါဦး၊ မင်းက ငါတို့ကို စစ်ရ ဆေးရအောင် မင်းက လူဆိုးသိန်းလား'

ဟု မေးလိုက်၏။

ကျွန်ုပ်သည် မေမေယုံ၏ အမေးကို အဖြေမပေးသေးပဲ
သူသည် မိန်းကလေး၏ တစ်ချက်မျှ ရှုံ့စိတ်ကြည့်လိုက်
ပြီး လက်ချောင်း သောင်ပြလော....

'လေးလေးတို့ပဲ ကျွန်တော့ထယ်'

ဟု ဖြေလိုက်၏။

မိန်းကလေးသည် ဘာမျှ ပြန်မပြောတော့ပဲ ကျွန်ုပ်ကို
တစ်ချက်မျှ ရှုံ့စိတ်ကြည့်ပြီး အခန်းထဲသို့ ထွက်သွားလေ
သည် မဟုတ်ပါလော။

ကျွန်ုပ်သည် လှုပ်ရှားနေသောသူကို သေချာစွာ ကြည့်
နေ၏။

ပြီးမှ ဦးခေါင်းခါယမ်းကာ....

'မဖြောင်းတော့ဘူး'

ဟု ပြောလိုက်၏။

မေမေယုံက မျက်မှောင်ကြုတ်ရင်း....

'ဘာမေးကာရုံးလဲ'

ဟု မေးလိုက်၏။

ကျွန်ုပ်က လူသစ်ကို ညွှန်ပြရင်း....

'ခင်ဗျား သူ့ကိုသိလား'

ဟု မေးလိုက်၏။

မေမေယုံက ပြုံးကာ....

'သိသားပဲ၊ စင်တိုးယံက ရတနာကုန်သည် သူဌေးကြီး
လေ'



ကျွန်ုပ်က ပြုံးလိုက်ပြီး....

'ဟုတ်ကဲ့ ဒါပေမဲ့ သူဟာ တစ်ချိန်က သိမ်းငှက်နှုတ်ခမ်း
ဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

ဟု ပြောလိုက်၏။

ကျွန်ုပ်၏ စကားကြောင့် မေမေယုံသည် မျက်လုံးပြူး
တော....

'သူ...သူ... သိမ်းငှက်နှုတ်ခမ်းကောင် ဟုတ်လား'

ဟု ပြန်မေးလိုက်၏။

ကျွန်ုပ်က ပြုံးလိုက်ပြီး အသေးစိတ်ရည်ညွှန်းမှု ဆွဲပြား
ကို ထုတ်ပြရင်းအကြောင်း ဆွဲထုတ်လိုက်၏။

ဆွဲပြားသည် သိမ်းငှက်ပုံဖြစ်၏။

ကျွန်ုပ်က ဆွဲပြား၏ ထပ်ဖက်ကို လှန်ကြည့်လိုက်၏။

ဆွဲပြားအောက်ဖက်၌ ဝါဟူသောစာလုံး ရေးထားသည်
ကို တွေ့၏။

ကျွန်ုပ်က လေတစ်ချက် ချွန်လိုက်ပြီး အခန်းထဲ ထွက်
သွားရန်ပြင်တော့၏။

မေမေယုံသည် လူသစ်သေကောင်းကို မျက်လုံးပြူးကြည့်
ရင်း....

'ဒုက္ခပဲ....ဒုက္ခပဲ'

ဟု အဆက်မပြတ် ရေရွတ်ရင်း ကျန်ရစ်ခဲ့သလောက်သည်
မဟုတ်ပါလေ။

ကျွန်းဖုန်းက အခန်းတံခါးကို ခေါက်ပါ၏။

ခေါက်ရန်လည်း မလိုပါ။

အဘယ်ကြောင့်ဆိုသော် အခန်းတံခါးက ပိတ်၍မထားသောကြောင့်ဖြစ်၏။

ကျွန်းဖုန်းသည် အခန်းထဲသို့ လှမ်းဝင်လိုက်ပြီး အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်၏။

ပြီးမှ သူသည် အတွင်းခန်းထဲသို့ ဝင်ရောက်သွား၏။

အတွင်းခန်းထဲ၌ မည်သူမျှမရှိပါ။

အခန်းတစ်ခုလုံး၌ မိန်းကလေးရော ရွှေခင်အိပါ မတွေ့ရတော့ပါ။

သို့သော် ခုတင်ပေါ်၌ စက္ကူဖြင့် ပြုလုပ်ထားသော အနီရောင်နှင်းဆီ တစ်ပွင့်ကို တွေ့ရ၏။

နှင်းဆီပွင့်၏အောက်၌ စာရွက်ခေါက်တစ်ခုကို တွေ့ရ၏။

ကျွန်းဖုန်းက နှင်းဆီပွင့်ကို ကောက်ယူ၍ နမ်းလိုက်၏။

ပြီးမှ စာရွက်ခေါက်ကိုယူ၍ ဖြန့်ကာ ဖတ်ကြည့်လိုက်၏။

သူဌေးလေးကျွန်း....

ဝင်မရှုပ်ပါနဲ့။ သိချင်စိတ်များထဲမှာထားပါ။ သေတတ်တယ်။

ပုံ....နှင်းဆီနက်

ညသည် တိတ်ဆိတ်နေ၏။

ညဉ့်နက်နေပြီဖြစ်၍ သုခဘုံ တစ်မြို့လုံး အိပ်မောကျနေပြီ ဖြစ်၏။



ညဉ့်နက်သန်းခေါင်ကျော်သည်အထိ ဆူညံနေခဲ့သော သုခမြို့ဂေဟာလည်း တိတ်ဆိတ်သွားပြီ ဖြစ်၏။

သို့သော် သုခမြို့ဂေဟာ၏ အခန်းတစ်ခန်းသည် မီးရောင်လင်းနေဆဲ ဖြစ်၏။

အခန်းထဲ၌လည်း လူရိပ်တစ်ရိပ် လှုပ်ရှားနေဆဲ ဖြစ်၏။

ထိုလူရိပ်သည် ခေမယုံပင်ဖြစ်သည် မဟုတ်ပါလော။

ခေမယုံသည် သိမ်းငှက်ခုနစ်ကောင်အကြောင်းကို ကြားဖူးထားသူ ဖြစ်၏။

ယခု သူမ၏ဂေဟာထဲ၌ လူတစ်ယောက် အသတ်ခံလိုက်ရ၏။

ထိုလူသည် သိမ်းငှက်တစ်ကောင်ဟု ကျွန်းဖုန်းက ပြောသွား၏။

ကျွန်းဖုန်း ပြောသည့်အတိုင်း ထိုလူသည် သိမ်းငှက်တစ်ကောင် ဖြစ်ခဲ့ပါက ထိုလူအသတ်ခံရမှုသည် သူမအတွက် အလွန်ဖြေရှင်းရန် ခက်ခဲသောကိစ္စတစ်ရပ် ဖြစ်လာမည်မှာ သေချာ၏။

ထို့အပြင်....

ထိုလူကို ဖျော်ဖြေခဲ့သော မိန်းကလေးသည် မြေလျှိုးမိုးပျံ ဆိုသကဲ့သို့ ပျောက်ကွယ်သွားခဲ့၏။

သူမသည် သူမ၏ လူမိုက်များကို စေလွှတ်၍ ထိုမိန်းကလေးကို ရှာဖွေခဲ့၏။

သို့သော် ထိုမိန်းကလေး၏ အရိပ်အယောင်ကိုပင် မတွေ့ခဲ့ကြချေ။

ထို့ကြောင့် မမေယုံသည် သိုက်ဝိစ္စကို မည်သို့မည်ပုံ ဖြေရှင်းရမည်မသိအောင် ဖြစ်နေ၏။

[illegible] မြို့ [illegible] မိန်းကလေး [illegible] လှဲချနိုင်သည် [illegible] ဦး မိန်းကလေးက [illegible] ပါ။

ထို့ကြောင့် [illegible] မည်သူက ယုံမည်နည်း။ [illegible] ထိုလူသည် [illegible] ရှိခဲ့သည်။

ထို့ကြောင့် [illegible] မိန်းကလေး နှင့် [illegible] ဖြစ်၏။

ယခု မိန်း [illegible] မရှိတော့ပေ။

[illegible] ယုံသည် [illegible] ဦး [illegible] ဖြစ်ခဲ့သော [illegible]။

[illegible] ယုံသည် [illegible] ရန် [illegible] သူ၏ [illegible] များကို [illegible] ထုပ် [illegible]။

ထို့ [illegible] လူ့ပိန်ဆိုးရိပ် [illegible] သော [illegible] မဟုတ်ပါ [illegible]။

မမေယုံသည် ထိုလူရိပ် [illegible] မြင်တွေ့လိုက်သည်နှင့် မျက် လုံးပြူးကာ ....

'ခင်း....ခင်း....ခင်း....'

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် အထိတ်တလန့် ရေရွတ်လိုက်မိ လေတော့သည် မဟုတ်ပါလား။



[illegible] ကျွန်းဖုန်း တွက်လာခဲ့သော အခါ ညဉ့်နက်နေပြီဖြစ်၏။

[illegible] ယခုနေ [illegible] ပါ။

[illegible] ကံမကောင်းပေ။

[illegible] လျှင် [illegible] ကောင်း သည်တူ၍ [illegible] ရှိခဲ့ပါ [illegible]

[illegible] ဖြစ်၏။

ထို့ကြောင့် [illegible] ခဲ့၏။

[illegible] လှည့်မှု [illegible]။

[illegible] ကိုးကို [illegible] ပြန်၏။

[illegible]

[illegible] ကျွန်းဖုန်း [illegible] များရှိသည့် [illegible] ကြ [illegible] လိမ့်မည်ဖြစ်၏။

ထို့ကြောင့် [illegible] ခြင်းကို သူက အလျင်အမြန် ကျော်ရှုလင်းလိုက်ရသည် မဟုတ်ပါ လား။

ညက ညဉ့်နက်နေပြီဖြစ်၍ လမ်း၌ လူသူ [illegible] နေ၏။ တဝ်ဆိတ်ခြင်းကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံး လွှမ်းနေပြီဖြစ်၏။

လရောင်က လမ်းပေါ်သို့ ကျရောက်နေ၏။

ကျွန်းဖုန်းသည် လမ်းပေါ်၌ သမ်းလျှောက်နေ၏။

လူ၏ခြေသံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ပေါ် ထွက်နေ၏။

လူသည် ကောင်းကင်ပေါ်မှ လစန်းကို တစ်ချက်မော့ ကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ လမ်းကိုဆက်၍လျှောက် သည်။

လူ၏ခြေသံက ပေါ်ထွက်နေ၏။

သို့သော် လူ၏ခြေသံကြားထဲ၌ ခြေသံတစ်သံပေါ်ထွက် နေသည်ကို ကျန်းဖုန်းက သတိပြုမိလိုက်၏။

ထို့ကြောင့် လူသည် လူ၏ခြေလှမ်းများကို ရပ်တန့်လိုက် ပြီး နောက်သို့လှည့်ကြည့်လိုက်၏။

လူ၏နောက်တွင်ကား မည်သူမျှမရှိပါ။

ကျန်းဖုန်းသည် မျက်မှောင်ကြုတ်လိုက်ပြီး ရှေ့သို့ဆက် လျှောက်သွား၏။

လူ၏ညာခြေနှင့် လမ်းမထိတွေ့၍ ခြေသံပေါ်လာ၏။

သို့သော် ထိုခြေသံနှစ်ခုကြား၌ ခြေသံတစ်သံကို ကြား ရ၏။

ကျန်းဖုန်းက လူ၏ခြေထောက်ကိုငုံ့ကြည့်လိုက်၏။

လူ၏ခြေထောက်သည် နှစ်ချောင်းသာရှိ၏။

ခြေသံပေါ်ထွက်ပုံအရဆိုလျှင် လူ၌ခြေထောက် သုံး ချောင်း ရှိရမည်ဖြစ်၏။

ထို့ကြောင့် ကျန်းဖုန်းက လေပူအစ်ချ၍မှုတ်ထုတ်လိုက် ပြီး...

'ကဲ...ကျုပ်ကို ဘယ်သူက တွေ့ချင်တာလဲ၊ ထွက်ခဲ့ပါ'



ဟု အော်ဟစ်လိုက်လေသော်လည်း မည်သူမျှ မထွက်ပါလား။

ထိုစဉ် ရယ်မောသံကြားနေပေါ်ထွက်လာပြီး လူရိပ်တစ်ရိပ် သည် အမှောင်ရိပ်ထဲမှ ဝုန်းခနဲ ထွက်လာသော အခါ အရူးသည်မဟုတ် ပါလား။

ကျန်းဖုန်း၏ရှေ့သို့ လူတစ်ယောက်ရောက်ရှိလာ၏။

ထိုလူသည် ချိုင်းထောက်နှင့်လူ ဖြစ်၏။

ကျန်းဖုန်းက ချိုင်းထောက်နှင့်လူကို မျက်လုံးပြူးကြည့် လိုက်ပြီး ဦးခေါင်းခါယမ်းကာ...

'ခြေတစ်ချောင်းကျိုးက ဒီလောက် မြန်လိမ့်မယ်လို့မထင် ဘူး'

ဟု ပြောလိုက်၏။

ချိုင်းထောက်နှင့်ဒုက္ခိတက ရယ်မောလိုက်ပြီး...

'အမှတ်ငါးကို ဘယ်သူသတ်တာလဲ'

ဟု မေးလိုက်၏။

ကျန်းဖုန်းက မျက်ခုံးမွှေးတို့ပင့်တင်လိုက်ပြီး...

'ခင်ဗျားက အမှတ်ဘယ်လောက်လဲ'

ဟု ပြန်မေးလိုက်၏။

ချိုင်းထောက်နှင့်လူက မျက်မှောင်ကြုတ်ကာ...

'ကျုပ်မေးတာကို ဖြေပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး...

'ခင်ဗျားက မျက်စိပါ ကန်းနေတာကိုး'

ဟု ပြောလိုက်၏။

ကျွန်ုပ်၏စကားကြောင့် ချိုင်းထောက်နှင့်ဒုက္ခိတသည် မျက်မှောင်ကြုတ်သွား၏....

'အပိုစကား မပြောနဲ့'

ဟု ပြောလိုက်လေ၏

ကျွန်ုပ်က နှုတ်ခမ်းကို မဲ့လိုက်ပြီး....

'ခင်ဗျားက အပိုစကားပြောနေတာကို'

ချိုင်းထောက်နှင့် လူက သက်ပြင်းချလိုက်ပြီး....

'ဒီမှာ နှင်းဆီနီဆိုတာ ဘယ်သူလဲ'

ဟု မေးလိုက်၏

ကျွန်ုပ်က ပြုံးလျက်ပြီး....

'ကြေးစားစစ်သား၊ အခုတလော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ကြေးစားစစ်သားပဲ'

ချိုင်းထောက်နှင့်လူက....

'ဒီမှာ ကျွန်ုပ်....အမှတ်၁၊ အသတ်ခံရတဲ့ အချိန်မှာ မင်းရှိနေမယ်ဆိုတာ မင်းဟာ ငြင်းမလား'

ကျွန်ုပ်က ပြုံးကာ....

'ငြင်းတာပေါ့၊ အမှတ်၁၊ အသတ်ခံရပြီးမှ ကျုပ်ရှိတာ ဘာပြောချင်သလဲ'

ဟု ပြောလိုက်၏၊

ချိုင်းထောက်နှင့်လူက....

'ဒါဖြင့် နှင်းဆီနီဟာ ဘယ်သူဆိုတာ မင်းသိမှာပေါ့'

ကျွန်ုပ်က ပြုံးကာ....

'မေမေယုံကတော့ နှင်းဆီနီ မဖြစ်နိုင်ဘူး'



ချိုင်းထောက်နှင့်လူက....

'ဒါဆို မင်းပြောမလား'

ကျွန်ုပ်က ပြုံးကာ....

'မေမေယုံကိုဖယ်လိုက်ရင် နှစ်ယောက် ကျန်တယ်၊ နှစ်ယောက်လုံးကတော့ နှင်းဆီနီ မဟုတ်နိုင်ဘူး'

ချိုင်းထောက်နှင့်လူက...

'သူတို့က ဘယ်သူတွေလဲ'

ကျွန်ုပ်က ပြုံးကာ....

'ခင်ဗျားက မေမေယုံကို မမေးဘဲ ဘာဖြစ်လို့ ကျုပ်ကို လာမေးရတာလဲ'

ချိုင်းထောက်နှင့် ဒုက္ခိတက မျက်မှောင်ကြုတ်ကာ....

'မေမေယုံကို မေးလို့မရလို့ပေါ့'

ကျွန်ုပ်က မျက်ခုံးပင့်ကာ....

'မေမေယုံကို ဘာဖြစ်လို့ မေးလို့မရတာလဲ၊ သူကမပြောဘူးလား'

ချိုင်းထောက်နှင့် ဒုက္ခိတက သက်ပြင်းချကာ....

'သေတဲ့လူကို မေးလို့ရတယ်လို့ မင်းကကြားဖူးလို့လား'

ဟု ပြောလိုက်၏၊

ချိုင်းထောက်နှင့်ဒုက္ခိတ၏စကားကြောင့် ကျွန်ုပ်၏မျက်လုံးပြူးသွားပြီး....

'ဘာ....မေမေယုံ သေသွားပြီတဲ့လား'

ချိုင်းထောက်နှင့်လူက....

'သေသွားတာမဟုတ်ဘူး၊ အသတ်ခံလိုက်ရတာ'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'မင်းက သတ်ပစ်ခဲ့တာလား'

ချိုင်းထောက်နှင့်လူက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ငါက ဘာလို့ သတ်ရမှာလဲ'

ကျွန်းဖုန်းက လက်နှိပ်ဓာတ်မီးကို နေရာသို့ ပစ်လိုက်၏။ ပြီးမှ သူသည် ချိုင်းထောက်နှင့်လူကို မျက်မှောင်ကြုတ်၍ တရားခံ စစ်ဆေးနေသော လူဆိုးထိန်းက ကြည့်သကဲ့သို့ ကြည့်ကာ....

'မင်းက မသတ်ဘူးလို့ ဘယ်သူက အာမခံမှာလဲ'

ဟု မေးလိုက်၏။

ချိုင်းထောက်နှင့်လူက....

'ကျုပ် ရောက်သွားတော့ သူက သေနေပြီ....'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ရင်း....

'မင်းက သူ့ကို သတ်ဖို့သွားတာ မဟုတ်ဘူးလား'

ချိုင်းထောက်နှင့်လူက လက်ကာပြရင်း....

'မဟုတ်ပါဘူး၊ ကျုပ်က ဟို....ဟို မိန်းမလေးအကြောင်း မေးချင်လို့ပါ'

ကျွန်းဖုန်းက....

'သူက သေခါနီးမှာ ဘာပြောသွားသေးလဲ'

ချိုင်းထောက်နှင့်လူက ဦးခေါင်းခါယမ်းလိုက်ပြီး...

'ဘာမှ မပြောနိုင်တော့ဘူး'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ရင်း....

'အခန်းထဲကို သေသေချာချာ စစ်ဆေးကြည့်သေးလား'



ချိုင်းထောက်နှင့်လူက ဦးခေါင်းခါယမ်းလိုက်ပြီး....

'ငါတော့ သေသေချာချာ စစ်ဆေးမကြည့်မိဘူး'

ကျွန်းဖုန်းက ဦးခေါင်းညိတ်ရင်း....

'မင်းတယ်ညံ့တာပဲ၊ တကယ်လို့ မင်းသာ အခန်းထဲမှာ သေသေချာချာစစ်ဆေးကြည့်ရင် လူသတ်သမားရဲ့ သဲလွန်စ ရနိုင်တာပေါ့'

ချိုင်းထောက်နှင့်လူက ဦးခေါင်းညိတ်လိုက်ပြီး....

'အင်း....မင်းပြောတာ မှန်တယ်'

ကျွန်းဖုန်းက ဦးခေါင်းညိတ်ကာ....

'ဒါကြောင့် မင်းက ဘာဖြစ်လို့ ဒီမှာရပ်နေရတာလဲ'

ဟု ပြောလိုက်၏။

ချိုင်းထောက်နှင့်လူက ဦးခေါင်းညိတ်လိုက်ပြီး ဘာမျှ မပြောတော့ဘဲ တိုက်ခန်းမှ လျှောက်မြန်မြန်ဖြင့် ထွက်ခွာသွားလေတော့သည် မဟုတ်ပါလား။

ချိုင်းထောက်နှင့်လူသည် ပြေးလွှားနေသော သူ၏ ခြေလှမ်းများကို ရပ်တန့်လိုက်၏။

ပြီးမှ သူသည် မျက်မှောင်ကြုတ်ကာ....

'ငါက ကျွန်းဖုန်းကိုမေးရမှာ ကျွန်းဖုန်း မေးတာကို ငါက ဖြေရမှာမှ မဟုတ်ဘဲ'

ဟု တစ်ယောက်ထည်း ရေရွတ်လိုက်ပြီး နောက်ခြေ
ပြန်လှည့်ကာ ကျွန်းဖုန်းရှိရာသို့ လျင်မြန်စွာ ပြေးလွှားသွား
ခဲ့လေတော့၏။

သို့သော် ထိုနေရာ၌ ကျွန်းဖုန်းကို မတွေ့ရတော့ချေ
ကျွန်းဖုန်းသည် မြေလျိုး၍ မိုးပျံသွားခဲ့ပြီလော။
ကျွန်းဖုန်းသည် မြေလျိုး၍လည်း မသွားပါ။
မိုးပျံ၍လည်း မသွားပါ။

သူသည် သစ်ပင်တစ်ပင်၏ သစ်ကိုင်းပေါ်၌ ထိုင်
ခြင်းသာ ဖြစ်ပါသည်။

သူသည် သစ်ကိုင်းပေါ်၌ထိုင်ရင်း မိမိကို မတွေ့ရ
သဖြင့် ယောင်တိယောင်ချာ ဖြစ်နေသည့် ချိုင်းထောက်နှင့်လူ
သဘောကျစွာ ကြည့်နေသည်မဟုတ်ပါလော။

ချိုင်းထောက်နှင့်လူသည် နောက်ဆုံး၌ လက်လျှော့
ဟန်ဖြင့် ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

ချိုင်းထောက်နှင့်လူ ထွက်ခွာသွားပြီးနောက် မကြာ
ကျွန်းဖုန်းသည် သစ်ပင်ပေါ်မှ ဆင်းလိုက်ပြီး အမှောင်
အတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သ
မတွေ့တော့ပါလေ။

## အခန်း (၃)

ကျောက်ဆောင်တုံး၏ နောက်ကွယ်မှ လူသုံးယောက် ပေါ်
ထွက်လာ၏။

လရောင်ကြောင့် ရှေ့ဆုံးမှလူ၏ မျက်နှာကို တွေ့မြင်
နိုင်၏။

သို့သော် ထိုလူသည် အနက်ရောင်ပဝါဖြင့် မျက်နှာကို
စည်းနှောင်ထားခြင်းကြောင့် မည်သူ မည်ဝါဟူ၍ မသိ
နိုင်ပါ။

ထိုလူသာ ဘေးဘီဝန်းကျင်ကို တစ်ချက်မျှ အကဲခတ်
ကြည့်လိုက်ပြီးနောက်....

ကျောက်ဆောင်တုံးအကွယ်မှ ထွက်လိုက်၏။

ထို့နောက် သူတို့သုံးယောက်သည် ခပ်လှမ်းလှမ်း၌
မြင်နေရသော ဈေးဆိုင်သို့ ဦးတည်၍ သွားလေတော့၏။

ထိုစျေးဆိုင်သည် ဒေါ်ကြီးဟွားမ၏ တိုက်ပျူဆိုင်ပင် ဖြစ်သည် မဟုတ်ပါလား။

ညဉ့်နက်နေပြီ ဖြစ်၏။

သို့သော် ဒေါ်ကြီးဟွားမ၏အိမ်ခန်းအတွင်းမှ မီးရောင်ကို မြင်တွေ့နေရဆဲ ဖြစ်၏။

ထိုအခန်းသည် ဒေါ်ကြီးဟွားမ၏အခန်း ဖြစ်၏။

အခန်းထဲ၌ ဒေါ်ကြီးဟွားမနှင့် ဗေဒင်ဆရာတို့သည် စားပွဲ၌ ထိုင်နေ၏။

ဗေဒင်ဆရာ၏ သက်ပြင်းချသံ....

'အမှတ်ပါ။ အသက်ခံလိုက်ရတယ်ဆိုတာ အမှန်ပဲလား'

ဟု မေးလိုက်၏။

ဒေါ်ကြီးဟွားမက ဦးခေါင်းညိတ်ကာ....

'မှန်ပါတယ်'

ဗေဒင်ဆရာက ဖလပူတစ်ချက် မှုတ်ထုတ်ကာ....

'ဒီကောင်က ဒီလောက် အရေးကြီးနေတဲ့ အချိန်မှာ ကောင် အမြင်းကြော့က လာချင်သေးတယ်'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားမက....

'သူ့ကို နှင်းဆီနက်က သတ်သွားတာ'

ဟု မေးလိုက်၏။



ဗေဒင်ဆရာက မျက်မှောင်ကြုတ်လိုက်ပြီး....

'နှင်းဆီနက်က ပြန်ပေါ်လာတာလား'

ဒေါ်ကြီးဟွားမက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်၊ ဒီမှာ နှင်းဆီနက် ရောက်နေတယ်လို့ သတင်း ထွက်နေကြပြီ'

ဗေဒင်ဆရာက မျက်မှောင်ကြုတ်ကာ....

'သူက ငါတို့ကိုသတ်ဖို့ နှင်းဆီနက်ကို ငှားထားသလား မသိဘူး'

ဟု ပြောလိုက်၏။

ဒေါ်ကြီးဟွားမက သက်ပြင်းချကာ....

'အခုပဲ မေးသလဲ ဒီမှာ ရောက်နေတယ်'

ဗေဒင်ဆရာက....

'ငါသိတယ်၊ အေး...အခုလိုဆော သူကဒါဒီနှစ်ယောက် လုံးကို ငှားခဲ့မယ်ဆိုရင် ငါတို့ မလွယ်ဘူး'

ဒေါ်ကြီးဟွားမက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

'သူ့အခန်းကြုံခင်းရော သူ့ရဲ့ခြံဝင်းအခြေအနေရော သိတန်သလောက် သိနေပြီပဲ၊ ကျွန်မတို့ ဘာဖြစ်လို့ အချိန်ဆွဲနေမလဲ'

ဟု ပြောလိုက်၏။

ဗေဒင်ဆရာက ပြုံးလိုက်ပြီး....

'ငါလူတွေ ဒီတစ်ခုဖို့ နှစ်ရက်မှာ ရောက်လာလိမ့်မယ်'

ဒေါ်ကြီးဟွားမက မျက်မှောင်ကြုတ်ကာ....

'အင်အားသုံးရမယ်လို့ ရှင်က ထင်သလား'

ဗေဒင်ဆရာက ပြုံးကာ....

'သုံးသင့်ရင် သုံးရမှာပေါ့'

ဒေါ်ကြီးဟွားက သက်ပြင်းချလိုက်၏။

ထိုစဉ်ရုတ်တရက်ချင်းချင်း၏ထိတ်လန့်တကြားအော်ဟစ်သံ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလား။

အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်က ချင်းချင်းကို နောက်မှ ချုပ်ကိုင်ထား၏။

ချင်းချင်းက ရုန်းကန်နေ၏။

ခေါင်းဆောင်ဖြစ်ဟန်တူသောလူက ယဘောကျစွာ ရယ်မောနေ၏။

ချင်းချင်း၏ ထိတ်လန့်တကြား အော်ဟစ်သံ ကြောင့် ဒေါ်ကြီးဟွားသည် အခန်းထဲမှ ပြေးထွက်လာ၏။

သူမသည် ချင်းချင်း၏ အိပ်ခန်းအတွင်းမှ အခြေအနေကို မြင်တွေ့သောအခါ....

'နင်တို့ ဒါဘာလုပ်တာလဲ'

ဟု အော်ဟစ်လိုက်၏။

ခေါင်းဆောင်လုပ်သူက အနက်ရောင်ဝတ်စုံရှင်နှင့် လူကို ဦးခေါင်းညိတ်ပြရင်း....

'အဘွားကြီးကိုအခန်းထဲထည့်ပြီး တံခါးပိတ်ထားလိုက်'

ဟု ပြောလိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူက ရယ်မောတော....

'စိတ်ချ....'



ဟု ပြောကာ ဒေါ်ကြီးဟွားကို ဖမ်းချုပ်လိုက်၏။

ထိုစဉ် ဒေါ်ကြီးဟွားက ထိုလူ၏ ပေါင်ကြားကို ခြေထောက်ဖြင့် ကန်လိုက်ရာ....

'အွတ်....'

ဟူသော အော်သံနှင့်အတူ ထိုလူသည် ပေါင်ကြားကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ဒေါ်ကြီးဟွား၏ရှေ့သို့ဒူးထောက် ကျသွား၏။

ထိုစဉ် ဒေါ်ကြီးဟွားက ထိုလူ၏မျက်နှာကို ဒူးဖြင့်တိုက် လိုက်ရာ....

'ခွပ်....'

ဟူသော အသံနှင့်အတူ ထိုလူသည် နောက်သို့ ပက်လက် လန်၍ လဲကျသွားလေတော့၏။

ခေါင်းဆောင်ဖြစ်သူက မျက်လုံးပြူးသွားပြီး ဒေါ်ကြီး ဟွားကို ဓားဖြင့် ခုတ်ပိုင်းလိုက်လေတော့၏။

ထိုစဉ် ရုတ်တရက်ဒေါ်ကြီးဟွား၏ရှေ့သို့လူတစ်ယောက် ရောက်ရှိလာပြီး ထိုလူ၏ဓားကိုဟန့်တားလိုက်လေတော့သည် မဟုတ်ပါလား။

'ဝုန်း....'

ဟူသော အသံနှင့်အတူ ခေါင်းဆောင်သည် နောက်သို့ လွင့်စဉ်သွား၏။

ချင်းချင်းကို ဖမ်းချုပ်ထားသော အနက်ရောင်ဝတ်စုံနှင့် လူသည် မျက်လုံးပြူးသွားပြီး ချင်းချင်းကို တွန်းထုတ်ကာ ပြေးဝင်လာသူအား ခုန်ချလိုက်၏။

သို့သော် ဗေဒင်ဆရာ၏ လက်ကြီး တစ်ချက်မျှ လှုပ်ခတ်သွားပြီး အလင်းရောင်တန်းတစ်ခုသည် ထိုသူ၏နောက်ကျောသို့ စိုက်ဝင်သွားလေတော့၏။

'အား....'

ဟူသော အော်သံနှင့်အတူ ပြတင်းပေါက်မှ နှိမ့်ချရသဲ ကိုးရိုးကားရားနှင့် ပြတင်းပေါက် ပေါင်ပေါ်၌ တန့်လန့် ကျသွားလေတော့၏။

ထိုစဉ် ခေါင်ကြီးဟွား၏ လက်ချက်ဖြင့် လဲကျနေသော လူက ကြမ်းပေါ်မှ ခုန်ထလိုက်ပြီး ဗေဒင်ဆရာကို ဓားဖြင့် ဝင်ရောက်ခုတ်ပိုင်းလိုက်လေတော့၏။

တစ်ချိန်တည်းမှာပင် ဗေဒင်ဆရာ၏လက်ချောင်းဖြင့် လွှင့်စဉ် သွားသော လေတိုက်စဖတ်၍ ဝှေ့ယမ်းလိုက်၏။

အလင်းရောင်တန်း လေးခု ငါးခုနှင့် ပြစ်ပေါက်သွားပြီး ဗေဒင်ဆရာထံသို့ ရောက်ရှိလာ၏။

ခေါင်ကြီးဟွားသည် မျက်လုံးပြူးသွားပြီး ဗေဒင်ဆရာ၏ ရှေ့သို့ ခုန်၍ဝင်ရောက်လိုက်၏။

ဗေဒင်ဆရာမှာ ခေါင်ကြီးဟွားကို တန်ပြန်ရန် အချိန်မရလိုက်ပါ။

ထို့ကြောင့် ဗေဒင်ဆရာက....

'မေဟွား....'

ဟု အော်ဟစ်လိုက်ချိန်၌ပင် သေးငယ်သော ဓားပါး အနေးနှစ်ချောင်းမှာ ခေါင်ကြီးဟွား၏ရင်ဝကို ထိုးဖောက်သွားလေတော့သည် မဟုတ်ပါလား။



ဗေဒင်ဆရာသည် မိမိကို နောက်ကျောမှ ဝင်ရောက်တိုက်ခိုက်သောလူကို လက်ဝါးတစ်ချက်ရိုက်ချလိုက်၏။

'ထုံလူ....'

'အွန်....'

ဟု အသံထွက်ပြီးနောက် ကြမ်းပေါ်သို့ ပုံလျက်သား ကျသွားလေတော့၏။

ဗေဒင်ဆရာသည် ခေါင်ကြီးဟွားကို ပွေ့ထူလိုက်ပြီး....

'မေဟွား....မေဟွား....'

ဟု ခေါ်လိုက်၏။

ထိုအချိန်၌ ခေါင်းဆောင် လူဆိုးသည် လဲကျနေရာမှ အပျော်ကလေးထကာ ပြတင်းပေါက်မှ ခုန်ချ၍ထွက်ပြေးသွားလေတော့၏။

ဗေဒင်ဆရာက ခေါင်ကြီးဟွားကို ပွေ့ထူထားရင်း....

'မေဟွား....မင်း ဘာမှမဖြစ်စေရဘူး'

ဟု နှစ်သိမ့်နေ၏။

သို့သော် ခေါင်ကြီးဟွားသည် ဗေဒင်ဆရာ၏ စကားကို ကြားနိုင်တော့မည် မဟုတ်ပါ။

မျိုးချင်းအား အခန်းထောင့်၌ ဝုတ်တုတ်ထိုင်ရင်း ထိတ်လန့်နေ၏။

ဗေဒင်ဆရာအား သေဆုံးနေသော လူဆိုးနှစ်ယောက်၏ မျက်နှာပေါ်မှ ပဝါကို ဆွဲဖယ်လိုက်၏။

ချင်းချင်းသည် ကြမ်းခင်းပေါ်မှ လူဆိုး၏ မျက်နှာကို မြင်တွေ့လိုက်သောအခါ....

'သေသွားပြီလား...'

ဟု အော်ဟစ်လိုက်မိ၏။

ဗေဒင်ဆရာက မျက်မှောင်ကြုတ်ကာ....

'သေသွားပြီလား...ဟုတ်လား'

ဟု မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

'သူ ငွေကြေးချမ်းသာ သိုးသားတွေ ဘာစ်ယောက်ပဲ သူ့အ
ဒီကို မကြာခင် ကြာလာပြီး ပဲနဲ့ရည် သောက်တယ်'

ဟု ပြောလိုက်၏။

ဗေဒင်ဆရာက သက်ပြင်းချလိုက်ပြီး....

'ဒါဆို သူတို့ဟာ သူဌေးကြီးချမ်းရဲ့ လူတွေပေါ့'

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

'ဟုတ်....ဟုတ်ပါတယ်'

ဗေဒင်ဆရာက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ချင်းချင်း....မင်းအဖေကို သဂြိုဟ်ပြီးတာနဲ့ ဒီက ထွက်
သွား တော့၊ ရော့....မင်းအတွက် ဒါယူသွား'

ဟု ပြောကာ ငွေလွှဲသတ်မှတ်တစ်ထုပ်ကို ချင်းချင်းထံသို့
လှမ်းပေးလိုက်၏။

ထို့နောက် သူသည် အခန်းထဲမှ ထွက်သွားလေတော့၏။



ချင်းချင်းသည် လူသေ အလောင်းများကို တစ်ချက်မျှ
ကြည့်ပြီးနောက် ဒေါ်ကြီးဟွာထံသို့ ပြေးသွားလေ၏။ ဒေါ်
ကြီးဟွာကို ပွေ့ထူ၍ ငိုကြွေးလိုက်လေတော့သည် မဟုတ်
ပါလား။

ဗေဒင်ဆရာသည် ထွက်ပြေးသွားသော လူဆိုးနောက်သို့
လိုက်သွားခဲ့၏။

သို့သော် သူသည် ဤအချပ်ဤပတ်ဝန်းကျင်နှင့်အကျွမ်း
တဝင် မရှိခြင်းကြောင့် လူဆိုးကို မျက်ခြည်ပြတ်သွား၏။

ထို့ကြောင့် သူသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်
ပြီး ဒေါ်ကြီးဟွား၏ တိုက်ဆိုင်သို့ ပြန်ရန် ခြေဦးလှည့်
လိုက်၏။

ထိုစဉ် သစ်ပင်တစ်ပင်ပေါ်မှ အနီးရောင် လူရိပ်တစ်ရိပ်
ပျံသွားသည်ကို မြင်တွေ့လိုက်ရလေတော့သည် မဟုတ်ပါ
လား။

ကျွန်းဖုန်းသည် လမ်းကြိုလမ်းကြားမှ ကွေ့ပတ်၍
ညီ၊ခိုခန်းသို့ ပြန်လာခဲ့၏။

တည်းခိုခန်းသို့ရောက်သောအခါ တည်းခိုခန်း စားရေး
ဆည် စားပွဲပေါ်၌ မှေးလျက်အိပ်ပျော်နေပြီဖြစ်၏။

ကျန်းဖုန်းအား ပြုံးလိုက်ပြီး စုတ်တံကို မင်တို့ရှိအိပ်မျော် နေသော ညည်းခိုနန်းစားရေး၏ မျက်နှာပေါ်၌ နှုတ်ခမ်း မွှေး ရေးဆွဲပေးလိုက်၏။

ပြီးမှ တဘောကျစွာ ပြုံးလိုက်ရင်း မိမိ၏ အခန်းသို့ လျှောက်လာခဲ့၏။

ကျန်းဖုန်းသည် အခန်းထဲသို့ဝင်မိ ကြိုတစ်လျှောက် ၏ ဝဲယာတစ်ချက်ကြည့်လိုက်ပြီးမှ အခန်းတံခါးကိုတွန်းဖွင့် ကာ အထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲသို့ရောက်သည်နှင့် သူ၏ ခန္ဓာကိုယ်သည် ရုတ် တရက် တောင့်တင်း၍သွား၏။

အဘယ်ကြောင့်ဆိုသော် သူသည် သူ၏အခန်းထဲမှ လူ တစ်ယောက်၏ အသက်ရှူသံကို ကြားလိုက်ရသောကြောင့် ပင် ဖြစ်သည်မဟုတ်ပါလော။

ထိုစဉ်....

ရှဲ....

ဟူသော မီးခြစ်သံနှင့်အတူ မှန်အိမ်မှ မီးအလင်းရောင် ပေါ်လာ၏။

မှန်အိမ်မှ အရောင်းရောင်ကြောင့် စားပွဲ၌ ထိုင်နေသော လူတစ်ယောက်ကို ကျန်းဖုန်းက မြင်တွေ့လိုက်ရ၏။

ထိုလူသည် ဒေါ်ကြီးဟူး၏ ပဲနို့ရည်ဆိုင်၌ မိမိ၏ စားပွဲ၌ ဝင်ရောက် ထိုင်ခဲ့သော စာပေသမားပင် ဖြစ်သည် မဟုတ်ပါလော။



စာပေသမားက အခန်းတံခါးဝကို နောက်ကျောခိုင်း၍ ထိုင်နေခြင်း ဖြစ်၏။

သူက သက်ပြင်းချကာ....

'မင်း ပြန်လာပြီလား'

ဟု မေးလိုက်၏။

ကျန်းဖုန်းက စိတ်ပျက်စွာဖြင့် ဦးခေါင်းခါသမ်းလိုက်ပြီး....

'ဝမ်းနည်းပါတယ်၊ ကျုပ်အခန်းမှားပြီး ဝင်လာမိဟာ ခွင့်လွှတ်ပါ'

ဟု ပြောကာ အခန်းထဲမှ လှည့်ထွက်လိုက်၏။

သို့သော် သူ၏ ခြေလှမ်းများသည် တစ်လှမ်းမျှ မလှမ်းရဘဲ ရပ်တန့်သွား၏။

အဘယ်ကြောင့်ဆိုသော် အခန်းတံခါးဝ၌ ချိုင်းတောင်နှင့် လူတစ်ယောက် ရပ်နေသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလော။

ထိုစဉ် စာပေသမားထံမှ....

အခန်းမမှားပါဘူး၊ ဒါ မင်းရဲ့အခန်းပါပဲ'

ဟု ပြောလိုက်သောအသံ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလော။

စားပွဲ၌ လူသုံးယောက် ထိုင်နေ၏။

ထိုလူသုံးယောက်မှာ ကျန်းဖုန်း၊ စာပေသမားနှင့် ချိုင်းထောက်နှင့်လူ ဖြစ်သည် မဟုတ်ပါလော။

စာပေသမားက ကျန်းဖုန်းကို ပြုံး၍ကြည့်ရင်း....

'နှင်းဆီနုတ် ဘယ်မှာလဲ'

ဟု ခမေးလိုက်၏။

ကျွန်ုပ်က ခေါင်းကုတ်ကာ....

'သူက ကျုပ်မိန်းမမှ မဟုတ်တဲ့'

ဟု ပြောလိုက်၏။

... များက သဘောကြပြီး လိုက်ပြီး....

'နှင်းဆီနုတ်ဆိုတာ ဘယ်သူလဲ'

ကျွန်ုပ်က ပြုံး...

'မိန်းကလေး ... '

ဟု ပြောလိုက်၏။

ကျွန်ုပ်၏စကားကြောင့် ချင်းလေးတန်နှင့်လူ စိတ် ... ဖြစ်....

'ဟာ ...ကောင်းလေး... ခေါ်နေတာ တော်၊ ကောင်း ... ပြောပါ'

ဟု ပြောလိုက်၏။

ကျွန်ုပ်က မျက်ခုံးပင့်လိုက်ပြီး....

'ကျုပ်က ကောင်းကောင်း မပြောတတ်ဘူး'

ချင်းလေးတန်နှင့်လူက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး...

'ဒီမှာ ငါတို့မှာ လူသတ်တွေကိုတောင် စကားပြော လာအောင် လုပ်တဲ့နည်းပေါင်း ထောင်ချီ ကျွမ်းကျင်တယ်'

ဟု ပြောလိုက်၏။

ကျွန်ုပ်က ပြုံးလိုက်ပြီး....



'ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ မေမေ့ယုံကို စကား ပြောအောင် မလုပ်ခဲ့တာလဲ'

ဟု ပြန်မေးလိုက်၏။

ချင်းလေးတန်နှင့်လူက တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက် ပြီး ... ပြောလိုက်ပြီး....

'... သုံး စကားအပို မပြောနဲ့တော့...'

ဟု ဟန့်တားလိုက်၏။

ပြီးမှ ... ကျွန်ုပ်ကို ပြုံးပြရင်း....

'ကျွန်ုပ် ငါတို့က ... အကူအညီ တောင်း တာပါ'

ဟု ပြောလိုက်၏။

ကျွန်ုပ်က ဘာမှ ပြန်မပြောပါ။

... ပြုံးနေ၏....

'နှင်းဆီနုတ်ရဲ့ လက်ဗျောက်နဲ့ အမှတ်ပါ ... ပြီ နေအိမ်လိပ် ဘယ်သူတွေ သေဦးမလဲ မသိဘူး'

ဟု ပြောလိုက်၏။

ကျွန်ုပ်က မျက်ခုံးပင့်ပြီး လက်ဖလားချောင်း ဆေးဗီ ပြုလေ....

'အနည်းဆုံး နေ့ ... ထပ်သေးမယောက် သေဦးမယ်'

ဟု ပြောလိုက်၏။

... ပြုံးကာ....

'... ခင်ဗျား ကူညီမယ်ဆိုရင် လူဘယ်နှစ် ယောက် အသက်ရှင်နိုင်မလဲ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'ကျုပ်က ကူညီချင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ မေးထားတာကို ကျုပ်က မဖြေနိုင်တာ ခက်နေတယ်'
စာပေသမားက ပြုံးလိုက်ပြီး....
'ကျုပ်တို့မေးခွန်းက ခက်ခဲနေလို့လား'
ကျန်းဖုန်းက ပြုံးတာ....
'အဖြေမရှိတဲ့ မေးခွန်းက လွယ်တယ်လို့ ခင်ဗျားက ထင်လို့လား'
စာပေသမားက ပြုံးလိုက်ပြီး....
'ဆိုပါစို့ နှင်းဆီနက်ဟာ ဘယ်လိုပုံသဏ္ဌာန် ရှိသတဲ့ ဆိုရင် မင်းက ဘယ်လိုဖြေမလဲ'
ကျန်းဖုန်းက ရယ်မောလိုက်ပြီး....
'ဒါဆို နှင်းဆီနက်ဆိုတာ လောကကြီးမှာ ရှိမှာမဟုတ်တော့ဘူး'
စာပေသမားက သက်ပြင်းချတာ....
'ဒါဆို သီချင်းဆိုတဲ့ မိန်းကလေးက ဘယ်လိုပုံသဏ္ဌာန် ရှိသလဲ ဆိုရင်ရော....'
ကျန်းဖုန်းကပြုံးတာ....
'ခင်ဗျားတို့ စာပေသမားတွေ စာဖွဲ့လို့ မရနိုင်လောက်အောင် ချောမောလှတယ် ဆိုရင်ခင်ဗျားပုံဖော်လို့ ရပြီလား'
လို့ ပြောလိုက်၏။
စာပေသမားက သက်ပြင်းချတာ....



'မင်းက ဘာဖြစ်လို့ သူ့ဘက်က ကာကွယ်ပြီး ပြောနေရတာလဲ'
ကျန်းဖုန်းက ပြုံးကာ....
'ကျုပ်က သူ့ကို ကာကွယ်ပြီး မပြောပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ မသေချင်သေးလို့ပါ'
စာပေသမားက ပြုံးလိုက်ပြီး....
'မင်းရဲ့အသက်ကို ငါက အာမခံတယ်ဆိုရင်ရော....'
ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'ဒါဆို ခင်ဗျားက အမှတ်ငါးကို ဘာဖြစ်လို့ အာမမခံလိုက်တာလဲ'
လို့ ပြောလိုက်၏။
စာပေသမားက သက်ပြင်းချတာ....
'ဒီမှာ ကျန်းဖုန်း....ငါက မင်းအပေါ် စေတနာနဲ့ ပြောနေတာပါ'
ကျန်းဖုန်းက ပြုံးလိုက်ပြီး....
'လောင်းပြီး၊ ခင်ဗျားရဲ့အနီးမှာ နှင်းဆီနက် ရောက်နေပြီလို့ပြောရင် ခင်ဗျား ယုံမှာလား'
စာပေသမားက မျက်မှောင်ကြုတ်တာ....
'မင်းက မလိမ်ဘူးလို့ ဘယ်သူက အာမခံမလဲ'
ကျန်းဖုန်းက ပြုံးရင်း....
'ကျုပ်ပြောတာကိုမှ မယုံရင် ဘာဖြစ်လို့ ကျုပ်ကို မေးနေသေးလဲ'
လို့ ပြန်ပြောလိုက်၏။

ဓာပေသမားက သက်ပြင်းချလိုက်ပြီး....

'မင်းစကားကို ယုံအောင်ထင်ခုခုစော လမ်းပြမှုဖြစ်မယ်

ကျွန်းဖုန်းက ပြုံးစော မိမိ၏ အင်္ကျီရင်ဘတ်ကြားထဲမှ ကျောက်ဖြင့် ပြုလုပ်ထားသော အနက်ရောင် နှင်းဆီပန်းကို ထုတ်ယူ၍ စားပွဲပေါ်သို့ ထင်လိုက်ရင်း....

'တောဒါ သူ့ကိုလားပဲ၊ သူက ပြောလိုက်တယ် ခင်ဗျားတို့အသက်ဟာ စနစ်ကျသွားတဲ့'

ဟု ပြောလိုက်လေတော့၏။

ဓာပေသမားနှင့် ချိုင်းထောက်နှင့်လူတို့သည် ယုံကြည်နိုင်လောက်အောင် အံ့သြသော မျက်လုံးများဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်မိလေတော့သည် မဟုတ်ပါလား။

ကျွန်းဖုန်းက ထစ်ချက်သမ်းလိုက်ပြီး....

'ကျုပ် အိပ်ချင်ပြီ၊ ခင်ဗျားတို့ကိစ္စ ခင်ဗျားတို့ဘာသာ ရှင်း၊ ကျုပ်က မမြင်ဘူး မကြားဘူး ဟုတ်ပြီလား'

ဟု ပြောလိုက်လေတော့၏။

ဓာပေသမားနှင့် ချိုင်းထောက်နှင့်လူသည် ရုတ်တရက် ထိုင်ရာမှ ထလိုက်ပြီး....

ကျွန်းဖုန်း၏ အခန်းထဲမှ ထပျော့ယာ ထွက်ခွာသွားကြလေတော့၏။

ကျွန်းဖုန်းသည် အခန်းထဲမှ ထပျော့ယာ ထွက်သွားသော ဓာပေသမားနှင့် ချိုင်းထောက်နှင့်လူတို့၏ နောက်ကျောကို ကြည့်ရင်း သဘောကျစွာ ပြုံးလိုက်မိ၏။



ပြီးမှ သူသည် စားပွဲပေါ်မှ ကျောက်နှင်းဆီကို ကောက်ယူ၍ ထစ်ချက်နမ်းလိုက်ရင်း....

'မင်းကို သူတို့ဟာ အမှောင်ကြောက်ကြလိမ့်မယ်'

ဟု ပြောကာ အင်္ကျီရင်ဘတ်ကြားထဲသို့ ထည့်လိုက်လေတော့သည် မဟုတ်ပါလား။

❖

ရွှေမြင်းမိုရ်
အလှပြင် ဆေး

## အခန်း (၄)

သန့်ရှင်းရေးအလုပ်သမားသည် တည်းခိုရိပ်သာ၏ ပတ်ဝန်းကျင်ကို နံနက်စောစောထ၍ သန့်ရှင်းရေးပြုလုပ်နေ၏။

ထိုသို့ပြုလုပ်ခြင်းမှာ သူ၏ နေ့စဉ်ပုံမှန်လုပ်ငန်းပင် ဖြစ်၏။

သူသည် တည်းခိုရိပ်သာ၏ ပတ်ဝန်းကျင်ကို သန့်ရှင်းရေးပြုလုပ်ပြီးနောက် တည်းခိုခန်းများကို သန့်ရှင်းရေးပြုလုပ်ရဦးမည်ဖြစ်၏။

ထိုစဉ် ဖောင်ပိတ်သံကြားရသဖြင့် မော့ကြည့်လိုက်ရာ တည်းခိုခန်း၏ ပြတင်းပေါက်တစ်ခုမှ ခိုအစ်စကာဝင် ပျံသန်းသွားသည်ကို မြင်တွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင်ထိုပြတင်းပေါက်သည် သူငှားထား ကျန်း၏အခန်းမှ ပြတင်းပေါက်ဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် အလုပ်သမားသည် ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး...



'ဒီသူငှားက ဘယ်တုန်းက ခိုဝယ်လာသလဲ မသိဘူး။ ဒုက္ခပဲ...အခန်းတစ်ခုလုံး ခိုချေးတွေနဲ့ နံစော်နေတော့မှာပဲ'

ဟု ညည်းညူပိုက်ခဲ့သော အသံသည် မဟုတ်ပါလေ။

လမ်းထဲသို့ ချိုးကွေ့လိုက်သည်နှင့် ဒေါ်ကြီးဟွား၏ဆိုင်ရှေ့၌ လူတွေ ရုံးစုရုံးစုဖြစ်နေသည်ကို ကျန်းဖုန်းက မြင်တွေ့လိုက်ရ၏။

ထို့ကြောင့် သူသည် ရင်ထိတ်သွားပြီး တမန်းကတန်း ပြေးလာ၏။

တစ်ဆက်တည်းမှာပင် လမ်းမှတွေ့သော လူတစ်ယောက်ကို လှမ်းမေးလိုက်၏။

'ဟေ့ လူ...ဟိုမှာ ဘာဖြစ်နေတာလဲ'

ထိုလူက ခပ်သုတ်သုတ် လျှောက်သွားရင်း....

'လူသတ်မှုဖြစ်နေတာ'

ဟု ပြောသွား၏။

ထိုလူ၏စကားကြောင့် ကျန်းဖုန်း၏ မျက်လုံးသည် ပြူးကျယ်သွားပြီး ဒေါ်ကြီးဟွား၏ ဆိုင်သို့ အပြေးအလွှား ရောက်ရှိသွားလေတော့၏။

ဒေါ်ကြီးဟွား၏ဆိုင်ရှေ့၌ ဆယ်ယောက်ထက်မနည်းသော လူအုပ်ကြီးသည် တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံစွာဝေဖန်ပြောဆိုနေကြ၏။

သူတို့သည် ဒေါ်ကြီးဟွာ၏ဆိုင်၌ဖြစ်ပွားခဲ့သောအဖြစ် အပျက်ကို ကိုယ်တိုင် မြင်တွေ့ခဲ့ရသဖြင့် ပြောဆိုနေကြ သော်လည်း တစ်ယောက်နှင့်တစ်ယောက် မတူညီကြချေ။

သို့သော် တူညီသောအချက်မှာ ဒေါ်ကြီးဟွာ အသက် ခံရခြင်းပင်ဖြစ်၏။

ကျန်းဖုန်းက လူအုပ်ကြားထဲမှ တိုးဝှေ့၍ ဝင်ရောက် သွား၏။

ရှုသံ - ဆိုင်ထဲသို့ ရောက်သောအခါ ပြိုးနေသော သွေးညှီ၊ သွေးညှီနံ့ချိုနှလုံး၌ သာ မျှမတွေ့ရချေ။

ထို့ကြောင့် သူက အိပ်ခန်းထဲသို့ဝင်ရောက်သွားရင်း...

'ချင် ချွေ...'

ဟု ခေါ်ခေါ်လိုက်၏။

သို့သော် ချင်ချွေး၏ပြန်သည့်ထူးသံကို မကြားရပေ။

ထို့အပြင် ချင်ချွေး၏အရိပ်အယောင်ကိုပင် မမြင်တွေ့ ရပေ။

ကျန်းဖုန်းသည် တစ်ဆိုင်လုံးမွှေနှောက်ရှာဖွေပြီးနောက် ဆိုင်ခန်းသို့ ပြန်၍ရောက်လာသောအခါ ဆိုင်ခန်းမှ လူအုပ်ကြီး က သူ့ကိုဝိုင်း၍ကြည့်နေသည်ကို မြင်တွေ့လိုက်ရ၏။

ကျန်းဖုန်းသည် မျက်မှောင်ကြုတ်ပြီး...

'ဒေါ်ကြီး ဟွာရဲ့ အစေခံလေးရော'

ဟု မည်သူ့ကိုမျှ မရည်ညွှန်းဘဲ လူအုပ်ကြီးကို မေး လိုက်၏။



လူအုပ်ကြီးက ကျန်းဖုန်းကို ကြောင်တောင်တောင်ဖြင့်ကြည့် နေ၏။

အတန်ကြာမှ လူအုပ်ထဲမှ လူတစ်ယောက်က...

'ဆူဝှေကြီးချွန်းက ယူသွားတယ်'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ...

'ဘာဖြစ်လို့လဲ'

ထိုလူက...

'သူ့ဝှေကြီးချွန်းက ဒေါ်ကြီးဟွာကို ကောင်မလေး မှန်မှန် ပြောပြပေးမလို့ သယ်သွားတာ'

ကျန်းဖုန်းက မျက်မှောင်ကြုတ်ရင်း...

'သူက ဒီကောင်မလေးကို ဘာဖြစ်လို့ ခိုးဆောင်သွားရ တာလဲ'

ထိုလူက...

'သူ့တပည့်တွေက ဈေးပြကွက်ထဲကို ဖိုးဖမ်းတော့ ခဏပြက ဒေါ်ကြီးဟွာရဲ့ဆိုင်ထဲ ဝင်ဖြိုသွားတယ်'

ကျန်းဖုန်းက မျက်မှောင်ကြုတ်ကာ...

'ဘယ်တုန်းကလဲ'

ထိုလူက...

'ညက...'

ကျန်းဖုန်းက ဦးခေါင်းခါယမ်းပြီး...

'ဒေါ်ကြီးဟွာက ညဘက် ဆိုင်ဖွင့်လို့လား'

ထိုလူက စိတ်မရှည်ဟန်ဖြင့်....

'ခင်ဗျားက အကြောင်းစုံသိချင်ရင် ဘာဖြစ်လို့ သူဌေး ကြီးချန်းကို သွားမမေးတာလဲ'

ကျွန်းဖုန်းက သက်ပြင်းချကာ....

'ထားပါတော့၊ နောက်မှ အသေးစိတ် သွားမေးမယ်၊ ဆက်ပြောပါဦး'

ဟု ပြောလိုက်၏။

ထိုသူက....

'သူဌေးကြီးချန်းရဲ့တပည့်တွေနဲ့ ခေးပြန်နဲ့ တိုက်ခိုက်ရင်း ဒေါ်ကြီးဟွားက ခေးပြန်ရဲ့လက်ချက်နဲ့သေသွားတာ'

ကျွန်းဖုန်းက ဦးခေါင်းညိတ်ကာ....

'ဒါနဲ့ ခေးပြန်ကိုဖမ်းမိလား'

ထိုသူက....

'ခေးပြန်က လွတ်သွားတယ်၊ ဒေါ်ပါနဲ့ သူဌေးကြီးချန်းက လူလွှတ်ပြီး ခေးပြန်ကို ဖမ်းဖို့ စီစဉ်နေပါတယ်'

ကျွန်းဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဒါနဲ့ ချင်းချင်းရော....'

ထိုသူက....

'ဒေါ်ကြီးဟွားရဲ့ သမီးလား'

ကျွန်းဖုန်းက ဦးခေါင်းညိတ်ကာ....

'ဟုတ်တယ်'

ထိုလူက ပြုံးလိုက်ပြီး....

'သူဌေးကြီးချန်းက စိတ်ကောင်းရှိတယ်၊ သူက ဒေါ်ကြီးဟွားရဲ့သမီးကို မွေးစားဖို့ ခေါ်သွားတယ်'



ဟု ပြောလိုက်၏။

ကျွန်းဖုန်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

'ထူးဆန်းတယ်'

ဟု ရေရွတ်လိုက်၏။

ပြီးမှ ကျွန်းဖုန်းအား မျက်မှောင်ကြုတ်ရင်း....

'အင်း....ခေးပြန်က ဗေဒင်ဆရာယောင်ဆောင်ပြီး ခေးပြန် တို့ထံသွားမှာ မသိဘူး'

ဟု မပြောလိုက်၏။

ကျွန်းဖုန်း၏စကားကြောင့် ထိုလူက ကျွန်းဖုန်းကိုမျက်လုံး ပြူးကြည့်လိုက်ပြီး....

'ဟုတ်တယ်၊ သူဌေးကြီးချန်းက ခင်ဗျား ပြောသလိုပဲ ပြောသွားတယ်၊ ခေးပြန်က ဗေဒင်ဆရာယောင် ဆောင်ပြီး ခေးပြန်တို့ထံသွားတာ လူတို့က ကောက်ဦးသွားလို့ ခေးပြန် ထွက်ပြေးသွားရတာတဲ့'

ဟု ပြောလိုက်သောစကားသည် မကျွတ်ပါချေ။

ကျွန်းဖုန်းသည် လူအုပ်ကြားမှ ဘိုးဝှေ့၍ ထွက်လာ၏။

ထို့နောက် သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လမ်း အတိုင်း လျှောက်သွား၏။

သုခဘုံမြို့၏ လူစည်ကားသော လမ်းသည် ယခုအခါ ခြောက်သွေ့နေပြီဖြစ်၏။

ညရက်ပိုင်းအတွင်း သုခဘုံမြို့၌လူသတ်မှုများဆက်တိုက် ဖြစ်နေ၏။

ထို့ကြောင့် မြို့သူမြို့သားများသည် ထိတ်လန့်တုန်လှုပ်ခဲ့ကြပြီး လူစည်ကားသောလမ်း [illegible] လည်း လူသူအင်းမဲ့ကာ ခြောက်သွေ့ [illegible] ခြင်းပင်ဖြစ်သည် [illegible]။

ထိုသို့ လူသူ [illegible] မဲ့၍ [illegible] သော အခါ [illegible] အိမ်ဒေါင်း တစ်နေရာမှ [illegible] ကြီး [illegible] အောက်၌ အဘိုးအို တစ်ယောက် ထိုင်နေ၏။

[illegible] ခေါင်းပေါ်၌ [illegible] ဆံဖြင့်ရှိ၏။

ထိုအဘိုးအိုသည် [illegible] ဆောင့်မျှော်တန်ဖြင့် လမ်း [illegible] ကြည့်နေ၏။

[illegible] မှ [illegible] ကျွန်းဖုန်း [illegible] သွား၏။

အဘိုးအိုသည် ကျွန်းဖုန်းကို မြင်တွေ့ [illegible] အခါ အဘိုးအို၏ မျက်လုံးများ [illegible] လာ၏။

ကျွန်းဖုန်းက သူ၏အနီးသို့ ရောက်လာသောအခါ အဘိုးအိုက ထိုင်နေရာမှ [illegible] ပြီး....

'သူငှေးလေးကျွန်း'

ဟု ခေါ်လိုက်၏။

ထိုအခါကြောင့် ကျွန်းဖုန်းက ခြေလှမ်းရပ်တန့် [illegible] ပြီး အဘိုးအိုကို လှည့်ကြည့်လိုက်၏။

အဘိုးအိုက ကျွန်းဖုန်းကို ပြုံးပြကာ....

'ကျုပ်စကား တစ်ခွန်းလောက် မှာလိုက်ချင်လို့ပါ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'ကျုပ်ကို ဟုတ်သလား'



ဟု ပြန်မေးလိုက်၏။

အဘိုးအိုက ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်၊ သူငှေးလေးကျွန်းက လူတစ်ယောက်ကို ကျုပ်ပိုတဲ့ [illegible] မှာပေးရုံပဲ'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက ခေါင်းငြိမ့်လိုက်ပြီး....

'[illegible] ချိုင်းခေါင်းတော်နဲ့ လူကိုသလား'

ဟု မေးလိုက်၏။

ကျွန်းဖုန်း၏ စကားကြောင့် အဘိုးအိုက မျက်လုံးပြူး သွားပြီး ကျွန်းဖုန်းကို ကြည့်လိုက်၏။

ပြီးမှ အဘိုးအိုက ရယ်မောကာ....

'သူငှေးလေးကျွန်းက အမြော်အမြင်ရှိတယ်၊ ဒါပေမယ့် ကျုပ်မှာချင်တဲ့လူက၊ သူကိုမဟုတ်ဘူး'

ကျွန်းဖုန်းက မျက်မှောင်ကြုတ်ကာ....

'သူငှေးကြီး ချွန်းကိုလား'

ဟု မေးလိုက်၏။

အဘိုးအိုက ခေါင်းခါပြီး....

'ချွမ်းချွမ်းသိချင် အသာလိုက်ပြီးနေရတဲ့အချိန် သိပ်နည်းသွားလိမ့်မယ်'

ဟု ပြောလိုက်၏။

ကျွန်းဖုန်းက နှုတ်ခမ်းဆွဲမဲ့ကာ....

'ကျုပ်က အသေအချာသိချင်တယ်'

အဘိုးအိုက ပြုံးလိုက်ပြီး....

'သိပ်ကောင်းတဲ့ ကိစ္စပါ'

ကျန်းဖုန်းက....

'ကဲ... ပြော ကျုပ်ကဘယ်သူ့ကို ဘာတွေပြောပေးရမှာလဲ'

အတိုးအိုက ပြုံးလိုက်ပြီး....

'အရိုင်မွဲခေါ်ကိုပါ၊ ကျုပ်ကသူ့ကို ငှားချင်တယ်လို့ ပြောပေးပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်လုံးပြူးသွားပြီး....

'ကျုပ်က သူ့ကို ဘယ်လိုပြီး သွားရှာရမှာလဲ'

ဟု မေးလိုက်၏။

အတိုးအိုက ပြုံးလိုက်ပြီး....

'သူဌေးလေးကျန်းဟာ ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတာကို ရိပ်စားမိတာပဲ၊ အရိုင်မွဲခေါ် ဘယ်မှာရှိတယ်ဆိုတာကို သူဌေးလေးကျန်းမှမသိရင် ဒီလောကမှာ သိတဲ့လူရှိဦးမလား'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက သက်ပြင်းချလိုက်ပြီး....

'ခင်ဗျားတို့ ကျုပ်ကို အရိုင်မွဲခေါ်လို့ ထင်နေလို့လား'

ဟု ပြန်မေးလိုက်၏။

အတိုးအိုက ပြုံးလိုက်ပြီး....'

'ဘာပဲဖြစ်ဖြစ် သူဌေးလေးကျန်းဟာ ဒီမြို့ကလူတွေ ထင်ထားတဲ့ လူ့ဘော်ကြီးမှ သူဌေးလေးကျန်း မဟုတ်ဘူ



ဆိုတာတွေ ကျုပ်နားလည်ထားပါတယ်၊ ကျုပ်ရှင်းရှင်းပဲ ပြောမယ်၊ ကျုပ်တို့သိမ်းငှက်ကိစ္စကို ကျုပ်တို့ဘာသာ ရှင်းမယ်၊ သူဌေးလေး ဝင်ရှုပ်ပါနဲ့၊ တကယ်လို့ ကျုပ်တို့ ကျဆုံးခဲ့ရင်သာ သူဌေးလေးကျန်းက ဒေါ်ကြီးဟွားအတွက် အရိုင်မွဲခေါ်ကို တွေ့အောင်ရှာပြီး ကျုပ်ကိုယ်စား ငှားပေးပါ'

ဟု ပြောလိုက်၏။

ထို့နောက် အတိုးအိုသည် အင်္ကျီရင်ဘတ်ကြားမှ ငွေလွှဲလက်မှတ် တစ်ထပ်ကို ထုတ်ယူလိုက်ပြီး ငွေလွှဲလက်မှတ်တစ်ရွက်ကို ချန်၍ ကျန်သမျှအားလုံးကို ကျန်းဖုန်းထံ လှမ်းပေးလိုက်ရင်း....

'ရော့... ကျုပ်အနေနဲ့ ဒီငွေတွေကို ရနိုင်သုံးနိုင်မှာ မဟုတ်တော့ဘူး၊ သူဌေးလေးကျန်းကသာ ဒီငွေတွေနဲ့ ကျုပ်ကိုသင်္ဂြိုဟ်ပါ၊ပြီးတော့ ဒေါ်ကြီးဟွားအတွက် အရိုင်မွဲခေါ်ကို ငှားပေးပါ'

ဟု ပြောလိုက်၏။

ထို့နောက် အတိုးအိုသည် ကျန်းဖုန်း၏ စကားအပြန်ကို မစောင့်တော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည် မဟုတ်ပါလား။

ကျန်းဖုန်းသည် အတိုးအိုကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

သူသည် မည်မျှကြာအောင် ထိုနေရာ၌ ရပ်နေမိသည် မသိပါ။

ထွေး၏ နောက်ကျောဘက်မှ....

'သူဌေးလေးကျန်း၊ သူဌေးလေးကျန်း'

ဟု ခေါ်သံကြားလိုက်ရသောအခါမှ သူသည် သတိပြန်ဝင်လာပြီး သက်ပြင်းတစ်ချက်ချကာ နောက်သို့ လှည့်ကြည့်လိုက်၏။

ထို့ကြောင့် သူသည် သူ့ထံသို့ အပြေးအလွှားလာနေသော ဝမ်ကျောက်ကို တွေ့လိုက်ရ၏။

ဝမ်ကျောက်သည် ကျန်းဖုန်း၏အနီးသို့ မောကြီးပန်းကြီးဖြင့် ရောက်ရှိလာ၏။

သူသည် မောဟိုက်နေသော လေသံဖြင့်....

'ရှာလိုက်ရတာ သူဌေးလေးရယ် ဒီမှာနေတာပဲ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ဝမ်ကျောက်ကို မျက်ခမောင်ကြုတ်၍ ကြည့်လိုက်ပြီး....

'ကိစ္စရှိလို့လား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ဦးခေါင်းညိတ်ကာ....

'ရှိတာပေါ့...ရှိလို့လိုက်ရှာနေတာပေါ့'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်ခုံးပင့်လိုက်ရင်း....

'အရေးကြီးလို့လား'

ဝမ်ကျောက်က ဦးခေါင်းညိတ်ကာ....

'အရေးကြီးလို့ပေါ့'



ကျန်းဖုန်းက သက်ပြင်းချကာ....

'ဘာလဲ...ခင်ဗျားရဲ့ ချေးထားတဲ့ ငွေကို ပြန်လိုချင်လို့လား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ခေါင်းကိုခါပြရင်း....

'ငွေက အရေးမကြီးပါဘူး'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက မျက်ခမောင်ကြုတ်ကာ....

'ဒါဖြင့် ဘာက အရေးကြီးနေလို့'

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'သူဌေးလေးကို အကောင်းဆုံး စားသောက်ဆိုင်မှာ ပြုစုချင်လို့ပါ'

ဟု ပြောလိုက်၏။

ဝမ်ကျောက်၏စကားကြောင့်ကျန်းဖုန်းသည်ဝမ်ကျောက်ကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်ကာ....

'ကျုပ် နားကြားမှားသလား မသိဘူး'

ဟု ပြောလိုက်၏။

ဝမ်ကျောက်က ပြုံးကာ....

'သူဌေးလေးက ဘာကြားလို့လဲ'

ကျန်းဖုန်းက နှုတ်ခမ်းကိုတွန့်၍ ပြုံးရင်း....

'ခင်ဗျားက ကျုပ်ကို အကောင်းဆုံး စားသောက်ဆိုင်မှာ ပြုစုချင်တယ်ဆိုလို့ပါ'

ဝမ်ကျောက်က ပြုံးကာ....

'ဒါဆို မှန်ပါတယ်၊ နားကြားမမှားပါဘူး'

ကျွန်းဖုန်းက ဦးခေါင်းခါယမ်းကာ....

'အဲဒါကြောင့် မှားနေသလားလို့'

ဝမ်ကျောက်က ပြုံး၍ ဦးခေါင်းညိတ်ကာ....

'မမှားပါဘူး'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ပြုစုချင်ရတာလဲ'

ဝမ်ကျောက်က....

'သူငယ်လေးကို ဂုဏ်ပြုတဲ့သဘောပေါ့'

ကျွန်းဖုန်းက ရယ်မောလိုက်၏

ပြီး....

'ကျုပ်လိုလူကို ခင်ဗျားက ဂုဏ်ပြုချင်တယ်ဆိုရင်တော့ ခင်ဗျားဟာ လောကကြီးမှာ အထူးဆန်းဆုံးလူသား ဖြစ်နေပြီ'

ဟု ပြောလိုက်၏

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'ကျုပ်က သူငယ်လေးကို တွေ့ကတည်းက ရင်းနှီးချင်နေတာပါ'

ကျွန်းဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဒါဆိုရင် ဘာဖြစ်လို့ အခုမှ ကျုပ်ကို ပြုစုချင်ရတာလဲ'

ဝမ်ကျောက်က....

'ဟို....ဟို....အရင်တုန်းက အခွင့်အခါ မရခဲ့လို့ပေါ့'



ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒါဆို အခုလို အခွင့်အရေး မရဘူးလို့ဘဲ မှတ်လိုက်ပါ'

ကျွန်းဖုန်း၏ စကားကြောင့် ဝမ်ကျောက်သည် မျက်စိမျက်နှာပျက်သွားပြီး....

'ဟာ....မလုပ်ပါနဲ့ သူငယ်လေးရယ်၊ ကျုပ်ရဲ့ ဖိတ်ခေါ်တာကို မငြင်းပါနဲ့'

ဟု ပြောလိုက်၏

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'အင်း....ကျုပ်ကလဲ အားနာစရာကောင်းအောင် ခင်ဗျားရဲ့ ဖိတ်ခေါ်မှုကို လက်ခံလိုက်ပါတယ်၊ ဒါပေမယ့် ကျုပ် တစ်ခုတော့ ပြောပါရစေ'

ဟု ပြောလိုက်၏

ဝမ်ကျောက်က ဦးခေါင်းညိတ်ကာ....

'ဟုတ်ကဲ့....ပြောပါ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ခင်ဗျားက ကျုပ်ကို အကယ်ပဲပြုစုချင်တယ်ဆိုရင် နေ့ရက်သုံးလကြာမှ ကျုပ်က လက်ခံနိုင်မယ်'

ဟု ပြောလိုက်၏

ကျွန်းဖုန်း၏စကားကြောင့် ဝမ်ကျောက်သည် မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ....

'ဟာ....ဒီ....ဒီလိုတော့ မလုပ်ပါနဲ့၊ ကျုပ်က အခု ပြုစုချင်တာ'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒါဆို ဝမ်းနည်းပါတယ်၊ ကဲ....ကျုပ်သွားတော့မယ်'

ဟု ပြောလိုက်၏။

ဝမ်ကျောက်က ကျန်းဖုန်းကို အပျော်သဘော လှမ်းဆွဲလိုက်ပြီး....

'နေ...နေပါဦး။ ကျုပ်ကို သနားတဲ့အနေနဲ့ ဒီနေ့ပဲ လက်ခံလိုက်ပါ'

ဟု ပြောလိုက်၏။

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကောင်းပြီ....ဒါဆိုရင် ကျုပ်မေးတာကို မှန်မှန်ပြောပါ၊ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ကျွေးမွေးပြုစုချင်ရတာလဲ'

ဝမ်ကျောက်က မျက်စိချိတ်နှင့်ပျော်ကာ....

'ဟို... ဟို... ပြောလို့မဖြစ်လို့ပါ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကောင်းပြီ... ဒါဆို ကျုပ်သွားတော့မယ်'

ဟု ပြောကာ လှည့်ထွက်လိုက်၏။

ဝမ်ကျောက်က သက်ပြင်းချလိုက်ပြီး....

'အရိပ်မဲ့ဓားသမားက ခိုင်းလို့ပါ'

ဟု လှမ်း၍ ပြောလိုက်၏။

ဝမ်ကျောက်၏စကားကြောင့် ကျန်းဖုန်းသည် သူ၏ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ဝမ်ကျောက်ထံသို့ ပြန်လျှောက်လာ၏။

ပြီးမှ သူသည် ဝမ်ကျောက်ကိုစေ့စေ့ကြည့်လိုက်ရင်း....



'အရိပ်မဲ့ဓားသမားက လွှတ်လား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်'

ကျန်းဖုန်းက မျက်မှောင်ကြုတ်ရင်း....

'သူက ဘာဖြစ်လို့ အဲဒီလိုခိုင်းရတာလဲ'

ဝမ်ကျောက်က....

'သူက သူ့ကိုတွေ့ချင်ရင် သူငွေလေးကျန်းကိုကျွေးမွေး ပြုစုပြီး သူ့ကို ဘယ်နေ့ ဘယ်နေရာမှာ တွေ့ချင်တယ်လို့ ပြောလိုက်ပါလို့ မှာထားလို့ပါ'

ကျန်းဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်ကိုပြောတော့ ကျုပ်က သူ့ကိုဘယ်မှာ သွားရှာပြီး ပြောရမှာလဲ'

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'လူငွေလေးကို ပြောလိုက်ရင် လူငွေလေးက သူ့ကို အကြောင်းကြားလိမ့်မယ်လို့ ပြောပါတယ်'

ကျန်းဖုန်းက ရယ်မောလိုက်ပြီး....

'ကျုပ်နဲ့လူနဲ့သိတာမှ မဟုတ်ဘဲ'

ဝမ်ကျောက်က ပြုံးကာ....

'သူငွေလေးကို အရက်မူးအောင်တိုက်လိုက်ရင် ရပြီလို့ ပြောပါတယ်'

ကျန်းဖုန်းက ရယ်မောလိုက်ပြီး....

'ကျုပ်က အရက်မူးတာရယ် ဆင်ခေအောင်တောင်မနိုးဘူးဗျ။ ဘယ်လိုလုပ်ပြီး ကျုပ်က အကြောင်းကြားနိုင်မှာလဲ'

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'အာပဲဖြစ်ဖြစ် သူ့ဆေးတော့ အဲဒီလို လုပ်ဖို့ပဲ မှာထားတယ်'

ကျွန်းဖုန်းက ပြုံးကာ....

'အင်း...ခင်ဗျားတော့ လူလိမ်ခံရပြီထင်တယ်'

ဟု ပြောလိုက်၏။

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'ကျုပ်က သူ့ကိုယုံတယ်၊ သူပြောတဲ့အတိုင်း လုပ်ရင် သူနဲ့တွေ့ရလိမ့်မယ်လို့ ယုံကြည်တယ်'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ကောင်းပြီ...ဒါဆိုပြော၊ ဘယ်အချိန် ဘယ်နေရာလဲ'

ဝမ်ကျောက်က ပြုံးကာ....

'ဒီလိုပြောလို့ မရဘူး'

ကျွန်းဖုန်းက မျက်ခုံးပင့်ကာ....

'ဘာဖြစ်လို့လဲ'

ဝမ်ကျောက်က....

'သူ့ငွေလေးကို အရက်မူးမှ ပြောရမှာ'

ကျွန်းဖုန်းက....

'ကျုပ်ကို အရက်မူးအောင်တိုက်ပြီးမှ ပြောရမှာလား'

ဝမ်ကျောက်က ဦးခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်'



ကျွန်းဖုန်းက သက်ပြင်းချကာ...

'ကောင်းပြီလေ'

ဝမ်ကျောက်က...

'ဒါဆို ညစာစားဖို့ သွားကြမယ်'

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ကျွန်းဖုန်း၏စကားအပြန်ကိုမစောင့်ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

ရွှေမြင့်မိုရ်
အလှပြင် ဆေး

## အခန်း (၅)

ဤဆိုင်သည် သုခတ မြို့အလေး၏ အကောင်းဆုံး စားသောက်ဆိုင်ဖြစ်၏။

ရောင်စုံမီးပုံးများ ချိတ်ဆွဲထားသော ပန်းဥယျာဉ်ကို မြင်တွေ့နိုင်သည်။

စားပွဲ၌ ကျန်းဖုန်းနှင့် ဝမ်ကျောက် ထိုင်နေ၏။

စားပွဲ၌ လူတို့နှစ်ယောက်တည်းရှိသော်လည်း စားပွဲပေါ်မှ စားသောက်ဖွယ်ရာများသည် အမယ်စုံကာ လူ ဆယ်ယောက် စား၍ကုန်အောင် များပြား၏။

ထိုဟင်းလျာများမှာ အလွန်ထန်ဖိုးကြီးသော ဟင်းလျာများဖြစ်၏။

အရက်ကလည်း အလွန် ထန်ဖိုးကြီးသော အရက်ဖြစ်သည်။



ကျန်းဖုန်းသည် စားသောက်ဖွယ်ရာများကို အားမနာတမ်း စားသောက်နေ၏။

ဝမ်ကျောက်က စားပွဲထိုးတစ်ယောက်ကဲ့သို့ ကျန်းဖုန်းကို အရက်ငှဲပေးနေ၏။

ယခု စားပွဲပေါ်၌ အရက်နှစ်အိုးကုန်သွားပြီဖြစ်၏။

သို့သော် ကျန်းဖုန်းသည် အရက် အလွန်သောက်နိုင်သူဖြစ်၏။

ထို့ကြောင့် အရက်နှစ်အိုးကုန်သွားသော်လည်း ကျန်းဖုန်းသည် အရက်မူးသည့်အရိပ်အယောင် မတွေ့ရသေးပါ။

သို့ဖြစ်၍ ဝမ်ကျောက်သည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိ၏။

ထိုစဉ် ကျန်းဖုန်းက စားသောက်ဆိုင်ကို ဝေ့ကြည့်လိုက်ရင်း....

'ဒီဆိုင်က လူဌေးကြီးချန်းရဲ့ ဆိုင်လား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ပြုံးကာ....

'လူဌေးကြီးချန်းဟာ ဒီမှာရှိတဲ့ စီးပွားရေး လုပ်ငန်းခပ်များများကို ပိုင်ဆိုင်ထားတော့ သတ်ညှိုးထိုးရင်းတောင် လွဲနိုင်ခါဘူး'

ဟုပြောလိုက်၏။

ကျန်းဖုန်းက မျက်ခုံးပင့်ကာ....

'ဒါဆို...လူက အတော်ချမ်းသာတာပေါ့'

ဟု ပြောလိုက်၏။

ဝမ်ကျော့တက်က ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

ကျွန်းဖုန်းက....

'သူက ဒီဇာတိလား'

ဝမ်ကျော့တက်က....

'ဒီဇာတိတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီမြို့ကို သူက တည်ထောင်တာလို့ ပြောနိုင်ပါတယ်'

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'ဒါဆို သူက ဒီမြို့ကို ငွေဆုပ်ပိုက်ပြီး ရောက်လာတာ ပေါ့'

ဝမ်ကျော့တက်က ပြုံးလာ....

'အစောတုန်းက ချမ်းသာတဲ့လူဟာ စီးပွားရေးလောက် မြင်တာပဲ ပိုပြီး ချမ်းသာလာစေပေါ့'

ဟု ပြန်မေးလိုက်၏။

ကျွန်းဖုန်းက ပြုံးလိုက်ပြီး....

'အစောတုန်းက ချမ်းသာတယ်ဆိုတော့ သူက ဒီကို မလာခင် ဘာလုပ်ငန်းတွေ လုပ်ခဲ့သလဲ'

ဟု မေးလိုက်၏။

ဝမ်ကျော့တက်က....

'ဒါတော့ ဘယ်သူမှ မသိပါဘူး။ ဒါပေမယ့် သူ့အမွေ ရလာခဲ့တာလို့ ပြောတာကြားဖူးပါတယ်'

ကျွန်းဖုန်းက ဦးခေါင်းညိတ်ရင်း....

'သြော်....အခုမှ ရှင်းသွားတော့တယ်'



ဟု ပြောလိုက်၏။

ပြီးမှ သူသည် ဝမ်ကျော့တက်ကို ကြည့်ရင်း....

'ခင်ဗျားက ဘာကြောင့် အရက်မသောက်တာလဲ၊ ကျုပ် တိုက်မယ်'

ဟု ပြောသော အရက်ကို ငှဲ့ပေးလိုက်သော်လည်း မသောက် ပါလေ။

အချိန်က အရှေ့ရှေ့ ကုန်ဆုံးသွား၏။

ကျွန်းဖုန်းသည် အရက်မူးနေပြီ ဖြစ်၏။

ဝမ်ကျော့တက်သည် အရက်မူး၍ ပြုံးပြီဖြစ်၏။

စားပွဲပေါ်၌လည်း အရက်ပုလင်းအို ကုန်သွားပြီ ဖြစ်သည်။

ဝမ်ကျော့တက်သည် ကျွန်းဖုန်းကို တစ်ချက်မျှ အကဲခတ် ကြည့်လိုက်ပြီးမှ....

'လူငြေးလေးကျွန်း'

ဟု ခေါ်လိုက်၏။

ကျွန်းဖုန်းက လျှာလေးအားလေး အသံဖြင့်....

'ဘယ်သူလဲ'

ဟု ပြန်မေးလိုက်၏။

ဝမ်ကျော့တက်က....

'ကျုပ်ပါ'

ကျန်းဖုန်းက....
'ကျုပ်ဆိုတာ ဘယ်သူလဲ'
ဝမ်ကျောက်က....
'ဝမ်ကျောက်ပါ'
ကျန်းဖုန်းက ရယ်မောလိုက်ပြီး....
'ကြော....ကြော်....ဘယ်သူ....'
ဟု မေးလိုက်၏။
ဝမ်ကျောက်က....
'ကျုပ်ပါ ဝမ်ကျောက်ပါ'
ကျန်းဖုန်းက ပြုံးလိုက်ပြီး စားပွဲပေါ်သို့ ငိုက်ကျသွားသည်။
ဝမ်ကျောက်က....
'လူငယ်လေး ကျန်း၊ ကျုပ်ပြောတာ ကြားလား'
ဟု မေးလိုက်၏။
ကျန်းဖုန်းက စားပွဲပေါ်၌ မျက်နှာအပ်ထား လျက်ရော အားပျော့သောအသံဖြင့်....
'အင်း....'
ဝမ်ကျောက်က....
'သူ့ကိုပြောလိုက်ပါ၊ နေ့လယ်ထပ် နာရီဝက်ကြာရင် ခယ်တော်နတ်ကွန်းရှေ့မှာ တွေ့မယ်လို့'
ကျန်းဖုန်းက လျော့လေးအားလေး အသံဖြင့်....
'အင်း....'
ဝမ်ကျောက်က ပြုံးလိုက်ပြီး....



'ကျုပ်ပြောတာ ကြားတယ်နော်'
ဟု မေးလိုက်၏။
ကျန်းဖုန်းက....
'အင်း....'
ဝမ်ကျောက်က....
'ဒါဖြင့် ကျုပ်ဘာပြောခဲ့သလဲ၊ ပြန်ပြောစမ်း'
ကျန်းဖုန်းက....
'အင်း....'
ဝမ်ကျောက်က ထက်ပြင်းချလိုက်ပြီး....
'ကျုပ်ဘာပြောခဲ့သလဲဆိုတာ ပြန်ပြောပြစမ်းပါ'
ဟု ထပ်မံပြောလိုက်၏။
တခဏတစ်ကြိမ်၌ ကျန်းဖုန်းထံမှ....
'အင်း....'
ဟု ထွက်လာတော့ပါ၏။
ကျန်းဖုန်းထံမှ အင်း....ဟူသော အသံအစား ခေါခေါ ခလူးဟု ဟောက်သံ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလား။
ဝမ်ကျောက်သည် စားပွဲပေါ်၌ မှောက်လျက်သား အိပ်ပျော်နေသော ကျန်းဖုန်းကို ကြည့်ကာ....
'ခက်တာပဲ၊ အကြောင်းကြားမယ့်လူက အိပ်ပျော်နေပြီ'
ဟု ရေရွတ်လိုက်၏။
ထို့နောက် သူသည် ကျန်းဖုန်းကိုတွဲ၍ စားသောက်ဆိုင်ထဲမှ ထွက်သွားလေတော့သည် မဟုတ်ပါလား။

ဝမ်းကျော်သည် ကျွန်းဖုန်းကို တည်းခိုခန်းသို့ထည့်၍ ပွဲပြီးနောက် မြင်ဖြူတု ကျောင်းသို့ ထွက်လာခဲ့၏။

သူ၏ မျက်နှာပေါ်၌ အလွန်စိတ်ပျက်နေသည့် အသွင် ထင်ရှားနေပေ၏။

အရိုင်မဲ့ခေါ်သမားကို အကြောင်းကြားပေးရမည့် ကျွန်းဖုန်းသည် တည်းခိုခန်း၏ ခုတင်ပေါ်၌ စန့်စန့်ကြီး အိပ်ပျော်နေပြီ မဟုတ်ပါလား။

ဤသို့ဆိုလျှင် ကျွန်းဖုန်းသည် အရိုင်မဲ့ခေါ်သမားကို မည်ကဲ့သို့ သတင်းပေးပို့မည်နည်း။

ဤသို့ဆိုလျှင် မိမိသည် ဤနေရာသို့ လာရောက်ခြင်းမှာ အဓိပ္ပါယ်ရှိလိမ့်မည် မဟုတ်တော့ဟု တွေးမိ၏။

ထို့ကြောင့် သူသည် အလွန်စိတ်ပျက်နေ၏။

သို့သော် သူသည် အရိုင်မဲ့ ခေါ်သမားနှင့် တွေ့ရဖို့ မျှော်ဖြော ထွက်လာခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား။

❖

မယ်တော်နတ်ကွန်း....

မြို့စွန်၌ တည်ရှိသော နတ်ကွန်းဖြစ်ပါသည်။

ထိုနတ်ကွန်းကို လူတို့က စွန့်ပစ်ထားခဲ့သောကြောင့် ပြုပြင်မွမ်းမံခြင်း ကင်းမဲ့ကာ ပျက်စီးနေပြီဖြစ်၏။

ဝမ်းကျော်သည် ပျက်စီးယိုယွင်းနေသော မယ်တော်နတ်ကွန်းကို တစ်ချက်ကြည့်လိုက်ပြီး ဦးခေါင်းကို တစ်ချက် ခါယမ်းလိုက်၏။



ထို့နောက် သူသည် နတ်ကွန်း၏ ပတ်ဝန်းကျင်ကို လှည့်ပတ်၍....

'အရိုင်မဲ့ခေါ်...ခင်ဗျားရောက်နေပြီလား'

ဟု တိုးတိုးခေါ်လိုက်၏။

သို့သော် အရိုင်မဲ့ခေါ်၏ အရိပ်အယောင်ကို မဆိုထားနှင့် သက်ရှိသတ္တဝါ၏ အရိပ်အယောင်ပင် မတွေ့ရပေ။

ထို့ကြောင့် ဝမ်းကျော်သည် စိတ်ပျက်လက်ပျက်ဖြင့်....

'တို့တော့ခံမှုးပြီ အကြောင်းကြားနိုင်တော့ဘူး ထင်တယ်'

ဟု တစ်ယောက်တည်း ရေရွတ်လိုက်၏။

ထို့နောက် သူသည် စိတ်ပျက်စွာ နတ်ကွန်းရှေ့၌ ထိုင်ချလိုက်လေတော့၏။

ထိုစဉ် ရုတ်တရက်....

'နောက်ကျတယ်'

ဟူသော အသံသည် ဝမ်းကျော်၏ ဦးခေါင်းပေါ်မှ ပေါ်ထွက်လာသလော ထင်ရသည် မဟုတ်ပါလား။

❖

ဝမ်းကျော်၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်အောင့်အင်း သွား၏။

သူသည် ထိတ်လန့် တုန်လှုပ်သွားပြီး ထိုင်ရာမှ ထခုန်လိုက်၏။

ထိုစဉ် အင်္ဂျင်စမ္ဘူး လေဟိုးသံ တဖျပ်ဖျပ် ပေါ်ထွက်လာပြီး...

အနီးရှိ သစ်ပင်ပေါ်မှ အဖြူရောင်လူရိပ်သည် လေထဲသို့ ဝဲပျံကာ ဝမ်းကျောက်၏ရှေ့သို့ ရောက်ရှိလာခဲ့သလောတော့သည် မဟုတ်ပါသော။

အဖြူရောင်လူရိပ်၏ မျက်နှာပေါ်၌ ပြုံးရယ်ခနေသော မျက်နှာဖုံးကို စွပ်ထား၏။

ဝမ်းကျောက်သည် အဖြူရောင်လူရိပ်ကို ကြည့်ပြီး သက်ပြင်း တစ်ချက် ချလေ၏...

'ကျုပ်က ခင်ဗျား မလာတော့ဘူးလို့ ထင်နေတာ'

အဖြူရောင်လူရိပ်က...

'ခင်ဗျားပဲ ချိန်းတာ'

ဝမ်းကျောက်က ပြုံးလိုက်ပြီး...

'ဒီလောကကြီး လူမှန်းသူမှန်း မသိအောင် မှုံနေတဲ့လူက ခင်ဗျားကို ဘယ်လိုလုပ်ပြီး အကြောင်းကြားသလဲ'

အဖြူရောင်လူရိပ်က...

'ခင်ဗျားချိန်းတာ ဒီအကြောင်း၊ သိချင်လို့လား'

ဝမ်းကျောက်က ဦးခေါင်းခါယမ်းလိုက်ပြီး...

'မဟုတ်ပါဘူး'

အဖြူရောင်လူရိပ်က...

'ဒါဖြင့် ဘာဖြစ်လို့ မေးတာလဲ'

ဝမ်းကျောက်က...

'သိချင်လို့ပါ'



အဖြူရောင်လူရိပ်က...

'လောကပေါ်မှာ သိတာများလေ အသက်တိုလေပဲ'

ဝမ်းကျောက်က ပြုံးလိုက်ပြီး...

'ထူးဆန်းနေလို့ပါ'

အဖြူရောင်လူရိပ်က...

'ဘာထူးဆန်းလို့လဲ၊ ခင်ဗျားက ချိန်းတယ်၊ ကျုပ်က ရောက်အောင်လာခဲ့တယ်၊ ဒါဘာထူးဆန်းလဲ'

ဟု ပြောလိုက်၏။

ဝမ်းကျောက်က ပြုံးလိုက်ပြီး...

'ကျွန်းဖုန်းက လူမှန်းသူမှန်း မသိအောင် မှုံနေတာ ခင်ဗျားကို ဘယ်လိုလုပ်ပြီး အကြောင်းကြားနိုင်မှာလဲ'

အဖြူရောင်လူရိပ်က စိတ်မရှည်သော လေသံဖြင့်...

'ဒီမှာ ခင်ဗျားက ချိန်းတဲ့ကိစ္စကို ပြောမှာလား၊ ဒါမှ မဟုတ်...'

ဝမ်းကျောက်က ပြုံးကာ...

'ကိစ္စရှိလို့ ချိန်းတာပါ'

အဖြူရောင်လူရိပ်က...

'ဒါဆို ချိန်းတဲ့ကိစ္စပြော...'

ဝမ်းကျောက်က...

'ခင်ဗျားကိုယ်က အရေးနဲ့ မရဘူး'

ဟု ပြောလိုက်၏။

အဖြူရောင်လူရိပ်က...

'ကျုပ်ကို ကျွန်းဖုန်းလို့ ထင်နေလို့လား'

ဝမ်ကျော်ကက ဦးခေါင်းခါယမ်းပြလေ၏....
'မထင်ပါဘူး'
အဖြူရောင်လူရိပ်က....
'ဒါဆို ဘာဖြစ်လို့ ချိန်းတဲ့အကြောင်း မပြောရသေးတာလဲ'
ဝမ်ကျော်ကက သက်ပြင်းချကာ....
'အံ့သြနေလို့ပါ'
အဖြူရောင် လူရိပ်က....
'အံ့သြတာကို ခဏချိတ်ထားပြီး ချိန်းတဲ့အကြောင်းကို ဆက်ပြောပါ'
ဟုပြောလိုက်၏။
ဝမ်ကျော်ကက သက်ပြင်းချလိုက်ပြီး....
'ခင်ဗျားရဲ့လုပ်ငန်း ဒီနေ့စမယ်'
အဖြူရောင်လူရိပ်က ဦးခေါင်းညိတ်ကာ....
'ကောင်းပြီ....သုတ်သင်ရမယ့်လူကို ပြောပေါ့'
ဝမ်ကျော်ကက နှုတ်ခမ်းကို လျှာဖြင့် တစ်ချက် သပ်လိုက်ပြီး....
'ချန်းကျင်ဝှတ်ကိုပါ'
ဟု ပြောလိုက်၏။
အဖြူရောင်လူရိပ်က အံ့သြသောလေသံဖြင့်....
'ချန်းကျင်ဝှတ်....ဟုတ်လား၊ သူဌေးကြီး ချန်းကျင်ဝှတ် လား'
ဟု မေးလိုက်၏။



ဝမ်ကျော်ကက ဦးခေါင်းညိတ်ပြလိုက်၏။
အဖြူရောင်လူရိပ်က....
'ခင်ဗျားက ချန်းကျင်ဝှတ်ရဲ့တပည့်မဟုတ်ဘူးလား'
ဟု မေးလိုက်၏။
ဝမ်ကျော်ကက ဦးခေါင်းညိတ်လိုက်ပြီး....
'ဟုတ်ပါတယ်'
အဖြူရောင်လူရိပ်က....
'ခင်ဗျားက ခင်ဗျားရဲ့သူဌေးကို ပြန်သတ်မလို့လား'
ဟု မေးလိုက်၏။
ဝမ်ကျော်ကက ဦးခေါင်းခါယမ်းကာ....
'မဟုတ်ပါဘူး'
အဖြူရောင်လူရိပ်က....
'ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ သူဌေးကြီးချန်းကိုသတ်ဖို့ ကျွန်ုပ်ကို ငှားရတာလဲ'
ဝမ်ကျော်ကက ပြုံးလိုက်ပြီး....
'သူဌေးကြီးချန်းက ငှားခိုင်းတာပါ'
အဖြူရောင်လူရိပ်က ရယ်မောလိုက်ပြီး....
'ဒါဆို ခင်ဗျားက ငါ့ကိုသစ္စာရှာတာ မှားနေပြီ'
ဟု ပြောလိုက်၏။
ဝမ်ကျော်ကက မျက်ခုံးပင့်ကာ အံ့သြသော အသံဖြင့်....
'ဘာဖြစ်လို့လဲ'
အဖြူရောင်လူရိပ်က....

'ကျုပ်က လူသတ်သမား'

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်၊ သူဌေးကြီးက လူသတ်သမားတွေပဲ ရှာ ခိုင်းတာ'

အဖြူရောင်လူရိပ်က....

'သူက ဘယ်သူ့ကိုသတ်ချင်လို့လဲ'

ဝမ်ကျောက်က....

'သူ့ကိုပါ'

ဝမ်ကျောက်၏ စကားကြောင့် အဖြူရောင်လူရိပ်ထံမှ စကားသံ ထွက်မလာပေ။

အတန်ကြာမှ အဖြူရောင်လူရိပ်က....

'ဘယ်သူ့ကိုလဲ'

ဝမ်ကျောက်က....

'သူဌေးကြီးချန်းကိုပါ'

အဖြူရောင်လူရိပ်က....

'သူဌေးကြီးချန်းက သူဌေးကြီးချန်းကိုသတ်ဖို့ ငှားတာလား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ သူဌေးကြီးချန်းကိုသတ်ဖို့ သူဌေးကြီး ချန်းက ငှားတာပါ'

အဖြူရောင်လူရိပ်က....

'သူဌေးကြီးချန်းဟာ ဘယ်နှစ်ယောက် ရှိလဲ'



ဝမ်ကျောက်က....

'တစ်ယောက်ပဲ ရှိတယ်'

အဖြူရောင်လူရိပ်က....

'ဒါဖြင့် သူက သူ့ကိုသတ်ဖို့ ကျုပ်ကိုငှားတာပေါ့'

ဝမ်ကျောက်က ဦးခေါင်းညိတ်ပြ၏....

'ဟုတ်ပါတယ်'

အဖြူရောင်လူရိပ်က....

'ခင်ဗျား နောက်ပြောင်နေတာများလား'

ဝမ်ကျောက်က....

'ကျုပ် နောက်ပြောင်နေတာ မဟုတ်ပါဘူး၊ ကျုပ်အသေအချာ အောင် မေးခဲ့ပါတယ်'

အဖြူရောင်လူရိပ်က...

'ဒါဆို တစ်ခုခုတော့ မှားနေပြီ'

ဝမ်ကျောက်က ပြုံးလိုက်ပြီး....

'ဘာဖြစ်လို့လဲ'

အဖြူရောင်လူရိပ်က....

'ဘယ်သူက ဒီလောက် ရူးတဲ့ အလုပ်မျိုးကို လုပ်မှာလဲ'

ဝမ်ကျောက်က....

'ကျုပ်ရဲ့သူဌေးကြီးက အရူးမဟုတ်တာတော့ သေချာ တယ်'

အဖြူရောင်လူရိပ်က....

'ကောင်းပြီလေ... သူက သေချင်နေတော့လဲ ကျုပ်က သူ့ကို သတ်သင်ပေးရမှာပေါ့'

ဝမ်ကျောက်ကား ပြုံးလိုက်ပြီး အင်္ကျီရင်ဘတ်ကြယ်သီးထဲမှ ငွေလွှဲလက်မှတ်တစ်ထပ်ကိုထုတ်ယူ၍ အဖြူရောင် လူရိပ်ကို လှမ်းပေးလိုက်၏။

အဖြူရောင်လူရိပ်က ငွေလွှဲလက်မှတ်များကို ရေတွက်ယူ ယူလိုက်ပြီး...

'ခင်ဗျားရဲ့သူဌေးကြီးကို ပြောလိုက်ပါ၊ မနက်ဖြန် နေထွက်တာကို မတွေ့စေရဘူးလို့'

ဟု ပြောလိုက်၏။

ထို့နောက် အဖြူရောင်လူရိပ်က ခန္ဓာကိုယ်ကို တစ်ချက် လှုပ်လိုက်ရာ၊ အဖြူရောင်လူရိပ်၏ ခန္ဓာကိုယ်သည် လေထဲ၌ လွင့်မျောသွားသောအဝတ်စသည် မဟုတ်ပါလား။

❁

အဖြူရောင်လူရိပ်၏ လှုပ်ရှားမှုက အလွန် လျင်မြန်၏။ မျက်စိသစ်မှိတ်အတွင်းမှာပင် သူသည် ဝမ်ကျောက်၏ မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့၏။

အဖြူရောင်လူရိပ် ပျောက်ကွယ်သွားသောအခါ ဝမ်ကျောက်သည် တစ်ချက်ပြုံးလိုက်၏။

သူ၏အပြုံးသည် ဝိပုလ္လဘာသ်ဆန်းဆောင်ထက် ကောက်ကျစ်သော အပြုံးပင်ဖြစ်သည် မဟုတ်ပါလား။

သူဌေးကြီးချန်းက အရိပ်မဲ့မင်းသမီးကို ငှားရမ်းခဲ့ခြင်းမှာ နှင်းဆီနက်ကို သုတ်သင်ရန် ဖြစ်၏။



သို့သော် ယခု ဝမ်ကျောက်က သူဌေးကြီးချန်းကို သုတ်သင်ရန် အရိပ်မဲ့မင်းသမီးကို စေခိုင်းလိုက်ပြီဖြစ်သည်မဟုတ်ပါလော။

အကယ်၍သာ သူဌေးကြီးချန်း သေဆုံးခဲ့လျှင် သူဌေးကြီးချန်း၏နေရာကို ဝမ်ကျောက်က ရယူနိုင်မည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သူဌေးကြီးချန်း၏ စီးပွားရေးနှင့်လုံးလုံး စံအိမ်၌ သူဌေးကြီးပြီးလျှင် ဝမ်ကျောက်သည် ဩဇာအာဏာအရှိဆုံးပင်ဖြစ်သည် မဟုတ်ပါလား။

သို့သော် သူသည် အရိပ်မဲ့မင်းကို စိတ်မချပါ။

အရိပ်မဲ့မင်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်မှသာလျှင် မိမိအတွက် အန္တရာယ်ကင်းမည် ဖြစ်၏။

ထို့ကြောင့် သူသည် အရိပ်မဲ့မင်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်၏။

❁

ဝမ်ကျောက်သည် ကျွန်းဖုန်း၏ အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

ထို့နောက် သူသည် အခန်းထဲသို့ ဝင်ရောက်လိုက်၏။

အခန်းထဲ၌ ကျွန်းဖုန်းရှိနေ၏။

ကျွန်းဖုန်းသည် ခုတင်ပေါ်၌ အိပ်ပျော်နေဆဲဖြစ်၏။

ဝမ်ကျောက်သည် ကျွန်းဖုန်း၏ အနီးသို့ ချဉ်းကပ်ပြီး ကျွန်းဖုန်းကို သေချာစွာ စူးစိုက်ကြည့်လိုက်၏။

ကျွန်းဖုန်းသည် တုတ်တုတ်မျှလှုပ်ခြင်းမရှိ အရက်မူးပြီး အိပ်ပျော်နေ၏။

ကျွန်းဖုန်း၏ထံမှ အရက်နံ့ကလည်း နံနေ၏။

ဝမ်ကျောက်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ကျွန်းဖုန်း၏ အခန်းထဲမှ ထွက်လာခဲ့၏။

ဤသို့ဆိုလျှင် ကျွန်းဖုန်းသည် အရိပ်မဲ့ခေါင်းမဟုတ်နိုင်။ အရိပ်မဲ့ခေါင်းသည် ကျွန်းဖုန်းမဟုတ်လျှင် မည်သူနည်း။ ဝမ်ကျောက် စဉ်းစား၍ ရချေပြီ။

အကယ်၍သာ အခန်းထဲမှ ဝမ်ကျောက် ပြန်လည်၍ ထွက်ခွာသွားချိန်၌ ကျွန်းဖုန်းသည် ခုတင်ပေါ်၌ ထထိုင်လိုက်ပြီး သဘောကျစွာ ပြုံးနေသည်ကို ဝမ်ကျောက်က သာ မြင်တွေ့ခဲ့သည်ဆိုလျှင်....

စိတ်ဆောင်းနှလုံးလှ စံအိမ်....

သုခဘုံမြို့တော်၌ အကျယ်ဝန်းဆုံး ခြံဝင်းမြင့်၏၊ အိမ်ဂေဟာကလည်း အခန့်ညားဆုံးဖြစ်၏။

ထိုအိမ်ဂေဟာသည် သူဌေးကြီးချွန်း၏ အိမ်ဂေဟာပင် ဖြစ်၏။

ဝမ်ကျောက်သည် သူဌေးကြီးချွန်း၏ အိမ်ဂေဟာကို ကြည့်ရင်း ပြုံးလိုက်၏။

မကြာမီ အချိန်ပိုင်းအတွင်း၌ ဤအိမ်ဂေဟာသည် လည်းကောင်း၊ သူဌေးကြီးချွန်း၏ စည်းစိမ်ဥစ္စာသည်လည်း



ကောင်း၊ ပေါ်ကြီးဟွာ၏ သမီး ချင်းချင်းသည် လည်းကောင်း မိမိအပိုင်ဆိုင်ရတော့မည် မဟုတ်ပါလော။

ဝမ်ကျောက်သည် ထိုသို့တွေးလိုက်မိချိန်၌ သူ၏ရှေ့သို့ လူတစ်ယောက် ရောက်ရှိလာ၏။

ထိုလူသည် ချိုင်းထောက်နှင့်လူ ဖြစ်၏။

ယင်းသည် ချိုင်းထောက်ကို ထောက်၍ ထော့နင်းထော့နင်းဖြင့် ဝမ်ကျောက်၏ရှေ့သို့ ရောက်ရှိလာ၏။

ဝမ်ကျောက်သည် ညအချိန်မှောင်၌ ထိုလူကို မြင်တွေ့လိုက်ရသောကြောင့် မျက်မှောင်ကြုတ်သွားပြီး ထိုလူကို စူးစိုက်ကြည့်လိုက်၏။

ထိုလူက ဝမ်ကျောက်ကို ပြုံးပြလိုက်ပြီး....

'ခင်ဗျားက ဒီအိမ်ကလူလား'

ဟု မေးလိုက်၏။

ဝမ်ကျောက်က မျက်မှောင်ကြုတ်ကာ....

'ခင်ဗျားက ဒီမှာ ဘာလာလုပ်တာလဲ'

ဟု ပြန်၍ မေးလိုက်၏။

ချိုင်းထောက်နှင့်လူက ပြုံးလိုက်ပြီး....

'ကျုပ်က သူဌေးကြီးချွန်းနဲ့ တွေ့ချင်လို့ပါ'

ဝမ်ကျောက်က မျက်မှောင်ကြုတ်ကာ....

'ခင်ဗျားက ညအချိန်မတော် ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ'

ချိုင်းထောက်နှင့်လူက ပြုံးရင်း....

'လူလာပို့တာပါ'

ဝမ်ကျောက်က ထိုလူ၏စကားကို နားမလည်ဟန်ဖြင့်....

'လူ...ဟုတ်လား၊ ဘာလူလဲ'

ဟု ပြန်မေးလိုက်၏။

ချိုင်းထောက်နှင့်လူက ပြုံး၍...

'ဒီလိုပါ...လမ်းမှာ သူဌေးကြီးချန်းရဲ့ လူတစ်ယောက် သေနေတာတွေ့လို့ ကျုပ်က သယ်လာပြီး လာပို့တာပေါ'

ဟု ပြောလိုက်၏။

ချိုင်းထောက်နှင့်လူ၏ စကားကြောင့် ဝမ်ကျောက်က မျက်မှောင်ကြုတ်သွားပြီး အနီးဝတ်ဝန်းကျင်ကို တစ်ချက် ကြည့်လိုက်၏။

ပြီးမှ...

'ဘယ်သူလဲ'

ဟု မေးလိုက်၏။

ချိုင်းထောက်နှင့်လူက ပြုံးကာ...

'သူဌေးကြီးရဲ့အိမ်မှာ သူဌေးကြီးပြီးရင် ဩဇာအာဏာ အရှိဆုံး ဝမ်ကျောက်ဆိုတဲ့လူပါ'

ဟု ပြောလိုက်၏။

ချိုင်းထောက်နှင့်လူ၏ စကားကြောင့် ဝမ်ကျောက်က မျက်ခုံးပင့်လိုက်ပြီး...

'လူလိမ်...'

ဟု ပြောကာ ထိုသူ၏ချိုင်းထောက်ကို ခြေထောက်ဖြင့် ကန်လိုက်၏။

ထို့ကြောင့် ထိုလူ၏ချိုင်းထောက်သည် အဝေးသို့ လွင့်စဉ်သွား၏။



သို့သော် ထိုလူသည် မြေပေါ်သို့ လဲကျမသွားပေ။

ထိုလူသည် ခြေတစ်ပေါင်ကျိုးဖြင့် ရပ်နေဆဲဖြစ်၏။

ဝမ်ကျောက်က ထိုလူကို အံ့သြသောမျက်လုံးဖြင့် ကြည့်နေစဉ်မှာပင် ထိုလူက ဝမ်ကျောက်ကိုပြုံးပြလိုက်ပြီးနောက် တည်း လှုပ်ရှားလိုက်ရာ ထိုလူ၏အင်္ကျီထဲမှ ဓားမြှောင် တစ်ချောင်း ပေါ်ထွက်လာပြီး ဝမ်ကျောက်၏ ရင်ဝသို့ ထိုးစိုက်သွားလေတော့သည် မဟုတ်ပါလား။

ဝမ်ကျောက်သည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ထိုလူကိုကြည့်ရင်း မြေပေါ်သို့ လဲကျသွား၏။

ထိုစဉ် ဝမ်ကျောက်သည် ထိုလူ၌ခြေထောက်နှစ်ချောင်း ရှိနေသည်ကို မြင်တွေ့လိုက်ရလေသ၏။

ထိုလူက ပြုံးကာ...

'ကျုပ်ပြောသားပဲ၊ ဝမ်ကျောက်က အသက်ခံလိုက်ရပါတယ်လို့ ခင်ဗျားက မယုံဘဲကိုး'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ချိုင်းထောက်နှင့် လူသည် သိမ်းငှက်အမှတ်စဉ် သုံး ဖြစ်၏။

သူသည် သူ၏ ခြေထောက်တစ်ချောင်းကို ကျယ်ဝန်းသော ဘောင်းဘီထဲ၌ ဝှက်ထားပြီး ခြေတစ်ပေါင်ကျိုးဟန် ဆောင်ခဲ့ခြင်းဖြစ်၏။

ယခု သူသည် ခြေတစ်ပေါင်ကျိုးဟန် ဆက်လက်၍ ဟန်ဆောင်ရန် မလိုတော့ပေ။

အဘယ်ကြောင့်ဆိုသော် ယခုညသည် သူတို့အတွက် အဆုံးအဖြတ်ပေးမည့်နေ့ သို့မဟုတ် သူတို့၏ တရားစီရင်ခံရသောနေ့ ဖြစ်သည် မဟုတ်ပါလော။

ထိုစဉ် အခန်းနံရံထဲမှ လူတစ်ယောက် ထွက်ပေါ်လာ၏။

ထိုလူသည် စာပေသမားပင် ဖြစ်၏။

လူသည် သိမ်းငှက်အမှတ်စဉ်နှစ် ဖြစ်၏။

သူ၏နောက်မှ မျောက်တစ်ကောင် ထွက်လာ၏။

ထိုမျောက်သည် သိမ်းငှက်တစ်ကောင်မဟုတ်ပါ။

သို့သော် မျောက်၏နောက်မှ ထွက်လာသော အဘိုးအိုသည် သိမ်းငှက်တစ်ကောင် ဖြစ်ပါသည်။

သူသည် သိမ်းငှက်အမှတ်စဉ်နှစ် ဖြစ်၏။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီးနေ၏....

လူ၄ကြီးချုပ်၏ အိမ်ဂေဟာကို ပြိုင်တူ လှမ်းကြည့်လိုက်ကြသေးသည် မဟုတ်ပါလော။

ထိုစဉ် နေ့ခင်းရိပ်အတွင်းမှ အနက်ရောင် ဝတ်ဆင်ထားသော လူအသက်ကြီးဆယ်ခန့်သည် လက်နက် ကိုယ်စီကိုင်၍ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြလေသည် မဟုတ်ပါလော။

ခြံဝင်းတံခါးခေါက်သံကြောင့် ခြံစောင့်ထချောင်းကြည့် ပေါက်မှ ကြည့်လိုက်၏။



ထို့ကြောင့် လူသည် မိန်းကလေး၏ရုပ်မြင်နေသောမျက်နှာကို မြင်တွေ့လိုက်ရ၏။

သူ့မြင်၍ ခြံစောင့်က သတိပြင်းစွာ ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

'ဆရာမမြင်ကျောက် ဖွဲ့လာပြီထင်တယ်'

ဟု တစ်ယောက်တည်း တီးတိုးပြောက ခြံတံခါးကို ဖွင့်ပေးလိုက်၏။

ခြံတံခါး ပွင့်သွားသည်နှင့် ခြံတံခါးဝ၌ ဝမ်းကျောက်ရပ်နေသည်ကို တွေ့ရ၏။

ထိုစဉ် ဝမ်းကျောက်၌ တာဝန်ယူထားရှိကြောင်း မြင်တွေ့လိုက်ရ၏။

ထိုတာဝန်ယူလာကြောင်း လှုပ်ရှားသွားပြီး ဓားမြောင်တစ်ချောင်းကို အားသွင်းသော ခြံစောင့်၏ချပ်ဝတ်သို့ စိုက်ဝင်သွားလေတော့၏။

ထို့နောက် ဝမ်းကျောက်၏ခန္ဓာကိုယ် လဲပြိုသွားပြီး ဝမ်းကျောက်၏ခန္ဓာကိုယ်နောက်မှ မိမိအား စောင့်ကြည့်နေသော သူ့လူကို ခြံစောင့်က မြင်တွေ့လိုက်ရသေးတော့၏။

ထိုလူသည် စာပေသမားတစ်ယောက် ဖြစ်၏။

စာပေသမားတစ်ယောက်က လူသတ်နိုင်သည်ကို ခြံစောင့်သည် မယုံနိုင်အောင် ဖြစ်ရင်း လဲကျသွားဆုံးသွားလေတော့သည် မဟုတ်ပါလော။

သူသည် သေသွားသောကြောင့် သူ့ခေါင်းကြီးချုပ်သည့် အိပ်ပျော်ရာမှ လန့်နိုးသွား၏။

သူသည် ခုတင်ပေါ်မှ ရုတ်တရက် ထိုင်လိုက်ပြီး သူ၏ ဝဲဘက်သို့ ကြည့်လိုက်၏။

သူ၏ဝဲဘက် ခုတင်ပေါ်၌ ချင်းချင်းသည် ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်၍ ငုတ်တုတ်ထိုင်ကာ သူဌေးကြီးချန်းကို မြူးကြောင်ကြောင် မျက်လုံးတစ်စုံဖြင့် ကြည့်နေ၏။

သူမ၏ ဆံပင်များက ရှုပ်ပွနေပြီး သူမ၏ အင်္ကျီအဝတ် အစားများလည်း စုတ်ပြဲနေ၏။

သူဌေးကြီးချန်းက ချင်းချင်းကို သဘောကျစွာ ပြုံးပြ လိုက်ပြီး ခုတင်ပေါ်မှဆင်းကာ ဝတ်ရုံအင်္ကျီ တစ်ထည်ကို ကောက်စွပ်လိုက်၏။

ထို့နောက် သူသည် အခန်းကိုဖြတ်၍ အခန်းတံခါးကို ဖွင့်ရန် လျှောက်လှမ်းလိုက်၏။

ထိုစဉ်...

'ဝုန်း....'

ဟူသော အသံနှင့်အတူ အခန်းတံခါးသည် ရုတ်တရက် ပွင့်သွားပြီး အခန်းထဲသို့ လူသုံးယောက် ဝင်ရောက်လာသော တွေ့ရသည် မဟုတ်ပါလား။

ပထမ ဝင်ရောက်လာသူမှာ မျောက်နှင့်အဘိုးအို ဖြစ်၏။
ဒုတိယ ဝင်ရောက်လာသူမှာ ချိုင်းထောက်နှင့်လူ ဖြစ်၏။
တတိယ ဝင်ရောက်လာသူမှာ စာပေသမား ဖြစ်၏။
မျောက်နှင့် အဘိုးအို၌ မျောက်မပါလာတော့ပါ။
ချိုင်းထောက်နှင့်လူ၌ ချိုင်းထောက် ပါမလာတော့ပါ။
စာပေသမား၌ စာအုပ် ပါမလာတော့ပါ။



သို့သော် သူတို့၏လက်ထဲ၌ သွေးစက်များ တစက်စက်ကျ နေသော ဓားကိုယ်စီ ပါလာ၏။

သူဌေးကြီးချန်းက သူတို့သုံးယောက်ကို မျက်လုံးပြူး၍ အထိတ်တလန့် ကြည့်လိုက်ပြီး နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်လိုက်၏။

ပြီးမှ ထိတ်လန့်တုန်လှုပ်နေသော အသံဖြင့်...

'မင်း...မင်းတို့ ဓားပြလာတိုက်တာလား'

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်၏။

စာပေသမားက ရယ်မောလိုက်ပြီး...

'ဓားပြက ဓားပြကို ဓားပြမှုနဲ့ တိုက်ကြပါမလား'

ဟု ပြောလိုက်၏။

သူဌေးကြီးချန်းသည် စာပေသမား၏ စကားကြောင့် မျက်စိမျက်နှာ တစ်ချက်ပျက်သွားပြီး...

'မင်း...မင်းတို့ ဘယ်သူတွေလဲ'

ဟု မေးလိုက်၏။

အဘိုးအိုက ပြုံးလိုက်ပြီး....

'အင်း....ကြာပြီဆိုတော့ မေ့နေလောက်ပါပြီ'

ဟု ပြောလိုက်၏။

သူဌေးကြီးချန်းက....

'မင်း...မင်းတို့နဲ့ ကျုပ်...ကျုပ်နဲ့ ဘာ... ဘာရန်ငြိုး ရှိလို့လဲ'

ဟု မေးလိုက်၏။

ချိုင်းထောက်နှင့်လူက ရယ်မောလိုက်ပြီး....

'တုလေ့ဟုန်....မင်းက တကယ်ပဲ ငါတို့ကို မသိတော့ဘူး ပေါ့'

ဟု မေးလိုက်၏။

သူဌေးကြီးချွန်းသည် ချိုင်းထောက်နှင့်လူ က မိမိကို 'တုလေ့ဟုန်' ဟု ခေါ်လိုက်သောကြောင့် ခြေဖျား လက်ဖျား အေးစက်လာ သူ၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်း၍သွား လေတော့သည် မဟုတ်ပါလား။

စာပေသမား၊ မျက်နှာသိနှင့်အတိုးအို၊ ချိုင်းထောက်နှင့် လူတို့က တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်၏။

ထို့နောက် လူတို့သည်သူဌေးကြီးချွန်းကို ဖြိုဝိုင်းသဏ္ဌာန် ဝိုင်းရံလိုက်၏။

သူဌေးကြီးချွန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'တုလေ့ဟုန်....ဟုတ်လား၊ သူက ဘယ်သူလဲ'

ဟု ပြန်မေးလိုက်၏။

သူဌေးကြီးချွန်း၏စကားကြောင့် အတိုးအိုသည် ဒေါသ ထောင်းခနဲ ဖြစ်သွားပြီး....

'တုလေ့ဟုန်ဆိုတာ သိမ်းငှက် အမှတ် ခြောက်၊ သစ္စာ ဖောက်'

ဟု ပြောလိုက်၏။

သူဌေးကြီးချွန်းက ရုတ်တရက် ရယ်မောလိုက်ပြီး....

'မင်းတို့ လူမှားနေပြီ'



စာပေသမားက အင်္ကျီရင်ဘတ်ထဲမှ ဆွဲကြိုးပြားကို ဖြုတ် ၍ သူဌေးကြီးချွန်း၏ ရှေ့သို့ ပစ်ချလိုက်၏။

ထိုဆွဲကြိုးပြားသည် သိမ်းငှက်ပုံ ဆွဲကြိုးပြားဖြစ်၏၊ ကျောဖက်၌ ခုနစ်ဟု ရေးထား၏။

အတိုးအိုက ခါးကြိုးထဲမှ ဆွဲကြိုးကိုထုတ်၍ သူဌေးကြီး ချွန်း၏ ခြေထောက်ရှေ့သို့ ပစ်ချလိုက်၏။

ထိုဆွဲကြိုးသည် စာပေသမား၏ ဆွဲကြိုးနှင့်အတူတူ ဖြစ် သည်။

သို့သော် အမှတ်စဉ်နေရာ၌ နှစ်ဟု ရေးထား၏။

ချိုင်းထောက်နှင့် လူလာလည်း ဝှက်ထားသော ဆွဲကြိုး ထုတ်၍ သူဌေးကြီးချွန်း၏ရှေ့သို့ ပစ်ချရင်း....

'ကျုပ်က အမှတ်စဉ်သုံး'

ဟု ပြောလိုက်၏။

စာပေသမားက သက်ပြင်းချကာ....

'ခင်ဗျားရဲ့ လက်ချက်ကြောင့် အမှတ်ငါးတော့ သေ သွားပြီ'

အတိုးအိုက မြုံးဆဲ....

'အမှတ်တစ်ကတော့ ထောင်ထဲမှာပဲ ဆုံးသွားတယ်၊ သူ့ မိန်းမနဲ့သားလေး ကျန်ခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားက သူ့ သမီးကို လိုချင်လို့ သူ့မိန်းမကို ခင်ဗျားရဲ့လူတွေလွှတ်ပြီး သတ်ခိုင်းတယ်'

ဟု ပြောကာ ခုတင်ပေါ်မှ ချွင်းချွင်းကို တစ်ချက်လှမ်း ကြည့်လိုက်၏။

ချိုင်းထောက်နှင့်လူက ပြုံးလိုက်ပြီး....

'အမှတ်လေးလဲ ခင်ဗျားရှိအောင် ချပေးနဲ့ ပေါ့ဗျ'

ဟု ပြောလိုက်၏။

သူဌေးကြီးချုန်းက ဦးခေါင်းခါယမ်းပြလိုက်ပြီး မယုံကြည်နိုင်သောအကြည့် အံ့သြသောမျက်နှာဖြင့် စနေဝေသီတို့ လူစုကို ကြည့်နေ၏။

စနေဝေသီမဂျီးက သက်ပြင်းချလိုက်ပြီး....

'တုလူ့ရုန်း ခင်ဗျား ဘာဖြစ်ချင်သေးလဲ'

သူဌေးကြီးချုန်းက သက်ပြင်းချလိုက်ပြီး....

'ငါဗျ တုလူ့ရုန်းဆိုတာ မပြောပါဘူး ငါပေးမယ်...'

မျက်စေ့ စကားကို ဆေးတဲ့ ပေတန်ထားလိုက်၏။

အဘိုးအိုက မျက်မှောင်ကြုတ်ရင်း....

'ဒါပေမယ့် ဘာဖြစ်လဲ'

သူဌေးကြီး ချုန်းက....

'မင်းတို့ငါ့ကို အခုလိုနှင့်ကဲ့ရဲ့တော့ ငါ ဝမ်းနည်းတယ်'

ဟု ပြောလိုက်၏။

အဘိုးအိုက ရယ်မောလိုက်၏။

ပြီးမှ....

'ဘာဝမ်းနည်းစရာ ရှိလဲ'

သူဌေးကြီးချုန်းက ဦးခေါင်းခါယမ်းကာ....

'ငါ့ သစ္စာဖောက်တာတေး၊ မင်းတို့အားလုံးနဲ့သဘောတူညီချက်နဲ့ ထွက်လာခဲ့ရသလား'

ဟု မေးလိုက်၏။



သူဌေးကြီးချုန်း၏ စကားကြောင့် စနေဝေသီမဂျီးတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်း၍ကြည့်လိုက်ကြ၏။

ပြီးမှ....အဘိုးအိုက....

'အဲဒီတုန်းက ငါတို့သဘောတူညီခဲ့တယ်ဆိုတာ ငါတို့ မငြင်းပါဘူး'

စနေဝေသီမဂျီးက သက်ပြင်းချလိုက်ပြီး....

'ငါတို့ခြောက်ယောက်က အဖမ်းခံလိုက်ရတယ်၊ ထောင်ကျခဲ့တယ်'

ချိုင်းထောက်နှင့်လူက....

'ဒါပေမယ့် မင်းက ငါတို့ကို လာမတွေ့ဘူး'

အဘိုးအိုက....

'ပစ္စည်းတွေနဲ့ ခြေရာဖျောက်သွားတယ်၊ အဲဒါကို ငါတို့က သစ္စာဖောက်လို့ အမည်တပ်ရင်၊ ဘယ်လိုအမည် တပ်ရမလဲ'

သူဌေးကြီးချုန်းက စနေဝေသီမဂျီးတို့ကို၊ နေစဉ်မျှော ခိုင်းလိုက်၏။

ပြီးမှ သူသည် လက်နှစ်ဖက်ကို နောက်ပစ်၍ မျက်နှာကြက်ကို မော့ကြည့်ရင်း....

'အဲဒီပစ္စည်းတွေက ဘုရင့်ရဲ့ ဘဏ္ဍာတော်တွေ ဆိုတာ မင်းတို့သိပါတယ်၊ နယ်ပြည်တော်ကို ပြန်ပို့မှ ငါတို့လည်း ထောဖြောင့်ပြီး နေထိုင်ကြရတာပေါ့'

စနေဝေသီမဂျီးတို့လူစုက ဘာမှ ပြန်မပြောပါ။

သူဌေးကြီးချုန်းက ဆက်ပြောတည်း၊ ပြုံးလိုက်ပြီး....

'ဆဲဒီ ဘဏ္ဍာတော်တွေကို သယ်ပြီး၊ ငါက ထွက်ပြေးခဲ့တော့ ငါ့အတွက် ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ မင်းတို့ နည်းနည်းလေးမှ မစဉ်းစားမိဘူးလား'

စာရေးသမားက မဲ့ပြုံးပြုံးလျှက်...

'ငါတို့ကရော ဘာထူးလဲ၊ မင်းကိုလွတ်အောင် ရဲဘက်တွေကို ဟန်ဆောင်ပေးရတယ်၊ နောက်ပြီး ငါတို့အဖမ်းခံရတယ်၊ ထောင်ကျခဲ့တယ်'

လူငွေကြီးချန်းက စာရေးသမားတို့လူစုကို လှည့်ကြည့်ပြီး...

'ဒါပေမယ့် မင်းတို့က ထောင်ကျအားနေလားဆိုပဲ၊ ငါ့မှာတော့ မီးရှို့ထားတဲ့ ယမ်းပုံပေါ်မှာ ထိုင်နေရသလိုပဲ'

အဘိုးအိုက ပြုံးလိုက်ပြီး...

'ဘာပဲဖြစ်ဖြစ်၊ မင်းက ငါတို့ကိုဆက်သွယ်သင့်တာပေါ့'

လူငွေကြီးချန်းက ရယ်မောလိုက်ပြီး...

'ငါက မင်းတို့ကို ဆက်သွယ်တာနဲ့ ရဲဘက်တွေက ငါ့ကို ဖမ်းမိသွားမှာလဲ မင်းတို့က ဘာဖြစ်လို့ မတွေးမိတာလဲ'

ချိုင်းထောက်နှင့်လူက...

'ထားပါတော့၊ ငါတို့ ထောင်ကလွတ်တဲ့အချိန်မှာ မင်းက ဘာဖြစ်လို့ ငါတို့ကို မဆက်သွယ်ရတာလဲ'

လူငွေကြီးချန်းက ပြုံးလိုက်ပြီး...

'မင်းတို့ကိုသာ ဖမ်းမိတာနေလား၊ ပစ္စည်းတွေကို ပြန်မဖော်ဘဲ၊ ဒီတော့ မင်းတို့ကို ထောင်ကလွှတ်ပိုင်ပြီး ရဲဘက်တွေ



က မင်းတို့ကို မျက်ခြည်မပြတ် စောင့်ကြည့် မနေဘူးလို့ ဘယ်သူက အာမခံမှာလဲ'

လူငွေကြီးချန်း၏စကားကြောင့် နည်းလမ်းကျသဖြင့် စာရေးသမားတို့လူစုသည် တွေဝေသွား၏။

လူငွေကြီးချန်းက ပြုံးလိုက်ပြီး...

'မင်းတို့ ငါ့ကို ဘာလို့မထင်ပါနဲ့၊ ဒီပစ္စည်းတွေက ငါတစ်ယောက်တည်း ပိုင်တာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်၊ ပြီးတော့ ငါက မင်းတို့ကို အဆက်အသွယ်လုပ်ဘဲ အခုလို ဈေးဆိုင်ဖွင့်နေတာ ငါ့ဈေးဆိုင်ထဲမှာ ဒီပစ္စည်းတွေ ရှိနေတယ်ဆိုတာ မင်းတို့ စဉ်းစားမိဖို့ကောင်းတယ်၊ ငါကသာ သိသိသာသာနဲ့ မင်းတို့နဲ့ ဆက်သွယ်ခဲ့ရင် ငါကိုယ်တိုင် ထောင်ထဲ ရောက်ချင်ရောက်၊ ဒါမှမဟုတ် ကျခြေ လူဆိုးခံးပြစ်တွေသင့်လို့ သေချင် သေနေမှာ'

ဟု ပြောလိုက်၏။

စာရေးသမားတို့လူစုသည် ပါးစပ်ပိတ်နေကြ၏။

သူတို့သည် လူငွေကြီးချန်း၏ စကားကြောင့် တွေဝေနေ၏။

လူငွေကြီးချန်းက သူတို့ကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်ပြီး...

'ငါက လောဘကြီးပါတယ်၊ ဒီပစ္စည်းတွေကိုမောင်ပိုင်စီးဖို့လဲ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါဘူး'

ဟု ပြောလိုက်၏။

အဘိုးအိုက သက်ပြင်းချတာ...

'ပစ္စည်းတွေ ဘယ်မှာလဲ'

ဟု မေးလိုက်၏၊

ဆူးဌေးကြီးချမ်းသာ ပြုံး၍ ဦးခေါင်းညိတ်ပြလေ၏...

'ရှိပါတယ်'

ဟု ပြန်ပြောလိုက်၏။

ချိုင်းထောက်နှင့်လူက မျက်မှောင်ကြုတ်လိုက်ပြီး...

'ဒါ ပြင်မှာ နှင်းဆီနုသည့် ဘာဖြစ်လို့ ငွားရတာလဲ...'

ဟု မေးလိုက်၏။

ချိုင်းထောက်နှင့်လူ၏စကားကြောင့် ဆူးဌေးကြီးချမ်းသာ၏ မျက်နှာပေါ်မှ အသားများက တဲခဲချက်တုန်လှုပ်သွား၏။

သို့သော် ဆူးဌေးကြီးချမ်းသာ ချက်ချင်း ထိန်းချုပ်လိုက်သောကြောင့် အမူအရာ ပျက်သွားသည်ကို မည်သူမျှ မသိလိုက်ပါ။

ဆူးဌေးကြီးချမ်းသာ ပြုံးလိုက်ပြီ ...

'ကျုပ်က ဘယ်သူ့မှ မငွားရပါလား'

ချိုင်းထောက်နှင့်လူက ရုတ်တရက် ရယ်မောလိုက်ပြီး...

'ဘာ စကားရင်းပျက်ထဲမှာလဲ၊ ခင်ဗျားက နှင်းဆီနုကို ငွေ့ခံပြီး ကျုပ်တို့သိမ်းငှက်တွေကို လုပ်ကြံဖို့ အပေးအယူလုပ်...'

ချိုင်းထောက်နှင့်သူသည် စကားကို အဆုံးသတ်စဖြင့် ရပ်တန့်သွား၏။

ထိုနေရာ၌ သူ၏ ချက်လိုးများက ပြူးကျယ်လာ၏။



သူသည် လက်အည်ပင်းကို ထက်မြက်စွာ ကိုင်ရင်း ကြမ်း ပြင်ပေါ်သို့ ဒူးထောက်ကျသွားလေသတည်း။

မထင်မှတ်သော အဖြစ်အပျက်ကြောင့် အားပေးသူများနှင့် အတိုအိုး တို့ ကြောက်အမ်းအဲအားဖြစ်သွား၍ ချိုင်းထောက်နှင့် လူကို ငေးကြောင်၍ ကြည့်နေမိ၏။

အောက်ကြမ်းမှ စားသောက်သူများက ကြမ်းပေါ်သို့ ထိတ်လန့် သော ချိုင်းထောက်နှင့်လူကို မျှော်ကြည့်လိုက်၏။

ထိုအခါကျည်ဆံ သူသည် ချိုင်းထောက်နှင့်လူ၏ လည်ပင်းမှ အနက်ရောင်အဆိပ်အပ်ကို မြင်တွေ့လိုက်ရ၏။

ထိုကြောင့် သူသည် ထိတ်လန့်တုန်လှုပ်သွားပြီး...

'နှင်းဆီနုက်...'

ဟု အောင်ဟစ်လိုက်မိလေတော့သည် မဟုတ်ပါလား။

ထိုနည်း ရယ်မောသံ တစ်ခုသည် အခန်းထဲသို့ လွင့်ပျံ့လာ လေတော့သည် မဟုတ်ပါလား။

ရယ်မောသံနှင့်အတူ အနီရောင်လူရိပ်တစ်ရိပ်သည် အခန်း ထဲသို့ လွင့်မျော၍ ရောက်ရှိလာ၏။

စားပွဲသားနှင့် အတိုအိုးတို့သည် အနီရောင် လူရိပ်ကို မျက်လုံးပြူး၍ကြည့်နေ၏။

ထိုအခိုက် အနီရောင်လူရိပ်ထဲမှ ကျောက်ဖြင့် ပြုလုပ်ထားသော အနက်ရောင်နှင်းဆီပန်းပွင့်သည် အတိုအိုးနှင့် စားပွဲသား တို့၏ရှေ့သို့ ကျရောက်လာလေတော့သည် မဟုတ်ပါလား။

ဆူးဌေးကြီးချမ်းသာသည် ဘာဘာကျွတ်ရယ်မောလိုက်ပြီး အနီရောင်လူရိပ်ကို လှမ်း၍ ပြောလိုက်၏။

'နှင်းဆီနုတ်....သူတို့နှစ်ယောက်ဟာ သိမ်းငှက်တွေပဲ'

နှင်းဆီနုက်ကရယ်မောကာ ငှက်ကလေးများကိုညွှန်ပြရင်း....

'သူက သိမ်းငှက်အမှတ်ခုနစ်'

ဟု ပြောလိုက်၏။

ထို့နောက် သူမက အဘိုးအိုကိုညွှန်ပြရင်း....

'ယူက သိမ်းငှက် အမှတ်နှစ်'

ဟု ပြောလိုက်၏။

သူဌေးကြီးချုန်းက အားရပါးရပြုံးရင်း....

'မင်းက အမြင်ကျယ်တယ်၊ ဉာဏ်သတ်တယ် မှားဘူး'

ဟု ပြောလိုက်၏။

နှင်းဆီနုထက ခပ်မောမော....

'သိမ်းငှက်အမှတ်တစ်က ထောင်ထဲမှာရှိသပြီ၊ သိမ်းငှက်အမှတ်ငါး၊ အမှတ်လေး၊ အမှတ်သုံးတို့လဲ သေပြီ၊ အခု အမှတ်နှစ်နဲ့ အမှတ်ခုနစ်က အသက်ရှင်နေတယ်'

ဟု ပြောလိုက်၏။

သူဌေးကြီးချုန်းက ပြုံးလိုက်ပြီး....

'ဟုတ်တယ်၊ ငါတို့နှစ်ယောက်တို့ အမြန်သတ်လိုက်'

ဟု ပြောလိုက်၏။

နှင်းဆီနုက....

'ကျွန်မက သိမ်းငှက် အမှတ်ခုနစ်ကို သတ်ချင်တာ'

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် သူဌေးကြီးချုန်းဘက်သို့ မျက်နှာမူလိုက်လေတော့၏။



သူဌေးကြီးချုန်းသည်ထိတ်လန့်သွားဟန်ဖြင့်နောက်သို့ခြေတစ်လှမ်း ဆုတ်ရင်း....

'မင်း....မင်းကို ငါ....ငါ....ငါ့ဘေးအား သူတို့ကို သတ်ဖို့'

ဟု ပြောလိုက်၏။

နှင်းဆီနုက ရယ်မောရင်း....

'လွန်ခဲ့တဲ့ဆယ်နှစ်က လူတစ်ယောက်ဟာ ချုန်းကျော်ဝှက်ဆိုတဲ့ လူတစ်ယောက်ရဲ့အိမ်ကို ရောက်လာတယ်၊ အဲဒီလူဟာ သိမ်းငှက်အမှတ်ခြောက်ပဲ။ သူက နေပြည်တော်ကို ပို့မယ့် ဘဏ္ဍာငွေတွေနဲ့ ရောက်လာတယ်၊ ဒါပေမယ့် သူက သူ့ဟာ ကုန်သည်ပါ လမ်းမှာ ဓားပြအတိုက်ခံရလို့ ဒုက္ခရောက်လာ ကြောင်းလို့ ပြောခဲ့တယ်၊ နောက်တော့ သူက ချုန်းကျော်ဝှက်ရဲ့ မိသားစုကို သတ်ပြီး ခြေရာဖျောက်ခဲ့တယ်'

ဟု ပြောလိုက်၏။

နှင်းဆီနု၏စကားကြောင့် သူဌေးကြီးချုန်း၏ခန္ဓာကိုယ်သည် နတ်ပူးသကဲ့သို့ တုန်လှုပ်လာပြီး....

'မင်း....မင်း....မင်း....

နှင်းဆီနုက ရယ်မောကာ....

'ချုန်းကျော်ဝှက်ရဲ့ သမီးပါ၊ ရှင်အား သေပြီဆိုပြီး ပစ်ထားခဲ့တဲ့ ချုန်းကျော်ဝှက်ရဲ့ သမီးပါ'

ဟု ပြောလိုက်လေတော့၏။

ထို့နောက် နှင်းဆီနုသည် အင်္ကျီရင်ဘတ်ကြားထဲမှ စက္ကူဖြင့် ပြုလုပ်ထားသော အနက်ရောင်နှင်းဆီပန်းကို သူဌေးကြီး၏ရှေ့သို့ ပစ်ချလိုက်လေတော့သည် မဟုတ်ပါလား။

ထိုစဉ်....

'ရပ်လိုက်...'

ဟူသော အသံနှင့်အတူ အမြူရောင် လူရိပ်တစ်ရိပ်သည် အစနီးသဲသို့ ဝင်ရောက်လာသောအခါ တွေ့ရ၏။ လာစဉ်

နှင်းဆီနက်သည် သက်ပြင်းချလိုက်ပြီး....

'အရိပ်မဲ့ ခေါ်...'

ဟု ထိတ်လန့်စွာ ရေရွတ်လိုက်၏။

မျက်နှာဖုံးကို စွပ်ထားသော အမြူရောင် လူရိပ်က ရယ်မောလိုက်ပြီး....

'နှင်းဆီနက်က အမြဲကျယ်သားပဲ'

နှင်းဆီနက်က...

'ရှင် ဘာလာလုပ်တာလဲ'

အရိပ်မဲ့ ခေါ်က...

'သူဌေးကြီးချမ်းကို လာသတ်တာ'

နှင်းဆီနက်က....

'ရှင်က ဘယ်သူလဲ'

အရိပ်မဲ့ ခေါ်က...

'သူဌေးကြီးချမ်း...'

နှင်းဆီနက်က သက်ပြင်းချရင်း....

'ရှင် ကျွန်မကိစ္စ ကို ဝင်ရှုပ်ပါနဲ့'

အရိပ်မဲ့ ခေါ်က....

'ခင်ဗျားသတ်တဲ့လူက သူဌေးကြီးချမ်းမဟုတ်ရင်ဝင်မရှုပ်ဘူး....



နှင်းဆီနက်က....

'ရှင်က သူဌေးကြီးချမ်းကို သတ်မှာတွေ့တာလား'

အရိပ်မဲ့ ခေါ်က....

'ဟုတ်တယ်'

နှင်းဆီနက်က....

'ဒါဆို ရှင်ဘာဖြစ်လို့ ရှင့်ကိုယ်ခါး သူ့ကို တစ်ချက်မှ သတ်မယ်'

အရိပ်မဲ့ ခေါ်က...

'ကျုပ်က ပိုင်ဆိုင်ယူတာပြီးပြီ ကျုပ်ကိုယ်တိုင် သတ်ရမှာ ဖြစ်မှ'

နှင်းဆီနက်က ဘာမျှ ပြန်မပြောတော့ပါ။

လူက သူဌေးကြီးချမ်းကို လှုပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

သို့သော် အရိပ်မဲ့ ခေါ်က သူ့ဓားရှေ့မှပိတ်ရှိကာ သူမ၏ တိုက်ခိုက်မှုကို ခုခံပေးလိုက်၏။

ထို့ကြောင့် သူမက...

'ရှင် ဘာလုပ်တာလဲ'

အရိပ်မဲ့ ခေါ်က....

'သူဌေးကြီးချမ်းကို ကျုပ်အလွဲပြီး ဘယ်သူမှမသတ်ရဘူး'

နှင်းဆီနက်က....

'အို....သူ့ကို ကျွန်မလွဲပြီး ဘယ်သူမှ မသတ်ရဘူး'

ဟု ပြန်အော်လိုက်၏။

ထိုစဉ်....

'အနေး....'

ဟုသော နာကြည်းစွာ အော်တစ်သံသည် ဆူငှင်းကြီး ချန်းထံမှ ပေါ်ထွက်လာလေတော့၏။

ထို့ကြောင့် နှင်းဆီနုအိရော အရိပ်မဲ့ကားပေါ မျက်လုံး ပြူးသွားပြီး ဆူငှင်းကြီးချန်းထံသို့ ပြိုင်တူသွမ်းကြည့်လိုက်မိ လေတော့၏။

ဆူငှင်းကြီးချန်း၏ မျက်နှာပေါ်၌ အံ့ဩသည့် အမူအရာ ဖြစ်ပေါ်နေ၏။

သူ၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပျော့ခွေသွားပြီး ကြမ်းပေါ်သို့ လဲကျသွား၏။

ထို့ကြောင့် ဆူငှင်းကြီးချန်း၏ နောက်ကျော၌ ရပ်နေသော ချင်းချင်းကို မြင်တွေ့လိုက်ရ၏။

ချင်းချင်း၏ လက်ထဲ၌ ဓားမြှောင်တစ်ချောင်း ကိုင်ထား ၏။

ထိုဓားမြှောင်၌ သွေးများ စွန်းထင်နေ၏။

ချင်းချင်းသည် တစ်ချက်ရှိုက်လိုက်ပြီး လက်ထဲမှ ဓား မြှောင်ကို လွှတ်ချလိုက်၏။

ထို့နောက် သူမသည် အိပ်ပျော်နေရင်း လမ်းထလျှောက် သူပမာ မည်သူ့ကိုမျှ လှည့်မကြည့်ဘဲ အခန်းထဲမှ တစ်လှမ်း ချင်း ထွက်သွားလေတော့၏။

သူမ ထွက်သွားပြီးနောက် မကြာမီမှာပင် အခန်းထဲသို့ လူဆိုးထိန်းအာကူ ဦးဆောင်သော နေပြည်တော်မှ ရဲမက် များ ဝင်ရောက်လာလေတော့သည် မဟုတ်ပါလား။



လူဆိုးထိန်း အာကူသည် ကြမ်းပြင်ပေါ်မှ စက္ကူဖြင့် ပြုလုပ်ထားသော အနက်ရောင် နှင်းဆီပွင့်ကို ကောက်ယူ လိုက်၏။

ထိုအနက်ရောင် နှင်းဆီပန်းပွင့်နှင့် လှမ်းမကမ်း၌ ပြုံး ရယ်နေသော မျက်နှာဖုံးတစ်ခုသည် ကြမ်းပြင်ပေါ်၌ ကျ နေ၏။

လူဆိုးထိန်း အာကူသည် ထိုမျက်နှာဖုံးကိုလည်း ကောက် ယူလိုက်၏။

ပြီးမှ သူသည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း အခန်းထဲ၌ အလုပ်ရှုပ်နေသော သူ၏ ရဲဘော်ရဲဘက်များကို တစ်ချက် ကြည့်လိုက်၏။

တစ်ဆက်တည်းမှာပင် မိမိတို့ကို လွတ်မြောက်သွားစေသော ဓားမြနှင့်အတူ ဘဏ္ဍာတော်များကို ပြန်လည်ရရှိအောင် ဆက်သွယ်ခဲ့သော ကျွန်းဖုန်းဆိုသူကို သိချင်သော ဆန္ဒ ဖြစ် ပေါ်နေ၏။

သို့သော် ဤနေရာ၌ ကျွန်းဖုန်းဆိုသူသည် ရှိနေမည် မဟုတ်ပါ။

ထိုအကြောင်းကိုလည်း လူဆိုးထိန်း အာကူ ကောင်း စွာ သိနေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်းဖုန်းသည် နေရင်တစ်ခါနှင့် နေမည်တစ်မျိုးဖြင့် မိမိတို့ကို ဆက်သွယ်ဦးမည် ဖြစ်သည် မဟုတ်ပါလား။

လူငယ်တစ်ယောက်သည် ရှေ့မှ လျှောက်သွားနေ၏။ ထိုလူငယ်၏နောက်မှ မိန်းကလေးတစ်ယောက်က ပြေး၍ လိုက်လာ၏။

'သူငှ လေးကျွန်း'

ဟု ခေါ်လိုက်၏။

ထိုလူငယ်က ပြုံးဝေ....

'လူမှားနေပြီ'

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံးတော....

'တူတ ရဲ့ ရှင်က အရိပ်မဲ့ခဲ့ပေါ့'

ဟု ပြောလိုက်၏။

လူငယ်က ပြုံးလိုက်ပြီး....

'လူမှားတာ ပြန်ပြီ အရိပ်မဲ့ခဲ့ကာ ဒီနေ့ပဲ နှုတ်ဆက်ထိုခိုး ပြေးသွားတယ်'

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် မိန်းကလေး၏ မျက်နှာသည် ပန်းနုရောင်သို့ ပြောင်းလဲ သွားသောတော့သည် မဟုတ်ပါလား။

ပြီးပါပြီ။